မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၁၆ ] ရန်ကုန်မြို့ { ၁၃၇၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက် ( ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၀ ရက် ) } သောကြာနေ့ [ အတွဲ ၆၅

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၉/၂၀၁၂)**

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက် )

**ကယားပြည်နယ် တရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ) နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၅၀ တို့အရ ကယားပြည်နယ်လွှတ်တော်က သဘောတူညီသည့် ဦးတင်ဌေးအား ကယားပြည်နယ် တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၁၂**

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၉ ရက် )

**အလုပ်သမားအဖွဲ့အစည်းဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်ခြင်း**

အလုပ်သမားအဖွဲ့အစည်းဥပဒေသည် ၂၀၁၂ ခုနှစ်၊ မတ်လ ၉ ရက် [၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၂) ရက်] နေ့တွင် အလုပ်သမားအဖွဲ့အစည်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) အရ စတင်အာဏာတည်သည်ဟု သတ်မှတ်လိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက် )

အမှတ် ၇ ။ ။ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၂) မှ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းအား ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားခံစားပြီးနောက် ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် လစဉ် ချီးမြှင့်ငွေ ၉၀,၀၀၀/- (ကျပ်ကိုးသောင်းတိတိ) ခံစားခွင့်ရှိသော အကြံပေးအရာရှိအဖြစ် ပထမအကြိမ် တစ်နှစ်ခန့်အပ်လိုက်သည်။

အမှတ် ၈ ။ ။ ဦးသန်းထွန်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် တာဝန်ဝတ္တရားများအား ထမ်းဆောင်စေလိုက်သည်။

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမားဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၂

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက် )

အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမားအဖွဲ့အစည်းဥပဒေပုဒ်မ ၅၇ အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို အလုပ်သမားအဖွဲ့အစည်းနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် အလုပ်သမားအဖွဲ့အစည်းဥပဒေတွင် ပါရှိသည့် အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ အလုပ်သမားအဖွဲ့အစည်းဥပဒေကို ဆိုသည်။

(ခ) **ပုံစံ**ဆိုသည်မှာ ဤနည်းဥပဒေများတွင်ပါရှိသောပုံစံကို ဆိုသည်။

### အခန်း (၂)

### အလုပ်သမားအဖွဲ့အစည်းများဖွဲ့စည်းခြင်း

၃။ လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုတစ်ခုခုတွင် အလုပ်လုပ်ရန် တည်ဆဲဥပဒေအသီးသီးက သတ်မှတ် ထားသော အသက်အရွယ်ရှိသည့် အလုပ်သမားသည် -

(က) လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအမျိုးအစားအလိုက် ဖွဲ့စည်းသော မိမိနှင့်သက်ဆိုင်သည့် အလုပ် သမားအဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ဆန္ဒအလျောက် ပါဝင်ခွင့်ရှိသည်။

(ခ) နည်းဥပဒေခွဲ (က) အရ အဖွဲ့ဝင်အဖြစ် ပါဝင်ရာတွင် အလုပ်သမားအဖွဲ့အစည်းတစ်ခုတည်း၌သာ ပါဝင်ရမည်။

(ဂ) အလုပ်သမားအဖွဲ့အစည်း၏အဖွဲ့ဝင်အဖြစ်မှ ဆန္ဒအလျောက် နုတ်ထွက်ခွင့်ရှိသည်။

၄။ အလုပ်သမားများနှင့် အလုပ်ရှင်များ၏အကျိုးကို ဆောင်ရွက်နိုင်ရန်အလို့ငှာ အလုပ်သမားအဖွဲ့ အစည်းအဆင့်ဆင့်ကို ဖွဲ့စည်းရာတွင် -

(က) အခြေခံအလုပ်သမားအဖွဲ့အစည်းကို လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအမျိုးအစားအလိုက် သက်ဆိုင်ရာလုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုတွင် အလုပ်လုပ်ကိုင်နေသည့် အလုပ်သမား အနည်းဆုံးဦးရေ ၃၀ ဖြင့် ဖွဲ့စည်းနိုင်သည်။ အလုပ်သမားဦးရေ ၃၀ အောက်ရှိသော လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုဖြစ်ပါက လုပ်ငန်းသဘောသဘာဝတူညီသော အခြားလုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုတစ်ခုခုနှင့် ပူးပေါင်းဖွဲ့စည်းနိုင်သည်။ ယင်းသို့ ဖွဲ့စည်းရာတွင် သက်ဆိုင်ရာလုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုရှိ စုစုပေါင်းအလုပ်သမားများ၏ ၁၀ ရာခိုင်နှုန်းအောက် မနည်းသူများက ထောက်ခံရမည်။

(ခ) မြို့နယ်အလုပ်သမားအဖွဲ့အစည်းကို လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအမျိုးအစားအလိုက် သက်ဆိုင်ရာမြို့နယ်အတွင်းရှိ အခြေခံအလုပ်သမားအဖွဲ့အစည်းစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းအောက် မနည်းသော အလုပ်သမားအဖွဲ့အစည်းများက ထောက်ခံလျှင် ဖွဲ့စည်းနိုင်သည်။ သို့ရာတွင် -

(၁) အခြေခံအလုပ်သမားအဖွဲ့အစည်းတစ်ခုတည်းရှိသော လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု အတွက် မြို့နယ်အဆင့် အလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းလိုပါက သက်ဆိုင်ရာမြို့နယ် အတွင်းရှိ လုပ်ငန်းသဘောသဘာဝတူညီသော အခြားအခြေခံအလုပ်သမားအဖွဲ့အစည်းနှင့် ပူးပေါင်းဖွဲ့စည်းနိုင်သည်။

(၂) မြို့နယ်တစ်မြို့နယ်အတွင်း အခြေခံအလုပ်သမားအဖွဲ့အစည်းနှစ်ခုသာရှိလျှင် ယင်းအခြေခံ အလုပ်သမားအဖွဲ့အစည်းနှစ်ခုပေါင်း၍ မြို့နယ်အဆင့် အလုပ်သမားအဖွဲ့အစည်းကို ဖွဲ့စည်း နိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမားအဖွဲ့အစည်းကို လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု အမျိုးအစားအလိုက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ်အလုပ် သမားအဖွဲ့အစည်းစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းအောက်မနည်းသော အလုပ်သမားအဖွဲ့အစည်း များက ထောက်ခံလျှင် ဖွဲ့စည်းနိုင်သည်။

(ဃ) အလုပ်သမားအဖွဲ့ချုပ်များကို လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအမျိုးအစားအလိုက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမားအဖွဲ့အစည်းစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းအောက်မနည်းသော အလုပ်သမားအဖွဲ့အစည်းများက ထောက်ခံလျှင် ဖွဲ့စည်းနိုင်သည်။

(င) မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ကို လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအမျိုးအစား အလိုက် ဖွဲ့စည်းထားသော အလုပ်သမားအဖွဲ့ချုပ်စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းအောက်မနည်းသော အလုပ်သမားအဖွဲ့ချုပ်များက ထောက်ခံလျှင် ဖွဲ့စည်းနိုင်သည်။

(စ) အလုပ်သမားအဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းရာတွင် -

(၁) အခြေခံအလုပ်သမားအဖွဲ့အစည်းမရှိဘဲ မြို့နယ်အလုပ်သမားအဖွဲ့အစည်းကို ဖွဲ့စည်းခြင်း မပြုရ။

(၂) မြို့နယ်အလုပ်သမားအဖွဲ့အစည်းမရှိဘဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမား အဖွဲ့အစည်းကို ဖွဲ့စည်းခြင်းမပြုရ။

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမားအဖွဲ့အစည်းမရှိဘဲ အလုပ်သမား အဖွဲ့ချုပ်ကို ဖွဲ့စည်းခြင်းမပြုရ။

**ခြွင်းချက်။** လုပ်ငန်းကဏ္ဍ၏သဘာဝအရ လုပ်ငန်းဌာန သို့မဟုတ် ပထဝီနယ်မြေကို အခြေခံ၍ အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်း၍မရသည့် ပင်လယ် ရေကြောင်းလုပ်ငန်းကဏ္ဍတွင် အလုပ်သမားများသည် အလုပ်သမား အဖွဲ့ချုပ်ကို တိုက်ရိုက်ဖွဲ့စည်းနိုင်သည်။

(၄) အလုပ်သမားအဖွဲ့ချုပ်မရှိဘဲ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ကို ဖွဲ့စည်းခြင်း မပြုရ။

(ဆ) အလုပ်သမားအဖွဲ့အစည်း၏ ဥပဒေနှင့်အညီ ဖွဲ့စည်းနိုင်မှုသည် အထက်ဖော်ပြပါ အနည်းဆုံး ဖွဲ့စည်းမှုလိုအပ်ချက်များအပေါ် အခြေခံသော်လည်း အဆင့်ဆင့်သော အလုပ်သမားအဖွဲ့ အစည်းများ ဖွဲ့စည်းနိုင်ရေးအတွက် အလုပ်သမားတစ်ဦးဦးအား အလုပ်သမားအဖွဲ့အစည်းတွင် ပါဝင်စေရန် အတင်းအကျပ်ပြုခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်ဩဇာသုံးခြင်း သို့မဟုတ် မသမာသော နည်းဖြင့် သွေးဆောင်ဖြားယောင်းခြင်းမပြုဘဲ ကြိုတင်ဆောင်ရွက်ခွင့်ရှိသည်။

၅။ အလုပ်အမှုဆောင်အဖွဲ့ဝင်သည် -

(က) အသက် ၂၁ နှစ်ပြည့်ပြီးသူ နိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံအတွင်း အနည်းဆုံး ငါးနှစ် တစ်ဆက်တည်း ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်လျက်ရှိသော နိုင်ငံခြားသားဖြစ်ရမည်။

(ခ) သက်ဆိုင်ရာလုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုတွင် အနည်းဆုံးလုပ်သက် ခြောက်လရှိသည့် အလုပ်သမားဖြစ်ရမည်။

**ခြွင်းချက်**။ သက်ဆိုင်ရာလုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုတွင် နှစ်နှစ်ထက်မနည်း တာဝန် ထမ်းဆောင်ခဲ့ပြီးသော သို့မဟုတ် မှတ်ပုံတင်အရာရှိချုပ်မှ ထုတ်ပေးထားသော အသိအမှတ်ပြုလက်မှတ်ရှိပြီးဖြစ်သည့် အလုပ်သမားအဖွဲ့အစည်းတစ်ခုခုတွင် နှစ်နှစ်ထက်မနည်း အလုပ်အမှုဆောင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးသော ပြင်ပ ပုဂ္ဂိုလ်လည်း ဖြစ်နိုင်သည်။

၆။ အလုပ်သမားအဖွဲ့အစည်းများ၏ အလုပ်အမှုဆောင်အဖွဲ့များကို ရွေးချယ်ဖွဲ့စည်းရာတွင် -

(က) အခြေခံအလုပ်သမားအဖွဲ့အစည်းကို အလုပ်သမားအဖွဲ့အစည်းဝင် အလုပ်သမားဦးရေ ၃၀ ရှိလျှင် အလုပ်အမှုဆောင်အဖွဲ့ဝင်ငါးဦးဖြင့်လည်းကောင်း၊ အလုပ်သမားအဖွဲ့အစည်းဝင် အလုပ် သမားဦးရေ ၃၀ ဦးထက်ပိုမိုလျှင် အလုပ်အမှုဆောင်အဖွဲ့ဝင် ခုနစ်ဦးဖြင့်လည်းကောင်း ဖွဲ့စည်း နိုင်သည်။

(ခ) မြို့နယ်အလုပ်သမားအဖွဲ့အစည်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမားအဖွဲ့အစည်းနှင့် အလုပ်သမားအဖွဲ့ချုပ်တို့ကို အလုပ်အမှုဆောင်အဖွဲ့ဝင် အနည်းဆုံး ခုနစ်ဦးမှ အများဆုံး ၁၅ ဦး အထိရှိသော "မ" ဂဏန်းအရေအတွက်ဖြင့် ဖွဲ့စည်းရမည်။

(ဂ) မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ကို အလုပ်အမှုဆောင်အဖွဲ့ဝင် အနည်းဆုံး ၁၅ ဦးမှ အများဆုံး ၃၅ ဦးအထိရှိသော "မ" ဂဏန်းအရေအတွက်ဖြင့် ဖွဲ့စည်းရမည်။

(ဃ) နည်းဥပဒေခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ ဖွဲ့စည်းသော အလုပ်အမှုဆောင်အဖွဲ့တွင် နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ (ခ) ၏ ခြွင်းချက်အရပါဝင်သော ပြင်ပပုဂ္ဂိုလ်အရေအတွက်သည် အလုပ်အမှုဆောင် အဖွဲ့ဝင်ဦးရေ၏ ၂၀ ရာခိုင်နှုန်းထက် မပိုစေရ။

(င) အခြေခံအလုပ်သမားအဖွဲ့အစည်းနှင့် မြို့နယ်အလုပ်သမားအဖွဲ့အစည်း၏ အလုပ်အမှုဆောင် အဖွဲ့တွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတာဝန်များကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမားအဖွဲ့အစည်းတွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတာဝန်များကိုလည်းကောင်း၊ အလုပ်သမားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတာဝန်များကိုလည်းကောင်း သက်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်း၏ ဖွဲ့စည်းပုံ စည်းမျဉ်းနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ရမည်။

၇။ အလုပ်အမှုဆောင်အဖွဲ့၏သက်တမ်းသည် နှစ်နှစ်ဖြစ်သည်။

## အခန်း (၃)

## အလုပ်သမားအဖွဲ့အစည်း၏ ဖွဲ့စည်းပုံစည်းမျဉ်းရေးဆွဲခြင်း

၈။ အလုပ်သမားအဖွဲ့အစည်းသည် မိမိအဖွဲ့အစည်းနှင့်သက်ဆိုင်သည့် ဖွဲ့စည်းပုံစည်းမျဉ်းကို အဖွဲ့ အစည်းဝင်အများစု၏ သဘောတူညီချက်ဖြင့် ရေးဆွဲရမည်။

၉။ နည်းဥပဒေ ၈ အရ ရေးဆွဲသည့် ဖွဲ့စည်းပုံစည်းမျဉ်းတွင် အောက်ပါအချက်များ ပါဝင်ရမည် -

(က) အလုပ်သမားအဖွဲ့အစည်းအမည်၊

(ခ) အလုပ်သမားအဖွဲ့အစည်း ထူထောင်ရခြင်း၏ရည်ရွယ်ချက်၊

(ဂ) အလုပ်သမားအဖွဲ့အစည်းဝင်အဖြစ် စိစစ်ခြင်း၊ ဝင်ခွင့်ပြုခြင်း၊ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းနှင့် အလုပ်သမားအဖွဲ့အစည်းဝင်အဖြစ်မှ နုတ်ထွက်ခြင်းဆိုင်ရာကိစ္စရပ်များ၊

(ဃ) အဖွဲ့အစည်းအင်အားဆိုင်ရာကိစ္စရပ်များ၊

(င) အလုပ်အမှုဆောင်အဖွဲ့ဝင်များ ရွေးချယ်တာဝန်ပေးအပ်ခြင်း၊ တာဝန်မှဖယ်ရှားခြင်းနှင့် နုတ်ထွက်ခြင်းဆိုင်ရာကိစ္စရပ်များ၊

(စ) အစည်းအဝေးကျင်းပခြင်းဆိုင်ရာကိစ္စရပ်များ၊

(ဆ) အဖွဲ့အစည်းဝင် အလုပ်သမားရရှိသော လုပ်ခလစာ၏ နှစ်ရာခိုင်နှုန်းထက်မများသော လစဉ်ထည့်ဝင်ကြေးဆိုင်ရာကိစ္စရပ်များ၊

(ဇ) ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာကိစ္စရပ်များ၊

(ဈ) ရန်ပုံငွေကို လစဉ်စစ်ဆေးခြင်းနှင့် နှစ်စဉ်စစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များ၊

(ည) အလုပ်သမားများ၏ ဗဟုသုတ၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်သာချောင်ချိရေးဆိုင်ရာကိစ္စရပ်များ၊

(ဋ) အဖွဲ့အစည်းဝင်များ၏ အကျိုးကျေးဇူးခံစားနိုင်ခွင့်ဆိုင်ရာကိစ္စရပ်များ၊

(ဌ) အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုဆိုင်ရာကိစ္စရပ်များ၊ သပိတ်မှောက်ခြင်းဆိုင်ရာကိစ္စရပ်များနှင့် အလုပ်သမားဥပဒေပါ အခွင့်အရေးများရရှိရန်အတွက် ညှိနှိုင်းဖြေရှင်းမှုဆိုင်ရာကိစ္စရပ်များ၊

(ဍ) အလုပ်သမားအဖွဲ့အစည်းများ ပူးပေါင်းခြင်း၊ ခွဲထွက်ခြင်းနှင့် အခြားအလုပ်သမားအဖွဲ့အစည်းများနှင့် ပေါင်းစည်းဆက်သွယ်ခြင်းဆိုင်ရာကိစ္စရပ်များ၊

(ဎ) အဖွဲ့အစည်းကို ဖျက်သိမ်းခြင်းဆိုင်ရာကိစ္စရပ်များ။

## အခန်း (၄)
## မှတ်ပုံတင်ခြင်း

၁၀။ အလုပ်သမားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့မှတစ်ပါး အခြားအလုပ်သမားအဖွဲ့အစည်းတစ်ခုခုသည် အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ပေးရန် မြို့နယ်မှတ်ပုံတင်အရာရှိထံ လျှောက်ထားရာတွင် -

(က) **အလုပ်သမားအဖွဲ့အစည်း မှတ်ပုံတင်ရန်လျှောက်လွှာပုံစံ (၁)** ဖြင့် အချက်အလက်များ ပြည့်စုံစွာဖော်ပြ၍ ယင်းလျှောက်လွှာကို သက်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌက လက်မှတ်ရေးထိုးတင်ပြရမည်။

(ခ) လျှောက်လွှာတင်သွင်းသော အလုပ်သမားအဖွဲ့အစည်းသည် အခြေခံအလုပ်သမားအဖွဲ့အစည်းဖြစ်လျှင် ယင်းအဖွဲ့အစည်း၏လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအမျိုးအစား၊ ယင်းလုပ်ငန်းသို့မဟုတ် လုပ်ဆောင်မှုတွင်ရှိသော အဖွဲ့အစည်းဝင်အရေအတွက်နှင့် အဖွဲ့အစည်းတည်ထောင်သည့် အလုပ်သမားများ၏ အမည်စာရင်းများကို **အခြေခံအလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းခြင်းဆိုင်ရာ အချက်အလက်များပုံစံ (၂)** ဖြင့် ပြည့်စုံစွာဖော်ပြ၍ ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်လွှာတင်သွင်းသော အလုပ်သမားအဖွဲ့အစည်းသည် မြို့နယ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမားအဖွဲ့အစည်းများဖြစ်လျှင် အဖွဲ့အစည်း၏အမည်၊ ယင်းအလုပ်သမားအဖွဲ့အစည်းအား ထောက်ခံသော သက်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်းအရေအတွက်နှင့် ထောက်ခံသည့် ရာခိုင်နှုန်း၊ ထောက်ခံသည့် အလုပ်သမားအဖွဲ့အစည်းအမည်နှင့် ထောက်ခံချက်တို့ကို **မြို့နယ်/တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းခြင်းဆိုင်ရာ အချက်အလက်များပုံစံ (၃)** ဖြင့် ပြည့်စုံစွာဖော်ပြ၍ ပူးတွဲတင်ပြရမည်။

(ဃ) အလုပ်သမားအဖွဲ့အစည်း၏ ဖွဲ့စည်းပုံစည်းမျဉ်းနှင့်အတူ **ဖွဲ့စည်းပုံစည်းမျဉ်းကို အလုပ်အမှုဆောင်အဖွဲ့ဝင်များက သဘောတူကြောင်း လက်မှတ်ရေးထိုးချက်ပုံစံ (၄)** ကို ပူးတွဲတင်ပြရမည်။

၁၁။ အလုပ်သမားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့သည် အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ပေးရန် မှတ်ပုံတင်အရာရှိချုပ်ထံ လျှောက်ထားရာတွင် -

(က) **အလုပ်သမားအဖွဲ့အစည်း မှတ်ပုံတင်ရန်လျှောက်လွှာပုံစံ (၁)** ဖြင့် အချက်အလက်များပြည့်စုံစွာဖော်ပြ၍ ယင်းလျှောက်လွှာကို သက်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌက လက်မှတ်ရေးထိုးတင်ပြရမည်။

( ခ ) အလုပ်သမားအဖွဲ့ချုပ်ဖြစ်လျှင် အဖွဲ့ချုပ်၏အမည်၊ ယင်းအားထောက်ခံသော တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အလုပ်သမားအဖွဲ့အစည်းအရေအတွက်နှင့် အလုပ်သမားအဖွဲ့ချုပ် ဖွဲ့စည်းရန်ထောက်ခံသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမားအဖွဲ့အစည်းအမည်နှင့်ထောက်ခံချက်တို့ကို **အလုပ်သမားအဖွဲ့ချုပ် ဖွဲ့စည်းခြင်းဆိုင်ရာအချက်အလက်များပုံစံ (၅-က)** ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ဖြစ်လျှင် အဖွဲ့အစည်း အမည်၊ ယင်းအားထောက်ခံသော အလုပ်သမားအဖွဲ့ချုပ်အရေအတွက်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ဖွဲ့စည်းရန် ထောက်ခံသည့် အလုပ်သမားအဖွဲ့ချုပ်များ၏အမည်နှင့် ထောက်ခံချက်တို့ကို **မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာ အချက်အလက်များပုံစံ (၅-ခ)** ဖြင့်လည်းကောင်း ပြည့်စုံစွာဖော်ပြ၍ ပူးတွဲတင်ပြရမည်။

( ဂ ) အလုပ်သမားအဖွဲ့အစည်း၏ ဖွဲ့စည်းပုံစည်းမျဉ်းနှင့်အတူ **ဖွဲ့စည်းပုံစည်းမျဉ်းကို အလုပ်အမှုဆောင်အဖွဲ့ဝင်များက သဘောတူကြောင်း လက်မှတ်ရေးထိုးချက်ပုံစံ (၄)** ကို ပူးတွဲတင်ပြရမည်။

၁၂။ အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်လွှာကို လက်ခံရရှိသောမြို့နယ်မှတ်ပုံတင်အရာရှိ သို့မဟုတ် မှတ်ပုံတင်အရာရှိချုပ်သည် လျှောက်လွှာတွင် ဖော်ပြရမည့်အချက်အလက်များနှင့် ပူးတွဲပါရှိရမည့် အထောက်အထားများ ပြည့်စုံခြင်းရှိ၊ မရှိ စိစစ်ပြီး ပြည့်စုံကြောင်း တွေ့ရှိပါက **အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ပေးရန်လျှောက်လွှာကို လက်ခံရရှိကြောင်း ပြေစာပုံစံ (၆)** ထုတ်ပေးရမည်။

၁၃။ အခြေခံ၊ မြို့နယ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အလုပ်သမားအဖွဲ့အစည်းများ၏ မှတ်ပုံတင်ပေးရန် လျှောက်လွှာနှင့်စပ်လျဉ်း၍ မြို့နယ်မှတ်ပုံတင်အရာရှိသည် ယင်းလျှောက်လွှာပါ ဖော်ပြချက်များနှင့် ပူးတွဲပါ အထောက်အထားများ မှန်ကန်ခိုင်လုံခြင်းရှိ၊ မရှိကို မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများ ပြုလုပ်ပြီး လိုအပ်ချက်များရှိပါက လုံလောက်သောအချိန်အတွင်း ထပ်မံဖြည့်ဆည်းတင်ပြစေ၍ လျှောက်လွှာကို မူလလက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း မိမိ၏သဘောထားနှင့်အတူ မှတ်ပုံတင်အရာရှိချုပ်ထံ တင်ပြရမည်။

၁၄။ မှတ်ပုံတင်အရာရှိချုပ်သည် -

(က) မြို့နယ်မှတ်ပုံတင်အရာရှိက တင်ပြသော အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်လွှာပါ ဖော်ပြချက်များနှင့် ပူးတွဲပါအထောက်အထားများ မှန်ကန်ခိုင်လုံခြင်းရှိ၊ မရှိကို စိစစ်ပြီး ယင်းလျှောက်လွှာလက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း မှတ်ပုံတင်ခြင်း သို့မဟုတ် အကြောင်းပြချက်ဖော်ပြ၍ ငြင်းပယ်ခြင်းပြုရမည်။

( ခ ) အလုပ်သမားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့အဖြစ် မှတ်ပုံတင်ပေးရန် တင်ပြသော လျှောက်လွှာပါဖော်ပြချက်များနှင့် ပူးတွဲပါ အထောက်အထားများ မှန်ကန်ခိုင်လုံခြင်းရှိ၊ မရှိကို စိစစ်ပြီး ယင်းလျှောက်လွှာလက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း မှတ်ပုံတင်ရန် ခွင့်ပြုခြင်း သို့မဟုတ် အကြောင်းပြချက်ဖော်ပြ၍ ငြင်းပယ်ခြင်းပြုရမည်။

၁၅။ မှတ်ပုံတင်အရာရှိချုပ်သည် -

(က) အခြေခံ၊ မြို့နယ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အလုပ်သမားအဖွဲ့အစည်းများ၏ မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်ရန် ခွင့်ပြုပါက **အလုပ်သမားအဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုလက်မှတ်ပုံစံ (၇)** တွင် လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာ မြို့နယ်မှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်။ မြို့နယ်မှတ်ပုံတင်အရာရှိသည် အလုပ်သမားအဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုလက်မှတ်ကို မိမိလက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း သက်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းသို့ ပေးပို့ရမည်။

(ခ) အလုပ်သမားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့များ၏ မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်ရန်ခွင့်ပြုပါက **အလုပ်သမားအဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုလက်မှတ်ပုံစံ (၇)** ကို မိမိလက်မှတ်ရေးထိုးသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း သက်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်းသို့ ပေးပို့ရမည်။

၁၆။ မှတ်ပုံတင်အရာရှိချုပ်သည် -

(က) အခြေခံ၊ မြို့နယ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အလုပ်သမားအဖွဲ့အစည်းများ၏ မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်ပေးရန် ငြင်းပယ်လျှင် ယင်းသို့ ငြင်းပယ်သည့်အမိန့်ကို မြို့နယ်မှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်။ မြို့နယ်မှတ်ပုံတင်အရာရှိသည် အဆိုပါငြင်းပယ်သည့်အမိန့်ကို လက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း **မှတ်ပုံတင်ရန်ငြင်းပယ်ကြောင်း အကြောင်းကြားစာပုံစံ (၈)** ဖြင့် သက်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်းသို့ ပေးပို့ရမည်။

(ခ) အလုပ်သမားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့များ၏ မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်ပေးရန် ငြင်းပယ်လျှင် သက်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်းသို့ **မှတ်ပုံတင်ရန် ငြင်းပယ်ကြောင်း အကြောင်းကြားစာပုံစံ (၉)** ကို မိမိလက်မှတ်ရေးထိုးသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း သက်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်းသို့ ပေးပို့ရမည်။

၁၇။ အလုပ်သမားအဖွဲ့အစည်းတစ်ခုသည် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ငြင်းပယ်ခြင်းခံရပါက လိုအပ်သောအချက်များကို ပြုပြင်ဖြည့်စွက်ပြီး ဤနည်းဥပဒေများပါ မှတ်ပုံတင်ပေးရန် လျှောက်ထားသည့် သက်ဆိုင်ရာနည်းလမ်းအတိုင်း ထပ်မံလျှောက်ထားခြင်း သို့မဟုတ် မှတ်ပုံတင်ပေးရန် ငြင်းပယ်ကြောင်း အမိန့်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားခြင်း ပြုနိုင်သည်။ မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ဒုတိယအကြိမ် ငြင်းပယ်ခြင်းခံရပါက ယင်းသို့ မှတ်ပုံတင်ပေးရန် ငြင်းပယ်ကြောင်း အမိန့်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားနိုင်သည်။

၁၈။ မှတ်ပုံတင်ခွင့်ပြုသည့် အလုပ်သမားအဖွဲ့အစည်းများကို မြန်မာနိုင်ငံပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။

၁၉။ (က) မှတ်ပုံတင်ထားသော အခြေခံ၊ မြို့နယ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အလုပ်သမားအဖွဲ့အစည်းများ၏ အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ထားခြင်းကို မိမိဆန္ဒအလျောက် ပယ်ဖျက်လိုသော သက်ဆိုင်ရာအလုပ်အမှုဆောင်အဖွဲ့သည် မြို့နယ်မှတ်ပုံတင်အရာရှိမှတစ်ဆင့် မှတ်ပုံတင်အရာရှိချုပ်ထံလည်းကောင်း၊ အလုပ်သမားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့များ၏ အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ထားခြင်းကို မိမိဆန္ဒအလျောက် ပယ်ဖျက်လိုသော သက်ဆိုင်ရာအလုပ်အမှုဆောင်အဖွဲ့သည်

မှတ်ပုံတင်အရာရှိချုပ်ထံလည်းကောင်း **အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးရန် တင်ပြချက်ပုံစံ (၁၀)** ဖြင့် ပေးပို့ရမည်။

(ခ) မှတ်ပုံတင်အရာရှိချုပ်သည် နည်းဥပဒေခွဲ (က) အရ တင်ပြချက်ကိုရရှိသည့်အခါ သက်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းအား မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ရမည်။

၂၀။ မှတ်ပုံတင်အရာရှိချုပ်သည် -

(က) မြို့နယ်မှတ်ပုံတင်အရာရှိ၏ စိစစ်တင်ပြချက်အရလည်းကောင်း၊ မိမိကိုယ်တိုင် ခိုင်လုံစွာသိရှိသဖြင့်လည်းကောင်း ဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံးအလုပ်သမားဦးရေ သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းဦးရေ ပြည့်မီမှုမရှိတော့ကြောင်း ပေါ်ပေါက်သည့် အလုပ်သမားအဖွဲ့အစည်းအား အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်နိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ မှတ်ပုံတင်ပယ်ဖျက်ခြင်းခံရသည့် အလုပ်သမားအဖွဲ့အစည်းသည် အခြေခံ၊ မြို့နယ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အလုပ်သမားအဖွဲ့အစည်းများဖြစ်လျှင် သက်ဆိုင်ရာမြို့နယ်မှတ်ပုံတင်အရာရှိက အဆိုပါပယ်ဖျက်သည့်အမိန့်ကို လက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း သက်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်းသို့ **မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ကြောင်း အကြောင်းကြားစာပုံစံ (၁၁)** ဖြင့် အကြောင်းကြားနိုင်ရေးအတွက် ဆောင်ရွက်ရမည်။

(ဂ) နည်းဥပဒေခွဲ (က) အရ မှတ်ပုံတင်ပယ်ဖျက်ခြင်းခံရသည့် အလုပ်သမားအဖွဲ့အစည်းသည် အလုပ်သမားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့များဖြစ်လျှင် **မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ကြောင်း အကြောင်းကြားစာပုံစံ (၁၁)** ဖြင့် အဆိုပါပယ်ဖျက်သည့် အမိန့်ကို လက်မှတ်ရေးထိုးသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း သက်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်းသို့ အကြောင်းကြားရမည်။

၂၁။ အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ထားခြင်းကို နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ (က) အရ ပယ်ဖျက်ခြင်းခံရသော အလုပ်သမားအဖွဲ့အစည်းတစ်ခုသည် ဥပဒေအရ သတ်မှတ်ထားသော အနည်းဆုံး အလုပ်သမားဦးရေ သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းဦးရေ ပြည့်မီသည့်အခါ ဤနည်းဥပဒေများပါ မှတ်ပုံတင်ပေးရန် လျှောက်ထားသည့် သက်ဆိုင်ရာနည်းလမ်းအတိုင်း ထပ်မံလျှောက်ထားခြင်း သို့မဟုတ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်သည့် အမိန့်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားခြင်းပြုနိုင်သည်။

## အခန်း (၅)
## အလုပ်သမားအဖွဲ့အစည်း၏ အခွင့်အရေးနှင့်တာဝန်များ

၂၂။ အလုပ်သမားအဖွဲ့အစည်းသည် မိမိအဖွဲ့အစည်း၏ ဖွဲ့စည်းပုံစည်းမျဉ်းကို ရေးဆွဲရာတွင်လည်းကောင်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များကို ရွေးချယ်ရာတွင်လည်းကောင်း ဤနည်းဥပဒေများနှင့်အညီ လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိသည်။

၂၃။ အလုပ်သမားအဖွဲ့အစည်းသည် အလုပ်သမားဥပဒေများနှင့်အညီ အလုပ်သမားများ၏ စုပေါင်းအရေးဆိုမှုများကို ဖြေရှင်းရာတွင် လုပ်ငန်းစည်းကမ်းချက်များကို အလုပ်ရှင်နှင့်ညှိနှိုင်းရန် မိမိ၏ကိုယ်စားလှယ်များကို သတ်မှတ်ပေးရမည်။ အလုပ်သမားအဖွဲ့အစည်းမှ တာဝန်ရှိသူများသည် အလုပ်သမားများ၏ ဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်စေရန် သင်တန်းများ ဖွင့်လှစ်ပေးပြီး အလုပ်သမားများ၏ သက်သာချောင်ချိရေးကိစ္စရပ်များကိုလည်း ဆောင်ရွက်ရမည်။

၂၄။ အလုပ်သမားအဖွဲ့အစည်းသည် အဖွဲ့အစည်း၏ ဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ အဖွဲ့အစည်းဝင်ရရှိသော လုပ်ခ၊ လစာ၏ နှစ်ရာခိုင်နှုန်းထက်မများသော လစဉ်ထည့်ဝင်ကြေးဖြင့်လည်းကောင်း၊ အလုပ်သမားအဖွဲ့

အစည်းများက တာဝန်ယူလုပ်ကိုင်သော ယဉ်ကျေးမှုနှင့်အားကစားလုပ်ငန်းများမှ ဝင်ငွေဖြင့်လည်းကောင်း၊ သက်ဆိုင်ရာအလုပ်ရှင်၏ လှူဒါန်းငွေဖြင့်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ကူညီထောက်ပံ့ငွေဖြင့်လည်းကောင်း ရန်ပုံငွေတစ်ရပ်ကို ထူထောင်နိုင်သည်။ သို့ရာတွင် ထိုထောက်ပံ့ကူညီမှုကြောင့် အလုပ်သမားအဖွဲ့အစည်းအပေါ် အလုပ်ရှင် သို့မဟုတ် အစိုးရ၏လွှမ်းမိုးမှု မရှိစေရ။

၂၅။ အလုပ်သမားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့သည် ပြည်ပအလုပ်သမားအဖွဲ့ချုပ်များနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့တို့၏ ကူညီထောက်ပံ့မှုများကို ကြိုတင်ခွင့်ပြုချက်ရယူရန်မလိုဘဲ လက်ခံနိုင်ပြီး ယင်းသို့လက်ခံရရှိသည့်အခါ မှတ်ပုံတင်အရာရှိချုပ်သို့ အသိပေးရမည်။

၂၆။ ရန်ပုံငွေထူထောင်သုံးစွဲရာတွင် -

(က) အလုပ်သမားအဖွဲ့အစည်းများ၏ရန်ပုံငွေကို ယင်းတို့၏ ဖွဲ့စည်းပုံစည်းမျဉ်းများတွင် ဖော်ပြထားသော လူမှုသက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ ကျွမ်းကျင်မှုဆိုင်ရာသင်တန်း စသည့် ကိစ္စရပ်များနှင့် ယင်းကိစ္စရပ်များအတွက် ရည်ရွယ်ခေါ်ယူကျင်းပသော အဆိုပါအလုပ်သမားအဖွဲ့အစည်း၏ အထွေထွေအစည်းအဝေးတွင် အဖွဲ့ဝင်အများစုက အတည်ပြုချမှတ်ထားသည့်ကိစ္စရပ်များအတွက်သာ သုံးစွဲရမည်။

( ခ ) သက်ဆိုင်ရာအလုပ်အမှုဆောင်အဖွဲ့သည် မိမိအဖွဲ့အစည်း၏ရန်ပုံငွေကို မြန်မာနိုင်ငံအတွင်းရှိဘဏ်တစ်ခုခုတွင် ဘဏ်စာရင်းဖွင့်လှစ်ထားရှိရမည်။

( ဂ ) တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေးဥပဒေပါပြဋ္ဌာန်းချက်များအား လိုက်နာရမည်။

၂၇။ အခြေခံ၊ မြို့နယ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အလုပ်သမားအဖွဲ့အစည်းများသည် ယင်းတို့၏ နှစ်ချုပ်ငွေစာရင်းနှင့် အဖွဲ့အစည်းဝင်အလုပ်သမားအင်အားစာရင်းချုပ်တို့ကို မြို့နယ်မှတ်ပုံတင်အရာရှိထံလည်းကောင်း၊ အလုပ်သမားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့သည် ယင်းတို့၏ နှစ်ချုပ်ငွေစာရင်းနှင့် အဖွဲ့အစည်းအရေအတွက်စာရင်းချုပ်တို့ကို မှတ်ပုံတင်အရာရှိချုပ်ထံလည်းကောင်း သင့်လျော်သလိုပေးပို့ရမည်။ အလုပ်သမားအဖွဲ့အစည်း၏ ၁၀ ရာခိုင်နှုန်းအောက်မနည်းသော ပေါင်းစည်းဆက်သွယ်ထားသည့် အလုပ်သမားအဖွဲ့အစည်းများက တောင်းဆိုလျှင် ယင်းတို့၏နှစ်ချုပ်ငွေစာရင်းကို မှတ်ပုံတင်အရာရှိချုပ်က စစ်ဆေးစေနိုင်သည်။

၂၈။ အလုပ်သမားအဖွဲ့အစည်းတစ်ခုနှင့်တစ်ခု ပူးပေါင်းခြင်းနှင့် ခွဲထွက်ခြင်းကိစ္စရပ်များကို သက်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်းက မြို့နယ်မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

၂၉။ အလုပ်အမှုဆောင်အဖွဲ့ဝင်များ ပြောင်းလဲခြင်း၊ ရုံးနေရာပြောင်းရွှေ့ဖွင့်လှစ်ခြင်း သို့မဟုတ် ဖွဲ့စည်းပုံစည်းမျဉ်းများပြောင်းလဲခြင်းကိစ္စရပ်များကို ပြုလုပ်လိုသော အခြေခံ၊ မြို့နယ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အလုပ်သမားအဖွဲ့အစည်းတို့သည် မြို့နယ်မှတ်ပုံတင်အရာရှိထံလည်းကောင်း၊ အလုပ်သမားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့သည် မှတ်ပုံတင်အရာရှိချုပ်ထံလည်းကောင်း သက်ဆိုင်ရာပြောင်းလဲမှုပြုလုပ်သည့်နေ့ရက်မှ ၄၅ ရက်အတွင်း အကြောင်းကြားရမည်။

## အခန်း (၆)
## အလုပ်ရှင်အဖွဲ့အစည်းများ

၃၀။ အလုပ်ရှင်များသည် အလုပ်ရှင်အဖွဲ့အစည်းများကို ဥပဒေအရ အပြိုင်ဖွဲ့စည်းနိုင်သည်။

၃၁။ (က) အလုပ်ရှင်အဖွဲ့အစည်းများ ဖွဲ့စည်းရာတွင် ဥပဒေပါ အလုပ်ရှင်ဆိုသောစကားရပ်၌ ၁၀ ဧကအထက် လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ နှစ်ရှည်ပင် စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေ၊

ဟင်းသီးဟင်းရွက် ပန်းမန်စိုက်ပျိုးသည့်မြေ၊ ခြံမြေ၊ မြေနုကျွန်းတို့တွင် စိုက်ပျိုးရေးလုပ်ငန်းကိုလည်းကောင်း၊ ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း တစ်နှစ်ပတ်လုံး အလုပ်သမားနှစ်ဦးနှင့်အထက် ငှားရမ်းလုပ်ကိုင်သည့် မွေးမြူရေးလုပ်ငန်းကိုလည်းကောင်း၊ ဖော်ပြပါ လုပ်ငန်းပမာဏ တစ်ခုခုနှင့် ကိုက်ညီသော စိုက်ပျိုးရေးလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်းတို့ကို တွဲဖက်၍ လည်းကောင်း လုပ်ကိုင်သူတို့ အကျုံးဝင်သည်။

( ခ ) အလုပ်ရှင်အဖွဲ့အစည်းများ ဖွဲ့စည်းခြင်းနှင့် မှတ်ပုံတင်ခြင်းများပြုရာတွင် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်တို့သည် ဆီလျော်သမျှ သက်ဆိုင်စေရမည်။

## အခန်း (၇)

## အလုပ်သမားအဖွဲ့အစည်းများ၏ အလံ၊ ဆိုင်းဘုတ်၊ ကိုယ်ပိုင်တံဆိပ်၊ ရုံးလုပ်ငန်းနှင့် အစည်းအဝေးကျင်းပခြင်းဆိုင်ရာသတ်မှတ်ချက်များ

၃၂။ မြို့နယ်အလုပ်သမားအဖွဲ့အစည်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အလုပ်သမားအဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့၏ အလံနှင့်ဆိုင်းဘုတ်သည် အလျား ၆ ပေ၊ အနံ ၃ ပေထက် မပိုစေရ။

၃၃။ အလုပ်သမားအဖွဲ့အစည်း၏ ကိုယ်ပိုင်တံဆိပ်ကို အောက်ပါနမူနာပုံစံအတိုင်း ထားရှိရမည် -




(က) ကိုယ်ပိုင်တံဆိပ်သည် အချင်း ၂ လက်မရှိသော စက်ဝိုင်းပုံဖြစ်၍ ထုမှာ ဝ. ဝ၄ လက်မ ရှိရမည်။

( ခ ) ယင်းစက်ဝိုင်းအတွင်းတွင် အချင်း ၁. ၂၅ လက်မရှိစက်ဝိုင်း ရှိရမည်။

( ဂ ) စက်ဝိုင်း၏ တစ်ဖက်တစ်ချက်တွင် ငါးထောင့်ကြယ်တစ်လုံးစီ ရှိရမည်။

(ဃ) အချင်းမျဉ်း၏အပေါ်နှင့်အောက်တွင် အမှတ်စဉ်နှင့် ရက်စွဲစာတန်း ရှိရမည်။

( င ) အချင်းမျဉ်း၏အပေါ်ဘက်ခြမ်း စက်ဝန်းအတွင်းတွင် ________ အခြေခံ/မြို့နယ်/တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အလုပ်သမားအဖွဲ့အစည်း/__________ အလုပ်သမားအဖွဲ့ချုပ်/မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ဟူသောစာသား ရှိရမည်။

( စ ) အချင်းမျဉ်း၏အောက်ဘက်ခြမ်း စက်ဝန်းအတွင်းတွင် ________ စက်ရုံ/အလုပ်ရုံ/အလုပ်ဌာန၊ ________ ရပ်ကွက်/________ မြို့နယ်/________ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အမည် ရှိရမည်။

၃၄။ အလုပ်သမားအဖွဲ့အစည်းများနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ အစည်းအဝေးများကို အလုပ်တာဝန်၏ ပြင်ပအချိန်များ၌ ကျင်းပနိုင်သည်။ သို့ရာတွင် အလုပ်ရှင်၏ သဘောတူညီချက်အရ အဆိုပါ အစည်းအဝေးများကို အလုပ်ချိန်အတွင်း၌လည်း ကျင်းပနိုင်သည်။

၃၅။ အလုပ်သမားအဖွဲ့အစည်းများနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ အစည်းအဝေးများကို စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနအတွင်း ပြုလုပ်လိုပါက အလုပ်ရှင်၏ခွင့်ပြုချက် ရယူရမည်။

၃၆။ အလုပ်သမားကိုယ်စားလှယ်များသည် လုပ်ငန်းဆောင်ရွက်ရာတွင် အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဖက်သဘောတူသော အခြေအနေနှင့် အတိုင်းအတာအတွင်း လိုအပ်သော သတင်းအချက်အလက်များနှင့် အထောက်အကူပြုပစ္စည်းများကို အလုပ်ရှင်၏စီမံခန့်ခွဲရေးအပိုင်းမှ ရယူအသုံးပြုနိုင်သည်။

၃၇။ အခြေခံနှင့် မြို့နယ်အလုပ်သမားအဖွဲ့အစည်းများသည် ရုံးစာကို လက်ရေးဖြင့် ရေးသားတင်ပြနိုင်သည်။

၃၈။ အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးသည် အလုပ်ရှင်၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းအတွက် အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်သည်။ ထိုသို့ အချိန်ပြည့်တာဝန်ထမ်းဆောင်သောကာလအတွက် လုပ်ခလစာပေးရန် အလုပ်ရှင်၌ တာဝန်မရှိစေရ။ သို့ရာတွင် အလုပ်ရှင်က ထောက်ပံ့ပေးနိုင်ရန် ညှိနှိုင်းနိုင်သည်။

## အခန်း (၈)

## အထွေထွေ

၃၉။ အလုပ်သမားအဖွဲ့အစည်းသည် ယင်းတို့၏အဖွဲ့ဝင်အင်အားစာရင်း၊ အဖွဲ့ပိုင်ပစ္စည်းစာရင်းနှင့် ငွေစာရင်းကို နှစ်စဉ်ပုံမှန်စစ်ဆေးရာတွင် စာရင်းစစ်ဆေးပိုင်ခွင့်ရှိသော အသိအမှတ်ပြုလက်မှတ်ရပုဂ္ဂိုလ် သို့မဟုတ် ယင်းပုဂ္ဂိုလ်များ ပါဝင်သောအဖွဲ့ဖြင့် စစ်ဆေးရမည်။

၄၀။ မှတ်ပုံတင်အရာရှိချုပ်ရုံးနှင့် မြို့နယ်မှတ်ပုံတင်အရာရှိရုံးများတွင် **အလုပ်သမားအဖွဲ့အစည်းတစ်ဖွဲ့ချင်းမှတ်တမ်းပုံစံ (၁၂)** ကို ထားရှိရမည်။

၄၁။ အလုပ်ရှင်သည် အလုပ်ပိတ်ခြင်းပြုမည့်အကြောင်းကို သက်ဆိုင်ရာအလုပ်သမားများသို့လည်းကောင်း၊ သက်ဆိုင်ရာမြို့နယ်အလုပ်သမားအဖွဲ့အစည်းသို့လည်းကောင်း၊ သက်ဆိုင်ရာညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့လည်းကောင်း အလုပ်ပိတ်မည့်ရက်မတိုင်မီ အနည်းဆုံး ၁၄ ရက် ကြိုတင်၍ **အလုပ်ပိတ်မည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားစာ ပုံစံ (၁၃)** ဖြင့် အကြောင်းကြားရမည်။ သို့ရာတွင် သက်ဆိုင်ရာညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ ခွင့်ပြုချက်ရရှိမှသာ အလုပ်ပိတ်ခြင်းပြုရမည်။

၄၂။ အလုပ်သမားအဖွဲ့အစည်းသည် သက်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်၏ ခွင့်ပြုချက်ဖြင့် သပိတ်မှောက်ခြင်းပြုမည့်အကြောင်းကို အများပြည်သူဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းဖြစ်ပါက သပိတ်မှောက်မည့်ရက်မတိုင်မီ အနည်းဆုံး ၁၄ ရက် ကြိုတင်၍လည်းကောင်း၊ အများပြည်သူဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းနှင့် အကျုံးမဝင်သောလုပ်ငန်းဖြစ်ပါက သပိတ်မှောက်မည့်ရက်မတိုင်မီ အနည်းဆုံး သုံးရက်ကြိုတင်၍ လည်းကောင်း **သပိတ်မှောက်မည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားစာ ပုံစံ (၁၄)** ဖြင့် သက်ဆိုင်ရာ အလုပ်ရှင်နှင့် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များသို့ အကြောင်းကြားရမည်။

၄၃။ (က) အလုပ်သမားဝန်ကြီးဌာနသည် မှတ်ပုံတင်အရာရှိချုပ် ခန့်ထားနိုင်ရန် နိုင်ငံတော်သမ္မတသို့ အမည်စာရင်းတင်ပြဆောင်ရွက်ရမည်။

(ခ) မှတ်ပုံတင်အရာရှိချုပ်သည် မြို့နယ်မှတ်ပုံတင်အရာရှိများ ခန့်ထားနိုင်ရန် ဆောင်ရွက်ရမည်။

(ပုံ) အောင်ကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမားဝန်ကြီးဌာန။

**ပုံစံ (၁)**

**အလုပ်သမားအဖွဲ့အစည်း မှတ်ပုံတင်ရန် လျှောက်လွှာ**
**{ နည်းဥပဒေ ၁၀ (က) နှင့် ၁၁ (က) }**

သို့

မြို့နယ်မှတ်ပုံတင်အရာရှိ/မှတ်ပုံတင်အရာရှိချုပ်

____________________ မြို့

အကြောင်းအရာ။ **အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားခြင်း**

၁။ __________________________ အလုပ်သမားအဖွဲ့အစည်း/__________________ အလုပ်သမားအဖွဲ့ချုပ်/မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့အား __________________ ခုနှစ်၊ ____________ လ __________ ရက်နေ့တွင် ဖွဲ့စည်းခြင်းကို စတင်ဆောင်ရွက်ခဲ့ပါသည်။

၂။ ဤ ________________________ သည် ____________________ လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုတွင်ရှိသော အလုပ်သမားများ/အလုပ်သမားအဖွဲ့အစည်းများ/ အလုပ်သမားအဖွဲ့ချုပ်များကို ကိုယ်စားပြုသော အဖွဲ့အစည်းဖြစ်ပါသည်။

၃။ အလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းခြင်းဆိုင်ရာ အချက်အလက်**ပုံစံ (        )** ကို ပူးတွဲတင်ပြပါသည်။

၄။ ဖွဲ့စည်းပုံစည်းမျဉ်းနှင့်အတူ ဖွဲ့စည်းပုံစည်းမျဉ်းကို အလုပ်အမှုဆောင်အဖွဲ့ဝင်များက သဘောတူကြောင်း လက်မှတ်ရေးထိုးချက် ပုံစံ (၄) ကို ပူးတွဲတင်ပြအပ်ပါသည်။

၅။ အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်ထားခြင်းကို သဘောတူညီကြောင်း အောက်ပါအလုပ်အမှုဆောင်ကော်မတီဝင်များက လက်မှတ်ရေးထိုးကြပါသည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်ပြား အမှတ် | အဘ အမည် | အလုပ် အကိုင် | အလုပ် အမှုဆောင် တာဝန် | လက်မှတ် |
|---|---|---|---|---|---|---|
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

၆။ __________________________ အလုပ်သမားအဖွဲ့အစည်း/ ____________ အလုပ်သမားအဖွဲ့ချုပ်/ မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့အား မှတ်ပုံတင်ပေးပါရန် လျှောက်ထားအပ်ပါသည်။

တံဆိပ်

(________________)

ဥက္ကဋ္ဌ

အလုပ်သမားအဖွဲ့အစည်း၏အမည်___________________

အလုပ်သမားအဖွဲ့အစည်း၏လိပ်စာ___________________

ဖုန်း၊___________________၊ ဖက်(စ်)_________________

အီးမေးလ် ______________________________________

၂၀ ခုနှစ်၊ လ ရက်။

ပုံစံ (၂)

**အခြေခံအလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းခြင်းဆိုင်ရာအချက်အလက်များ**
**{ နည်းဥပဒေ ၁၀ (ခ) }**

၁။ လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု အမည် (ပူးပေါင်းဖွဲ့စည်းရန်ဖြစ်လျှင် ပူးပေါင်းဖွဲ့စည်းမည့်လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု အမည်များကို ဖော်ပြရန်) ____________________

၂။ ယင်းလုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု တွင်ရှိသောအဖွဲ့အစည်းဝင် အလုပ်သမား အရေအတွက် ____________________

၃။ အဖွဲ့အစည်းတည်ထောင်သည့် အလုပ်သမားများ၏ အမည်စာရင်း

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | အဘအမည် | မွေးသက္ကရာဇ် | အလုပ်စတင်ဝင်ရောက်သည့်နေ့ | အလုပ်အကိုင်ရာထူး | အဖွဲ့ဝင်ဖြစ်သည့်ရက်စွဲ | နေရပ်လိပ်စာ | လက်မှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁။ | | | | | | | | | |
| ၂။ | | | | | | | | | |
| ၃။ | | | | | | | | | |
| ၄။ | | | | | | | | | |
| ၅။ | | | | | | | | | |
| ၆။ | | | | | | | | | |
| ၇။ | | | | | | | | | |
| ၈။ | | | | | | | | | |
| ၉။ | | | | | | | | | |
| ၁၀။ | | | | | | | | | |
| ၁၁။ | | | | | | | | | |
| ၁၂။ | | | | | | | | | |
| ၁၃။ | | | | | | | | | |
| ၁၄။ | | | | | | | | | |
| ၁၅။ | | | | | | | | | |
| ၁၆။ | | | | | | | | | |

ပုံစံ (၃)

## မြို့နယ်/တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းခြင်းဆိုင်ရာ အချက်အလက်များ

**{ နည်းဥပဒေ ၁၀ (ဂ) }**

၁။ မြို့နယ်/တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမားအဖွဲ့အစည်း အမည် ____________________

၂။ အလုပ်သမားအဖွဲ့အစည်းဖွဲ့စည်းရန် ထောက်ခံသည့်သက်ဆိုင်ရာ အခြေခံ/ မြို့နယ်အလုပ်သမားအဖွဲ့အစည်းအရေ အတွက် ____________________

၃။ အလုပ်သမားအဖွဲ့အစည်းဖွဲ့စည်းရန် သက်ဆိုင်ရာအခြေခံ/မြို့နယ်အလုပ် သမားအဖွဲ့အစည်းများကထောက်ခံ သည့်ရာခိုင်နှုန်း ____________________

၄။ မြို့နယ်/တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းရန် ထောက်ခံသည့် အလုပ်သမားအဖွဲ့အစည်းအမည်နှင့် ထောက်ခံချက်

| စဉ် | ထောက်ခံသော အလုပ်သမားအဖွဲ့အစည်းအမည် | ဥက္ကဋ္ဌ | | အတွင်းရေးမှူး | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အမည် | လက်မှတ် | အမည် | လက်မှတ် | |
| ၁။ | | | | | | |
| ၂။ | | | | | | |
| ၃။ | | | | | | |
| ၄။ | | | | | | |
| ၅။ | | | | | | |

ပုံစံ (၄)

## ဖွဲ့စည်းပုံစည်းမျဉ်းကို အလုပ်အမှုဆောင်အဖွဲ့ဝင်များက သဘောတူကြောင်း လက်မှတ်ရေးထိုးချက်ပုံစံ { နည်းဥပဒေ ၁၀ (ဃ) နှင့် ၁၁ (ဂ) }

| စဉ် | အမည် | နိုင်ငံသား စိစစ်ရေး ကတ်ပြားအမှတ် | အဘ အမည် | အလုပ် အကိုင် | အလုပ် အမှုဆောင် တာဝန် | လက်မှတ် |
|---|---|---|---|---|---|---|
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

ပုံစံ (၅-က)

**အလုပ်သမားအဖွဲ့ချုပ် ဖွဲ့စည်းခြင်းဆိုင်ရာအချက်အလက်များ**

**{ နည်းဥပဒေ ၁၁ (ခ) }**

၁။ လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု၏ အလုပ်သမားအဖွဲ့ချုပ် ______________________________

၂။ အလုပ်သမားအဖွဲ့ချုပ်ကို ထောက်ခံသည့်တိုင်းဒေသကြီး/ပြည်နယ်အလုပ်သမားအဖွဲ့အစည်းအရေအတွက် ______________________________

၃။ အလုပ်သမားအဖွဲ့ချုပ် ဖွဲ့စည်းရန် ထောက်ခံသည့် တိုင်းဒေသကြီး/ ပြည်နယ်အလုပ်သမား အဖွဲ့အစည်းစာရင်း

| စဉ် | ထောက်ခံသော တိုင်းဒေသကြီး/ပြည်နယ် အလုပ်သမားအဖွဲ့အစည်း အမည် | ဥက္ကဋ္ဌ | | အတွင်းရေးမှူး | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အမည် | လက်မှတ် | အမည် | လက်မှတ် | |
| ၁။ | | | | | | |
| ၂။ | | | | | | |
| ၃။ | | | | | | |
| ၄။ | | | | | | |
| ၅။ | | | | | | |

**ပုံစံ (၅-ခ)**

**မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာ အချက်အလက်များ**
**{ နည်းဥပဒေ ၁၁ (ခ) }**

၁။ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ______________________

၂။ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ကို ထောက်ခံသည့် အလုပ်သမား အဖွဲ့ချုပ်အရေအတွက် သမားအဖွဲ့အစည်းအရေအတွက် ______________________

၃။ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ဖွဲ့စည်းရန် ထောက်ခံသည့် အလုပ်သမားအဖွဲ့ချုပ်များစာရင်း

| စဉ် | ထောက်ခံသော အလုပ်သမား အဖွဲ့ချုပ်များအမည် | ဥက္ကဋ္ဌ | | အတွင်းရေးမှူး | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အမည် | လက်မှတ် | အမည် | လက်မှတ် | |
| ၁။ | | | | | | |
| ၂။ | | | | | | |
| ၃။ | | | | | | |
| ၄။ | | | | | | |
| ၅။ | | | | | | |

**ပုံစံ (၆)**

**အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်လွှာကို လက်ခံရရှိကြောင်းပြေစာ**
**{ နည်းဥပဒေ ၁၂ }**

ပြေစာအမှတ်စဉ်၊ ____________________
ရက်စွဲ၊ ____________________

____________________ အလုပ်သမားအဖွဲ့အစည်း/ အလုပ်သမားအဖွဲ့ချုပ်/ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်လွှာကို ____________ ခုနှစ်၊ ____________ လ ________ ရက်နေ့တွင် လက်ခံရရှိပါသည်။

တံဆိပ်

( ____________________ )
မြို့နယ်မှတ်ပုံတင်အရာရှိ/
မှတ်ပုံတင်အရာရှိချုပ်

ပုံစံ (၇)

**အလုပ်သမားအဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုလက်မှတ်**

**{ နည်းဥပဒေ ၁၅ (က) နှင့် (ခ) }**

____________________ အလုပ်သမားအဖွဲ့အစည်း/ အလုပ်သမားအဖွဲ့ချုပ်/ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အား မှတ်ပုံတင်အမှတ် __________ ဖြင့် __________ ခုနှစ်၊ __________ လ __________ ရက်နေ့တွင် ____________________ အလုပ်သမားအဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးလိုက်သည်။

တံဆိပ်

( ____________________ )

မှတ်ပုံတင်အရာရှိချုပ်

ပုံစံ (၈)

## မှတ်ပုံတင်ရန်ငြင်းပယ်ကြောင်း အကြောင်းကြားစာ
## { နည်းဥပဒေ ၁၆ (က) }

______________ ရက်နေ့တွင် အခြေခံ/မြို့နယ်/တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်လွှာတင်ထားသည့် ________________ အား အလုပ်သမားအဖွဲ့အစည်း မှတ်ပုံတင်ပေးရန် ငြင်းပယ်လိုက်ကြောင်း အကြောင်းကြားသည်။

မှတ်ချက်။ မှတ်ပုံတင်အရာရှိချုပ်၏ ငြင်းပယ်သည့်အမိန့်ကို ပူးတွဲပေးပို့ပါသည်။

တံဆိပ်

( ________________ )
မြို့နယ်မှတ်ပုံတင်အရာရှိ

စာအမှတ် ၊ ______________________________
ရက်စွဲ ၊ ______________________________

ဖြန့်ဝေခြင်း

- ဥက္ကဋ္ဌ
  အခြေခံ/မြို့နယ်/တိုင်းဒေသကြီး/ပြည်နယ်
  အလုပ်သမားအဖွဲ့အစည်း/အလုပ်သမားအဖွဲ့ချုပ်/
  မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့

မိတ္တူ -

- ရုံးလက်ခံ

D:/Thazin/2012 Gazette/gazette (16) 22

ပုံစံ (၉)

## မှတ်ပုံတင်ရန် ငြင်းပယ်ကြောင်း အကြောင်းကြားစာ
## { နည်းဥပဒေ ၁၆ (ခ) }

____________________ ရက်နေ့တွင် အလုပ်သမားအဖွဲ့ချုပ်/ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အဖြစ် မှတ်ပုံတင်ပေးရန် လျှောက်လွှာတင်ထားသည့် ____________________ အား အလုပ်သမားအဖွဲ့အစည်း မှတ်ပုံတင်ပေးရန် ငြင်းပယ်လိုက်ကြောင်း အကြောင်းကြားသည်။

မှတ်ချက်။   ငြင်းပယ်သည့်အမိန့်ကို ပူးတွဲပေးပို့ပါသည်။

တံဆိပ်

( ____________________ )
မှတ်ပုံတင်အရာရှိချုပ်

စာအမှတ်  ၊ ____________________
ရက်စွဲ   ၊ ____________________

ဖြန့်ဝေခြင်း

- ဥက္ကဋ္ဌ၊ အလုပ်သမားအဖွဲ့ချုပ်/ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့

မိတ္တူ -

- ရုံးလက်ခံ

**ပုံစံ (၁၀)**

**အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ပေးရန် တင်ပြချက်**
**{ နည်းဥပဒေ ၁၉ (က) }**

သို့

မြို့နယ်မှတ်ပုံတင်အရာရှိ/မှတ်ပုံတင်အရာရှိချုပ်

__________________ ရက်နေ့တွင် မှတ်ပုံတင်အမှတ် (____ /______) ဖြင့် မှတ်ပုံတင်ထားသော ____________________________________ အခြေခံ/မြို့နယ်/တိုင်းဒေသကြီး/ပြည်နယ်အလုပ်သမား အဖွဲ့အစည်း/အလုပ်သမားအဖွဲ့ချုပ်/မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အား မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ပေးရန် တင်ပြအပ်ပါသည်။

ပူးတွဲ - အလုပ်သမားအဖွဲ့အစည်း နည်းဥပဒေအရ ဆောင်ရွက်ပိုင်ခွင့်ရှိသော အဖွဲ့အစည်း၏ဆုံးဖြတ်ချက်

တံဆိပ်

( ____________________ )
ဥက္ကဋ္ဌ

စာအမှတ် ၊ ________________________
ရက်စွဲ ၊ ________________________

ပုံစံ (၁၁)

**မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ကြောင်း အကြောင်းကြားစာ**
**{ နည်းဥပဒေ ၂၀ (ခ) နှင့် (ဂ) }**

__________________ ရက်နေ့တွင် မှတ်ပုံတင်အမှတ် (___ /_____) ဖြင့် မှတ်ပုံတင်ထားသော ________________________________________ အခြေခံ/မြို့နယ်/တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမားအဖွဲ့အစည်း/အလုပ်သမားအဖွဲ့ချုပ်/မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အား မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်လိုက်ကြောင်း အကြောင်းကြားသည်။

မှတ်ချက်။    ပယ်ဖျက်သည့်အမိန့်ကို ပူးတွဲပေးပို့ပါသည်။

တံဆိပ်

( ____________________ )
မြို့နယ်မှတ်ပုံတင်အရာရှိ/မှတ်ပုံတင်အရာရှိချုပ်

စာအမှတ်  ၊ ________________________
ရက်စွဲ  ၊ ________________________

ဖြန့်ဝေခြင်း

- ဥက္ကဋ္ဌ
  အခြေခံ/မြို့နယ်/တိုင်းဒေသကြီး/ပြည်နယ်
  အလုပ်သမားအဖွဲ့အစည်း/အလုပ်သမားအဖွဲ့ချုပ်/
  မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့

မိတ္တူ -

- ရုံးလက်ခံ

ပုံစံ (၁၂)

**အလုပ်သမားအဖွဲ့အစည်း တစ်ဖွဲ့ချင်းမှတ်တမ်း**
**(မှတ်ပုံတင်အရာရှိနှင့် မှတ်ပုံတင်အရာရှိချုပ်ရုံးတွင် ထိန်းသိမ်းရန်)**
**{ နည်းဥပဒေ ၄၀ }**

၁။ မှတ်ပုံတင်အမှတ် ____________________

၂။ မှတ်ပုံတင်သည့်ရက်စွဲ ____________________

၃။ မှတ်ပုံတင်လျှောက်ထားသူအဖွဲ့ဝင်များ၏
အမည် ____________________
အလုပ်အကိုင် ____________________

၄။ အလုပ်သမားအဖွဲ့အစည်းအမည် ____________________

၅။ အလုပ်သမားအဖွဲ့အစည်း တည်ရာဌာနလိပ်စာ ____________________

၆။ အလုပ်သမားအဖွဲ့အစည်းစတင် တည်ထောင်သည့်ရက်စွဲ ____________________

၇။ အလုပ်အမှုဆောင်အဖွဲ့ဝင်များ

| စဉ် | အမည် | အလုပ်အမှုဆောင်တာဝန် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ပညာအရည်အချင်း | မွေးသက္ကရာဇ် | အလုပ်အကိုင် | နေရပ်လိပ်စာ |
|---|---|---|---|---|---|---|---|
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |

၈။ ရန်ပုံငွေစာရင်းဖွင့်လှစ်ထားရှိသည့်ဘဏ် ____________________

၉။ မြို့နယ်အလုပ်သမားအဖွဲ့အစည်းနှင့် ပေါင်းစည်းဆက်သွယ်ခြင်း
(က) ရက်စွဲ ____________________
(ခ) အဖွဲ့အစည်းအမည် ____________________
(ဂ) အဖွဲ့အစည်းလိပ်စာ ____________________

၁၀။ တိုင်းဒေသကြီး/ပြည်နယ် အလုပ်သမားအဖွဲ့အစည်းနှင့် ပေါင်းစည်းဆက်သွယ်ခြင်း
(က) ရက်စွဲ ____________________
(ခ) အဖွဲ့အစည်းအမည် ____________________
(ဂ) အဖွဲ့အစည်းလိပ်စာ ____________________

၁၁။ အလုပ်သမားအဖွဲ့ချုပ်နှင့် ပေါင်းစည်းဆက်သွယ်ခြင်း
(က) ရက်စွဲ ____________________
(ခ) အဖွဲ့အစည်းအမည် ____________________
(ဂ) အဖွဲ့အစည်းလိပ်စာ ____________________

၁၂။ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် ပေါင်းစည်းဆက်သွယ်ခြင်း
(က) ရက်စွဲ ____________________
(ခ) အဖွဲ့အစည်းအမည် ____________________
(ဂ) အဖွဲ့အစည်းလိပ်စာ ____________________

၁၃။ အလုပ်သမားအဖွဲ့အစည်း၏ တည်ရာဌာန လိပ်စာပြောင်းလဲခြင်း
(က) ပြောင်းလဲသည့်ရက်စွဲ ____________________
(ခ) ပြောင်းလဲသည့်လိပ်စာ ____________________

၁၄။ အလုပ်သမားအဖွဲ့အစည်း၏ အမည်ပြောင်းလဲခြင်း
(က) ပြောင်းလဲမည့်ရက်စွဲ ____________________
(ခ) ပြောင်းလဲလိုက်သည့်အမည် ____________________

၁၅။ အလုပ်အမှုဆောင်များ ပြောင်းလဲခြင်း

| စဉ် | ပြောင်းလဲသည့် ရက်စွဲ | ပြောင်းလဲသည့် အလုပ်အမှုဆောင် အမည် | ယခင် အလုပ်အမှုဆောင် အမည် | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |

၁၆။ အခြားအလုပ်သမားအဖွဲ့အစည်းနှင့် ပူးပေါင်းခြင်း
(က) မှတ်ပုံတင်ရန် အကြောင်းကြားသည့်ရက်စွဲ ____________________
(ခ) မည်သည့်အဖွဲ့အစည်းနှင့် ပူးပေါင်းသည် ____________________
(ဂ) ပူးပေါင်းသည့်ရက်စွဲ ____________________
(ဃ) ပူးပေါင်းပြီးအဖွဲ့အစည်း၏ အမည် ____________________
(င) ပူးပေါင်းပြီးအဖွဲ့အစည်း၏ လိပ်စာ ____________________
(စ) ပူးပေါင်းပြီးအဖွဲ့အစည်း၏ မှတ်ပုံတင်အမှတ် ____________________

၁၇။ အခြားအလုပ်သမားအဖွဲ့အစည်းတစ်ရပ်အဖြစ် ခွဲထွက်ခြင်း
(က) အကြောင်းကြားသည့်ရက်စွဲ ____________________
(ခ) မည်သည့်အမည်ဖြင့်ခွဲထွက်သည် ____________________
(ဂ) ခွဲထွက်သည့်ရက်စွဲ ____________________

၁၈။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းများနှင့် ပေါင်းစည်းဆက်သွယ်ခြင်း

(က) ရက်စွဲ ____________________

( ခ ) အဖွဲ့အစည်းအမည် ____________________

( ဂ ) အဖွဲ့အစည်းလိပ်စာ ____________________

၁၉။ ဥပဒေချိုးဖောက်မှုဆိုင်ရာမှတ်တမ်း

| စဉ် | ရက်စွဲ | အကြောင်းအရာ | မှတ်ချက် |
|---|---|---|---|
| | | | |
| | | | |
| | | | |

၂၀။ အလုပ်သမားအဖွဲ့အစည်းအား မှတ်ပုံတင်ပယ်ဖျက်ခြင်း

(က) ပယ်ဖျက်သည့်ရက်စွဲ ____________________

( ခ ) ပယ်ဖျက်ရသည့်အကြောင်းရင်း ____________________

( ဂ ) ပယ်ဖျက်မိန့်ထုတ်ပြန်သည့်ရက်စွဲ ____________________

၂၁။ အလုပ်သမားအဖွဲ့အစည်းအား ဖျက်သိမ်းခြင်း

(က) ဖျက်သိမ်းသည့်ရက်စွဲ ____________________

( ခ ) ဖျက်သိမ်းရသည့်အကြောင်းရင်း ____________________

( ဂ ) ဖျက်သိမ်းကြောင်း အကြောင်းကြားသည့်ရက်စွဲ ____________________

( ____________________ )

မှတ်ပုံတင်အရာရှိ/

မှတ်ပုံတင်အရာရှိချုပ်

ပုံစံ (၁၃)

## အလုပ်ပိတ်မည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားစာ
## { နည်းဥပဒေ ၄၁ }

သို့

______________ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့

______________ မြို့နယ်၊ ______________ အလုပ်သမားအဖွဲ့အစည်း

၁။ ____________________ မြို့နယ်ရှိ ____________________________________ လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုကို အောက်ဖော်ပြပါအတိုင်း (______________ ) ရက်နေ့တွင် အလုပ်ပိတ်လိုသဖြင့် (၁၄)ရက် ကြိုတင်တင်ပြအကြောင်းကြားအပ်ပါသည် -

(က) အလုပ်ပိတ်မှုစတင်မည့်ရက် ____________________________________________________

(ခ) အလုပ်ပိတ်ရသည့်အကြောင်းရင်း

____________________________________________________________________________

____________________________________________________________________________

____________________________________________________________________________

____________________________________________________________________________

၂။ အကြောင်းကြားစာမပေးပို့မီ အငြင်းပွားမှုဖြေရှင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်ရမည်။

တံဆိပ်

( ____________________ )

အလုပ်ရှင်

စာအမှတ် ၊ __________________________

ရက်စွဲ ၊ __________________________

မိတ္တူ -

- ရုံးလက်ခံ

**ပုံစံ (၁၄)**

**သပိတ်မှောက်မည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားစာ**
**{ နည်းဥပဒေ ၄၂ }**

၁။ အဖွဲ့အစည်းဝင်အလုပ်သမားအများစု၏ ဆန္ဒပြုချက်အရ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း/အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းနှင့် အကျုံးမဝင်သည့် လုပ်ငန်းဖြစ်သော ________________ သည် အောက်ပါအစီအစဉ်အတိုင်း သပိတ်မှောက်မည်ဖြစ်ကြောင်း ကြိုတင်တင်ပြ အကြောင်းကြားအပ်ပါသည်-

(က) အလုပ်သမားအဖွဲ့အစည်းအမည် ________________
(ခ) အဖွဲ့အစည်း၏မှတ်ပုံတင်အမှတ်/ရက်စွဲ ________________
(ဂ) အဖွဲ့အစည်း၏လိပ်စာ ________________
(ဃ) သပိတ်မှောက်မည့်အချိန်နှင့်နေ့ရက် ________________
(င) သပိတ်မှောက်မည့်နေရာ ________________
(စ) သပိတ်မှောက်ရာတွင် ပါဝင်မည့်ဦးရေ ________________
(ဆ) သပိတ်မှောက်မည့်နည်းလမ်း ________________

၂။ အကြောင်းကြားစာမပေးပို့မီ အငြင်းပွားမှုဖြေရှင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်ရမည်။

**မှတ်ချက်**။ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဖြစ်လျှင် သပိတ်မှောက်စဉ် လုပ်ငန်းခွင်၌ ဆက်လက်အလုပ်လုပ်ကိုင်နေမည့် အလုပ်သမားအရေအတွက်နှင့် ရာထူးအမျိုးအစားအပေါ် သက်ဆိုင်ရာ အလုပ်ရှင်နှင့် ညှိနှိုင်းထားသော သဘောတူညီချက်အား ပူးတွဲတင်ပြရမည်။

တံဆိပ်

( ________________ )
ဥက္ကဋ္ဌ

စာအမှတ် ၊ ________________
ရက်စွဲ ၊ ________________

ဖြန့်ဝေခြင်း
- အလုပ်ရှင် ________________
- ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ________________ မြို့နယ်

မိတ္တူ -
- ရုံးလက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

# ပြည်ထောင်စုဝန်ကြီးရုံး

နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်

( ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက် )

အမှတ် ၁ ။ ။ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁၀/၂၀၁၁) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ လူမှုဝန်ထမ်းဦးစီးဌာနမှ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ဦးစီး အရာရှိ ဒေါ်လဲ့ယဉ်ဝင်းအား လူမှုဝန်ထမ်းဦးစီးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူးရာထူး လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) နေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့် ခန့်ထားလိုက်သည်။

# ပြည်ထောင်စုဝန်ကြီးရုံး

အမှတ် ၂ ။ ။ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁၀/၂၀၁၁) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ မီးသတ်ဦးစီးဌာနမှ အောက်ပါဦးစီးအရာရှိ (၆) ဦးအား ယင်းတို့နှင့်ယှဉ်တွဲ ဖော်ပြပါ ရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | မူလရာထူးနှင့်လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူးနှင့်လစာနှုန်း |
|---|---|---|---|
| (က) | ဦးအောင်ဆွေဝင်း | ဦးစီးအရာရှိ (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) | လက်ထောက်ညွှန်ကြားရေးမှူး (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| (ခ) | ဦးဝင်းနိုင် | ဦးစီးအရာရှိ (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) | လက်ထောက်ညွှန်ကြားရေးမှူး (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| (ဂ) | ဦးသောင်းထိုက် | ဦးစီးအရာရှိ (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) | လက်ထောက်ညွှန်ကြားရေးမှူး (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| (ဃ) | ဦးဇော်ဝင်းထွန်း | ဦးစီးအရာရှိ (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) | လက်ထောက်ညွှန်ကြားရေးမှူး (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| (င) | ဦးစိုးဝင်း | ဦးစီးအရာရှိ (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) | လက်ထောက်ညွှန်ကြားရေးမှူး (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| (စ) | ဦးခင်ဇော်ဝင်း | ဦးစီးအရာရှိ (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) | လက်ထောက်ညွှန်ကြားရေးမှူး (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |

## ပြည်ထောင်စုဝန်ကြီးရုံး

အမှတ် ၃ ။ ။ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁၀/၂၀၁၁) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်ထောင်စုဝန်ကြီးရုံးမှ ဦးစီးအရာရှိ ဦးဇော်ဝင်းထွန်းနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်လှကေသီမာတို့ (၂) ဦးအား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတွင် ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | မူလရာထူးနှင့်လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူးနှင့်လစာနှုန်း |
|---|---|---|---|
| (က) | ဦးဇော်ဝင်းထွန်း | ဦးစီးအရာရှိ (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) | လက်ထောက်ညွှန်ကြားရေးမှူး (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| (ခ) | ဒေါ်လှကေသီမာ | ဦးစီးအရာရှိ (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) | လက်ထောက်ညွှန်ကြားရေးမှူး (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |

## ပြည်ထောင်စုဝန်ကြီးရုံး

နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်

( ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် )

အမှတ် ၄ ။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ လစာနှုန်း (၆၅,၀၀၀-၁,၀၀၀-၇၀,၀၀၀) ရုံးအုပ် ဦးမြင့်အောင်အား ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနတွင် ဦးစီးအရာရှိ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဦးအောင်ကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

# ရှမ်းပြည်နယ်အစိုးရအဖွဲ့၏
# ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေကြမ်း

( ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် )

## နိဒါန်း

**ပုဒ်မ-၁** ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀ (ခ) တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်း ရမည်ဟူသော ပြဋ္ဌာန်းချက်အရ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို တင်သွင်းခြင်းဖြစ်သည်။

## အခန်း (၁)
## အမည်၊ အကျိုးသက်ရောက်သည့်ကာလနှင့်အဓိပ္ပာယ်ဖော်ပြချက်

**ပုဒ်မ-၂** ဤဥပဒေကို ၂၀၁၁-၂၀၁၂ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေ ရမည်။

**ပုဒ်မ-၃** ဤဥပဒေသည် ၂၀၁၁ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှစ၍ ရှမ်းပြည်နယ်တစ်ဝန်းလုံးတွင် အကျိုး သက်ရောက်စေရမည်။

**ပုဒ်မ-၄** ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက် စေရမည် -

(၁) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း ရှမ်းပြည်နယ်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(၂) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိကမျှော်မှန်းချက်များကို ဆိုသည်။

(၃) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက် ရမည့် အချက်အလက်များကို ဆိုသည်။

(၄) **လုပ်ငန်းစဉ်**ဆိုသည်မှာ ရည်မှန်းချက်များ ပြည့်မီရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချက်အလက်များကို ဆိုသည်။

(၅) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ်တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့် ခုနှစ်ကို ဆိုသည်။

(၆) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ဈေးနှုန်းကို ဆိုသည်။

(၇) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ဈေးနှုန်းကို ဆိုသည်။

(၈) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍ (၁၄) ကဏ္ဍအနက် ကဏ္ဍတစ်ရပ်ရပ်ကို ဆိုသည်။

(၉) **ကဏ္ဍကြီး**ဆိုသည်မှာ ရှမ်းပြည်နယ်အနေဖြင့် စွမ်းအင်ကဏ္ဍမှလွဲ၍ စီးပွားရေးကဏ္ဍ (၁၃) ခုကို လုပ်ငန်းသဘောသဘာဝတူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းတွင်

လယ်ယာကဏ္ဍကြီး (လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ) စက်မှုကဏ္ဍကြီး (သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ) ဝန်ဆောင်မှုကဏ္ဍကြီး (ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ) ဟူ၍ ခွဲခြားထားခြင်းကို ဆိုသည်။

## အခန်း (၂)
## ဦးတည်ချက်

**ပုဒ်မ-၅** ဤဥပဒေ၏ ဦးတည်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(၂) စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့်တန်ဖိုး ရရှိအောင် ဆောင်ရွက်ပေးပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေး အတွက် လိုအပ်သည့်အရင်းအနှီး၊ ကုန်ကြမ်းများကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ရေး၊

(၃) ပြည်နယ်အတွင်း ကျေးလက်၊ မြို့ပြများအကြား အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေး၊

(၄) ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက် စေရေး၊

(၅) အလုပ်အကိုင်အခွင့်အလမ်းများနှင့် နည်းပညာကျွမ်းကျင်မှုရရှိရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊

(၆) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ရေး၊

(၇) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် မြို့ပြဖွံ့ဖြိုးရေးမူဝါဒများနှင့် မြို့ပြမဟာဗျူဟာများ ချမှတ် ဆောင်ရွက်ရေး။

## အခန်း (၃)
## စီမံကိန်းလျာထားချက်

**ပုဒ်မ-၆** ရှမ်းပြည်နယ်အစိုးရမှ ချမှတ်သော မူဝါဒများနှင့်အညီ အောက်ပါအတိုင်း စီမံကိန်းလျာထားချက်များ ထားရှိဆောင်ရွက်ပါသည် -

(၁) ရှမ်းပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ် ရည်မှန်းချက်မှာ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို ကျပ်သန်းပေါင်း (၃၁၃၀၃၆၇. ၈) (ကျပ်ဘီလီယံ ၃၁၃၀. ၄) ရရှိအောင် ဆောင်ရွက်ရမည်။

(၂) စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ (၄. ၇) ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ်အပေါ် အဆအားဖြင့် ၁. ၀ ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်ရမည်။

(၃) ရှမ်းပြည်နယ်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို (၄၂. ၈) ရာခိုင်နှုန်းမှ (၄၁. ၄) ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို (၂၂. ၉) ရာခိုင်နှုန်းမှ (၂၃. ၇) ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှု ကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို (၃၄. ၃) ရာခိုင်နှုန်းမှ (၃၄. ၉) ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးပြောင်းလဲဖြစ်ပေါ်စေရမည်။

(၄) လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၁. ၃) ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၈. ၃) ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၆. ၄) ရာခိုင်နှုန်း အသီးသီး တိုးတက်စေရမည်။

## အခန်း (၄)
## ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်

**ပုဒ်မ-၇** ရှမ်းပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ရန်၊

(၂) လေ့ကျင့်ပညာပေးရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လယ်ယာကဏ္ဍတွင် ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၁၀၇၅၅၃၁. ၁) (ကျပ်ဘီလီယံ ၁၀၇၅. ၅) နှင့် တိုးတက်မှုနှုန်း (၁. ၀) ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါသည်၊

(၂) လယ်ယာကဏ္ဍဆိုင်ရာကိန်းဂဏန်းများ မှန်ကန်ရေးဆောင်ရွက်ရန်၊

(၃) စပ်မျိုးစပါး၊ စပ်မျိုးနေကြာမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးဆောင်ရွက်သွားရန်၊

(၄) ကျန်အဓိကစိုက်ပျိုးသီးနှံများတွင်လည်း အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးသွားရန်၊

(၅) စံပြစက်မှုလယ်ကွက် (Mechanized Farm) များကို ဆက်လက်တိုးချဲ့ဖော်ထုတ်သွားရန်၊

(၆) ဆည်မြောင်းတာတမံများမှ အကျိုးပြုဧရိယာဧကများ ပိုမိုလာစေရေး ဆောင်ရွက်သွားရန်၊

(၇) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်၊

(၈) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးသွားရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြေကြီး၊ မြေပုံနှင့်မြေစာရင်းမှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများထုတ်လုပ်အသုံးပြုနိုင်ရေးနှင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်ဧရိယာများ စာရင်းကောက်ယူရေး၊ လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းများကို အထူးဦးစားပေး ဆောင်ရွက်မည်။

(၂) စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ခြင်းကို တိုးတက်ဆောင်ရွက်သွားပါမည်။ စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်သွားနိုင်ရေးအတွက် ဆန်စပါးအထူးပြုကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၏အင်အားကို ရယူ၍ ဝန်ကြီးဌာန၏ လေ့ကျင့်မွေးမြူထားသည့် ပညာရှင်များ၏ပံ့ပိုးမှုနှင့် ကူညီ ဆောင်ရွက်မည်။

(၃) မြေအောက်ရေရရှိရေးလုပ်ငန်းဖြင့် အကျိုးပြုဧကများ ပိုမိုလာစေရေး ဆောင်ရွက်မည်။

(၄) နည်းလမ်းအမျိုးမျိုးဖြင့်လည်းကောင်း၊ သီးနှံအလိုက်လည်းကောင်း ရေသွင်းစိုက်ပျိုးမည့် ဧရိယာဧကများ ပြည့်မီစေရန် ဆောင်ရွက်မည်။

(၅) စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးမည်။

(၆) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများ ဆက်လက်ဆောင်ရွက်မည်။

**ပုဒ်မ-၈** ရှမ်းပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်နယ်အတွင်း သားငါးထုတ်လုပ်မှု ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးမှုအထောက်အကူပြု မွေးမြူရေးတိုးတက်စေရန် ဆောင်ရွက်ရေး၊

(၂) သဘာဝမြစ်ချောင်းအင်းအိုင်များတွင် ငါးသယံဇာတများ မပြုန်းတီးစေဘဲ ငါးပုစွန် တိုးတက်ထုတ်လုပ်နိုင်ရန်နှင့် နိုင်ငံခြားငွေတိုးတက်ရရှိစေရေးအတွက် ပြည်ပသို့ ပိုမို တင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊

(၃) သားငါးကဏ္ဍ ဆောင်ရွက်အကောင်အထည်ဖော်ရာတွင် သဘာဝပတ်ဝန်းကျင်မပျက်ယွင်း စေဘဲ စဉ်ဆက်မပြတ် ရေရှည်ထုတ်လုပ်စားသုံးနိုင်ရန် ဆောင်ရွက်စေရေးနှင့် ဖမ်းဆီး ထုတ်လုပ်ခြင်းထက် မွေးမြူထုတ်လုပ်ခြင်းကို ဦးစားပေးဆောင်ရွက်သွားစေရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၁-၂၀၁၂ ခုနှစ်၊ သားငါးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၁၉၇၇၈၇. ၇) (ကျပ်ဘီလီယံ ၁၉၇. ၈) နှင့် တိုးတက်မှုနှုန်း (၆. ၄) ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါသည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီးပွားဖြစ်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းကြီးများ ထူထောင်နိုင်ရေးအတွက် ပြည်တွင်း ပြည်ပမှ အရင်းအနှီးနှင့်နည်းပညာများရယူခြင်း၊ မွေးမြူရေးချေးငွေရရှိနိုင်ရေးတို့အတွက် ကူညီဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၂) ပြည်ပဈေးကွက် ပိုမိုရရှိရေး၊ သွင်းကုန်အစားထိုးနိုင်ရေးအတွက် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက် ပစ္စည်းများ၏ ထုတ်လုပ်မှုစရိတ်လျှော့ချနိုင်ရေးအတွက် အရည်အသွေးပြည့်မီရေး ဖြည့်ဆည်းဆောင်ရွက်သွားမည်။

(၃) မွေးမြူရေးဆိုင်ရာ အခြေခံကိန်းဂဏန်းအချက်အလက်များ မှန်ကန်ပြည့်စုံစွာရရှိရေး ဆောင်ရွက်သွားမည်။

(၄) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို ဈေးကွက်တွင် ဈေးကွက်ဝေစုပိုမိုရရှိရေး အတွက် ထိုးဖောက်ဆောင်ရွက်သွားမည်။

**ပုဒ်မ-၉** ရှမ်းပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေ၊ မြေသဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝ တောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး၊ ကျေးလက်နေပြည်သူ တို့၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး၊

(၂) သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေး၊

(၃) သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံ စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊

(၄) သစ်တောကဏ္ဍစွမ်းဆောင်ရည် တိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ရေး။

( ခ ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၁-၂၀၁၂ ခုနှစ်၊ သစ်တောကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၂၄၂၉၉. ၄) (ကျပ်ဘီလီယံ ၂၄. ၃) နှင့် (၁၉. ၁) ရာခိုင်နှုန်း လျော့နည်းရည်မှန်းထားပါသည်။

(၂) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည်ဖွံ့ဖြိုး တိုးတက်မှုများရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

( ဂ ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်သွားမည်ဖြစ်သည်။

(၂) ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ၊ သဘာဝနယ်မြေများ တိုးချဲ့ဖွဲ့စည်းသတ်မှတ် သွားမည်ဖြစ်သည်။

(၃) ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်နှင့် ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့စေရေး အတွက် ရေဝေရေလဲစိုက်ခင်းများ တည်ထောင်သွားမည်ဖြစ်သည်။

(၄) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေးစိုက်ခင်းများ တည်ထောင်သွားမည်ဖြစ်ပါသည်။

(၅) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ထင်းအစား အခြား လောင်စာသုံးစွဲရေးကို ဦးတည်လျက် စွမ်းအားမြင့်မီးဖိုများ၊ လောင်စာတောင့်များ၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲလာရေးကို စည်းရုံးဆောင်ရွက်သွားရန် ဖြစ်သည်။

**ပုဒ်မ-၁၀** ရှမ်းပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် စွမ်းအင်ကဏ္ဍရည်မှန်းထားခြင်း မရှိပါ။

**ပုဒ်မ-၁၁** ရှမ်းပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းများ ကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပုဂ္ဂလိကပိုင်ကဏ္ဍမြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရေး အားပေးဆောင်ရွက်ရေး၊

(၂) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်း ပျက်စီးမှုမရှိစေရေး အလေးထားဆောင်ရွက်ရေး။

( ခ ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၁-၂၀၁၂ ခုနှစ်၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၈၃၂၇၂. ၁) (ကျပ်ဘီလီယံ ၈၃. ၃) နှင့် တိုးတက်မှုနှုန်း (၆. ၆) ရာခိုင်နှုန်းရရှိရန် ရည်မှန်းထား ပါသည်။

(၂) ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှုမရှိစေရန် ဟန်ချက်ညီအလေးထားဆောင်ရွက်မည်။

(၃) နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလုပ်ကိုင်ခွင့်ရရှိစေရန်၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော်၏စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် သတ္တုကဏ္ဍတွင် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ ကူးပြောင်း၍ အကျိုးတူ ပူးပေါင်းဆောင်ရွက်ပါမည်။

(၂) ဈေးကွက်စီးပွားရေးစနစ်အရ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပါမည်။

(၃) ခွင့်ပြုမိန့်ချမှတ်ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေးဆောင်ရွက်ပါမည်။

**ပုဒ်မ-၁၂** ရှမ်းပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် စက်မှုလက်မှုနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုကဏ္ဍတွင် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်သော စက်မှုလုပ်ငန်း (Green Industry) များ ပိုမိုတိုးတက်လာရေးဆောင်ရွက်ရန်နှင့် စွမ်းအင်ကို အကျိုးရှိစွာအသုံးပြုခြင်း (Energy Efficiency) များ အကျိုးရှိထိရောက်စွာ သုံးစွဲသွားရေး တွန်းအားပေး ဆောင်ရွက်ရန်၊

(၂) စက်မှုလက်မှုကဏ္ဍ ပိုမိုတိုးတက်ဖွံ့ဖြိုးစေရေးအတွက် နည်းပညာ၊ အတတ်ပညာ၊ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်ရေး၊

(၃) ပို့ကုန်မြှင့်တင်သည့် ကုန်ထုတ်လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သည့်နည်းတူ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရေး၊

(၄) ပုဂ္ဂလိကစက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စေရေး အတွက် ပံ့ပိုးဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၁-၂၀၁၂ ခုနှစ်၊ စက်မှုလက်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၃၉၅၇၆၉. ၃) (ကျပ်ဘီလီယံ ၃၉၅. ၈) နှင့် တိုးတက်မှုနှုန်း (၁၀. ၆) ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါသည်။

(၂) နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလုပ်ကိုင်ခွင့်ရရှိစေရန်၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဒေသတွင်းရှိ သယံဇာတအရင်းအမြစ်များအပေါ် အခြေခံသည့် စက်မှုလုပ်ငန်းများ ထူထောင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

(၂) စက်မှုထုတ်ကုန်ပစ္စည်းတိုးတက်လာရေးအတွက် စံချိန်စံညွှန်းပြည့်မီလာအောင် နည်းလမ်းများ ချမှတ်ရမည်။

(၃) စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကစက်မှု လုပ်ငန်းရှင်များ အဆက်အစပ်မိမိဖြင့် အပြန်အလှန်ညှိနှိုင်းဆောင်ရွက်ရမည်။

(၄) ပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်အစားထိုးရေးဆိုင်ရာစက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်ရန်။

(၅) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှုလုပ်ငန်းများအဖြစ် ကြပ်မတ်စစ်ဆေးသွားရမည်။

**ပုဒ်မ-၁၃** ရှမ်းပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပဥ္စမကာလတိုငါးနှစ်စီမံကိန်းကာလအတွင်း တိုးတက်ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်ဓာတ်အားကို ပြည်နယ်တွင် သယ်ပို့ဖြန့်ဖြူးနိုင်ရန် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း၌ မဟာဓာတ်အားလိုင်းများနှင့် လက်ခံပို့လွှတ်ပေးမည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်သွားရေး၊

(၂) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့်ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရေးနည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာအကူအညီများ ပံ့ပိုးပေးရေး၊

(၃) ပင်မဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားမရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဓာတ်အားပေးစက်များ၏ ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၁-၂၀၁၂ ခုနှစ်၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၅၆၆၀၈.၀) (ကျပ်ဘီလီယံ ၅၆.၆) နှင့် တိုးတက်မှုနှုန်း (၆.၉) ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါသည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဓာတ်အားစနစ်အတွင်း အရည်အသွေးကောင်းမွန်သော ဓာတ်အားလိုင်းကြိုးများနှင့် ကြွေသီးများ ဝယ်ယူသုံးစွဲခြင်းတို့ဖြင့် ဓာတ်အားလျော့နည်းပျောက်ဆုံးမှုမရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်။

(၂) ကျေးလက်ဒေသများ လျှပ်စစ်မီးရရှိရေးကို ဆောင်ရွက်ရာတွင် အောက်ပါနည်းလမ်းမျိုးစုံကို ဒေသအလိုက် သင့်လျော်သလိုဆောင်ရွက်သွားရမည် -

(က) ဓာတ်အားစနစ်မှ ဓာတ်အားရယူခြင်း၊

(ခ) အသေးစားရေအားလျှပ်စစ်စက်များ အသုံးပြုခြင်း၊

(ဂ) နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများ အသုံးပြုခြင်း၊

(ဃ) လေစွမ်းအင်သုံး လေရဟတ်ဓာတ်အားပေးစက်ငယ်များ အသုံးပြုခြင်း၊

(င) စပါးခွံ၊ လွှစာမှုန့်၊ ကြံဖတ် စသည်တို့၏ လောင်စာဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ အသုံးပြုခြင်း၊

(စ) ဇီဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ အသုံးပြုခြင်း၊

(ဆ) ဒီဇယ်ဆီ၊ ဓာတ်ဆီလောင်စာသုံး ဓာတ်အားပေးစက်များ အသုံးပြုခြင်း စသည့်နည်းလမ်းများဖြင့် ဓာတ်အားထုတ်လုပ်သုံးစွဲမည်။

**ပုဒ်မ-၁၄** ရှမ်းပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး အရေးသုံးပါးတွင် နေရေးအတွက် ဘေးကင်းလုံခြုံစိတ်ချရသောအိမ်ရာများနှင့် မြို့ပြများ စနစ်တကျဖွံ့ဖြိုးလာရေးအတွက် အဓိကထားဆောင်ရွက်ရေး၊

(၂) လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့မှု အချိန်အဟုန်မပျက်တိုးတက်စေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သည့်နည်းတူ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ရေး။

( ခ ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဆောက်လုပ်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၂၀၅၃၅၀. ၅) (ကျပ်ဘီလီယံ ၂၀၅. ၃) နှင့် တိုးတက်မှုနှုန်း (၅. ၁) ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါသည်။

(၂) စီမံကိန်းကာလအတွင်း လုပ်ငန်းဌာနအဖွဲ့အစည်းများမှ တာဝန်ယူဆောင်ရွက်ရန် လျာထားသည့်လမ်း/တံတားစီမံကိန်းလုပ်ငန်းများ ပြည့်မီစွာဆောင်ရွက်မည်။

(၃) မြို့ပြနှင့်ကျေးလက်ဒေသများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာကဏ္ဍများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်အတန်းမြင့်မားစေရေး ဆောင်ရွက်ရန် ဖြစ်သည်။

( ဂ ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့မှု အချိန်အဟုန်မပျက်တိုးတက်စေရေးအတွက် လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သည့်နည်းတူ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ရေး၊

(၂) မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေး၊ အိမ်ရာဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်သည့်အကူအညီများကို ဆက်လက်ပေးသွားရန်ဖြစ်သည်၊

(၃) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် မြို့ပြဖွံ့ဖြိုးရေးမူဝါဒများနှင့် မြို့ပြမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေး။

**ပုဒ်မ-၁၅** ရှမ်းပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်နယ်အတွင်း စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေးတို့ကို အထောက်အကူပြုသော လမ်းပန်းဆက်သွယ်မှုတိုးတက်စေရေးနှင့် ပုဂ္ဂလိက ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းလိုအပ်ချက်များအား ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(၂) ရထားပို့ဆောင်မှုစနစ်တွင် ပါဝင်သည့် အစိတ်အပိုင်းအားလုံးကို ပြန်လည်သုံးသပ်၍ အရည်အသွေးမြင့်တင်လျက် ပို့ဆောင်ရေးစွမ်းရည်မြှင့်တင်ပေးရန်၊

(၃) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်စေရန်အတွက် စနစ်တကျကြီးကြပ်ကွပ်ကဲရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၁-၂၀၁၂ ခုနှစ်၊ ပို့ဆောင်ရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၂၃၃၈၉၂. ၃) (ကျပ်ဘီလီယံ ၂၃၃. ၉) နှင့် တိုးတက်မှုနှုန်း (၈. ၄) ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါသည်။

(၂) နှစ်စဉ်အသားတင်ဘဏ္ဍာငွေများကို တိုးတက်ရှာဖွေပေးရန်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မူဆယ်ခရိုင်ရုံးတွင် Mobile Test Line များ တပ်ဆင်ခြင်းဆောင်ရွက်မည်။

(၂) ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ၊ ကမ်းပြို ကမ်းထိန်းလုပ်ငန်းများ၊ မြေထိန်းနံရံတည်ဆောက်ခြင်းနှင့် မြစ်ရေလမ်းကြောင်း ပိတ်ဆို့နေမှုအား ရှင်းလင်းခြင်းလုပ်ငန်းများနှင့် မြစ်ရေတင်စက်ရရှိရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်။

(၃) ပြည်နယ်အတွင်း ပြည်သူများ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းများကို အပြည့်အဝ လိုက်နာစေရန် စီမံဆောင်ရွက်မည်။

**ပုဒ်မ-၁၆** ရှမ်းပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခန်းကဏ္ဍ အနေဖြင့် Public Private Partnership (PPP) ပုံစံဖြင့် ဆောင်ရွက်သွားရန် ရည်မှန်းချက် ထားရှိပြီး ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ၏ရင်းနှီးမြှုပ်နှံမှုကို ပိုမိုခွင့်ပြုဆောင်ရွက်ရေး၊

(၂) ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲထားရှိပြီးဖြစ်သော ဥပဒေများအပေါ် အတည်ပြု ဆောင်ရွက်ခြင်း၊ လိုက်နာကျင့်သုံးခြင်းများ ဆောင်ရွက်ရေး၊

(၃) ပြည်တွင်းဆက်သွယ်ရေးကဏ္ဍ၏ တည်ဆောက်မှုလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များအား ပါဝင်ဆောင်ရွက်ခွင့် ပြုမည်ဖြစ်ပြီး IT (Infromation Technology) ကဏ္ဍတွင် နိုင်ငံသားနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုအား အချိုးအစားမျှတစွာ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဆက်လက် ဖန်တီးပေးရေး၊

(၄) ကွန်ပျူတာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဆက်သွယ်ရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၃၃၂၉၄. ၇) (ကျပ်ဘီလီယံ ၃၃. ၃) နှင့် တိုးတက်မှုနှုန်း (၅၉. ၂) ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါသည်။

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းတိုးချဲ့တပ်ဆင်ဆောင်ရွက်ရေး။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကွန်ပျူတာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ပြည်နယ်တွင် နည်းပညာပြန့်ပွားရေး Center များ ဖွင့်လှစ်ဆောင်ရွက်မည်။

(၂) မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့သည်နှင့်အမျှ ပြည်တွင်း/ပြည်ပတယ်လီဖုန်းခေါ်ဆိုမှုတွင် လွယ်ကူချောမွေ့စေရန် စီစဉ်ဆောင်ရွက်မည်။

(၃) စာပို့တိုက်လုပ်ငန်းတွင် ပြည်တွင်းအီလက်ထရောနစ်၊ အမြန်ငွေပို့လွှာလုပ်ငန်း (Online Money Order) စနစ်အား စတင်ဆောင်ရွက်မည်။

(၄) သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အရေးပေါ်ဆက်သွယ်မှုစနစ် (Back-up System) အဖြစ် ရေဒီယိုကြေးနန်းစနစ်ကို အဆင့်မြှင့်တင်ခြင်း၊ ကြေးနန်းရုံးအသစ်များဖွင့်လှစ်ခြင်း၊ ဖက်စ်ကြေးနန်းနှင့် ကွန်ပျူတာကြေးနန်း၊ (e-Telegram) ကြေးနန်းများကို တိုးချဲ့ခြင်းကို ဆောင်ရွက်မည်။

(၅) ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်နိုင်ရေးအတွက် ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းတွင် လေ့ကျင့်သင်ကြားရန် အစီအစဉ် ရေးဆွဲဆောင်ရွက်မည်။

**ပုဒ်မ-၁၇** ရှမ်းပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်နှင့် နိုင်ငံတကာ ရင်ပေါင်တန်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် ဖြစ်သည်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၁-၂၀၁၂ ခုနှစ် ငွေရေးကြေးရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၁၇၅၅. ၃) (ကျပ်ဘီလီယံ ၁. ၈) နှင့် တိုးတက်မှုနှုန်း (၁၅. ၀) ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါသည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်သည်။

(၂) ငွေကြေးစီးဆင်းမှု လွယ်ကူချောမွေ့ အဆင်ပြေစေရေး ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်သည်။

**ပုဒ်မ-၁၈** ရှမ်းပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေး၊

(၂) နိုင်ငံတော်၏ ပညာရေးအဆင့်အတန်း မြင့်မားလာစေရေး၊

(၃) သဘာဝအရင်းအမြစ်မှရရှိသော စွမ်းအင်များကိုအသုံးချ၍ သုတေသနလုပ်ငန်းများ တိုးချဲ့ရေး၊

(၄) အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရေး၊

(၅) ကျန်းမာရေးစနစ်ကို အားဖြည့်ဆောင်ရွက်ခြင်းအား အထူးအလေးပေးဆောင်ရွက်ရေး၊

(၆) အလုပ်သမားများကျန်းမာမှု တိုးတက်ကောင်းမွန်စေ၍ အလုပ်လုပ်နိုင်သည့်စွမ်းအား မြင့်မားပြီး ကုန်ထုတ်လုပ်မှုတိုးတက်စေရေး၊

(၇) အလုပ်မလုပ်နိုင်သည့်အခါ အလုပ်သမားနှင့် မိသားစုစားဝတ်နေရေးအတွက် ထောက်ပံ့မှု ရရှိစေရေး၊

(၈) နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့် အကောင်အထည်ဖော်ရန်ရှိသည့် ရေတို၊ ရေရှည် လုပ်ငန်းများကို ပြည်သူများအား ပြန်ကြားအသိပေးရေး၊

(၉) ၂၀၁၅ ခုနှစ်မှာ ဖော်ဆောင်မည့် အာဆီယံအသိုက်အဝန်း ထူထောင်ရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ရေး၊

(၁၀) အထက်ဖော်ပြပါ မူဝါဒများကို အကောင်အထည်ဖော်ရာတွင် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက မိမိတို့၏သက်ဆိုင်ရာဝန်ကြီးဌာန ရည်မှန်းချက်များနှင့် ဆီလျော်သည်များကို ဆောင်ရွက်သွားရမည်။

( ခ ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၁-၂၀၁၂ ခုနှစ် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၆၄၃၉၅. ၉) (ကျပ်ဘီလီယံ ၆၄. ၄) နှင့် (၉. ၈) ရာခိုင်နှုန်း လျော့နည်းရည်မှန်းထားပါသည်။

**ပုဒ်မ-၁၉** ရှမ်းပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ငွေးရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အာဆီယံအသိုက်အဝန်း ရည်မှန်းချက်များ ၂၀၁၅ ခုနှစ်တွင် ပြည့်မီရန်အတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ကျွမ်းကျင်မှုဆိုင်ရာပညာအရည်အချင်းများကို အသိအမှတ်ပြုရေး၊ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည်။

(၂) ပုဂ္ဂလိကပိုင်ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုအဆင့်မြင့်တင်ရေး ဆောင်ရွက်ပေးရန်။

(၃) တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဓလေ့ထုံးစံများ၊ ရေမြေတောတောင် သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းစောင့်ရှောက်ပြီး ရေရှည်တည်တံ့ခိုင်မြဲစေမည့် ဝန်ဆောင်မှုလုပ်ငန်းများအား စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

( ခ ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၁-၂၀၁၂ ခုနှစ်၊ ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၁၄၅၃၃၂. ၁) (ကျပ်ဘီလီယံ ၁၄၅. ၃) နှင့် တိုးတက်မှုနှုန်း (၁၄. ၆) ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါသည်။

**ပုဒ်မ-၂၀** ရှမ်းပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပို့ကုန်တိုးမြှင့်ရေး ဦးစားပေးဆောင်ရွက်ရေး၊

(၂) ထပ်ဆင့်တိုးတန်ဖိုးရ ကုန်ချောပစ္စည်းများအဖြစ် တိုးချဲ့ထုတ်လုပ်တင်ပို့ရောင်းချရေး။

( ခ ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၁-၂၀၁၂ ခုနှစ် ကုန်သွယ်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၆၁၃၀၇၉. ၄) (ကျပ်ဘီလီယံ ၆၁၃. ၁) နှင့် တိုးတက်မှုနှုန်း (၄. ၀) ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါသည်။

## အခန်း (၅)

## အထွေထွေ

**ပုဒ်မ-၂၁** ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့်သက်ဆိုင်သည့် ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် စီစဉ်မှုများ ချမှတ်ကျင့်သုံးဆောင်ရွက်နိုင်သည်။

# ရှမ်းပြည်နယ်အစိုးရအဖွဲ့၏
# ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေကြမ်း

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် )

## နိဒါန်း

**ပုဒ်မ-၁** ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀ (ခ) တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်ဟူသော ပြဋ္ဌာန်းချက်အရ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို တင်သွင်းခြင်းဖြစ်သည်။

## အခန်း (၁)
## အမည်၊ အကျိုးသက်ရောက်သည့်ကာလနှင့် အဓိပ္ပာယ်ဖော်ပြချက်

**ပုဒ်မ-၂** ဤဥပဒေကို ၂၀၁၂-၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

**ပုဒ်မ-၃** ဤဥပဒေသည် ၂၀၁၂ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှစ၍ ရှမ်းပြည်နယ်တစ်ဝန်းလုံးတွင် အကျိုးသက်ရောက်စေရမည်။

**ပုဒ်မ-၄** ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည် -

(၁) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း ရှမ်းပြည်နယ်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(၂) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိကမျှော်မှန်းချက်များကို ဆိုသည်။

(၃) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့် အချက်အလက်များကို ဆိုသည်။

(၄) **လုပ်ငန်းစဉ်**ဆိုသည်မှာ ရည်မှန်းချက်များ ပြည့်မီရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချက်အလက်များကို ဆိုသည်။

(၅) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ်တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့်ခုနှစ်ကို ဆိုသည်။

(၆) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ဈေးနှုန်းကို ဆိုသည်။

(၇) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ဈေးနှုန်းကို ဆိုသည်။

(၈) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍ (၁၄) ကဏ္ဍအနက် ကဏ္ဍတစ်ရပ်ရပ်ကို ဆိုသည်။

(၉) **ကဏ္ဍကြီး**ဆိုသည်မှာ ရှမ်းပြည်နယ်အနေဖြင့် စွမ်းအင်ကဏ္ဍမှလွဲ၍ စီးပွားရေးကဏ္ဍ (၁၃) ခုကို လုပ်ငန်းသဘောသဘာဝတူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းတွင်

လယ်ယာကဏ္ဍကြီး (လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ) စက်မှုကဏ္ဍကြီး (သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ) ဝန်ဆောင်မှုကဏ္ဍကြီး (ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ) ဟူ၍ ခွဲခြားထားခြင်းကို ဆိုသည်။

## အခန်း (၂)
## ဦးတည်ချက်

**ပုဒ်မ-၅** ဤဥပဒေ၏ ဦးတည်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(၂) စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့်တန်ဖိုး ရရှိအောင် ဆောင်ရွက်ပေးပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေး အတွက် လိုအပ်သည့်အရင်းအနှီး၊ ကုန်ကြမ်းများကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ရေး၊

(၃) ပြည်နယ်အတွင်း ကျေးလက်၊ မြို့ပြများအကြား အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေး၊

(၄) ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက် စေရေး၊

(၅) အလုပ်အကိုင်အခွင့်အလမ်းများနှင့် နည်းပညာကျွမ်းကျင်မှုရရှိရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊

(၆) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ရေး၊

(၇) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် မြို့ပြဖွံ့ဖြိုးရေးမူဝါဒများနှင့် မြို့ပြမဟာဗျူဟာများ ချမှတ် ဆောင်ရွက်ရေး။

## အခန်း (၃)
## စီမံကိန်းလျာထားချက်

**ပုဒ်မ-၆** ရှမ်းပြည်နယ်အစိုးရမှ ချမှတ်သောမူဝါဒများနှင့်အညီ အောက်ပါအတိုင်း စီမံကိန်းလျာထားချက်များ ထားရှိဆောင်ရွက်ပါသည် -

(၁) ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ် ရည်မှန်းချက်မှာ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို ကျပ်သန်းပေါင်း (၃၃၂၂၀၈၇. ၉) (ကျပ်ဘီလီယံ ၃၃၂၂. ၁) ရရှိအောင် ဆောင်ရွက်ရမည်။

(၂) စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ (၆. ၁) ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ်အပေါ် အဆအားဖြင့် ၁. ၁ ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်ရမည်။

(၃) ရှမ်းပြည်နယ်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၉. ၈ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၂၄. ၄ ရာခိုင်နှုန်း၊ ဝန်ဆောင်မှု ကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၃၅. ၈ ရာခိုင်နှုန်း အသီးသီးပြောင်းလဲဖြစ်ပေါ်စေရမည်။

(၄) လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၁. ၇ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၉. ၅ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၈. ၉ ရာခိုင်နှုန်း အသီးသီး တိုးတက်စေရမည်။

## အခန်း (၄)
## ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်

**ပုဒ်မ-၇** ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ရန်၊

(၂) လေ့ကျင့်ပညာပေးရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လယ်ယာကဏ္ဍတွင် ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၁၀၈၄၀၅၅. ၅) (ကျပ်ဘီလီယံ ၁၀၈၄. ၁) နှင့် တိုးတက်မှုနှုန်း (၀. ၈) ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါသည်၊

(၂) လယ်ယာကဏ္ဍဆိုင်ရာကိန်းဂဏန်းများ မှန်ကန်ရေးဆောင်ရွက်ရန်၊

(၃) စပ်မျိုးစပါး၊ စပ်မျိုးနေကြာမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးဆောင်ရွက်သွားရန်၊

(၄) ကျန်အဓိကစိုက်ပျိုးသီးနှံများတွင်လည်း အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးသွားရန်၊

(၅) စံပြစက်မှုလယ်ကွက် (Mechanized Farm) များကို ဆက်လက်တိုးချဲ့ဖော်ထုတ်သွားရန်၊

(၆) ဆည်မြောင်းတာတမံများမှ အကျိုးပြုဧရိယာဧကများ ပိုမိုလာစေရေး ဆောင်ရွက်သွားရန်၊

(၇) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်၊

(၈) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးသွားရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြေကြီး၊ မြေပုံနှင့်မြေစာရင်းမှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများထုတ်လုပ်အသုံးပြုနိုင်ရေးနှင့် တောင်သူတစ်ဦးချင်းစိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်ဧရိယာများ စာရင်းကောက်ယူရေး၊ လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းများကို အထူးဦးစားပေးဆောင်ရွက်မည်။

(၂) စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်ခြင်းကို တိုးတက်ဆောင်ရွက်သွားပါမည်။ စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်သွားနိုင်ရေးအတွက် ဆန်စပါးအထူးပြုကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၏ အင်အားကိုရယူ၍ ဝန်ကြီးဌာန၏ လေ့ကျင့်မွေးမြူထားသည့် ပညာရှင်များ၏ ပံ့ပိုးမှုနှင့် ကူညီဆောင်ရွက်မည်။

(၃) မြေအောက်ရေ ရရှိရေးလုပ်ငန်းဖြင့် အကျိုးပြုဧကများ ပိုမိုလာစေရေး ဆောင်ရွက်မည်။

(၄) နည်းလမ်းအမျိုးမျိုးဖြင့်လည်းကောင်း၊ သီးနှံအလိုက်လည်းကောင်း ရေသွင်းစိုက်ပျိုးမည့် ဧရိယာဧကများ ပြည့်မီစေရန် ဆောင်ရွက်မည်။

(၅) စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးမည်။

(၆) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများ ဆက်လက်ဆောင်ရွက်မည်။

**ပုဒ်မ-၈** ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်နယ်အတွင်း သားငါးထုတ်လုပ်မှု ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးမှုအထောက်အကူပြု မွေးမြူရေးတိုးတက်စေရန် ဆောင်ရွက်ရေး၊

(၂) သဘာဝ မြစ်ချောင်းအင်းအိုင်များတွင် ငါးသယံဇာတများ မပြုန်းတီးစေဘဲ ငါးပုစွန် တိုးတက် ထုတ်လုပ်နိုင်ရန်နှင့် နိုင်ငံခြားငွေ တိုးတက်ရရှိစေရေးအတွက် ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊

(၃) သားငါးကဏ္ဍ ဆောင်ရွက်အကောင်အထည်ဖော်ရာတွင် သဘာဝပတ်ဝန်းကျင် မပျက်ယွင်းစေဘဲ စဉ်ဆက်မပြတ် ရေရှည်ထုတ်လုပ်စားသုံးနိုင်ရန် ဆောင်ရွက်စေရေးနှင့် ဖမ်းဆီးထုတ်လုပ်ခြင်းထက် မွေးမြူထုတ်လုပ်ခြင်းကို ဦးစားပေးဆောင်ရွက်သွားစေရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၂-၂၀၁၃ ခုနှစ်၊ သားငါးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၂၁၃၂၄၀. ၉) (ကျပ်ဘီလီယံ ၂၁၃. ၃) နှင့် တိုးတက်မှုနှုန်း (၇. ၈) ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါသည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီးပွားဖြစ်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းကြီးများ ထူထောင်နိုင်ရေးအတွက် ပြည်တွင်း ပြည်ပမှ အရင်းအနှီးနှင့် နည်းပညာများရယူခြင်း၊ မွေးမြူရေးချေးငွေရရှိနိုင်ရေးတို့ အတွက် ကူညီဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၂) ပြည်ပဈေးကွက်ပိုမိုရရှိရေး၊ သွင်းကုန်အစားထိုးနိုင်ရေးအတွက် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက် ပစ္စည်းများ၏ ထုတ်လုပ်မှုစရိတ်လျှော့ချနိုင်ရေးအတွက် အရည်အသွေးပြည့်မီရေး ဖြည့်ဆည်းဆောင်ရွက်သွားမည်။

(၃) မွေးမြူရေးဆိုင်ရာ အခြေခံကိန်းဂဏန်းအချက်အလက်များ မှန်ကန်ပြည့်စုံစွာရရှိရေး ဆောင်ရွက်သွားမည်။

(၄) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို ဈေးကွက်တွင် ဈေးကွက်ဝေစုပိုမိုရရှိရေး အတွက် ထိုးဖောက်ဆောင်ရွက်သွားမည်။

**ပုဒ်မ-၉** ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေ၊ မြေ သဘာဝ ပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝ တောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး၊ ကျေးလက်နေ ပြည်သူတို့၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး၊

(၂) သစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေး၊

(၃) သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံ စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊

(၄) သစ်တောကဏ္ဍစွမ်းဆောင်ရည် တိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ရေး။

( ခ ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၂-၂၀၁၃ ခုနှစ်၊ သစ်တောကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၂၄၃၃၂. ၁) (ကျပ်ဘီလီယံ ၂၄. ၃) နှင့် တိုးတက်မှုနှုန်း (၀. ၁) ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါသည်။

(၂) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည်ဖွံ့ဖြိုး တိုးတက်မှုများရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

( ဂ ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်သွားမည်ဖြစ်သည်။

(၂) ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ၊ သဘာဝနယ်မြေများ တိုးချဲ့ဖွဲ့စည်းသတ်မှတ် သွားမည် ဖြစ်သည်။

(၃) ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်နှင့် ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့ စေရေးအတွက် ရေဝေရေလဲစိုက်ခင်းများ တည်ထောင်သွားမည်ဖြစ်သည်။

(၄) သဘာဝတောမှသစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေးစိုက်ခင်းများ တည်ထောင်သွားမည်ဖြစ်ပါသည်။

(၅) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ထင်းအစား အခြား လောင်စာသုံးစွဲရေးကိုဦးတည်လျက် စွမ်းအားမြင့်မီးဖိုများ၊ လောင်စာတောင့်များ၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲလာရေးကို စည်းရုံးဆောင်ရွက်သွားရန် ဖြစ်သည်။

**ပုဒ်မ-၁၀** ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် စွမ်းအင်ကဏ္ဍ ရည်မှန်းထားခြင်း မရှိပါ။

**ပုဒ်မ-၁၁** ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းများ ကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ပုဂ္ဂလိကပိုင်ကဏ္ဍမြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရေး အားပေးဆောင်ရွက်ရေး၊

(၂) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်း ပျက်စီးမှုမရှိစေရေး အလေးထားဆောင်ရွက်ရေး။

( ခ ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ၂၀၁၂-၂၀၁၃ ခုနှစ်၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၉၀၆၁၆. ၀) (ကျပ်ဘီလီယံ ၉၀. ၆) နှင့် တိုးတက်မှုနှုန်း (၈. ၈) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

(၂) ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှုမရှိစေရန် ဟန်ချက်ညီ အလေးထားဆောင်ရွက်မည်။

(၃) နိုင်ငံသားများ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွန်းလုပ်ကိုင်ခွင့် ရရှိစေရန်၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

( ဂ ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) နိုင်ငံတော်၏စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် သတ္တုကဏ္ဍတွင် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ ကူးပြောင်း၍ အကျိုးတူ ပူးပေါင်းဆောင်ရွက်ပါမည်။

(၂) ဈေးကွက်စီးပွားရေးစနစ်အရ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပါမည်။

(၃) ခွင့်ပြုမိန့်ချမှတ်ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်သို့ပေးသွင်းရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေးဆောင်ရွက်ပါမည်။

**ပုဒ်မ-၁၂** ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် စက်မှုလက်မှုနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုကဏ္ဍတွင် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သောစက်မှုလုပ်ငန်း (Green Industry) များ ပိုမိုတိုးတက်လာရေးဆောင်ရွက်ရန်နှင့် စွမ်းအင်ကို အကျိုးရှိစွာအသုံးပြုခြင်း (Energy Efficiency) များအကျိုးရှိ ထိရောက်စွာ သုံးစွဲသွားရေး တွန်းအားပေး ဆောင်ရွက်ရန်၊

(၂) စက်မှုလက်မှုကဏ္ဍ ပိုမိုတိုးတက်ဖွံ့ဖြိုးစေရေးအတွက် နည်းပညာ၊ အတတ်ပညာ၊ ရင်းနှီး မြှုပ်နှံမှုများကို ဖိတ်ခေါ်ပူးပေါင်း ဆောင်ရွက်ရေး၊

(၃) ပို့ကုန်မြှင့်တင်သည့် ကုန်ထုတ်လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သည့်နည်းတူ သွင်းကုန် အစားထိုး ကုန်ထုတ်လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရေး၊

(၄) ပုဂ္ဂလိကစက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စေရေး အတွက် ပံ့ပိုးဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၂-၂၀၁၃ ခုနှစ်၊ စက်မှုလက်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၄၄၁၈၁၀. ၂) (ကျပ်ဘီလီယံ ၄၄၁. ၈) နှင့် တိုးတက်မှုနှုန်း (၁၁. ၆) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

(၂) နိုင်ငံသားများ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွန်းလုပ်ကိုင်ခွင့် ရရှိစေရန်၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဒေသအတွင်းရှိ သယံဇာတအရင်းအမြစ်များအပေါ် အခြေခံသည့် စက်မှုလုပ်ငန်းများ ထူထောင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

(၂) စက်မှုထုတ်ကုန်ပစ္စည်း တိုးတက်လာရေးအတွက် စံချိန်စံညွှန်းပြည့်မီလာအောင် နည်းလမ်းများ ချမှတ်ရမည်။

(၃) စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်နှင့်ပုဂ္ဂလိက စက်မှုလုပ်ငန်း ရှင်များ အဆက်အစပ်မိမိဖြင့် အပြန်အလှန်ညှိနှိုင်း ဆောင်ရွက်ရမည်။

(၄) ပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်အစားထိုးရေးဆိုင်ရာ စက်မှုလုပ်ငန်းများ တိုးချဲ့ ထူထောင်ရန်။

(၅) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှုလုပ်ငန်းများအဖြစ် ကြပ်မတ် စစ်ဆေးသွားရမည်။

**ပုဒ်မ-၁၃** ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့် စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပဉ္စမကာလတိုင်းနှစ် စီမံကိန်းကာလအတွင်း တိုးတက်ထုတ်လုပ်လာနိုင်မည့် လျှပ်စစ် ဓာတ်အားကို ပြည်နယ်တွင် သယ်ပို့ဖြန့်ဖြူးနိုင်ရန် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း၌

မဟာဓာတ်အားလိုင်းများနှင့် လက်ခံပို့လွှတ်ပေးမည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်သွားရေး၊

(၂) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရေး နည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာ အကူအညီများ ပံ့ပိုးပေးရေး၊

(၃) ပင်မဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဓာတ်အားပေးစက်များ၏ ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားရေး။

( ခ ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၂-၂၀၁၃ ခုနှစ်၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်စျေးနှုန်းများအရ ကျပ်သန်းပေါင်း (၅၉၅၂၄.၅) (ကျပ်ဘီလီယံ ၅၉.၅) နှင့် တိုးတက်မှုနှုန်း (၅.၂) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

( ဂ ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဓာတ်အားစနစ်အတွင်း အရည်အသွေးကောင်းမွန်သော ဓာတ်အားလိုင်းကြိုးများနှင့် ကြွေသီးများ ဝယ်ယူသုံးစွဲခြင်းတို့ဖြင့် ဓာတ်အားလျော့နည်း ပျောက်ဆုံးမှုမရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်။

(၂) ကျေးလက်ဒေသများ လျှပ်စစ်မီးရရှိရေးကို ဆောင်ရွက်ရာတွင် အောက်ပါနည်းလမ်းမျိုးစုံကို ဒေသအလိုက် သင့်လျော်သလိုဆောင်ရွက်သွားရမည်။

(က) ဓာတ်အားစနစ်မှ ဓာတ်အားရယူခြင်း၊

( ခ ) အသေးစားရေအားလျှပ်စစ်စက်များ အသုံးပြုခြင်း၊

( ဂ ) နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများ အသုံးပြုခြင်း၊

(ဃ) လေစွမ်းအင်သုံး လေရဟတ်ဓာတ်အားပေးစက်ငယ်များ အသုံးပြုခြင်း၊

( င ) စပါးခွံ၊ လွှစာမှုန့်၊ ကြံဖတ် စသည်တို့၏ လောင်စာဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ အသုံးပြုခြင်း၊

( စ ) ဇီဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ အသုံးပြုခြင်း၊

(ဆ) ဒီဇယ်ဆီ၊ ဓာတ်ဆီလောင်စာသုံး ဓာတ်အားပေးစက်များ အသုံးပြုခြင်း စသည့် နည်းလမ်းများဖြင့် ဓာတ်အားထုတ်လုပ်သုံးစွဲမည်။

**ပုဒ်မ-၁၄** ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍနှင့်စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး အရေးသုံးပါးတွင် နေရေးအတွက် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများနှင့်မြို့ပြများ စနစ်တကျဖွံ့ဖြိုးလာရေးအတွက် အဓိကထားဆောင်ရွက်ရေး၊

(၂) လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့မှု အရှိန်အဟုန်မပျက် တိုးတက်စေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သည့်နည်းတူ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကိုပါ ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဆောက်လုပ်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၂၁၉၇၆၃. ၅) (ကျပ်ဘီလီယံ ၂၁၉. ၈) နှင့် တိုးတက်မှုနှုန်း (၇. ၀) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

(၂) စီမံကိန်းကာလအတွင်း လုပ်ငန်းဌာနအဖွဲ့အစည်းများမှ တာဝန်ယူဆောင်ရွက်ရန် လျာထားသည့် လမ်း/တံတား စီမံကိန်းလုပ်ငန်းများ ပြည့်မီစွာ ဆောင်ရွက်မည်။

(၃) မြို့ပြနှင့် ကျေးလက်ဒေသများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာကဏ္ဍများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်အတန်းမြင့်မားစေရေး ဆောင်ရွက်ရန်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့မှု အရှိန်အဟုန်မပျက် တိုးတက်စေရေးအတွက် လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သည့်နည်းတူ ရေရှည် တည်တံ့ခိုင်မြဲစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ရေး၊

(၂) မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေး၊ အိမ်ရာဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်သည့်အကူအညီများကို ဆက်လက် ပေးသွားရန်ဖြစ်သည်၊

(၃) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် မြို့ပြဖွံ့ဖြိုးရေးမူဝါဒများနှင့် မြို့ပြမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေး။

**ပုဒ်မ-၁၅** ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်နယ်အတွင်း စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေးတို့ကို အထောက်အကူပြုသော လမ်းပန်းဆက်သွယ်မှု တိုးတက်စေရေးနှင့် ပုဂ္ဂလိကခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းလိုအပ်ချက်များအား ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(၂) ရထားပို့ဆောင်မှုစနစ်တွင် ပါဝင်သည့် အစိတ်အပိုင်းအားလုံးကို ပြန်လည်သုံးသပ်၍ အရည်အသွေးမြှင့်တင်လျက် ပို့ဆောင်ရေးစွမ်းရည် မြှင့်တင်ပေးရန်၊

(၃) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်စေရန်အတွက် စနစ်တကျကြီးကြပ်ကွပ်ကဲရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၂-၂၀၁၃ ခုနှစ်၊ ပို့ဆောင်ရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၂၄၆၅၉၇. ၅) (ကျပ်ဘီလီယံ ၂၄၆. ၆) နှင့် တိုးတက်မှုနှုန်း (၅. ၄) ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါသည်။

(၂) နှစ်စဉ် အသားတင်ဘဏ္ဍာငွေများကို တိုးတက်ရှာဖွေပေးရန်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မူဆယ်ခရိုင်ရုံးတွင် Mobile Test Line များ တပ်ဆင်ခြင်းဆောင်ရွက်မည်။

(၂) ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ၊ ကမ်းပြို ကမ်းထိန်းလုပ်ငန်းများ မြေထိန်းနံရံ တည်ဆောက်ခြင်းနှင့် မြစ်ရေလမ်းကြောင်း ပိတ်ဆို့နေမှုအား ရှင်းလင်းခြင်းလုပ်ငန်းများနှင့် မြစ်ရေတင်စက်ရရှိရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်။

(၃) ပြည်နယ်အတွင်း ပြည်သူများ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းများကို အပြည့်အဝ လိုက်နာစေရန် စီမံဆောင်ရွက်မည်။

**ပုဒ်မ-၁၆** ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခန်းကဏ္ဍ အနေဖြင့် Public Private Partnership (PPP) ပုံစံဖြင့် ဆောင်ရွက်သွားရန် ရည်မှန်းချက်ထားရှိပြီး ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ၏ရင်းနှီးမြှုပ်နှံမှုကို ပိုမိုခွင့်ပြုဆောင်ရွက်ရေး၊

(၂) ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲထားရှိပြီးဖြစ်သော ဥပဒေများအပေါ် အတည်ပြုဆောင်ရွက်ခြင်း၊ လိုက်နာကျင့်သုံးခြင်းများ ဆောင်ရွက်ရေး၊

(၃) ပြည်တွင်းဆက်သွယ်ရေးကဏ္ဍ၏ တည်ဆောက်မှုလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များအား ပါဝင်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပြီး IT (Information Technology) ကဏ္ဍတွင် နိုင်ငံသားနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုအား အချိုးအစားမျှတစွာ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဆက်လက်ဖန်တီးပေးရေး၊

(၄) ကွန်ပျူတာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဆက်သွယ်ရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၆၈၀၁၆. ၅) (ကျပ်ဘီလီယံ ၆၈. ၀) နှင့် တိုးတက်မှုနှုန်း (၁၀၄. ၃) ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါသည်၊

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းတိုးချဲ့တပ်ဆင်ဆောင်ရွက်ရေး။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကွန်ပျူတာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ပြည်နယ်တွင် နည်းပညာပြန့်ပွားရေး Center များ ဖွင့်လှစ်ဆောင်ရွက်မည်။

(၂) မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့သည်နှင့်အမျှ ပြည်တွင်း/ပြည်ပတယ်လီဖုန်းခေါ်ဆိုမှုတွင် လွယ်ကူချောမွေ့စေရန် စီစဉ်ဆောင်ရွက်မည်။

(၃) စာပို့တိုက်လုပ်ငန်းတွင် ပြည်တွင်းအီလက်ထရောနစ်၊ အမြန်ငွေပို့လွှာလုပ်ငန်း (Online Money Order) စနစ်အား စတင်ဆောင်ရွက်မည်။

(၄) သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အရေးပေါ်ဆက်သွယ်မှုစနစ် (Back-up System) အဖြစ် ရေဒီယိုကြေးနန်းစနစ်ကို အဆင့်မြှင့်တင်ခြင်း၊ ကြေးနန်းရုံးအသစ်များဖွင့်လှစ်ခြင်း၊ ဖက်စ်ကြေးနန်းနှင့် ကွန်ပျူတာကြေးနန်း၊ (e-Telegram) ကြေးနန်းများကို တိုးချဲ့ခြင်းကို ဆောင်ရွက်မည်။

(၅) ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်နိုင်ရေးအတွက် ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းတွင် လေ့ကျင့်သင်ကြားရန် အစီအစဉ် ရေးဆွဲဆောင်ရွက်မည်။

**ပုဒ်မ-၁၇** ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်နှင့် နိုင်ငံတကာ ရင်ပေါင်တန်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်ဖြစ်သည်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၂-၂၀၁၃ ခုနှစ်၊ ငွေရေးကြေးရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၁၉၁၉. ၆) (ကျပ်ဘီလီယံ ၁. ၉) နှင့် တိုးတက်မှုနှုန်း (၉. ၄) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်သည်။

(၂) ငွေကြေးစီးဆင်းမှု လွယ်ကူချောမွေ့အဆင်ပြေစေရေး ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်သည်။

**ပုဒ်မ-၁၈** ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေး၊

(၂) နိုင်ငံတော်၏ပညာရေးအဆင့်အတန်း မြင့်မားလာစေရေး၊

(၃) သဘာဝအရင်းအမြစ်မှရရှိသော စွမ်းအင်များကို အသုံးချ၍ သုတေသနလုပ်ငန်းများ တိုးချဲ့ရေး၊

(၄) အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရေး၊

(၅) ကျန်းမာရေးစနစ်ကို အားဖြည့်ဆောင်ရွက်ခြင်းအား အထူးအလေးပေးဆောင်ရွက်ရေး၊

(၆) အလုပ်သမားများ ကျန်းမာမှုတိုးတက်ကောင်းမွန်စေ၍ အလုပ်လုပ်နိုင်သည့်စွမ်းအား မြင့်မားပြီး ကုန်ထုတ်လုပ်မှုတိုးတက်စေရေး၊

(၇) အလုပ်မလုပ်နိုင်သည့်အခါ အလုပ်သမားနှင့်မိသားစုစားဝတ်နေရေးအတွက် ထောက်ပံ့မှု ရရှိစေရေး၊

(၈) နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အကောင်အထည်ဖော်ရန်ရှိသည့် ရေတို၊ ရေရှည်လုပ်ငန်း များကို ပြည်သူများအား ပြန်ကြားအသိပေးရေး၊

(၉) ၂၀၁၅ ခုနှစ်မှာ ဖော်ဆောင်မည့် အာဆီယံအသိုက်အဝန်း ထူထောင်ရေးလုပ်ငန်းစဉ် များကို ဖော်ဆောင်ရေး၊

(၁၀) အထက်ဖော်ပြပါ မူဝါဒများကို အကောင်အထည်ဖော်ရာတွင် ပြည်နယ်အဆင့် ဌာနဆိုင်ရာ များက မိမိတို့၏ သက်ဆိုင်ရာဝန်ကြီးဌာန ရည်မှန်းချက်များနှင့် ဆီလျော်သည်များကို ဆောင်ရွက်သွားရမည်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၂-၂၀၁၃ ခုနှစ်၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်စျေးနှုန်းများအရ ကျပ်သန်းပေါင်း (၆၅၀၄၀. ၉) (ကျပ်ဘီလီယံ ၆၅. ၁) နှင့် တိုးတက်မှုနှုန်း (၁. ၀) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

**ပုဒ်မ-၁၉** ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ငှားရမ်းခနှင့်အခြား ဝန်ဆောင်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အာဆီယံအသိုက်အဝန်းရည်မှန်းချက်များ ၂၀၁၅ ခုနှစ်တွင် ပြည့်မီရန်အတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာအရည်အချင်းများကို အသိအမှတ်ပြုရေး၊ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည်၊

(၂) ပုဂ္ဂလိကပိုင် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုအဆင့်မြင့်တင်ရေး ဆောင်ရွက်ပေးရန်၊

(၃) တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှု အမွေအနှစ်များ၊ ဓလေ့ထုံးစံများ၊ ရေမြေတောတောင် သဘာဝ ပတ်ဝန်းကျင်များကို ထိန်းသိမ်းစောင့်ရှောက်ပြီး ရေရှည်တည်တံ့ခိုင်မြဲစေမည့် ဝန်ဆောင်မှုလုပ်ငန်းများအား စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၂-၂၀၁၃ ခုနှစ်၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်စျေးနှုန်းများအရ ကျပ်သန်းပေါင်း (၁၆၇၄၃၅. ၂) (ကျပ်ဘီလီယံ ၁၆၇. ၄) နှင့် တိုးတက်မှုနှုန်း (၁၅. ၂) ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါသည်။

**ပုဒ်မ-၂၀** ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပို့ကုန်တိုးမြှင့်ရေး ဦးစားပေးဆောင်ရွက်ရေး၊

(၂) ထပ်ဆင့်တိုးတန်ဖိုးရ ကုန်ချောပစ္စည်းများအဖြစ် တိုးချဲ့ထုတ်လုပ်တင်ပို့ရောင်းချရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ၂၀၁၂-၂၀၁၃ ခုနှစ်၊ ကုန်သွယ်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်စျေးနှုန်းများအရ ကျပ်သန်းပေါင်း (၆၃၉၇၃၅. ၅) (ကျပ်ဘီလီယံ ၆၃၉. ၇) နှင့် တိုးတက်မှုနှုန်း (၄. ၃) ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါသည်။

## အခန်း (၅)

## အထွေထွေ

**ပုဒ်မ-၂၁** ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့်သက်ဆိုင်သည့် ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည့်စီစဉ်မှုများ ချမှတ်ကျင့်သုံးဆောင်ရွက်နိုင်သည်။

# ယစ်မျိုးခွန်ကောက်ခံရေး ဥပဒေကြမ်း

## ( ၂၀၁၂ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် )

၁၃၇၃ ခုနှစ်၊ လ ရက်

( ၂၀၁၂ ခုနှစ်၊ လ ရက် )

### နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၁၈၈) နှင့် ဇယား (၂)၊ စဉ် (၁) (ဃ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီး အတွင်း ယစ်မျိုးခွန်များ စနစ်တကျကောက်ခံနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **မန္တလေးတိုင်းဒေသကြီး ယစ်မျိုးခွန်ကောက်ခံရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် မန္တလေးတိုင်းဒေသကြီးတစ်ဝန်းလုံးတွင် အာဏာသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုလိုသည်။

(ခ) **တိုင်းဒေသကြီးအစိုးရ**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုလိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးကို ဆိုလိုသည်။

(ဃ) **တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး**ဆိုသည်မှာ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဌာန အကြီးအကဲကို ဆိုလိုသည်။

(င) **ယစ်မျိုးခွန်**ဆိုသည်မှာ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေအရ သတ်မှတ်ထားသော အခွန်များကို ဆိုလိုသည်။

(စ) **ယစ်မျိုးသက်ဝင်ပစ္စည်း**ဆိုသည်မှာ (Excisable article) ၁၉၁၇ ခုနှစ် မြန်မာနိုင်ငံ ယစ်မျိုး အက်ဥပဒေအရ ဖွင့်ဆိုထားသည့် အရက်အပါအဝင် ယစ်မျိုးသက်ဝင်ပစ္စည်းကို ဆိုလိုသည်။

(ဆ) **ယစ်မျိုးဝင်ကုန်ပစ္စည်း (Excisable goods)** ဆိုသည်မှာ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုး အက်ဥပဒေ၏ ဒုတိယဇယားတွင် ယစ်မျိုးခွန်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် ကုန်ပစ္စည်းကို ဆိုလိုသည်။

(ဇ) **အရက်**ဆိုသည်မှာ (Alcoholic Liquor) ၁၉၁၇ ခုနှစ် မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေအရ သတ်မှတ်ထားသည့်အရာများအပါအဝင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ အရက်ဟု သတ်မှတ်ထားသောအရာများကို ဆိုလိုသည်။

(ဈ) **ဘီယာ**ဆိုသည်မှာ (Ale. Stout. Porter) ၁၉၁၇ ခုနှစ် မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေအရ သတ်မှတ်ထားသည့် အရာများအပါအဝင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဘီယာဟုသတ်မှတ်ထားသောအရာများကို ဆိုလိုသည်။

(ည) **ပြည်တွင်းဖိုထွက် ချက်အရက် (Country Spirit)** ဆိုသည်မှာ ပေါင်းဖိုနှင့်ခံယူ၍ ရရှိသည့် အရက်ပြန် ပါဝင်သော မည်သည့်အရက်တစ်စုံတစ်ရာကိုမဆို ဆိုလိုသည်။

(ဋ) **ထန်းရည် (Tari)** ဆိုသည်မှာ ကဖော်ဖောက်သည်ဖြစ်စေ၊ မဖောက်သည်ဖြစ်စေ ထန်း၊ ဓနိ၊ အုန်း၊ ပေ စသည့် အပင်အမျိုးမျိုးမှထွက်သော အရည်ကိုဆိုလိုသည်။

(ဌ) **တည်အရက် (Fermented Liquor)** ဆိုသည်မှာ ချက်အရက်မှတစ်ပါး အရက်ပြန်ပါဝင်သည့် အရက်ကိုဆိုလိုသည်။ (လှော်ဇာရည်၊ ခေါင်ရည် စသည်များ)

(ဍ) **သောက်ပျော်သောအရက် (Potable Alcoholic Liquor)** ဆိုသည်မှာ ပြုပြင်ပြီး မူလသတ္တိပျက် အရက်မှတစ်ပါး အရက်ပြန်ပါဝင်သည့် အရက်တစ်ရပ်ရပ်ကို ဆိုလိုသည်။

(ဎ) **မူလသတ္တိပျက်ပြီး (Denatured)** ဆိုသည်မှာ ယစ်မျိုးအက်ဥပဒေအရ သတ်မှတ်သည့်နည်းလမ်း များနှင့်အညီ လူတို့သောက်သုံးရန် မသင့်အောင်ပြုပြင်ပြီးသည်ကို ဆိုလိုသည်။

(ဏ) **ချက်လုပ်ခြင်းဆိုသည့်စကားရပ်တွင် အောက်ပါတို့ ပါဝင်သည်** -

(၁) သဘာဝအားဖြင့်ဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ၊ ယစ်မျိုးသက်ဝင်ရာ တစ်စုံတစ်ရာကို ထွက်အောင် ရအောင် ပြုလုပ်မှု (ထန်းပင်မှ အရည်ခံခြင်း၊ ထုတ်ယူခြင်းများအပါအဝင်)၊

(၂) ပြန်၍ ပေါင်းခံခြင်း (Redistillation)၊

(၃) အရက်ပြန်ပါဝင်သည့်အရက်ကို ပြုပြင်ခြင်း၊ အနံ့/အရသာ ထည့်ခြင်း၊ ရောနှောခြင်း၊ အရောင်ဆိုးခြင်း။

(တ) **လက်လီ/လက်ကားရောင်းချမှု (Retail and Whole sale)** ဆိုသည်မှာ ဤဥပဒေနှင့် ဤဥပဒေ အရပြုသည့် နည်းဥပဒေများအရ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာများနှင့်အညီ သတ်မှတ် ထားသည့် အချင်အတွယ်ကို ဆိုလိုသည်။

(ထ) **လိုင်စင်**ဆိုသည်မှာ ဤဥပဒေအရ ထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းတို့ အတွက် ခွင့်ပြုသည့် ခွင့်ပြုမိန့်ကို ဆိုလိုသည်။ လိုင်စင်သက်တမ်းကို ဘဏ္ဍာရေးနှစ်အလိုက် သတ်မှတ်သည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ယစ်မျိုးမူဝါဒနှင့်အညီ ယစ်မျိုးစီမံခန့်ခွဲနိုင်ရေးကို အထောက်အကူပြုရန်၊

(ခ) တိုင်းဒေသကြီး အခွန်ဘဏ္ဍာငွေကို တိုးတက်ရရှိစေရန်။

## အခန်း (၃)

## ယစ်မျိုးခွန်နှုန်းထားများ သတ်မှတ်ခြင်း

၄။ တိုင်းဒေသကြီး ယစ်မျိုးခွန်ကောက်ခံရေးနှင့်စပ်လျဉ်း၍ ၂၀၁၂ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှစ၍ ဤဥပဒေပါ နောက်ဆက်တွဲဇယားအတိုင်း ကောက်ခံရန် သတ်မှတ်သည်။

၅။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေးငွေကျပ် (၅) သိန်းအထိဖြစ်ပါက လိုင်စင်ချထားပေးသည့် အချိန်တွင် ကျသင့်သောငွေကို တစ်ကြိမ်တည်း အပြေအကျေပေးသွင်းရမည်။

၆။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေးငွေကျပ် (၅) သိန်းအထက်မှ ကျပ်သိန်း (၃၀) အထိဖြစ်ပါက လိုင်စင်ချထားပေးသည့်အချိန်တွင် ကျသင့်ငွေ၏တစ်ဝက်ကို တစ်ကြိမ်တည်းပေးသွင်းစေပြီး ကျန်တစ်ဝက်ကို ဘဏ္ဍာရေးနှစ်ဝက်အတွင်း အပြေအကျေ ပေးသွင်းရမည်။

၇။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေး ငွေကျပ်သိန်း (၃၀) အထက်ဖြစ်ပါက လိုင်စင်ချထားပေးသည့်အချိန်တွင် ကျသင့်ငွေ၏ သုံးပုံတစ်ပုံကို တစ်ကြိမ်တည်း ပေးသွင်းရမည်။ ကျန်သုံးပုံနှစ်ပုံကို ဘဏ္ဍာရေးနှစ်ဝက်အတွင်း နှစ်ကြိမ်ခွဲ၍ အပြေအကျေပေးသွင်းရမည်။

၈။ ယစ်မျိုးခွန်လိုင်စင်ကို ပြန်လည်အပ်နှံလိုသူသည် သတ်မှတ်ထားသည့် ယစ်မျိုးခွန်များကို အပြေအကျေ ပေးသွင်းပြီးမှသာ ယစ်မျိုးခွန်လိုင်စင်ကို ပြန်လည်အပ်နှံခွင့်ပြုမည်။

၉။ ဤဥပဒေအရ ယစ်မျိုးခွန်အပြည့်အဝကောက်ခံရရှိနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီး၏ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအတွင်း လိုအပ်သော ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

## အခန်း (၄)

## အထွေထွေ

၁၀။ ယစ်မျိုးစီမံခန့်ခွဲခြင်း၊ အခွန်စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီး၏ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

၁၁။ ဤဥပဒေအရ ပေးရန်ရှိသော ယစ်မျိုးခွန်ငွေကြေးအားလုံးကို ပေးဆောင်ရန် ပျက်ကွက်လျှင် မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

၁၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် -

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း (သို့မဟုတ်) စည်းကမ်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးက ထုတ်ပြန်နိုင်သည်။

## ယစ်မျိုးခွန်နှုန်းထားများ ပြင်ဆင်ရန် အဆိုပြုတင်ပြချက်

| စဉ် | လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာ | ၁၉၈၂ ခုနှစ် နှုန်းထား | ၂၀၀၄ ခုနှစ် နှုန်းထား | ပြင်ဆင်ရန်အဆိုပြုသည့် နှုန်းထား | |
|---|---|---|---|---|---|---|
| | | | | | ပုံသေနှုန်း | လေလံ ကြမ်းခင်းနှုန်း |
| ၁ | **CFL-1** | ထန်းရည်၊ ဓနိရည်ကိုဆိုင်ဖွင့်၍ ဆိုင်ဥပစာတွင် သောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | ကော်လိတ္တော် အရာရှိ၏ ချင့်ချိန်မှုနှင့် အမှတ် (၆) နှင့်အတူလေလံ | ၁၀၀,၀၀၀ | | ၂၀၀,၀၀၀ |
| ၂ | **CFL-2** | ထန်းရည်၊ ဓနိရည်မှအပ အခြားလျှော်စာရည်များ **(Country Fermented Liquor)** ကို ထုတ်လုပ်ခွင့်နှင့်ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | လေလံ | ၅၀၀,၀၀၀ | | ၆၀၀,၀၀၀ |
| ၃ | **D-1** | အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်နှင့် ချက်လုပ်ခွင့်လိုင်စင် | ၁,၀၀၀ | ထုတ်လုပ်မှုဂါလန် (၁) နေ့<br>၅၀ - ၅၀၀ = ၁,၂၀၀,၀၀၀<br>၅၀၀ - ၁၀၀၀ = ၂,၄၀၀,၀၀၀<br>၁၀၀၀ အထက် = ၃,၆၀၀,၀၀၀ | <br>၅,၀၀၀,၀၀၀<br>၁၀,၀၀၀,၀၀၀<br>၁၅,၀၀၀,၀၀၀ | |
| ၄ | **D-2** | အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်သာရှိပြီး ချက်လုပ်ခွင့်မရှိသည့် လိုင်စင် | ၁၀၀ | ၁၀၀,၀၀၀ | ၁,၀၀၀,၀၀၀ | |
| ၅ | **W-1** | ဝိုင်အရက်များ ထုတ်လုပ်ခွင့်လိုင်စင် | ၅၀၀ | ၁၀,၀၀၀ | ၁၀၀,၀၀၀ | |

D:/Thazin/2012 Gazette/gazette (16) 59

## ယစ်မျိုးခွန်နှုန်းထားများ ပြင်ဆင်ရန် အဆိုပြုတင်ပြချက်

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ | ၁၉၈၂ ခုနှစ် နှုန်းထား | ၂၀၀၄ ခုနှစ် နှုန်းထား | ပြင်ဆင်ရန်အဆိုပြုသည့် နှုန်းထား | |
|---|---|---|---|---|---|---|
| | | | | | ပုံသေနှုန်း | လေလံ ကြမ်းခင်းနှုန်း |
| ၆ | **CS-1** | မြန်မာပြည်တွင်းရှိ အရက်ချက်စက်ရုံများမှ ထုတ်လုပ်သော ဖိုထွက်ချက်အရက် **(Country Spirit)** ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | လေလံ | ၅၀,၀၀၀ | | ၁၀၀,၀၀၀ |
| ၇ | **CS-2** | အရက်ဖိုပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်နှင့် ဖိုထွက် ချက်အရက် **(Country Spirit)** ကိုဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့် လိုင်စင်၊ စီးပွားဖြစ်ချက်၍ လက်လီလက်ကားရောင်းခွင့် | ကော်လိတ္တော် အရာရှိ၏ ချင့်ချိန်မှုနှင့် အမှတ် (၁) နှင့် အတူ လေလံ | ၅၀,၀၀၀<br>၁,၂၀၀,၀၀၀ | | ၁၅၀,၀၀၀<br>၁,၈၀၀,၀၀၀ |
| ၈ | **CS-3** | မြန်မာပြည်တွင်းရှိ အရက်ဖိုများမှထုတ်လုပ်သော ဖိုထွက်ချက်အရက် **(Country Spirit)** ကိုဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | အမှတ် (၆) နှင့် အတူလေလံ | ၅၀,၀၀၀ | | ၁၅၀,၀၀၀ |
| ၉ | **FL-4** | ပြည်ပမှတင်သွင်းသော နိုင်ငံခြားအရက်ပြင်း **(Foreign Spirit)** ကို ပေါင်းစပ်ခွင့်၊ ရောနှောခွင့်၊ အနံ့ထည့်ခွင့်နှင့် အရောင်ဆိုးခွင့် | ၅,၀၀၀ | ၁၀၀,၀၀၀ | ၁,၀၀၀,၀၀၀ | |

## ယစ်မျိုးခွန်နှုန်းထားများ ပြင်ဆင်ရန် အဆိုပြုတင်ပြချက်

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ | ၁၉၈၂ ခုနှစ် နှုန်းထား | ၂၀၀၄ ခုနှစ် နှုန်းထား | ပြင်ဆင်ရန်အဆိုပြုသည့် နှုန်းထား | |
|---|---|---|---|---|---|---|
| | | | | | ပုံသေနှုန်း | လေလံ ကြမ်းခင်းနှုန်း |
| ၁၀ | **FL-5** | နိုင်ငံခြားအရက်ပြင်း **(Foreign Spirit)** ကို ပုလင်းသွတ်ခွင့်လိုင်စင် | ၂,၀၀၀ | ၁၀၀,၀၀၀ | ၁,၀၀၀,၀၀၀ | |
| ၁၁ | **FL-6** | မြန်မာပြည်တွင်းရှိ အရက်ချက်စက်ရုံမှ ထုတ်လုပ်သော နိုင်ငံခြားအရက်ပြင်း **(Foreign Spirit)** ကို လက်ကားရောင်းချခွင့်လိုင်စင် | ၂,၀၀၀ | ၁,၂၀၀,၀၀၀ | မန်း = ၂,၅၀၀,၀၀၀<br>မိတ္ထီလာ၊ မြင်းခြံ = ၁,၅၀၀,၀၀၀<br>အခြား = ၁,၂၀၀,၀၀၀ | |
| ၁၂ | **FL-7** | မြန်မာနိုင်ငံအတွင်းရှိ အရက်ချက်စက်ရုံများမှ ထုတ်လုပ်သော နိုင်ငံခြားအရက်ပြင်း **(Foreign Spirit)** များကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | လေလံ | ၁,၂၀၀,၀၀၀ | | မန်း/ပြင်ဦးလွင် ပုဂံ = ၂,၀၀၀,၀၀၀<br>အခြား = ၁,၂၀၀,၀၀၀ |
| ၁၃ | **B-1** | ဘီယာစက်ရုံပိုင်ဆိုင်ခွင့်နှင့် ချက်လုပ်ခွင့် လိုင်စင် | ၁,၀၀၀ | ထုတ်လုပ်မှုဂါလန် (၁) နေ့<br>၅၀ - ၅၀၀ = ၅၀၀,၀၀၀<br>၅၀၀ - ၁၀၀၀ = ၈၀၀,၀၀၀<br>၁၀၀၀ အထက် = ၁,၅၀၀,၀၀၀ | <br>၅,၀၀၀,၀၀၀<br>၁၀,၀၀၀,၀၀၀<br>၁၅,၀၀၀,၀၀၀ | |
| ၁၄ | **B-2** | ဘီယာစက်ရုံပိုင်ဆိုင်ခွင့်သာရှိပြီး ချက်လုပ်ခွင့် မရှိသည့် လိုင်စင် | ၁၀၀ | ၁၀၀,၀၀၀ | ၁,၀၀၀,၀၀၀ | |

## ယစ်မျိုးခွန်နှုန်းထားများ ပြင်ဆင်ရန် အဆိုပြုတင်ပြချက်

| စဉ် | လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာ | ၁၉၈၂ ခုနှစ် နှုန်းထား | ၂၀၀၄ ခုနှစ် နှုန်းထား | ပြင်ဆင်ရန်အဆိုပြုသည့် နှုန်းထား | |
|---|---|---|---|---|---|---|
| | | | | | ပုံသေနှုန်း | လေလံ ကြမ်းခင်းနှုန်း |
| ၁၅ | **FL-8** | မြန်မာပြည်တွင်းရှိ ဘီယာစက်ရုံမှထုတ်လုပ်သော ဘီယာများကို လက်ကားရောင်းချခွင့်လိုင်စင် | ၃,၀၀၀ | ၁,၀၀၀,၀၀၀ | ၁၀,၀၀၀,၀၀၀ | |
| ၁၆ | **FL-8A** | ပြည်ပမှတင်သွင်းသော ဘီယာများကို လက်ကား ရောင်းချခွင့်လိုင်စင် | | | ၁၀,၀၀၀,၀၀၀ | |
| ၁၇ | **FL-9** | မြန်မာပြည်တွင်းရှိ ဘီယာစက်ရုံမှ ထုတ်လုပ်သော ဘီယာများကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | ၅,၀၀၀ | ၅၀၀,၀၀၀ | မန်း = ၁,၂၀၀,၀၀၀<br>အခြား = ၆၀၀,၀၀၀ | |
| ၁၈ | **FL-9A** | ပြည်ပမှတင်သွင်းသော ဘီယာများကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်းသောက်သုံးရန် သို့မဟုတ် ဥပစာ ပြင်ပသို့ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | | | မန်း = ၁,၂၀၀,၀၀၀<br>အခြား = ၆၀၀,၀၀၀ | |
| ၁၉ | **FL-10** | ဗျစ်ရည်ကိုဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက် သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | လေလံ | ၅၀၀,၀၀၀ | | မန်း =၁,၂၀၀,၀၀၀<br>အခြား= ၆၀၀,၀၀၀ |
| ၂၀ | **FL-11** | နိုင်ငံခြားအရက်များ **(Foreign Spirit)** ကို လက်ကားရောင်းချခွင့်လိုင်စင် | ၅,၀၀၀ | ရန်ကုန်-မန္တလေး = ၁,၀၀၀,၀၀၀<br>အခြားမြို့များ = ၅၀၀,၀၀၀ | မန်း = ၃,၀၀၀,၀၀၀<br>အခြား = ၁,၀၀၀,၀၀၀ | |

D:/Thazin/2012 Gazette/gazette (16) 61

## ယစ်မျိုးခွန်နှုန်းထားများ ပြင်ဆင်ရန် အဆိုပြုတင်ပြချက်

| စဉ် | လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာ | ၁၉၈၂ ခုနှစ် နှုန်းထား | ၂၀၀၄ ခုနှစ် နှုန်းထား | ပြင်ဆင်ရန်အဆိုပြုသည့် နှုန်းထား | |
|---|---|---|---|---|---|---|
| | | | | | ပုံသေနှုန်း | လေလံ ကြမ်းခင်းနှုန်း |
| ၂၁ | **FL-12** | နိုင်ငံခြားအရက်များ **(Foreign Alcoholic)** ကို ကုန်စုံဆိုင်တွင် လက်လီလက်ကားရောင်းချခွင့်ရှိပြီး ဆိုင်ဥပစာအတွင်း သောက်သုံးခွင့်မရှိသည့်လိုင်စင် | ၃၀,၀၀၀ | ရန်ကုန်-မန္တလေး = ၅၀၀,၀၀၀<br>အခြားမြို့များ = ၂၅၀,၀၀၀ | မန်း = ၁,၅၀၀,၀၀၀<br>အခြား = ၅၀၀,၀၀၀ | |
| ၂၂ | **FL-13** | နိုင်ငံခြားအရက်များ **(Foreign Alcoholic Liquor)** ကိုဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | လေလံ | ၁,၂၀၀,၀၀၀ | | မန်း=၂,၀၀၀,၀၀၀<br>အခြား=၁,၂၀၀,၀၀၀ |
| ၂၃ | **FL-14** | နိုင်ငံခြားအရက်များ **(Foreign Alcoholic Liquor)** စစ်ဘက်ဆိုင်ရာအရောင်းဆိုင်ကလေး **(Military Canteen)** များတွင် လက်လီရောင်းချခွင့် လိုင်စင်<br>(က) တပ်ရင်းအတွက်<br>(ခ) တပ်ရင်းထက်ငယ်သော အဖွဲ့အစည်းများ အတွက် | <br><br><br>၂၄၀<br>၁၂၀ | | | |
| ၂၄ | **FL-15** | နိုင်ငံခြားအရက်များ **(Foreign Alcoholic Liquor)** ကို ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း ဥပစာအတွင်း တည်းခိုသူများနှင့် ခရီးသွားသူများသောက်သုံးရန်၊ ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း၊ ပိုင်ရှင် (သို့) မန်နေဂျာအား ဆိုင်ဖွင့်၍လက်လီရောင်းချခွင့် လိုင်စင် | ၁၀,၀၀၀ | ရန်ကုန်-မန္တလေး = ၁,၂၀၀,၀၀၀<br>အခြားမြို့များ = ၆၀၀,၀၀၀ | မန်း/ပုဂံ= ၃,၀၀၀,၀၀၀<br>အခြား = ၁,၀၀၀,၀၀၀ | |

D:/Thazin/2012 Gazette/gazette (16) 63

## ယစ်မျိုးခွန်နှုန်းထားများ ပြင်ဆင်ရန် အဆိုပြုတင်ပြချက်

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ | ၁၉၈၂ ခုနှစ် နှုန်းထား | ၂၀၀၄ ခုနှစ် နှုန်းထား | ပြင်ဆင်ရန်အဆိုပြုသည့် နှုန်းထား | |
|---|---|---|---|---|---|---|
| | | | | | ပုံသေနှုန်း | လေလံ ကြမ်းခင်းနှုန်း |
| ၂၅ | **FL-15A** | နိုင်ငံခြားအရက်များ **(Foreign Alcoholic Liquor)** ကို ဟိုတယ် သို့မဟုတ် တည်းခိုခန်းဥပစာအတွင်း တည်းခိုသူများသောက်သုံးရန် ဟိုတယ် (သို့မဟုတ်) တည်းခိုခန်းပိုင်ရှင် (သို့) မန်နေဂျာက ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၁,၀၀၀ | | မန်း/ပုဂံ = ၃,၀၀၀,၀၀၀<br>အခြား = ၁,၀၀၀,၀၀၀ | |
| ၂၆ | **FL-16** | နိုင်ငံခြားအရက်များ **(Foreign Alcoholic Liquor)** ကို ကလပ်ပိုင်ရှင်က ဆိုင်ဖွင့်၍လက်လီရောင်းချခွင့် လိုင်စင် | ၂,၅၀၀ | ရန်ကုန်-မန္တလေး = ၆၀၀,၀၀၀<br>အခြားမြို့များ = ၃၀၀,၀၀၀ | မန္တလေး= ၁,၀၀၀,၀၀၀<br>အခြား= ၅၀၀,၀၀၀ | |
| ၂၇ | **FL-17** | နိုင်ငံခြားအရက်များ **(Foreign Alcoholic Liquor)** ကို ဟိုတယ်နှင့်နားနေခန်း၊ ဘူတာ၊ လေဆိပ်၊ သင်္ဘောဆိပ်၊ မီးရထားစားသောက်တွဲနှင့် စားသောက်ဆိုင် ဥပစာတွင် သောက်သုံးရန် ဟိုတယ်ပိုင်ရှင် (သို့) မန်နေဂျာက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | ၂၅,၀၀၀ | ရန်ကုန်-မန္တလေး = ၁,၂၀၀,၀၀၀<br>အခြားမြို့များ = ၆၀၀,၀၀၀ | မန္တလေး=၂,၄၀၀,၀၀၀<br>အခြား= ၁,၂၀၀,၀၀၀ | |
| ၂၈ | **FL-17A** | နိုင်ငံခြားအရက်များ **(Foreign Alcoholic Liquor)** လူမှုရေးအဖွဲ့အစည်း **(Charitable Institute)** ကို ဥပစာအတွင်းသောက်သုံးရန် အဖွဲ့အစည်းအာဏာပိုင် က ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၁,၀၀၀ | | မန္တလေး= ၂,၄၀၀,၀၀၀<br>အခြား = ၁,၂၀၀,၀၀၀ | |

## ယစ်မျိုးခွန်နှုန်းထားများ ပြင်ဆင်ရန် အဆိုပြုတင်ပြချက်

| စဉ် | လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာ | ၁၉၈၂ ခုနှစ် နှုန်းထား | ၂၀၀၄ ခုနှစ် နှုန်းထား | ပြင်ဆင်ရန်အဆိုပြုသည့် နှုန်းထား | |
|---|---|---|---|---|---|---|
| | | | | | ပုံသေနှုန်း | လေလံကြမ်းခင်းနှုန်း |
| ၂၉ | **FL-18** | နိုင်ငံခြားအရက်များ **(Foreign Alcoholic Liquor)** ကို အများပြည်သူ ပျော်ပွဲရွှင်ပွဲ ဧည့်ခံပွဲတွင် ဆိုင် ဥပစာအတွင်း သောက်သုံးရန် လက်လီရောင်းချခွင့်လိုင်စင် | တစ်ခုချင်းအလိုက် ယစ်မျိုးမင်းကြီးက သတ်မှတ်ပေးရန် | | အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်မည်။ | |
| ၃၀ | **FL-19** | နိုင်ငံခြားအရက်များ **(Foreign Alcoholic Liquor)** ကို ဘူတာရုံ၊ လေဆိပ်၊ သင်္ဘောဆိပ်များရှိ နားနေခန်း ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဥပစာ၏ ပြင်ပသို့ယူဆောင်ရန် နားနေခန်းအငှားရထားသူက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၅,၀၀၀ | | ၂,၀၀၀,၀၀၀ | |
| ၃၁ | **FL-20** | နိုင်ငံခြားအရက်များ **(Foreign Alcoholic Liquor)** ကို မီးရထားစားသောက်ခန်းဥပစာအတွင်း ခရီးသည်များသာ သောက်သုံးရန် သို့မဟုတ် ပြင်ပသို့ယူဆောင်ရန် စားသောက်တွဲ အငှားရထားသူက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၁၀၀၀ ကျပ် သို့မဟုတ် ယစ်မျိုးမင်းကြီးက အခါအားလျော်စွာ သတ်မှတ်ထားသည့်နှုန်း | | အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်မည်။ | |
| ၃၂ | **FL-21** | နိုင်ငံခြားအရက်များ **(Foreign Alcoholic Liquor)** ကို သင်္ဘောဝန်ထမ်းများနှင့်ခရီးသည်များ သင်္ဘောပေါ်တွင်သောက်သုံးရန် သင်္ဘောမာလိန်မှူး သို့မဟုတ် ဘဏ္ဍာစိုးကကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ပြည်တွင်း ရေကြောင်း ကမ်းရိုးတန်းသွား ရေယာဉ် ၅၀၀ | ၅၀၀,၀၀၀ | ၁,၀၀၀,၀၀၀ | |

# ယစ်မျိုးခွန်နှုန်းထားများ ပြင်ဆင်ရန် အဆိုပြုတင်ပြချက်

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ | ၁၉၈၂ ခုနှစ် နှုန်းထား | ၂၀၀၄ ခုနှစ် နှုန်းထား | ပြင်ဆင်ရန်အဆိုပြုသည့် နှုန်းထား | |
|---|---|---|---|---|---|---|
| | | | | | ပုံသေနှုန်း | လေလံ ကြမ်းခင်းနှုန်း |
| ၃၃ | **FL-22** | နိုင်ငံခြားအရက်များ **(Foreign Alcoholic Liquor)** ကို အများပြည်သူ သို့မဟုတ် ပုဂ္ဂလိက ပျော်ပွဲရွှင်ပွဲများတွင် ဥပစာအတွင်းသောက်သုံးရန် ကောင်တာဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | ကော်လိတ္တော်အရာရှိ သတ်မှတ်ထားသည့် ၁၀၀ ကျပ်ထက် မနည်းရငွေ အားလုံး၏ ၁/၁၀ ထက်မပိုသောနှုန်း | | အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်မည်။ | |
| ၃၄ | **G-1** | ရှာလကာရည် ထုတ်လုပ်ခွင့်လိုင်စင် | ကင်းလွတ်ခွင့် | | အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်မည်။ | |
| ၃၅ | **FL-23** | မူးယစ်စေတတ်သော ဆေးဝါးမဟုတ်သော အရက်ပြန် ရာခိုင်နှုန်း ၂၀ မှ ၄၅ အထိပါဝင်သည့် ဆေးဖက်ဝင်သော ဝိုင်နှင့်အလားတူ ဖျော်ရည်များကို ဆေးဆရာ သို့မဟုတ် ကျန်းမာရေးဝန်ထမ်း သို့မဟုတ် ကုန်စုံဆိုင်ပိုင်ရှင်က ရောင်းချခွင့်လိုင်စင် | ၇၅၀ | ၅,၀၀၀ | ၁၀,၀၀၀ | |
| ၃၆ | **FL-24** | သန့်စင်ပြီးသော နိုင်ငံခြားအရက်ပြင်းများ **(Ractified Foreign Spirit)** ကို ဆေးဆရာများက ရောင်းချခွင့်လိုင်စင် | ၃၀၀ | ၅,၀၀၀ | ၁၀,၀၀၀ | |

D:/Thazin/2012 Gazette/gazette (16) 65

## ယစ်မျိုးခွန်နှုန်းထားများ ပြင်ဆင်ရန် အဆိုပြုတင်ပြချက်

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ | ၁၉၈၂ ခုနှစ် နှုန်းထား | ၂၀၀၄ ခုနှစ် နှုန်းထား | ပြင်ဆင်ရန်အဆိုပြုသည့် နှုန်းထား | |
|---|---|---|---|---|---|---|
| | | | | | ပုံသေနှုန်း | လေလံ ကြမ်းခင်းနှုန်း |
| ၃၇ | **FL-25** | ဂုဏ်သတ္တိပျက် အရက်ပြန်ရောင်းချခွင့်လိုင်စင် | ၅၀၀ | | ၂,၀၀၀,၀၀၀ | |
| ၃၈ | **FL-2C** | သန့်စင်ပြီးအရက်ပြန်များကို သိုလှောင်သိမ်းဆည်းထားနိုင်ရန်နှင့် တင်ချာ၊ အရက်ပြင်းနှင့် အခြားအရက်ပြန်ပါဝင်သည့် ဆေးဝါးများထုတ်လုပ်နိုင်ရန် ကုန်ပစ္စည်းသိုလှောင်ရုံ ဆောက်လုပ်ခွင့်လိုင်စင် | ၁,၀၀၀ | ၅,၀၀၀ | ၁၀၀,၀၀၀ | |
| ၃၈ (က) | **FL-2D** | အရက်ပါဝင်သည့် ဆေးဝါးများကို မြန်မာ့ဆေးဆရာများက ထုတ်လုပ်ခွင့်၊ ပိုင်ဆိုင်ခွင့်နှင့်ရောင်းချခွင့် လိုင်စင် | ၅၀၀ | ၁,၀၀၀ | ၁၀,၀၀၀ | |
| ၃၈ (ခ) | **Y-1** | တဆေးများ ထုတ်လုပ်ခွင့်နှင့် ရောင်းချခွင့်လိုင်စင် | ၁,၀၀၀ | ၁၀၀,၀၀၀ | ၅၀၀,၀၀၀ | |
| ၃၈ (ဂ) | **Y-2** | တဆေးများ ရောင်းချခွင့်လိုင်စင် | ၅၀၀ | ၁၀၀,၀၀၀ | ၅၀၀,၀၀၀ | |
| ၃၉ | **CFL-2**<br>**CS-2** | ထန်းရည်၊ ဓနိရည်မှအပ အခြားလျှော်စာရည်များ **(Country Fermented Liquor)** နှင့် ဖိုထွက်ချက်အရက် **(Country Spirit)** ကို ထုတ်လုပ်ခွင့်နှင့်ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဆိုင်၏ပြင်ပသို့ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် | လေလံ | | | ၆၀၀,၀၀၀ |

## ယစ်မျိုးခွန်နှုန်းထားများ ပြင်ဆင်ရန် အဆိုပြုတင်ပြချက်

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ | ၁၉၈၂ ခုနှစ် နှုန်းထား | ၂၀၀၄ ခုနှစ် နှုန်းထား | ပြင်ဆင်ရန်အဆိုပြုသည့် နှုန်းထား | |
|---|---|---|---|---|---|---|
| | | | | | ပုံသေနှုန်း | လေလံ ကြမ်းခင်းနှုန်း |
| ၄၀ | **D-1A** | နိုင်ငံခြားအရက်ပြင်း **(Foreign Spirit)** ထုတ်လုပ်ရန်၊ ပေါင်းစပ်ရန်၊ ရောနှောရန်၊ အရောင်ဆိုးရန်၊ အနံ့ ထည့်ရန်၊ ပုလင်းသွတ်ရန်၊ အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်၊ လိုင်စင်ရ ရောင်းချသူများကိုသာ လက်ကားရောင်းချခွင့် လိုင်စင် | ၇,၅၀၀ | ၁,၂၀၀,၀၀၀ | ၅,၀၀၀,၀၀၀ | |
| ၄၁ | **CS-2A** | အရက်ချက်လိုင်စင်ရ ဖိုထွက်အရက်၊ စက်ရုံထွက်အရက် (အရက်ဖြူ)ကို စားသောက်ဆိုင် (သို့) နားနေခန်း ဥပစာအတွင်းသောက်သုံးရန်၊ ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၅,၀၀၀ | ရန်ကုန်-မန္တလေး = ၁၀၀,၀၀၀<br>အခြားမြို့များ = ၅၀,၀၀၀ | မန်း = ၂၀၀,၀၀၀<br>အခြား = ၁၀၀,၀၀၀ | |
| ၄၂ | **CFL-2A** | ထန်းရည်၊ ဓနိရည်မှအပ အခြားလျှော်စာရည်များကို စားသောက်ဆိုင် (သို့) နားနေခန်းဥပစာအတွင်း သောက်သုံးရန်၊ ကောင်တာဖွင့်၍ လက်လီ ရောင်းချခွင့်လိုင်စင် | ၅၀၀ | ၅,၀၀၀ | မန်း = ၁၀၀,၀၀၀<br>အခြား = ၅၀,၀၀၀ | |
| ၄၃ | | ဘီလပ်ရည်၊ အဖျော်ရည်ထုတ်လုပ်ခွင့် လိုင်စင် | | | အမိန့်ကြော်ငြာစာ ထုတ်ပြန်၍သတ်မှတ်မည်။ | |

# မန္တလေးတိုင်းဒေသကြီး ကျေးရွာထင်းစိုက်ခင်းဥပဒေကြမ်း

## (၂၀ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် )

၁၃၇ ခုနှစ်၊ လ၊ ရက်

( ၂၀ ခုနှစ်၊ လ၊ ရက် )

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ နှင့် ဇယား (၂)၊ စဉ် (၄) (ဃ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာထင်းစိုက်ခင်းဆိုင်ရာလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မန္တလေးတိုင်းဒေသကြီးကျေးရွာထင်းစိုက်ခင်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့် နေ့ရက်မှစတင်၍ မန္တလေးတိုင်းဒေသကြီး တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကြိုးဝိုင်းတော**ဆိုသည်မှာ သစ်တောဥပဒေအရ ကြိုးဝိုင်းတောအဖြစ် ဖွဲ့စည်းထားသော နယ်မြေကို ဆိုသည်။

(ခ) **ကြိုးပြင်ကာကွယ်တော**ဆိုသည်မှာ သစ်တောဥပဒေအရ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာထားသော နယ်မြေကို ဆိုသည်။

(ဂ) **အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေ**ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေမှအပ အခြားမြေများကို ဆိုသည်။

(ဃ) **ထင်း**ဆိုသည်မှာ လောင်စာအဖြစ်သာ အသုံးပြုရန် သင့်လျော်သော သစ်ပင်၊ သစ်ပိုင်း သို့မဟုတ် သစ်စကို ဆိုသည်။

(င) **ထင်းစိုက်ခင်း**ဆိုသည်မှာ ထင်းအဖြစ် အသုံးပြုနိုင်ရန်အတွက် သစ်တောဦးစီးဌာနကဖြစ်စေ၊ ကျေးရွာလူထုကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ စိုက်ပျိုးတည်ထောင်ထိန်းသိမ်းထားသော သစ်တောစိုက်ခင်းကို ဆိုသည်။

(စ) **ကျေးရွာထင်းစိုက်ခင်း**ဆိုသည်မှာ သစ်တောဦးစီးဌာနက နှစ်အကန့်အသတ်အလိုက် စိုက်ပျိုးပေးပြီးနောက် ကျေးရွာပိုင်အဖြစ် ဆက်လက်ထိန်းသိမ်းသုံးစွဲရန် လွှဲပြောင်းပေးသည့် ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာလူထုက စုပေါင်းလုပ်အားဖြင့် စိုက်ပျိုးပြီး ထိန်းသိမ်းသုံးစွဲသော ကျေးရွာပိုင်ထင်းစိုက်ခင်းကို ဆိုသည်။

(ဆ) **တိုင်းဒေသကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ဇ) **တိုင်းဒေသကြီးအစိုးရ**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုဆိုသည်၊

(ဈ) **ဝန်ကြီးဌာန**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး၊ သစ်တောရေးရာဝန်ကြီးဌာနကိုဆိုသည်၊

(ည) **ဝန်ကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး သစ်တောရေးရာဝန်ကြီးဌာနကို တာဝန်ယူရသော ဝန်ကြီးကို ဆိုသည်၊

(ဋ) **ညွှန်ကြားရေးမှူး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးကို ဆိုသည်၊

(ဌ) **သစ်တောအရာရှိ**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး၊ ခရိုင် သို့မဟုတ် မြို့နယ် သစ်တောဦးစီး ဌာန၏ အကြီးအကဲကိုဆိုသည်၊

(ဍ) **သစ်တောဝန်ထမ်း**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန၏ တောကြပ်မှ ညွှန်ကြားရေးမှူးအထိ အဆင့်ဆင့်သော သစ်တောစီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထမ်းများကိုဆိုသည်၊

(ဎ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းပေးထားသော ကျေးရွာထင်းစိုက်ခင်း ကြီးကြပ်ရေး ကော်မတီကို ဆိုသည်၊

(ဏ) **အသုံးပြုသူများအဖွဲ့**ဆိုသည်မှာ သက်ဆိုင်ရာကျေးရွာထင်းစိုက်ခင်းကို စိုက်ပျိုးထိန်းသိမ်းသုံးစွဲရန် ကော်မတီ၏ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းထားသောအစုအဖွဲ့ကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မြေလွတ်မြေရိုင်းများ၊ ပျက်စီးနေသော ကာကွယ်တောများတွင် ထင်းသစ်တောစိုက်ခင်းများ ထူထောင်ခြင်းဖြင့် ဒေသဖွံ့ဖြိုးရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်၊

(ခ) မြေအသုံးချမှုတန်ဖိုး ပိုမိုရရှိစေရန်၊

(ဂ) ကျေးရွာလူထုက စုပေါင်းလုပ်အားဖြင့် စိုက်ပျိုးပြီး ထိန်းသိမ်းသုံးစွဲသော ကျေးရွာပိုင်ထင်းစိုက်ခင်းမှ ထုတ်ယူသုံးစွဲခြင်းဖြင့် သဘာဝလောင်စာ တိုးမြှင့်အသုံးပြုနိုင်ရန်။

## အခန်း (၃)

## ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခြင်း

၄။ ကျေးရွာပိုင်ထင်းစိုက်ခင်း တည်ထောင်လိုသူသည် သစ်တောဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ညွှန်ကြားရေးမှူးထံသို့ လျှောက်ထားရမည်။

၅။ ညွှန်ကြားရေးမှူးသည် ကျေးရွာပိုင်ထင်းစိုက်ခင်း၏ မြေဧရိယာကိုစိစစ်၍ သင့်လျော်သလို ခွင့်ပြုနိုင်သည်။

၆။ ညွှန်ကြားရေးမှူးသည် ကျေးရွာပိုင်ထင်းစိုက်ခင်း တည်ထောင်ခွင့်ပြုရန် ဝန်ကြီး၏သဘောတူညီချက် ကြိုတင်ရယူရမည်။

## အခန်း (၄)

## ကော်မတီဖွဲ့စည်းခြင်းနှင့်ကော်မတီ၏လုပ်ငန်းတာဝန်များ

၇။ ဝန်ကြီးသည် ခရိုင် သို့မဟုတ် မြို့နယ် ကျေးရွာထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းနိုင်သည်။ ကော်မတီကို အဖွဲ့ဝင်ငါးဦးမှကိုးဦးအထိ ပါဝင်ဖွဲ့စည်းနိုင်သည်။ ယင်းတို့အနက်မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးရမည်။

၈။ ကော်မတီဖွဲ့စည်းရာတွင် -

(က) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊

(ခ) မြေစာရင်းဦးစီးဌာန၊

(ဂ) သစ်တောဦးစီးဌာန၊

(ဃ) အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊

(င) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့မှ သက်ဆိုင်ရာ အကြီးအကဲအဆင့်ရှိ ပုဂ္ဂိုလ်များ၊

(စ) မြို့မိမြို့ဖကိုယ်စားလှယ်များ

ပါဝင်ဖွဲ့စည်းနိုင်သည်။

၉။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ နှစ်နှစ်ဖြစ်သည်။

၁၀။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ညွှန်ကြားရေးမှူးမှ စိစစ်ရန်ပေးပို့လာသော ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခွင့်ပြုရန် လျှောက်ထားလွှာများကို စိစစ်၍ ညွှန်ကြားရေးမှူးထံ ပြန်လည်တင်ပြခြင်း၊

(ခ) ကျေးရွာထင်းစိုက်ခင်း မြေနေရာရွေးချယ်မှုကို စစ်ဆေးတင်ပြခြင်း၊

(ဂ) ကျေးရွာထင်းစိုက်ခင်း လုပ်ငန်းအဆင့်ဆင့်တွင် သစ်တောဦးစီးဌာနနှင့် ကျေးရွာလူထုအကြား လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(ဃ) ကျေးရွာထင်းစိုက်ခင်းလုပ်ငန်းအဆင့်ဆင့်တွင် စည်းကမ်းဖောက်ဖျက်မှုများကို စစ်ဆေး၍ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း၊

(င) ကျေးရွာထင်းစိုက်ခင်းများမှ ထုတ်ယူသုံးစွဲခြင်းနှင့် ပြန်လည်စိုက်ပျိုးရေးတို့ကို စည်းကမ်းတကျ ဖြစ်စေရေးအတွက် ကြီးကြပ်ခြင်း၊

(စ) ကျေးရွာထင်းစိုက်ခင်းများ တိုးတက်အောင်မြင်စေရေးအတွက် လိုအပ်သော အကြံပြုချက်များကို ညွှန်ကြားရေးမှူး၊ ဝန်ကြီးတို့ထံ တင်ပြခြင်း၊

(ဆ) အသုံးပြုသူများအဖွဲ့ ဖွဲ့စည်းပေးခြင်း၊

(ဇ) ကျေးရွာထင်းစိုက်ခင်းများ အသုံးပြုသူများစာရင်း ပြောင်းလဲမှုရှိပါက စိစစ်၍အတည်ပြုပေးခြင်း။

## အခန်း (၅)

## သစ်တောအရာရှိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၁။ သစ်တောအရာရှိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ကျေးရွာထင်းစိုက်ခင်းများနှင့်စပ်လျဉ်း၍ စတင် စိုက်ပျိုးတည်ထောင်သည့်နှစ်တွင် ဒေသလိုအပ်ချက်နှင့်ကိုက်ညီသော ပျိုးပင်များကို ဖြန့်ဝေပေးခြင်း၊

(ခ) ထင်းစိုက်ခင်းအား ထိန်းသိမ်းကာကွယ်ခြင်းအတွက် နည်းပညာများ အသိပေးခြင်း၊ ညွှန်ပြပေးခြင်း၊

(ဂ) ကျေးရွာထင်းစိုက်ခင်းဆိုင်ရာလုပ်ငန်းများကို စနစ်တကျမှတ်တမ်းထားရှိ၍ ထိန်းသိမ်းဆောင်ရွက်ခြင်း၊

(ဃ) ကျေးရွာထင်းစိုက်ခင်းများ၏ အသုံးပြုသူများအဖွဲ့က စိုက်ခင်းစီမံအုပ်ချုပ်ခြင်း၊ ခုတ်ယူထုတ်လုပ်ခြင်း၊ ပြန်လည်စိုက်ပျိုးခြင်းဆိုင်ရာ စီမံချက်များရေးဆွဲရာတွင် အထောက်အပံ့ဖြစ်စေရန် ကြီးကြပ်ခြင်း၊ ကူညီခြင်း၊

(င) ကျေးရွာထင်းစိုက်ခင်းမှထုတ်ယူသော ထင်းများကို ကျေးရွာအတွက် အသုံးပြုခြင်းမှအပ ရောင်းဝယ်ဖောက်ကားမှုအတွက်ဖြစ်လျှင် သတ်မှတ်ထားသော အခွန်အခကောက်ခံခြင်း၊

(စ) ကျေးရွာထင်းစိုက်ခင်းမှထွက်ရှိသော ထင်းနှင့်သစ်တောထွက်ပစ္စည်းများ သယ်ယူရွှေ့ပြောင်းခြင်းကို သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ ခွင့်ပြုခြင်း၊ အရေးယူခြင်း၊

(ဆ) ကျေးရွာထင်းစိုက်ခင်း တည်ထောင်ထားသည့်မြေအား အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုမှု၊ လွှဲပြောင်းရောင်းချမှု၊ အဆောက်အဦ ဆောက်လုပ်နေထိုင်မှုများ မရှိစေရေးအတွက် စစ်ဆေးကြီးကြပ်ခြင်း။

## အခန်း (၆)
## ကျေးရွာထင်းစိုက်ခင်းတည်ထောင်သူ၏လုပ်ငန်းတာဝန်များ

၁၂။ ကျေးရွာထင်းစိုက်ခင်း တည်ထောင်လိုသူသည် သစ်တောဦးစီးဌာနကသတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

၁၃။ ကျေးရွာထင်းစိုက်ခင်းကို စိုက်ပျိုးထိန်းသိမ်းသုံးစွဲရန် ကော်မတီ၏ခွင့်ပြုချက်ဖြင့် အသုံးပြုသူများအဖွဲ့ကို ဖွဲ့စည်းရမည်။ အသုံးပြုသူများအဖွဲ့သည် ကော်မတီ၏ကြီးကြပ်မှုခံယူ၍ ကျေးရွာထင်းစိုက်ခင်း လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ရမည်။ အသုံးပြုသူများအဖွဲ့သည် ဝန်ကြီးဌာနကထုတ်ပြန်သော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျေးရွာထင်းစိုက်ခင်း လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ရမည်။

၁၄။ ကျေးရွာထင်းစိုက်ခင်းတည်ထောင်သူ သို့မဟုတ် အသုံးပြုသူများအဖွဲ့တို့သည် -

(က) သစ်တောဦးစီးဌာနက ဖြန့်ဝေပေးသော နည်းပညာများအတိုင်း ဆောင်ရွက်ရန်၊

(ခ) ကျေးရွာထင်းစိုက်ခင်းဆိုင်ရာလုပ်ငန်းများကို စနစ်တကျ မှတ်တမ်းထားရှိရန်၊

(ဂ) ကျေးရွာထင်းစိုက်ခင်းအတွက် စီမံအုပ်ချုပ်ခြင်း၊ စိုက်ပျိုးခြင်း၊ ခုတ်ယူထုတ်လုပ်ခြင်း၊ ပြန်လည်စိုက်ပျိုးခြင်းဆိုင်ရာ စီမံချက်ရေးဆွဲတင်ပြရန်၊

(ဃ) ကျေးရွာထင်းစိုက်ခင်း တည်ထောင်သည့်မြေအား အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ အဆောက်အဦ ဆောက်လုပ်နေထိုင်ခြင်းမပြုရန်၊

(င) ကျေးရွာထင်းစိုက်ခင်းအတွင်း သဘာဝအလျောက် ပေါက်ရောက်နေသော တားမြစ်ရာပါ သစ်ပင်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနသို့ စနစ်တကျ တင်ပြထိန်းသိမ်းထားရန်၊

(စ) ကျေးရွာထင်းစိုက်ခင်းမှ ထုတ်ယူသောထင်းအား ရောင်းဝယ်ဖောက်ကားခြင်းပြုပါက သတ်မှတ်ထားသော အခွန်အခပေးဆောင်ရန်

တာဝန်ရှိသည်။

## အခန်း (၇)

## စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း

၁၅။ ကော်မတီသည် ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်ခြင်း၊ ထိန်းသိမ်းပြုစုခြင်း၊ ကာကွယ်ခြင်း၊ ခုတ်လှဲထုတ်လုပ်ခြင်း လုပ်ငန်းအဆင့်ဆင့်ကို စစ်ဆေးရမည်။

၁၆။ သစ်တောအရာရှိသည် ကျေးရွာထင်းစိုက်ခင်းများ၏ လုပ်ငန်းအဆင့်ဆင့်ကို သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများနှင့်ညီညွတ်စေရန် စစ်ဆေးရမည်။

၁၇။ မည်သူမဆိုသတ်မှတ်ထားသော စည်းကမ်းချက်၊ ညွှန်ကြားချက်များကို ဖောက်ဖျက်လျှင်ဖြစ်စေ သို့မဟုတ် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်ဖြစ်စေ ထိုသူကို ကော်မတီသည် အောက်ပါစီမံခန့်ခွဲရေး ပြစ်ဒဏ်ချမှတ်နိုင်သည် -

(က) သတ်မှတ်ထားသော ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊

(ခ) ကျေးရွာပိုင်ထင်းစိုက်ခင်း အသုံးပြုသူများစာရင်းမှ ပယ်ဖျက်ခြင်း၊

(ဂ) ကာလသတ်မှတ်၍ ထင်းထုတ်ယူသုံးစွဲခြင်းမှ တားမြစ်ခြင်း၊

၁၈။ သစ်တောအရာရှိသည် ကျေးရွာသုံးထင်းစိုက်ခင်းမှ ထုတ်ယူသောထင်းကို သတ်မှတ်ထားသည့် အခွန်အခပေးဆောင်ခြင်းမပြုဘဲ ရောင်းဝယ်ဖောက်ကားသူအား ကျပ်ငါးထောင်ထက်မပိုသော ဒဏ်ကြေး ငွေနှင့် သတ်မှတ်ထားသော အခွန်အခပေးဆောင်စေပြီး၊ ဆက်လက် ရောင်းချခွင့်ပြုနိုင်သည်။ ပေးဆောင်ရန် ပျက်ကွက်ပါက ထင်းကို ထိန်းသိမ်းထားခြင်း၊ ကျေးရွာပိုင်ထင်းအဖြစ် သိမ်းဆည်းခြင်းပြုနိုင်သည်။

## အခန်း (၈)

## အယူခံခြင်း

၁၉။ (က) ဤဥပဒေအရ ကော်မတီ သို့မဟုတ် သစ်တောအရာရှိက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးထံ သတ်မှတ်ထားသည့်အတိုင်း အယူခံဝင်နိုင်သည်။

(ခ) ညွှန်ကြားရေးမှူးသည် ကော်မတီ သို့မဟုတ် သစ်တောအရာရှိကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၀။ (က) ဤဥပဒေအရ ညွှန်ကြားရေးမှူးကချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ် သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

(ခ) ဝန်ကြီးသည် ညွှန်ကြားရေးမှူးကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၉)

## တားမြစ်ချက်များ

၂၁။ မည်သူမဆို ကျေးရွာပိုင် ထင်းစိုက်ခင်းအတွင်းရှိ သစ်ပင်များကို ခွင့်ပြုချက်မရှိဘဲ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖျက်ဆီးခြင်း၊ စိုက်ခင်းသုံးမြေကို တူးဆွခြင်း မပြုရ။

၂၂။ မည်သူမဆို ကျေးရွာပိုင် ထင်းစိုက်ခင်းအတွင်းသို့ ကျူးကျော်ဝင်ရောက်ခြင်း၊ ကျူးကျော် နေထိုင်ခြင်း မပြုရ။

၂၃။ မည်သူမဆို ကျေးရွာပိုင် ထင်းစိုက်ခင်းမှထွက်ရှိသော သစ်၊ တိုင်၊ မျော၊ ထင်း စသည့် သစ်တောထွက် ပစ္စည်းတစ်ခုခုကို ခိုးယူခြင်းမပြုရ။

၂၄။ မည်သူမဆို ကျေးရွာပိုင်ထင်းစိုက်ခင်း တည်ထောင်ခွင့်ပြုသည့်မြေကို ခွင့်ပြုချက်မရှိဘဲ အခြား မြေအဖြစ် ပြောင်းလဲအသုံးပြုခြင်း၊ အဆောက်အဦ ဆောက်လုပ်နေထိုင်ခြင်း၊ လွှဲပြောင်းရောင်းချခြင်း မပြုလုပ်ရ။

## အခန်း (၁၀)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၅။ မည်သူမဆို ပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ် (၆) လအထိ ဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ် (၃) လအထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ကျခံစေရမည်။

၂၇။ မည်သူမဆို ပုဒ်မ ၂၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် (၂) နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၈။ မည်သူမဆို ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် (၁) နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၉။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

၃၀။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှား တွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့်ပြစ်ဒဏ်အပြင် -

(က) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားစက်ပစ္စည်းကိရိယာ တန်ဆာပလာ များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ပြစ်မှုနှင့်သက်ဆိုင်သော သစ်တောထွက်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့် ချမှတ်ရမည်။

(ဂ) ပြစ်မှုကျူးလွန်ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ကျေးရွာထင်းစိုက်ခင်းတည်ထောင်သူ သို့မဟုတ် အသုံးပြုသူများအဖွဲ့သို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်။

၃၁။ တရားရုံးသည် -

(က) ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းသည့် သစ်တောထွက်ပစ္စည်းများကို သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။

(ခ) ပုဒ်မ ၂၆၊ ၂၈ တို့အရ တပ်ရိုက်သည့် ငွေဒဏ်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆုံးရှုံးနစ်နာသည့် ကျေးရွာထင်းစိုက်ခင်းတည်ထောင်သူ သို့မဟုတ် အသုံးပြုသူများအဖွဲ့အား နစ်နာကြေးအဖြစ် ထုတ်ပေးနိုင်သည်။

## အခန်း (၁၁)

## အထွေထွေ

၃၂။ ဤဥပဒေအရ သစ်တောဦးစီးဌာနက ရရန်ရှိသောငွေများကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။ ဤကိစ္စအလို့ငှာ ဝန်ကြီးက တာဝန်ပေးအပ်သော သစ်တောအရာရှိသည် တည်ဆဲဥပဒေများအရ ကောလိပ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့် ရှိစေရမည်။

၃၃။ ပြည်သူ့ရဲတပ်ဖွဲ့သည် ကော်မတီ သို့မဟုတ် သစ်တောဝန်ထမ်းများက ယင်းတို့၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌ အကူအညီတောင်းခံလာလျှင် လိုအပ်သော အကူအညီများကို ပေးရမည်။

၃၄။ ဤဥပဒေအရ ကျူးလွန်သည့် ပြစ်မှုများအား ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သဘောရိုးဖြင့် လုပ်ငန်းတာဝန်ဆောင်ရွက်သော ကော်မတီ သို့မဟုတ် သစ်တောအရာရှိတို့အပေါ် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်း မရှိစေရ။

၃၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် -

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ညွှန်ကြားရေးမှူးက ထုတ်ပြန်နိုင်သည်။

# မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကပိုင် "မော်တော်ယာဉ်လုပ်ငန်း" ယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေကြမ်း

**( ၂၀၁၂ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် )**

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် )

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **မန္တလေးတိုင်းဒေသကြီးပုဂ္ဂလိကပိုင် မော်တော်ယာဉ်လုပ်ငန်း** ယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေ ဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေကို ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ မန္တလေးတိုင်းဒေသကြီးတစ်ဝန်းလုံး၌ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင် အခြားအဓိပ္ပာယ်ကောက်ရန် မလိုလျှင် –

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **ကော်မတီ**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(စ) **ယာဉ်ပိုင်ရှင်**ဆိုသည်မှာ မော်တော်ယာဉ်ဥပဒေအရ ပြဋ္ဌာန်းသည့် ဥပဒေ၊ နည်းဥပဒေများ နှင့်အညီ ကော်မတီ၏ကြီးကြပ်မှုအောက်တွင် ပြေးဆွဲလုပ်ကိုင်နေကြသော ယာဉ်ပိုင်ဆိုင်ခွင့်ရှိသည့် ယာဉ်၏ပိုင်ရှင်ကို ဆိုလိုသည်။

(ဆ) **ယာဉ်လုပ်သား**ဆိုသည်မှာ ကော်မတီ၏ကြီးကြပ်မှုအောက်၌ ပြေးဆွဲလုပ်ကိုင်နေသော ယာဉ်တွင် ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်အဖြစ် ဤကော်မတီက အသိအမှတ်ပြုလက်မှတ် ထုတ်ပေး ခန့်ထားသူများကို ဆိုလိုသည်။

(ဇ) **ကော်မတီရုံးဝန်ထမ်း**ဆိုသည်မှာ ကော်မတီက နည်းဥပဒေနှင့်အညီ ခန့်ထားသူများကို ဆိုလို ပါသည်။

(ဈ) **နည်းဥပဒေများ**ဆိုသည်မှာ ဤဥပဒေအရ အစိုးရအဖွဲ့ကထုတ်ပြန်သော နည်းဥပဒေများကို ဆိုလိုသည်။

(ည) **မော်တော်ယာဉ်လုပ်ငန်း**ဆိုသည်မှာ ပုဂ္ဂလိကပိုင်မော်တော်ယာဉ်ကို အသုံးပြု၍ စီးပွားရေး လုပ်ကိုင်သော မည်သည့်စီးပွားရေးလုပ်ငန်းမဆို ပါဝင်သည်။

(ဋ) **ပုဂ္ဂလိကပိုင်မော်တော်ယာဉ်**ဆိုသည်မှာ နိုင်ငံတော်ပိုင်ယာဉ်မှတစ်ပါး ကျန်ပုဂ္ဂလိကပိုင် ယာဉ် တစ်မျိုးမျိုးကို ဆိုသည်။

## အခန်း (၂)

## ကော်မတီဖွဲ့စည်းခြင်း

၃။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ထားသော နည်းလမ်းများအတိုင်း ရွေးချယ်၍ မန္တလေးတိုင်းဒေသကြီး **ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ**ကို ဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ဖျက်သိမ်းခြင်းတို့ ပြုနိုင်သည်။

၄။ ကော်မတီသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် လိုအပ်ချက်နှင့်အညီ လိုအပ်သည့်ဒေသများတွင် ခရိုင်အဆင့်နှင့်မြို့နယ်အဆင့် ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးနိုင်သည်။

၅။ ကော်မတီအဆင့်ဆင့်၏ ကော်မတီအဖွဲ့ဝင်များအရည်အချင်းကိုလည်းကောင်း၊ ကော်မတီအဆင့်ဆင့် ရွေးချယ်ဖွဲ့စည်းရန် နည်းလမ်းနှင့် ကော်မတီအဖွဲ့ဝင် အရေအတွက်ကိုလည်းကောင်း နည်းဥပဒေဖြင့် သတ်မှတ်ရမည်။

၆။ ကော်မတီ၏သက်တမ်းမှာ အစိုးရအဖွဲ့က အတည်ပြုခန့်ထားသည့်နေ့မှစ၍ (၂) နှစ်ဖြစ်သည်။ ကော်မတီအသစ် ရွေးချယ်ပြီးသည့်အခါတိုင်း ကော်မတီအဟောင်းသည် ကော်မတီအသစ်ထံသို့ တာဝန်နှင့် လုပ်ငန်းအရပ်ရပ်၊ ခံစားပိုင်ခွင့် အရပ်ရပ်ကို (၁၅) ရက်အတွင်း စနစ်တကျ လွှဲပြောင်းပေးရမည်။

## အခန်း (၃)

## ကော်မတီ၏လုပ်ငန်းတာဝန်များ

၇။ ခရီးသည်နှင့်ကုန်စည်များ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေးနှင့် ကုန်စည်စီးဆင်းမှုမှန်ကန်စေရေးနှင့် တိုင်းမော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ လုပ်ကိုင်သူများ အသက်မွေးမှုအဆင်ပြေစေရေးအတွက် ရည်ရွယ်၍ ကော်မတီ၏တာဝန်များကို အောက်ပါအတိုင်းသတ်မှတ်သည် –

(က) ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး၊

(ခ) ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေး၊

(ဂ) ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၏ ဘဝတိုးတက်စေရန် ကြံဆဆောင်ရွက်ရေး၊

(ဃ) မော်တော်ယာဉ်အသင်းများ စနစ်တကျရှိရေး၊

(င) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းကြပ်မတ်ရာတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ရေး၊

(စ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသော ခေတ်မီပို့ဆောင်ရေးယာဉ်များသုံးစွဲရေးနှင့် ခေတ်မီပို့ဆောင်ရေးစနစ်ဖြစ်ထွန်းစေရန် ပူးပေါင်းဆောင်ရွက်ရေး၊

(ဆ) ကော်မတီ၏ကြီးကြပ်မှုတွင် အကျုံးဝင်သည့် ယာဉ်နှင့်ယာဉ်လုပ်သားများ တည်ဆဲဥပဒေနှင့်အညီ လိုက်နာရန် ညွှန်ကြားမှုပြုရေး၊

(ဇ) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံလုပ်ငန်းများ ရှင်သန်စေရေးအတွက် အခါအားလျော်စွာ လိုအပ်သည့် လုပ်ငန်းများကို ဝန်ကြီး၏သဘောတူညီချက်ဖြင့် တည်ထောင်လုပ်ကိုင်ရေး၊

(ဈ) လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း၊ ယာဉ်အသင်းများလွှဲပြောင်းမှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်ပြီးသော ယာဉ်များလုပ်ငန်းဆောင်ရွက်ရာတွင် စနစ်တကျရှိစေခြင်း၊ ကော်မတီ၏ရန်ပုံငွေနှင့် အဆောက်အဦ၊ ပစ္စည်းများသုံးစွဲထိန်းသိမ်းခြင်းကို နည်းဥပဒေနှင့်အညီ စီမံခန့်ခွဲရေး၊

(ည) လိုအပ်သည့်စာရင်းဇယား၊ အစီရင်ခံစာများ၊ လုပ်ငန်းဆောင်ရွက်မှု အခြေပြဇယားများကိုပြုစု၍ ဝန်ကြီးထံ သတ်မှတ်ကာလများတွင် တင်ပြရေးနှင့် သက်ဆိုင်ရာမှတောင်းခံသော စာရင်းဇယား၊ အစီရင်ခံစာများကို အချိန်မီတင်ပြရန်စီမံဆောင်ရွက်ရေး၊

(ဃ) ကော်မတီသည် မိမိအစည်းအဝေးဆုံးဖြတ်ချက် မှတ်တမ်းများအား မိတ္တူနှင့်မှတ်တမ်းမိတ္တူကို ဝန်ကြီးထံပေးပို့ရမည်။

## အခန်း (၄)
## လုပ်ပိုင်ခွင့်များ

၈။ ကော်မတီသည် အောက်ပါလုပ်ပိုင်ခွင့်များကို ကျင့်သုံးနိုင်သည် –

(က) **မော်တော်ယာဉ်လုပ်ငန်း**လုပ်ကိုင်လိုသော ပုဂ္ဂိုလ်နှင့်အသင်းသည် ကော်မတီတွင်မှတ်ပုံတင်၍ လုပ်ငန်းလုပ်ကိုင်စေခြင်း၊

(ခ) ဤဥပဒေအရမှတ်ပုံတင်ပြီးသော မော်တော်ယာဉ် (သို့တည်းမဟုတ်) မော်တော်ယာဉ် အသင်းများ၏ **မော်တော်ယာဉ်လုပ်ငန်း**လုပ်ကိုင်ခြင်းတွင် စနစ်ကျစေရေး၊ အဆင်ပြေချောမွေ့စေရေး အတွက် စီမံဆောင်ရွက်ခြင်း၊ နည်းဥပဒေနှင့်အညီ အဖွဲ့လိုက်ကွင်းဆင်းစစ်ဆေးအရေးယူစေခြင်း၊

(ဂ) ရုံးနှင့်ဌာနခွဲများ၊ ဒေသဆိုင်ရာကော်မတီအဆင့်ဆင့်တို့အား လိုအပ်သလို ကြီးကြပ်ဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်း၊

## အခန်း (၅)
## ဘဏ္ဍာရေး

၉။ ကော်မတီသည် နည်းဥပဒေနှင့်အညီ ရှာဖွေကောက်ခံစုဆောင်းရရှိသောငွေဖြင့် ရပ်တည်ရမည်။ ထို့အပြင် စာရင်းစစ်ခံယူနိုင်ရန် တာဝန်ခံရမည်။ ရန်ပုံငွေခွဲဝေသုံးစွဲခြင်းကို တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့်အညီ စာရင်းပြုစုသုံးစွဲရမည်။

၁၀။ ရန်ပုံငွေသုံးစွဲခြင်းအတွက် လိုအပ်သော နည်းဥပဒေများကို အစိုးရအဖွဲ့က ထုတ်ပြန်ရမည်။

၁၁။ ကော်မတီသည် မိမိရန်ပုံငွေကို သီးခြားဘဏ်စာရင်း ဖွင့်လှစ်ထားရှိရမည်။ ရန်ပုံငွေသုံးစွဲရာတွင် ကော်မတီနှင့် မော်တော်ယာဉ်လုပ်ငန်း လုပ်ကိုင်သူများ၏အကျိုးကို ရည်ရွယ်၍ သုံးစွဲရမည့်အပြင် အစည်းအဝေး ဆုံးဖြတ်ချက်ရှိရမည်။ သုံးစွဲသည့် ငွေကြေးပမာဏအပေါ် မူတည်၍ နည်းဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁၂။ ကော်မတီသည် **မော်တော်ယာဉ်လုပ်ငန်း**လုပ်ကိုင်သူများ၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများ၊ ကော်မတီရုံးဝန်ထမ်းများ၏ သက်သာချောင်ချိရေးလုပ်ငန်းများတွင် နည်းဥပဒေနှင့်အညီ ငွေကြေး သုံးစွဲနိုင်သည်။

၁၃။ လတ်တလောအသုံးပြုရန် မလိုအပ်သည့် ရန်ပုံငွေများကို လုပ်ငန်းတိုးတက်စေရန်နှင့် ရန်ပုံငွေတိုးပွား စေရန် နည်းဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုပြုနိုင်သည်။

## အခန်း (၆)
## ဝန်ထမ်းဖွဲ့စည်းပုံ

၁၄။ ကော်မတီသည် လုပ်ငန်းတာဝန်များကို အခြေခံလျက် လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို ဝန်ကြီး၏ အတည်ပြုချက်ဖြင့် ရေးဆွဲထားရှိရမည်။

၁၅။ ကော်မတီသည် ဝန်ထမ်းများခန့်ထားရာတွင် တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝန်ထမ်း ဖွဲ့စည်းပုံအတွင်း ခန့်ထားနိုင်ခွင့်ရှိသည်။

၁၆။ ကော်မတီသည် ဝန်ထမ်းများခန့်ထားရာတွင် နှစ်စဉ်ရရှိသောဝင်ငွေ၏ (၃၀ ရာခိုင်နှုန်း) ထက်ကျော်လွန်၍ သုံးစွဲခြင်းမပြုရ။

၁၇။ ကော်မတီသည် ဝန်ထမ်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန်အလို့ငှာ ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များကို ရုံးအကြီးအကဲအား လိုအပ်သလို လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း (၇)

## ရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်း

၁၈။ ကော်မတီသည် စာရင်းများကို နည်းလမ်းတကျ ထိန်းသိမ်းထားရှိနိုင်ရန်နှင့် စစ်ဆေးခြင်းပြုရန်အလို့ငှာ ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့်ညှိနှိုင်း၍ သတ်မှတ်ရမည်။

၁၉။ ရုံးအကြီးအကဲသည် –

(က) ကော်မတီကသတ်မှတ်ထားသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းပြုစု ထိန်းသိမ်းထားရှိရမည်။

(ခ) ပုဒ်မခွဲ (က) အရ ပြုစုထိန်းသိမ်းထားရှိသည့် စာရင်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တာဝန်ပေးအပ်သူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း (၈)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၀။ မည်သူမဆို ဤကော်မတီ၏ စီမံခန့်ခွဲမှုအောက်ရှိ ယာဉ်လိုင်းတစ်ခုခုသို့ ဝင်ရောက်ခြင်းမရှိဘဲ ယာဉ်ကို ပြေးဆွဲခြင်းမပြုရ။ ဤပုဒ်မပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူအား ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ် (၂) ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၁။ မည်သူမဆို နည်းဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း (သို့) လိုက်နာရန် ပျက်ကွက်ကြောင်းထင်ရှားလျှင် ကော်မတီက ထိုသူအား စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ရမည်။

၂၂။ ကော်မတီ၏စီမံခန့်ခွဲမှုအောက်ရှိ ယာဉ်များသည် သက်ဆိုင်ရာယာဉ်လိုင်းများတွင် ပြေးဆွဲသည့်အခါ သတ်မှတ်ထားသည့် ဂိတ်၊ နေရာများတွင် လက်မှတ်ရေးထိုးရမည်။ ဤပုဒ်မပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်လျှင် ကော်မတီက သက်ဆိုင်ရာယာဉ်ပြေးဆွဲမှုကို ကာလသတ်မှတ်၍ တားမြစ်ပိတ်ပင်ခြင်း (သို့) ရပ်ဆိုင်းခြင်း (သို့) ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၃။ ဥပဒေနှင့်နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆက်လက်ဖောက်ဖျက်ကျူးလွန်လျှင် (သို့) လိုက်နာရန် ပျက်ကွက်လျှင် -

(က) ပုဒ်မ ၂၀ ပါပြဋ္ဌာန်းချက်ကို ကျူးလွန်ခြင်းဖြစ်ပါက ထိုသူကို ဆက်လက်ကျူးလွန်ခြင်း (သို့) ပျက်ကွက်ခြင်းပြုသည့် နေ့အသီးသီးအတွက် တစ်ရက်လျှင် အနည်းဆုံး ငွေဒဏ်ကျပ် (၅) သောင်းမှ အများဆုံး ငွေဒဏ်ကျပ် (၁) သိန်းအထိ ချမှတ်နိုင်သည်။

(ခ) ပုဒ်မ ၂၁ ပါပြဋ္ဌာန်းချက်ကို ဆက်လက်ဖောက်ဖျက်ကျူးလွန်ခြင်း (သို့) ပျက်ကွက်ခြင်းပြုသည့် နေ့အသီးသီးအတွက် ကော်မတီက တစ်ရက်လျှင် အနည်းဆုံးငွေဒဏ်ကျပ် (၁) သောင်းနှင့် အများဆုံးငွေဒဏ်ကျပ် (၅) သောင်းအထိ တပ်ရိုက်နိုင်သည်။

၂၄။　မည်သူမဆို ဤဥပဒေအရထုတ်ပြန်သည့် စည်းကမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း (သို့) လိုက်နာရန်ပျက်ကွက်ကြောင်း ထင်ရှားလျှင် ထိုသူကို၊ ကော်မတီက သက်ဆိုင်ရာယာဉ်ပြေးဆွဲမှုကို ကာလသတ်မှတ်၍ တားမြစ်ပိတ်ပင်ခြင်း (သို့) ရပ်ဆိုင်းခြင်း ပြုနိုင်သည်။

၂၅။　ကော်မတီကချမှတ်သည့် စီမံခန့်ခွဲရေးပြစ်ဒဏ်အပေါ် ကာယကံရှင်ကနစ်နာသည်ဟု ဝန်ကြီးထံ ရက်ပေါင်းသုံးဆယ်အတွင်း ပြုနိုင်သည်။

## အခန်း (၉)

## အထွေထွေ

၂၆။　ကော်မတီသည် ကိုယ်ပိုင်အမည်ဖြင့် ဥပဒေနှင့်အညီဆက်ခံခွင့် တရားစွဲဆိုနိုင်ခွင့်နှင့်တရားစွဲဆို ခံနိုင်ခွင့် ရှိစေရမည်။

၂၇။　ဤဥပဒေပုဒ်မ ၂၀ အရ အရေးယူသော ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့် ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၂၈။　ယခင် ယာဉ်လုပ်ငန်းပေါင်းစုံကြီးကြပ်ရေးကော်မတီသည် ဥပဒေအရဖွဲ့စည်းထားသည့် ကော်မတီထံ လုပ်ငန်းနှင့်ပိုင်ဆိုင်ခွင့်အရပ်ရပ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တာဝန်ပေးခန့်ထားသော အဖွဲ့အစည်း တစ်ခု၏ကြီးကြပ်မှုဖြင့် လွှဲပြောင်းပေးအပ်စေရမည်။

၂၉။　ဤဥပဒေသည် (၁၉၆၃ခုနှစ်)၊ ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးဥပဒေ၊ (၁၉၆၄ခုနှစ်) မော်တော်ယာဉ်ဥပဒေ၊ (၂၀၀၈ခုနှစ်) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၉၈ တို့နှင့်မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

၃၀။　ကော်မတီက ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် –

(က)　အစိုးရအဖွဲ့သည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ)　ဝန်ကြီးသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည်။

# မန္တလေးတိုင်းဒေသကြီးမီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဥပဒေကြမ်း

## ( ၂၀၁၂ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် )

၁၃၇၃ ခုနှစ်၊ လ ရက်

( ၂၀၁၂ ခုနှစ်၊ လ ရက် )

မန္တလေးတိုင်းဒေသကြီးအတွင်း မီးဘေးနှင့်သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာသည့်အခါ ဆုံးရှုံးမှု နည်းပါးသည်ထက်နည်းပါးစေရန်အလို့ငှာ ကြိုတင်မျှော်မှန်း၍ ဆောင်ရွက်သင့်သည်များကို ရေတိုရေရှည်စီမံချက်များဖြင့် စီမံဆောင်ရွက်ပေးရန် ရည်ရွယ်၍ ဤဥပဒေကို ပြဋ္ဌာန်းရခြင်းဖြစ်သည်။

### အခန်း (၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မန္တလေးတိုင်းဒေသကြီးမီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး** ဟု ခေါ်တွင်စေရမည်။

(က) ဤဥပဒေသည် မန္တလေးတိုင်းဒေသကြီးတစ်ဝန်းလုံးတွင် အာဏာသက်ရောက်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကိုဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို တာဝန်ယူရသည့် တိုင်းဒေသကြီးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို တာဝန်ယူရသည့် တိုင်းဒေသကြီးဝန်ကြီးကိုဆိုသည်။

(င) **သဘာဝဘေးအန္တရာယ်**ဆိုသည်မှာ ရာသီဥတုဖောက်ပြန်ခြင်း၊ ရေဘေး၊ လေဘေး၊ ပထဝီအနေအထားပြောင်းလဲခြင်း၊ ဇီဝဘေးအန္တရာယ်များ၊ ဓာတု၊ စက်မှု၊ အဏုမြူအန္တရာယ်၊ မီးအန္တရာယ်နှင့် အခြားဘေးအန္တရာယ်တစ်ခုခုကို ဆိုသည်။

(စ) **ကော်မတီ**ဆိုသည်မှာ တိုင်းဒေသကြီး မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကော်မတီကို ဆိုသည်။

(ဆ) **မီးသတ်တပ်ဖွဲ့**ဆိုသည်မှာ မီးသတ်ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသည့် မီးသတ်တပ်ဖွဲ့ကို ဆိုသည်။

(ဇ) **အရန်မီးသတ်တပ်ဖွဲ့**ဆိုသည်မှာ မီးသတ်ဦးစီးဌာနက ဖွဲ့စည်းတည်ထောင်သည့် စေတနာ့ဝန်ထမ်းမီးသတ်တပ်ဖွဲ့ကိုဆိုသည်။

(ဈ) **သီးသန့်မီးသတ်တပ်ဖွဲ့**ဆိုသည်မှာ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းဌာနနှင့် မီးဘေးစိုးရိမ်ရသော လုပ်ငန်းများတွင် မီးသတ်ဦးစီးဌာန၏ညွှန်ကြားချက် (သို့မဟုတ်) ခွင့်ပြုချက်ဖြင့် ပိုင်ရှင် (သို့မဟုတ်) စီမံခန့်ခွဲသူက ဖွဲ့စည်းတည်ထောင်သည့် မီးသတ်တပ်ဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်၊ နိုင်ငံတော်ပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပိုင်ပစ္စည်းများနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပျက်စီးဆုံးရှုံးမှု မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်တားဆီးရန်၊

(ခ) မီးသတ်တပ်ဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့များနှင့် သီးသန့်မီးသတ်တပ်ဖွဲ့များကို စနစ်တကျ ဖွဲ့စည်း၍ လေ့ကျင့်သင်ကြားပေးရန်၊

(ဂ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ် တစ်မျိုးမျိုးကျရောက်မည်ကို ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ သီးသန့်မီးသတ်တပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်နိုင်ကြရန်၊

(ဃ) မမျှော်လင့်ဘဲ သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ဆုံးရှုံးမှုနည်းပါးသည်ထက် နည်းပါးစေရေးအတွက် ကြိုတင်မျှော်မှန်း၍ ဆောင်ရွက်သင့်သည်များကို ရေတိုရေရှည်စီမံချက်များဖြင့် စီမံဆောင်ရွက်ထားနိုင်ရန်၊

(င) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကျရောက်လာလျှင် အရေးပေါ်ကယ်ဆယ်စောင့်ရှောက်ရေး လုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့တွင် ပြည်သူများ နိုးကြားစွာ ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရန်၊

(စ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများအား ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုကိုရရှိရန်အတွက် ပညာပေးစည်းရုံးလှုံ့ဆော်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်၊

(ဆ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ပြည်သူလူထုအား အသိပညာ ပေးခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း၊ လိုအပ်လျှင် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ရန်။

## အခန်း (၃)
## မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကော်မတီအဆင့်ဆင့်ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးသည် တိုင်းဒေသကြီးမီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၅။ တိုင်းဒေသကြီး မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီသည် လုပ်ငန်း ကော်မတီနှင့် သက်ဆိုင်ရာဆပ်ကော်မတီများအား ဝန်ကြီး၏သဘောတူညီချက်ဖြင့် လိုအပ်ချက်အရ ဖွဲ့စည်းနိုင်သည်။

၆။ တိုင်းဒေသကြီး မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီသည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ခရိုင်နှင့်မြို့နယ် မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၇။ မြို့နယ် မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီများကို ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)

## ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းအစီအမံများ ချမှတ်ခြင်း၊

(ခ) မီးလောင်မှုဖြစ်ပွားသည့်အခါ ထိရောက်စွာမီးငြိမ်းသတ်နိုင်ရေးအတွက် လိုအပ်သော အစီအမံများ ချမှတ်ခြင်း၊

(ဂ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် တစ်မျိုးမျိုးကျရောက်သည့်အခါ ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးအတွက် မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ သီးသန့်မီးသတ်တပ်ဖွဲ့များ၊ လူမှုရေး အသင်းအဖွဲ့များ ပါဝင်ကူညီဆောင်ရွက်ရမည့် အစီအစဉ်များချမှတ်ခြင်း၊

(ဃ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီအဆင့်ဆင့်တို့၏ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊

(င) လူမှုရေးလုပ်ငန်းများဆောင်ရွက်နေသော အခြားအဖွဲ့အစည်းများနှင့်ဆက်သွယ်ခြင်း၊ ပူးပေါင်း ဆောင်ရွက်ခြင်း။

## အခန်း (၅)

## မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ

၉။ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီအဆင့်ဆင့်သည် -

(က) ကော်မတီကချမှတ်ထားသော လုပ်ငန်းစဉ်နှင့်အညီ မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

(ခ) မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုကိုရရှိရန် ပညာပေးစည်းရုံးခြင်းပြုရမည်။

(ဂ) မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါတွင် ချမှတ်ထားသည့် လုပ်ငန်းစဉ် များနှင့်အညီ မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ ပါဝင်ကူညီဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သလို ကြီးကြပ်ကွပ်ကဲရမည်။

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သူများ လိုက်နာရမည့် မီးဘေးနှင့်သဘာဝဘေး ကြိုတင်ကာကွယ်ရေးဆိုင်ရာညွှန်ကြားချက်များကို အခါအားလျော်စွာ ထုတ်ပြန်ရမည်။

(င) ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ လိုက်နာခြင်းရှိ၊ မရှိ လိုအပ်သလို စစ်ဆေးခြင်း၊ စစ်ဆေးစေခြင်း ပြုရမည်။

(စ) မီးသတ်ယာဉ်၊ ကွပ်ကဲရေးယာဉ်၊ စက်ကိရိယာပစ္စည်းများ၊ ရေ၊ ဓာတ်ဆီနှင့် ချောဆီစသည်တို့ကို စနစ်တကျ ပြင်ဆင်စုဆောင်းထားရှိရမည်။

(ဆ) စျေးများတွင် လျှပ်စစ်မီးသုံးစွဲမှုနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သလို စစ်ဆေး ကြပ်မတ်ရမည်။

(ဇ) မီးသတ်ဝန်ထမ်းများအတွက် အကာအကွယ်ပစ္စည်းများအား ပြည့်စုံစွာဆောင်ရွက်ပေးရမည်။

၁၀။ ကော်မတီအဆင့်ဆင့်သည် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) ရာသီအလိုက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားခြင်း၊ ထိုလုပ်ငန်းများအား စစ်ဆေးကြပ်မတ်ခြင်း၊

(ခ) မီးသတ်ကား၊ ရေကား၊ ရေကန်များ၊ ရေရရှိနိုင်သောနေရာများ လုံလောက်စွာစီစဉ်ထားခြင်း၊

(ဂ) လူထုအား မီးဘေးအသိပညာပေးခြင်းနှင့် မီးတားလမ်းများသတ်မှတ် စီစဉ်ထားခြင်း၊

(ဃ) အဆောက်အဦများဆောက်လုပ်ရာတွင် မီးဘေးကာကွယ်ရေးသတ်မှတ်ချက်များအား ထည့်သွင်းလိုက်နာဆောင်ရွက်စေခြင်း။

၁၁။ ကော်မတီအဆင့်ဆင့်သည် ရေလွှမ်းမိုးမှုဘေးအန္တရာယ် မဖြစ်ပေါ်စေရေးအတွက် အောက်ပါလုပ်ငန်းများကို ကြိုတင်လုပ်ဆောင်ထားရမည် -

(က) မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ ကြိုတင်ထုတ်ပြန်ထားသော သတိပေးချက်များကို ပြည်သူလူထုသို့ အချိန်မီထပ်ဆင့်ထုတ်ပြန်ပေးခြင်း၊

(ခ) ရေလွှမ်းမိုးမှုနေရာများရှိ ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဂ) မြစ်ချောင်းများအတွင်းသို့ အမှိုက်များစွန့်ပစ်ခြင်းမပြုရန် ပြည်သူလူထုအား အသိပညာပေးခြင်းနှင့် တားမြစ်ခြင်း၊

(ဃ) ရေစီးကြောင်းပြောင်းလဲစေနိုင်သော မြစ်ချောင်းကမ်းပါးအစပ်များနှင့် ဆည်ရေများလွှတ်သည့် ရေစီးကြောင်းတစ်လျှောက် နေထိုင်ခြင်းမပြုရန် တားမြစ်ခြင်းနှင့် နေထိုင်သူများအား ဖယ်ရှားစေရန် ဆောင်ရွက်ခြင်း၊

(င) ရေလွှမ်းမိုးနိုင်သည့် နေရာဒေသအတွင်း ရေထွက်ပေါက်များ စနစ်တကျကြိုတင် ဆောင်ရွက်ပေးခြင်း၊

(စ) မြစ်ချောင်းများ ရေစီးကြောင်းပြောင်းလဲစေခြင်းများ မဖြစ်ပေါ်စေရေးအတွက် မြစ်ချောင်း၊ ကမ်းပါးများ ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊

(ဆ) ရေလွှမ်းမိုးမှုဖြစ်ပေါ်ပါက ဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့ပေးနိုင်ရေးအတွက် ကော်မတီမှ ကြိုတင်ရှာဖွေသတ်မှတ်ပေးထားခြင်းနှင့် ရွှေ့ပြောင်းရေယာဉ်များ ကြိုတင်စီမံထားရှိခြင်း။

၁၂။ ကော်မတီအဆင့်ဆင့်သည် အောက်ပါလုပ်ငန်းများကို ကြိုတင်လုပ်ဆောင်ရမည် -

(က) မိုးလေဝသသတင်းထုတ်ပြန်ချက်များအား ပြည်သူလူထုသို့ အချိန်မီ ထပ်ဆင့်သတိပေးအမိန့်များထုတ်ပြန်ပေးခြင်း၊

(ခ) မြစ်ချောင်း၊ ကမ်းပါးအစွန်များတွင် နေထိုင်ခြင်းများအား တားမြစ်ခြင်း၊

(ဂ) အန္တရာယ်ကင်းလွတ်သည့် နေရာများတွင်သာ နေထိုင်စေခြင်း၊

(ဃ) မြေထိန်းနံရံ မြေပြိုကမ်းပါးပြိုနိုင်သည့် နေရာများတွင် ရေထိန်းနံရံများဆောက်လုပ်ခြင်း၊

၁၃။ ကော်မတီအဆင့်ဆင့်သည် မြေငလျင်ဒဏ်ခံနိုင်မည့် အဆောက်အအုံများဆောက်လုပ်စေရန်နှင့် ပြိုကျနိုင်မည့် အဆောက်အဦများအား ပြင်ဆင်စေရန် ညွှန်ကြားရမည်။

၁၄။ ကော်မတီအဆင့်ဆင့်သည် လေမုန်တိုင်းနှင့်ပတ်သက်၍ မိုးလေဝသသတင်းထုတ်ပြန်ချက်များအား ပြည်သူလူထုသို့ အချိန်မီ ထပ်ဆင့်သတိပေးအမိန့်များ ထုတ်ပြန်ပေးရမည့်အပြင် လိုအပ်ပါက ဘေးလွတ်ရာသို့ ကြိုတင်ရွှေ့ပြောင်းပေးခြင်းများအား ကြီးကြပ်ဆောင်ရွက်ပေးရမည်။

၁၅။ ကော်မတီအဆင့်ဆင့်သည် အခြားသဘာဝဘေးအန္တရာယ်တစ်ခုခု ဖြစ်ပေါ်နိုင်ရန် အကြောင်းရှိသည့်အခါ အဆိုပါဘေးအန္တရာယ်နှင့်ပတ်သက်၍ လျော့နည်းသက်သာစေသည့် အစီအမံများကို ကြိုတင်ဆောင်ရွက်ရမည်။

## အခန်း (၆)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၆။ မည်သူမဆို မီးဘေး သို့မဟုတ် သဘာဝဘေးအန္တရာယ်တစ်ခုခု ဖြစ်ပွားနေသည့် အချိန်ကာလအတွင်း တာဝန်ထမ်းဆောင်နေသည့် ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ ကော်မတီအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေသူတစ်ဦးဦးကိုဖြစ်စေ၊ တာဝန်ထမ်းဆောင်နေသည့် မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ လူမှုရေးအသင်းဝင်တစ်ဦးဦးကိုဖြစ်စေ နှောင့်ယှက်ဟန့်တားခြင်း မပြုရ။

၁၇။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

၁၈။ မည်သူမဆို သက်ဆိုင်ရာကော်မတီအဆင့်ဆင့်က ထုတ်ပြန်သည့် မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာရမည်။

၁၉။ မည်သူမဆို ပုဒ်မ ၁၆ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် (၁) နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ် (၂) ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၀။ မည်သူမဆို ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် (၆) လအထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ် (၂) ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၁။ မည်သူမဆို ပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် (၃) လအထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ် (၂) ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

## အခန်း (၇)
## အထွေထွေ

၂၂။ ကော်မတီသည် မိမိ၏လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်မည့်အကူအညီများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်များထံမှ တောင်းယူနိုင်သည်။

၂၃။ ဤဥပဒေအရဆောင်ရွက်သော ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၄။ ဤဥပဒေအရ သဘောရိုးဖြင့်ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၂၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် -

(က) အစိုးရအဖွဲ့သည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

# မန္တလေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေကြမ်း

## (၂၀၁၂ ခုနှစ်၊ တိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် )

၁၃၇၃ ခုနှစ်၊ လ ရက်

( ၂၀၁၂ ခုနှစ်၊ လ ရက် )

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ နှင့် ဇယား (၂)၊ စဉ် (၃) (စ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက်၊ မန္တလေးတိုင်းဒေသကြီးအတွင်း ရေချိုငါးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မန္တလေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ မန္တလေးတိုင်းဒေသကြီးတစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနဝန်ကြီးကို ဆိုသည်။

(င) **ဌာန**ဆိုသည်မှာ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(စ) **တိုင်းဒေသကြီးဦးစီးဌာနမှူး**ဆိုသည်မှာ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူးကို ဆိုသည်။

(ဆ) **ဦးစီးဌာနမှူး**ဆိုသည်မှာ ခရိုင် သို့မဟုတ် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးကို ဆိုသည်။

(ဇ) **ငါး**ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်းတစ်ပိုင်းတွင် သော်လည်းကောင်း ရေထဲ၌နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကိုဆိုသည်။ ယင်းစကားရပ်တွင် ရေတွင် ပေါက်ပွားသည့် အပင်များနှင့် ယင်းတို့၏အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်။

(ဈ) **ငါးလုပ်ငန်း**ဆိုသည်မှာ ငါးနှင့်ပတ်သက်သော လုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲရန်၊ စီးပွားဖြစ် လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။ ယင်း စကားရပ်တွင် ငါးဖမ်းခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း လုပ်ငန်း များလည်း ပါဝင်သည်။

(ည) **ငါးဖမ်းခြင်း**ဆိုသည်မှာ ငါးများအားဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်း စသည်တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများ အတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများလည်း ပါဝင်သည်။

(ဠ) **ငါးဖမ်းကိရိယာ**ဆိုသည်မှာ ငါးဖမ်းရာတွင်အသုံးပြုသည့် မည်သည့်ပစ္စည်းကိရိယာကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းရာ၌ အထောက်အကူပြုသော ပစ္စည်းကိရိယာများလည်း ပါဝင်သည်။

(ဋ) **ငါးဖမ်းရေယာဉ်**ဆိုသည်မှာ ငါးဖမ်းရာတွင်အသုံးပြုသည့် မည်သည့်ရေယာဉ်ကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးလုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ်များနှင့်ငါးဖမ်းရေယာဉ်ကို အထောက်အကူပြုသည့် ယာဉ်များလည်း ပါဝင်သည်။

(ဍ) **ယာဉ်**ဆိုသည်မှာ စက်ဖြင့်ဖြစ်စေ၊ စက်မဲ့ဖြင့်ဖြစ်စေ၊ မြေပေါ်တွင်ရွေ့လျားသွားလာနိုင်သည့် မည်သည့်ယာဉ်ကိုမဆို ဆိုသည်။

(ဎ) **အအေးခန်းစက်ရုံ**ဆိုသည်မှာ ငါးများသန့်ရှင်းလတ်ဆတ်နေစေရန် အေးခဲမှုစနစ်ဖြင့် ပြုပြင် အေးခဲ၊ သိုလှောင်၊ ထိန်းသိမ်းထားသည့် စက်ရုံကိုဆိုသည်။

(ဏ) **ရေချိုငါးလုပ်ငန်းရေပြင်**ဆိုသည်မှာ တိုင်းဒေသကြီး၏ နယ်နိမိတ်အတွင်းတွင်ရှိသည့် အစဉ် အမြဲ ရေတည်ရှိသည်ဖြစ်စေ၊ ယာယီ ရေတည်ရှိသည်ဖြစ်စေ ငါးများ နေထိုင်ကျက်စား ခိုအောင်း ပေါက်ပွားကြီးပြင်းရာ ရေပြင်၊ ရေကန်၊ ရေရှိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကို ဆိုသည်။ ယင်းစကားရပ် တွင် ဂရန်အင်း၊ သီးသန့်အင်း၊ လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်၊ ရေလှောင် တမံကြီးများ၊ ရေလွှဲဆည်များ၊ တိုင်းဒေသကြီးအစိုးရ၏ နယ်မြေအတွင်းရှိ ရေပြင်များပါဝင်သည်။

(တ) **ဂရန်အင်း**ဆိုသည်မှာ ဌာနက နယ်နိမိတ်၊ ငါးအမျိုးအစား၊ ငါးဖမ်းကိရိယာ၊ အချိန်ကာလနှင့် ငါးဖမ်းနည်း စသည့်သတ်မှတ်ချက်များထားရှိ၍ အငှားဂရန်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကိုဆိုသည်။

(ထ) **သီးသန့်အင်း**ဆိုသည်မှာ ဌာနက ငါးမျိုးပြုန်းတီးခြင်းမရှိစေရန်နှင့် ငါးမျိုးပွားများစေရန်အလို့ငှာ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို အခါအားလျော်စွာ ပိတ်ပင်တားမြစ်ထားသည့် ရေပြင် သို့မဟုတ် သတ်မှတ်ချက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် ရေပြင်ကို ဆိုသည်။

(ဒ) **လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်**ဆိုသည်မှာ ဌာနက ဂရန်အင်း၊ သီးသန့် အင်းဟု သတ်မှတ်ထားသော နေရာဒေသမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်း ကိရိယာ လိုင်စင်ဖြင့်ဖြစ်စေ၊ ငါးဖမ်းကွက်သတ်မှတ်ပြီး တင်ဒါလိုင်စင်ချထား၍ဖြစ်စေ၊ အခြား နည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကို ဆိုသည်။

(ဓ) **ရေထွက်ပစ္စည်း**ဆိုသည်မှာ ရေပြင်တစ်ခုခုမှရရှိသောငါး၊ သက်ရှိရေသတ္တဝါများ၊ ယင်းတို့၏စွန့်ပစ် ပစ္စည်းများ၊ အခွံများ၊ အရိုးများ၊ အရေခွံများ၊ ပြုပြင်မွမ်းမံထားသည့် ငါးနှင့်ရေသတ္တဝါများ၊ အပင်များ၊ သက်မဲ့ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ပင်လယ်လိပ်နှင့်ဥများ၊ မိကျောင်းနှင့် ဥများ၊ ကဏန်း၊ ငါးကြီးအန်ဖတ်၊ ကမာခွံ၊ ပင်လယ်ခရုခွံ၊ ယောက်သွား၊ သန္တာကျောက်ခက်၊ ပင်လယ်ရေမြှုပ်၊ ကျောက်ပွင့်၊ ရေညှိ၊ ရေမှော် စသည်များလည်း ပါဝင်သည်။

(န) **အငှားဂရန်**ဆိုသည်မှာ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဌာနက ထုတ်ပေးသည့် အငှားဂရန်ကို ဆိုသည်။

(ပ) **လိုင်စင်**ဆိုသည်မှာ ဂရန်အင်းမှအပ တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဌာနကထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။

(ဖ) **ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိသူ**ဆိုသည်မှာ ဌာနကထုတ်ပေးသည့် အငှားဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင်၊ အအေးခန်းစက်ရုံ တည်ထောင်လုပ်ကိုင်ခွင့်လိုင်စင် သို့မဟုတ် ငါးလုပ်ငန်း နှင့်သက်ဆိုင်သည့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်ရရှိသူကို ဆိုသည်။

(ဗ) **ပြန်အမ်းငွေ**ဆိုသည်မှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်ကိုဖောက်ဖျက်ခြင်း ကြောင့်မဟုတ်ဘဲ နိုင်ငံတော်၏အကျိုးငှာ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ကို ဆိုင်းငံ့ခြင်း သို့မဟုတ်

ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့် သို့မဟုတ် အခြား ခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာမှုရှိလျှင်ဖြစ်စေ အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းခံရသူက ပေးသွင်းထားသည့် အခွန်အခအနက် လုပ်ကိုင်ရန် ကျန်ရှိသော ငါးလုပ်ငန်းရာသီအတွက် ပြန်လည်ရထိုက်သောအခွန်အခကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်၊

(ဂ) ရေချိုငါးလုပ်ငန်းရေပြင်များ ပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ရန်၊

(ဃ) တိုင်းဒေသကြီးဘဏ္ဍာငွေအတွက် ရသင့်ရထိုက်သော အခွန်အခများရရှိစေရန်၊

(င) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းပြုနိုင်စေရန်။

## အခန်း (၃)

## အငှားဂရန်၊ လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ရမည်။

၅။ ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ခ ပေးဆောင်ခြင်းဖြင့်ဖြစ်စေ၊ တင်ဒါလိုင်စင်ချထားခြင်းဖြစ်ပါက အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်း၍ လိုင်စင်ရယူခြင်းဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရမည်။

၆။ ရေထွက်ပစ္စည်းရောင်းဝယ်ခြင်း၊ စုဆောင်းခြင်း၊ သယ်ယူခြင်း၊ အအေးခန်းစက်ရုံတည်ထောင်ခြင်း လုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လိုင်စင်ရယူ၍လုပ်ကိုင်ဆောင်ရွက်ရမည်။

၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် သတ်မှတ်သည့်နည်းလမ်းများနှင့် ညီညွတ်လျှင် ရေထွက်ပစ္စည်းရောင်းဝယ်ခြင်း၊ စုဆောင်းခြင်း၊ သယ်ယူခြင်းတို့အတွက် လိုင်စင်ထုတ်ပေးနိုင်သည်။

၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အောက်ပါကိစ္စရပ်များတွင် ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် လိုင်စင်ထုတ်ပေးရမည် -

(က) နှစ်ရှည်အငှားဂရန်လျှောက်ထားခြင်း၊

(ခ) ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားခြင်း၊

(ဂ) အအေးခန်းစက်ရုံတည်ထောင်ခြင်း။

၉။ ဂရန်အင်းလေလံတင်ရောင်းချသည့်ကိစ္စနှင့် အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် တင်ဒါလိုင်စင်ချထားသည့်ကိစ္စတို့ကို သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လေလံတင်ရောင်းချခြင်း သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်း ပြုရမည်။

၁၀။ ခရိုင်ဦးစီးဌာနမှူးသည် ဂရန်အင်းလေလံတင်ရောင်းချသည့်ကိစ္စနှင့် တင်ဒါလိုင်စင်ချထားသည့်ကိစ္စတို့တွင် တိုင်းဒေသကြီးဦးစီးဌာနမှူး၏ အတည်ပြုချက်ဖြင့် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ထုတ်ပေးရမည်။

၁၁။ မြို့နယ်ဦးစီးဌာနမှူးသည် အငှားဂရန်နှင့်တင်ဒါလိုင်စင်ချထားသည့် ရေပြင်တို့မှအပ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစားတစ်ခုခုဖြင့် ငါးဖမ်းလိုကြောင်း လျှောက်ထားလာလျှင် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးနိုင်သည်။

၁၂။ မြို့နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းတွင် ခန့်ထားအသုံးပြုမည့် လုပ်သားများနှင့်စပ်လျဉ်း၍ ရေလုပ်သားမှတ်ပုံတင်လျှောက်ထားလာလျှင် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ထုတ်ပေးနိုင်သည်။

## အခန်း (၄)
## အခွန်အခပေးဆောင်ခြင်း

၁၃။ ဂရန်အင်းလေလံဆွဲဝယ်ရရှိသူသည် လေလံကြေးဖြစ်သော အင်းခွန်ကိုလည်းကောင်း၊ တင်ဒါလိုင်စင်ချထားခြင်းခံရသူသည် တင်ဒါကြေးနှင့်လိုင်စင်ခတို့ကိုလည်းကောင်း လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေပေးဆောင်ရမည်။ ဘဏ်ဖွင့်ချိန်ကျော်လွန်သွားပါက နောက်တစ်ရက်တွင် အပြေအကျေ ပေးဆောင်ရမည်။

၁၄။ ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာလိုင်စင်ရရှိသူသည် ပေးဆောင်ရန်လိုင်စင်ခကို လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေပေးဆောင်ရမည်။ ဘဏ်ဖွင့်ချိန်ကျော်လွန်သွားပါက နောက်တစ်ရက်တွင် အပြေအကျေပေးဆောင်ရမည်။

၁၅။ နှစ်ရှည်အငှားဂရန်ရရှိသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ အင်းခွန်နှင့်အခြားကျသင့်ငွေများကို ပေးဆောင်ရမည်။

၁၆။ အအေးခန်းစက်ရုံတည်ထောင်ခြင်း လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ခကို နိုင်ငံသားဖြစ်ပါက ပြည်တွင်းသုံးငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်ပါက ဌာနကသတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ပေးဆောင်ရမည်။

၁၇။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် -

(က) နိုင်ငံသားဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် အခြားကျသင့်ငွေများကို ပြည်တွင်းသုံးငွေဖြင့် ပေးဆောင်ရမည်။

(ခ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် အခြားကျသင့်သော အခွန်အခများကို ဌာနကသတ်မှတ်သည့် နိုင်ငံခြားငွေနှင့် ပေးဆောင်ရမည်။

၁၈။ ဝန်ကြီးသည် အောက်ပါလုပ်ငန်းများအတွက် အခွန်အခပေးဆောင်ခြင်းမှကင်းလွတ်ခွင့်ပြုနိုင်သည် -

(က) ဌာန၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော ငါးလုပ်ငန်းသုတေသန၊

(ခ) တိုင်းဒေသကြီးအကျိုးငှာ လိုအပ်သည့်ငါးလုပ်ငန်း။

## အခန်း (၅)

## ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ

၁၉။ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် -

(က) ပေးဆောင်ရန်ရှိသော အခွန်အခများကို ဌာနကသတ်မှတ်သည့်အတိုင်း ပေးဆောင်ရမည်။

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းများနှင့် အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဂ) ဌာနကတာဝန်ပေးအပ်ပါက ငါးလုပ်ငန်းဆိုင်ရာသုတေသနလုပ်ငန်းများကို အခမဲ့ ဆောင်ရွက်ပေးရမည်။

(ဃ) မိမိလုပ်ငန်းတွင် ဌာန၌မှတ်ပုံတင်ထားသည့် ရေလုပ်သားကိုသာ ခန့်ထားလုပ်ကိုင်စေရမည်။

## အခန်း (၆)

## တိုင်းဒေသကြီးဦးစီးဌာနမှူး၏တာဝန်နှင့်လုပ်ပိုင်ခွင့်

၂၀။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ငါးလုပ်ငန်းများကို စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(ခ) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် လိုင်စင်နှုန်းထားများကို သတ်မှတ်ပေးခြင်း၊

(ဂ) တင်ဒါငါးဖမ်းကွက်သတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ဃ) တားမြစ်သည့် ငါးအမျိုးအစား၊ အရွယ်အစား၊ ငါးဖမ်းကိရိယာ၊ ငါးဖမ်းရာသီ၊ နေရာဒေသနှင့် ငါးဖမ်းနည်းတို့ကို သတ်မှတ်ပေးခြင်း၊

(င) လိုင်စင်သက်တမ်းနှင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ လိုက်နာရမည့် အငှားဂရန်နှင့်လိုင်စင်ပါစည်းကမ်းချက်များကို သတ်မှတ်ပေးခြင်း၊

(စ) လိုင်စင်ခ၊ ငါးစိုခွန်၊ ငါးဖမ်းရေယာဉ်ခွန်၊ မှတ်ပုံတင်ကြေးနှင့် အခြားပေးဆောင်ရန်ရှိသော အခွန်အခများကို သတ်မှတ် ပေးခြင်း၊

(ဆ) ဦးစီးဌာနမှူးများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ဇ) ဝန်ကြီးက တာဝန်လွှဲအပ်သော ငါးလုပ်ငန်းဆိုင်ရာကိစ္စများကို ဆောင်ရွက်ခြင်း။

၂၁။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ လုပ်ပိုင်ခွင့်များသည် အောက်ပါအတိုင်း ဖြစ်သည် -

(က) ဂရန်အင်း၊ သီးသန့်အင်း သို့မဟုတ် လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်အမျိုးအစား သတ်မှတ်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) တိုင်းဒေသကြီးအကျိုးငှာ လိုအပ်လျှင်သော်လည်းကောင်း၊ အငှားဂရန် သို့မဟုတ် လိုင်စင်ကို မမှန်ကန်သောနည်းလမ်း ဖြင့် ရယူထားကြောင်းတွေ့ရှိလျှင်သော်လည်းကောင်း၊ လုံလောက်သော အကြောင်းရှိလျှင်သော်လည်းကောင်း မည်သည့်အငှားဂရန် သို့မဟုတ် လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဂ) ဌာနကထုတ်ပေးထားသည့် အငှားဂရန် သို့မဟုတ် လိုင်စင်ပျက်စီးပျောက်ဆုံးသွားသဖြင့် မိတ္တူရယူလိုကြောင်း လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ လျှောက်ထားသူအား သတ်မှတ်သည့် အခကြေးငွေပေးသွင်းစေပြီး အငှားဂရန် သို့မဟုတ် လိုင်စင်မိတ္တူကို ထုတ်ပေးခြင်း၊

(ဃ) ပြန်လည်ထုတ်ပေးနိုင်ခွင့်ရှိသော ပြန်အမ်းငွေပမာဏကို စိစစ်သတ်မှတ်ပေးခြင်း၊

(င) ရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်းများအား ထုတ်လုပ်ခြင်း၊ သယ်ယူခြင်း၊ ရောင်းချခြင်းတို့ကို ဌာနမှ ပြန်တမ်းဝင်အရာရှိတစ်ဦးဦးအား တာဝန်ပေးစစ်ဆေးစေခြင်း။

## အခန်း (၇)

## စစ်ဆေးခြင်းနှင့်စီမံခန့်ခွဲရေးနည်းလမ်းဖြင့်အရေးယူခြင်း

၂၂။ ဦးစီးဌာနမှူးသည် လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ အောက်ပါအတိုင်း စစ်ဆေးနိုင်သည် -

(က) မိမိတာဝန်ခံရသော ရေချိုငါးလုပ်ငန်းရေပြင်နယ်နိမိတ်အတွင်းရှိ ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများ၊ ဂရန်အင်း၊ သီးသန့်အင်း၊ တင်ဒါချက်အပါအဝင် မည်သည့်ငါးလုပ်ငန်းကိုမဆို စစ်ဆေးခြင်း၊ ရပ်တန့်ခြင်း၊ တက်ရောက်ခြင်း၊ ဝင်ရောက်ခြင်း၊ ရှာဖွေခြင်း၊

(ခ) လုပ်ငန်း၏ အငှားဂရန်၊ လိုင်စင်အပါအဝင် လိုအပ်သည့်စာရွက်စာတမ်းများကို တောင်းယူစစ်ဆေးခြင်း၊ ကူးယူခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူနှင့် ရေလုပ်သားများအား မေးမြန်းခြင်း၊ စစ်ဆေးခြင်း၊ ညွှန်ကြားခြင်း။

၂၃။ ဦးစီးဌာနမှူးသည် ဖမ်းဆီးရမိသည့် ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာ၊ ယာဉ်၊ ငါးများနှင့်စပ်လျဉ်း၍ အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည် -

(က) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အကျုံးဝင်သော ပိုင်ရှင်မဲ့ ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာ၊ ယာဉ်၊ ငါးတို့ကို သိမ်းဆည်းခြင်း၊

(ခ) ငါးနှင့် အခြား လျင်မြန်စွာပုပ်သိုးပျက်စီးစေနိုင်သည့် ပစ္စည်းများ ဖမ်းဆီးရမိပါက အမြန်ဆုံး ထုခွဲရောင်းချပြီး ရောင်းရငွေကို ဌာန၏ရငွေအဖြစ် ဘဏ်တွင်ပေးသွင်းခြင်း။

၂၄။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အောက်ပါစီမံခန့်ခွဲဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုချမှတ်နိုင်သည် -

(က) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း၊ လိုက်နာရန်ပျက်ကွက်ခြင်း ဖြစ်လျှင် အငှားဂရန် သို့မဟုတ် လိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) သိမ်းဆည်းထားသော ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့်အခြားပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊ အခြားသင့်လျော်သလို စီမံခန့်ခွဲခြင်း၊

(ဂ) သိမ်းဆည်းထားသော ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူကိုဖြစ်စေ၊ ပိုင်ရှင်ကိုဖြစ်စေ လုံလောက်သောခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားခြင်း သို့မဟုတ် ပြန်လည် လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဃ) သိမ်းဆည်းထားသော ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို သင့်လျော်သော ဒဏ်ကြေးငွေ ပေးဆောင်စေ၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(င) ရောင်းရငွေနှင့် ဒဏ်ကြေးငွေများကို ဌာန၏ရငွေအဖြစ် ဘဏ်တွင်ပေးသွင်းစေခြင်း၊

(စ) အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူက အခြားသူတစ်ဦးတစ်ယောက်အား အငှားဂရန် သို့မဟုတ် လိုင်စင်ကို လွှဲပြောင်းထားကြောင်း စစ်ဆေးတွေ့ရှိရပါက ပြန်လည်ရုပ်သိမ်းခြင်း၊

(ဆ) နှစ်ရှည်အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူ၊ အအေးခန်းစက်ရုံတည်ထောင်ခွင့် လိုင်စင်ရရှိသူက အခြားသူတစ်ဦးတစ်ယောက်အား နှစ်ရှည်အငှားဂရန် သို့မဟုတ် လိုင်စင်၊ အအေးခန်းစက်ရုံ တည်ထောင်ခွင့်လိုင်စင်ကို လွှဲပြောင်းထားကြောင်း စစ်ဆေးတွေ့ရှိရပါက ဝန်ကြီးခွင့်ပြုချက်ဖြင့် ပြန်လည်ရုပ်သိမ်းခြင်း။

## အခန်း (၈)

## အယူခံခြင်း

၂၅။ (က) ဤဥပဒေအရ မြို့နယ်ဦးစီးဌာနမှူးကချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခရိုင်ဦးစီးဌာနမှူးထံ သတ်မှတ်ထားသည့်အတိုင်း အယူခံဝင်နိုင်သည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် မြို့နယ်ဦးစီးဌာနမှူးကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၆။ (က) ဤဥပဒေအရ ခရိုင်ဦးစီးဌာနမှူးကချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း တိုင်းဒေသကြီးဦးစီးဌာနမှူးထံ အယူခံဝင်နိုင်သည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၇။ (က) ဤဥပဒေအရ တိုင်းဒေသကြီးဦးစီးဌာနမှူးကချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

(ခ) ဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၉)

## ပြန်အမ်းငွေလျှောက်ထားခြင်း

၂၈။ အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်လျှင် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူသည် သတ်မှတ်ထားသည့် လေလံများနှင့်အညီ သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးထံ ပြန်အမ်းငွေလျှောက်ထားနိုင်သည် -

(က) နိုင်ငံတော်၏အကျိုးငှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊

(ခ) သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာခြင်း။

၂၉။ ပုဒ်မ ၂၈ အရ လျှောက်ထားလာလျှင် သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးသည် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

၃၀။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပုဒ်မ ၂၈ အရ လျှောက်ထားလာသည့်ကိစ္စ မှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိလျှင် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူ ရသင့်သော ပြန်အမ်းငွေပမာဏကို သတ်မှတ်၍ ဝန်ကြီးထံတင်ပြရမည်။

၃၁။ ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် သတ်မှတ်သော ပြန်အမ်းငွေပမာဏကို ထုတ်ပေးရန် အဆုံးအဖြတ်ပေးရမည်။

၃၂။ ပုဒ်မ ၃၁ အရ အဆုံးအဖြတ်ပြုသည့် ပြန်အမ်းငွေပမာဏကို သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးသည် ဌာန၏ ငွေစာရင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူထံ ပြန်လည်ထုတ်ပေးရမည်။

## အခန်း (၁၀)

## တားမြစ်ချက်များ

၃၃။ မည်သူမျှ ဤဥပဒေအရထုတ်ပေးသည့် အငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ ငါးလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

၃၄။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် အောက်ပါတို့ကို မပြုလုပ်ရ -

(က) ပေါက်ကွဲစေတတ်သည့် ပစ္စည်း၊ အဆိပ်အတောက်၊ ဓာတုပစ္စည်းနှင့်ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေသော ပစ္စည်းဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း၊

(ခ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့်ငါးဖမ်းခြင်း၊

(ဂ) တားမြစ်ထားသော ငါးမျိုး၊ ငါးအရွယ်အစားကို ဖမ်းဆီးခြင်း၊

(ဃ) တားမြစ်ထားသော အချိန်ကာလနှင့်နေရာဒေသအတွင်း ငါးဖမ်းခြင်း။

၃၅။ မည်သူမျှ အင်းလေလံဆွဲဝယ်ပြီးနောက် သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းခံရပြီးနောက် ဌာန၏ ခွင့်ပြုချက်မရရှိဘဲ ပေးဆောင်ရန်ရှိသောအင်းခွန်၊ တင်ဒါကြေးနှင့်လိုင်စင်ခတို့ကို နေ့ချင်းပြီးဆောင်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၃၆။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ဌာန၏ခွင့်ပြုချက်မရရှိဘဲ ဆည်၊ တမံ၊ ယင်း၊ ကျားပိုက်စသော အပိတ်အဆို့ အတားအဆီးတစ်စုံတစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်းမပြုလုပ်ရ။

၃၇။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အငှားဂရန် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

၃၈။ မည်သူမျှရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါး၊ အခြားရေနေသတ္တဝါနှင့် သက်ရှိသက်မဲ့ သယံဇာတပစ္စည်းများအား နှောင့်ယှက်ခြင်း ၊ ပျက်စီးစေခြင်း သို့မဟုတ် ရေထုညစ်ညမ်းစေခြင်း မပြုလုပ်ရ။

၃၉။ မည်သူမျှ ဂရန်အင်း သို့မဟုတ် ဂရန်အင်းနယ်နိမိတ်အတွင်း အောက်ပါတို့ကို မပြုလုပ်ရ -

(က) ငါးနေငါးထိုင်တောများ ပျက်စီးစေရန် ခုတ်ထွင်ခြင်း၊ မီးရှို့ခြင်း၊

(ခ) ဂရန်အင်း၏ရေစီးရေလာ ပျက်ပြားစေရန်၊ သဘာဝအခြေအနေထိခိုက်စေရန် ပြုလုပ်ခြင်း၊

(ဂ) သီးနှံစိုက်ပျိုးခြင်း၊

(ဃ) လူနေအိမ်များဆောက်လုပ် နေထိုင်ခြင်း။

၄၀။ မည်သူမျှ ဌာန၏ခွင့်ပြုချက်မရရှိဘဲ ဂရန်အင်း၊ သီးသန့်အင်းနှင့် ယင်းတို့နှင့်ဆက်စပ်နေသည့် ချောင်း၊ မြောင်းများတွင်ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်စေ ရေ၏အမျိုးအစား၊ ရေ၏ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်းမပြုလုပ်ရ။

၄၁။ မည်သူမျှ အောက်ပါရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ ပြည်ပသို့တင်ပို့ခြင်း မပြုရ -

(က) စားသုံးသူကို အဆိပ်သင့်စေနိုင်သည့်၊ ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်သည့် သို့မဟုတ် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်း၊

(ခ) ရေထွက်ပစ္စည်း၏ သဘာဝ၊ ဒြပ်ဝတ္ထု သို့မဟုတ် အရည်အသွေးထိခိုက်စေပြီး ဘေးဥပဒ်အန္တရာယ် ဖြစ်စေရန် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အစားထိုးထားသော လူတို့စားသုံးရန် မသင့်သည့် ဆိုးဆေး၊ ယမ်းစိမ်းအစရှိသည်တို့နှင့် ပြုပြင်ရောစပ်ထားသော သို့မဟုတ် ရေထိုးထားသော ရေထွက်ပစ္စည်းဆိုင်ရာစားသောက်ကုန်ပစ္စည်း။

၄၂။ ဤဥပဒေအရ အပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ကျင့်သုံးသော မည်သည့် ပြည်သူ့ဝန်ထမ်းမဆို အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူအား အရေးမယူဘဲ ထိန်ချန်ခြင်း၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းကို ဖျောက်ဖျက်ခြင်း၊ မသမာသောနည်းဖြင့် ပြောင်းလဲခြင်း၊ အစားထိုးခြင်း သို့မဟုတ် အလွဲသုံးစားပြုခြင်း။

## အခန်း (၁၁)

## ပြစ်ဒဏ်များ

၄၃။ မည်သူမဆို ပုဒ်မ ၃၃ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် -

(က) ငါးဖမ်းကိရိယာလိုင်စင်မရရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့်ကိစ္စဖြစ်ပါက ငွေဒဏ်ကျပ် ၂၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံစေရမည်။

(ခ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့်ကိစ္စဖြစ်ပါက ငွေဒဏ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၄၄။ မည်သူမဆို ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအားငွေဒဏ် ကျပ် ၂၀၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၄၅။ မည်သူမဆို ပုဒ်မ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉ သို့မဟုတ် ၄၀ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၄၆။ မည်သူမဆို ပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၂ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၄၇။ ပုဒ်မ ၄၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့် ပြည်သူ့ဝန်ထမ်းတစ်ဦးဦးအား ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေကျခံစေရမည်။

၄၈။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

၄၉။ ဤဥပဒေပါ ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်ပါက ပြဋ္ဌာန်းသတ်မှတ်ထားသည့် အများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

## အခန်း (၁၂)

## အထွေထွေ

၅၀။ ဤဥပဒေအရ ဝန်ကြီးသည် တိုင်းဒေသကြီးအကျိုးငှာ လိုအပ်လျှင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ဖြင့် ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်ရန်ခွင့်ပြုခြင်း၊

(ခ) မည်သည့် အငှားဂရန် သို့မဟုတ် လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဂ) အခြားသင့်လျော်သည့် အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်း။

၅၁။ (က) ဤဥပဒေအရ တရားဆွဲဆိုတင်ပို့သော ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့ကို တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

(ခ) ဤဥပဒေအရ ဌာနက စီမံခန့်ခွဲရေးနည်းလမ်းဖြင့် သိမ်းဆည်းပြီးဖြစ်သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းဖြစ်ပါက တရားစွဲဆိုတင်ပို့သော ပြစ်မှုတွင် အစီရင်ခံစာ ပူးတွဲ တင်ပြရမည်။ ထိုသို့တင်ပြသည့် သက်သေခံပစ္စည်းကို သက်ဆိုင်ရာတရားရုံးက ထပ်မံ စီမံခန့်ခွဲခြင်း မပြုရ။

၅၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သဘောရိုးဖြင့် လုပ်ငန်းတာဝန်ဆောင်ရွက်သော ပြည်သူ့ဝန်ထမ်း တစ်ဦးဦးကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၅၃။ ပုဒ်မ ၄၇ အရ ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို အရေးယူရန် လိုအပ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရရှိမှသာ တရားစွဲဆိုခြင်းပြုရမည်။

၅၄။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သည့် အမှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်သော ပြစ်မှုများ အဖြစ် သတ်မှတ်သည်။

၅၅။ ဦးစီးဌာနမှူးသည် မိမိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

၅၆။ ဤဥပဒေအရ ဌာနကရရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် ဒဏ်ကြေးများကို သက်ဆိုင်ရာ ဦးစီးဌာနမှူးသည် မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့မှတ်ယူ၍ အရကောက်ခံရမည်။

၅၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် -

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီးဦးစီးဌာနမှူးက ထုတ်ပြန်နိုင်သည်။

# ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းဥပဒေကြမ်း

## ( ၂၀-- ခုနှစ်၊ တိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် )

၁၃ ခုနှစ်၊ လ ရက်

( ၂၀ ခုနှစ်၊ လ ရက် )

## နိဒါန်း

၁။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၉၀ (ခ) တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသန္တရစီမံကိန်း၊ နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်ဟူသော ပြဋ္ဌာန်းချက်အရ ဤဥပဒေကို တင်သွင်းခြင်းဖြစ်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၂။ ဤဥပဒေကို **၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(၁) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း တိုင်းဒေသကြီး တစ်တိုင်းလုံး အတိုင်းအတာအရ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကိုဆိုသည်။

(၂) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိက မျှော်မှန်းချက်များကိုဆိုသည်။

(၃) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့်အချက်အလက်များကိုဆိုသည်။

(၄) **အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များ ပြည့်မီရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်း လုပ်ငန်းစဉ်အဆင့်ဆင့်ကိုဆိုသည်။

(၅) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ် တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့် ခုနှစ်ကိုဆိုသည်။

(၆) **ပုံမှန်စျေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ စျေးနှုန်းကိုဆိုသည်။

(၇) **နှစ်အလိုက်စျေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ စျေးနှုန်းကိုဆိုသည်။

(၈) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု အမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍများကိုဆိုသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် စီးပွားရေး ကဏ္ဍ (၁၄) ကဏ္ဍ ဖွဲ့စည်းသတ်မှတ်ထားသည်။

(၉) **ကဏ္ဍကြီး**ဆိုသည်မှာ စီးပွားရေး ကဏ္ဍ (၁၄) ခု ကို လုပ်ငန်းသဘောသဘာဝ တူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းတွင် လယ်ယာကဏ္ဍကြီးတွင် လယ်ယာ၊ သားငါး သစ်တောကဏ္ဍများ၊ စက်မှုကဏ္ဍကြီးတွင် စွမ်းအင်၊ သတ္တုနှင့်တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊

လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ ပါဝင်ဖွဲ့စည်းထားခြင်းကို ဆိုသည်။

## အခန်း (၂)
## ဦးတည်ချက်

၄။ ဤဥပဒေ၏ ဦးတည်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ကူးပြောင်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊

(၂) ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်သည့်အပြင် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ စက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊

(၃) ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး အစရှိသည့် လူမှုစီးပွား တိုးတက်ဖွံ့ဖြိုးရေးနှင့် ကုန်သွယ်မှုကို တိုးမြှင့်ဆောင်ရွက်ရေး၊

(၄) ပြည်သူများ အလုပ်လက်မဲ့ နည်းပါးစေရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး၊

## အခန်း (၃)
## စီမံကိန်းလျာထားချက်

၅။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရမှချမှတ်သော မူဝါဒများနှင့်အညီ အောက်ပါအတိုင်း စီမံကိန်းလျာထားချက်များ ထားရှိဆောင်ရွက်ပါသည်-

(၁) စီးပွားရေး တိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်း အရ ၇. ၃ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ်အပေါ် အဆအားဖြင့် ၁. ၁ ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်ရမည်။

(၂) လယ်ယာကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၂၉. ၈ ရာခိုင်နှုန်းမှ ၂၈. ၆ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၇. ၈ ရာခိုင်နှုန်းမှ ၂၈. ၄ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၂. ၄ ရာခိုင်နှုန်းမှ ၄၃. ၀ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးပြောင်းလဲဖြစ်ပေါ်စေရမည်။

(၃) လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၂. ၈ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၁၀. ၁ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၈. ၆ ရာခိုင်နှုန်း အသီးသီး တိုးတက်စေရမည်။

(၄) လူနေမှုအဆင့်အတန်း မြင့်မားရေးနှင့် အရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရမည်။

## အခန်း (၄)
## ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်

၆။ ၂၀၁၁-၂၀၁၂ ခုနှစ်၊ တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ရေး၊

(၂) လေ့ကျင့်ပညာပေးရန်၊

(၃) သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လယ်ယာကဏ္ဍဆိုင်ရာ ကိန်းဂဏန်းများ မှန်ကန်ရေး၊ အထူးသဖြင့် မြေကြီးမြေပုံနှင့် သီးနှံစိုက်ဧရိယာများ မှန်ကန်ရေးကို ဆောင်ရွက်ရန်၊

(၂) မျိုးကောင်းမျိုးသန့်စပါးမျိုးစေ့များ ထုတ်လုပ်သွားရန်၊

(၃) ကြံ၊ ဝါ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံစသည့် သီးနှံများတွင်လည်း အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးသွားရန်၊

(၄) စံပြစက်မှုလယ်ယာကွက်များ ဖော်ထုတ်သွားရန်၊

(၅) ဆည်ရေသောက်ဧကများ အပြည့်အဝ ရေပေးဝေစိုက်ပျိုးနိုင်ရန် တူးမြောင်းများ၊ ခေတ်မီပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်၊

(၆) သီးနှံစိုက်စွမ်းအား တိုးတက်အောင် ဆောင်ရွက်ရန်၊

(၇) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများ ဆောင်ရွက်သွားရန်၊

(၈) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးသွားရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြေကြီး၊ မြေပုံနှင့် မြေစာရင်း မှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများ ထုတ်လုပ်အသုံးပြုနိုင်ရေးနှင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်ဧရိယာများစာရင်းကောက်ယူရေးလုပ်ငန်းများကို အထူးဦးစားပေး ဆောင်ရွက်သွားပါမည်။

(၂) စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်ခြင်းကို တိုးတက်ဆောင်ရွက်သွားပါမည်။ တိုင်းဒေသကြီးတွင်ဧက (၁၀၀) စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်သွားနိုင်ရေးအတွက် လုပ်ငန်းရှင်များ၏ အင်အားကိုရယူ၍ ဝန်ကြီးဌာန၏ လေ့ကျင့်မွေးမြူထားသည့် ပညာရှင်များနှင့် ကူညီဆောင်ရွက်သွားပါမည်။

(၃) ရေမြေဒေသနှင့် ကိုက်ညီသော သီးနှံမျိုးများ၊ ရေငတ်ဒဏ်ခံ စပါးမျိုးများ၊ တောင်ပေါ်ယာစပါးများ သုတေသန စမ်းသပ်ဆောင်ရွက်သွားပါမည်။

(၄) တောင်သူပညာပေးလုပ်ငန်းများ၊ ခေတ်မီလယ်ယာသုံး စက်ကိရိယာ ကိုင်တွယ်အသုံးပြုနည်းသင်တန်းများ ဆောင်ရွက်သွားပါမည်။

(၅) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများ ဆောင်ရွက်သွားမည်။

(၆) သီးနှံစိုက်စွမ်းအား (၁၈၄. ၄၁) ရာခိုင်နှုန်း ရရှိအောင် ဆောင်ရွက်သွားပါမည်။

(၇) စပါးမျိုးသန့် အဆင့်ဆင့်ထုတ်လုပ်သွားမည့် အစီအစဉ်အရ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် (RS) မျိုးသန့်အဖြစ် စိုက်ဧက (၁၈. ၅) ဧက စမ်းသပ်စိုက်ပျိုးပြီး မျိုးစေ့ (၁၀၈၀) တင်း ထုတ်လုပ်သွားမည်။

(၈) တိုင်းဒေသကြီးအတွင်း ဒေသဝမ်းစာ ဖူလုံစေရန် ရည်ရွယ်၍ အထွက်နှုန်းကောင်းသောပုလဲသွယ် အထူးအထွက်တိုး စပါးမျိုးကို မြို့နယ် (၁၅) မြို့နယ်တွင် ဧက (၁၅၀) စိုက်ပျိုးသွားပါမည်။

(၉) တိုင်းဒေသကြီးတွင် ဧရာဝတီမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ဇော်ဂျီမြစ်၊ ပန်းလောင်မြစ်နှင့် အခြားသောဆည်၊ ကန်၊ မြစ်ချောင်းများ၏ ရေအရင်းအမြစ်ကို အသုံးပြု၍ လျှပ်စစ်မြစ်ရေတင် (၃၆) ခု၊

ဒီဇယ်ရေတင် (၄၆) ခု၊ မြစ်ရေတင်လုပ်ငန်းပေါင်း (၈၂) ခုဖြင့် အကျိုးပြုလျာထားဧက (၁၇၂၉၆၁) ဧကကို ပြည့်မီအောင် မြစ်ရေတင်လုပ်ငန်း ဆောင်ရွက်သွားမည်။

(၁၀) ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ဆည်တော်ကြီး၊ ဇော်ဂျီ၊ သစ်တက်ကုန်း၊ ကင်းတား (လက်ဝဲ၊ လက်ယာ၊ ပန်းလောင်) ကင်းတားလက်ဝဲမြောင်းမကြီး၊ စမုံရေထိန်းတမံ စသည်တို့၏ ရေသောက်စနစ် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများနှင့် ကျောက်တလုံး ငါန်းဇွန် ဧရာဝတီ ကမ်းပတ်တာ (အာဒီ-၁၀၆၀၀ မှ ၁၈၆၀၀ ထိ) တာဖို့ခြင်းလုပ်ငန်းကို အိန္ဒိယချေးငွေဖြင့် ဆောင်ရွက်သွားမည်။

၇။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ ငါးနှစ်စီမံကိန်း ဦးတည်ချက်များအရ သတ်မှတ်ထားသည့် စီမံကိန်း ပထမနှစ် (၂၀၁၁-၂၀၁၂) ခုနှစ် လျာထားချက်များကို ပြည့်မီအောင် ဆောင်ရွက်ရေးဖြစ်သည်။

(ခ) ရည်မှန်းချက်မှာ ၂၀၁၁-၂၀၁၂ တွင် အသားတင်ထုတ်လုပ်မှုကို အခြေခံနှစ်၏ (၈. ၃) ရာခိုင်နှုန်း၊ ဥထုတ်လုပ်မှုကို အခြေခံနှစ်၏ (၇. ၈) ရာခိုင်နှုန်း၊ ငါးပုစွန် ထုတ်လုပ်မှုကို အခြေခံနှစ်၏ (၁. ၁) ရာခိုင်နှုန်း တိုးတက်စေရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အသားကဏ္ဍ တိုးတက်စေရေးအတွက် မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များ မွေးမြူနိုင်ရေးအတွက် ပြည်တွင်းပြည်ပ အရင်းအနှီးနှင့် နည်းပညာများရယူဆောင်ရွက်ခြင်းနှင့် မွေးမြူရေးချေးငွေ ရရှိနိုင်ရေးအတွက် ကူညီဆောင်ရွက်သွားပါမည်၊

(၂) တိရစ္ဆာန် ကူးစက်ရောဂါများကို ကာကွယ်ထိန်းချုပ်နိုင်ရန် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်၊

(၃) ဌာနပိုင်အကျိုးအမြတ်မရနိုင်သည့် မွေးမြူရေးခြံများအား လုပ်ငန်းလျှော့ချ၍ အကျိုးအမြတ်သေချာသည့် မွေးမြူရေးလုပ်ငန်းများတွင် တိုးချဲ့ဆောင်ရွက်သွားပါမည်၊

(၄) ပျားရည်နှင့် ပျားထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်ရေးနှင့် ပျားရည်တိုးတက်ထုတ်လုပ်ရေး ဆောင်ရွက်သွားပါမည်၊

(၅) ငါးမျိုးများချန်လှပ်၍ ဖမ်းဆီးရေးကို အခြေခံသော မွေးမြူရေးစနစ်ဖြင့် ငါးမွေးမြူသွားမည်ဖြစ်ပြီး ငါးထုတ်လုပ်မှုတိုးစေရေးအတွက် မြစ်ချောင်း ရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်မှုလုပ်ငန်းအား တိုးချဲ့ဆောင်ရွက်မည်၊

(၆) ငါးပုစွန်တိုးတက်ထုတ်လုပ်နိုင်ရေး ပုဂ္ဂလိက လုပ်ငန်းရှင်များအား ကူညီပံ့ပိုး၍ တွန်းအားပေးဆောင်ရွက်သွားပါမည်၊

(၇) ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်ပိုင်တစ်နိုင် ဟင်းစားမှ စီးပွားဖြစ် မွေးမြူရေးအစုအဖွဲ့များအဖြစ်သို့ တိုးချဲ့ဖွဲ့စည်းခြင်း၊ ပေါင်းစည်း လယ်ယာများကို တိုးတက် ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများအတွက် မိသားစု အပိုဝင်ငွေ ရရှိစေရေး ဆောင်ရွက်သွားပါမည်။

၈။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေ၊ မြေ သဘာဝ ပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး၊ ကျေးလက်နေပြည်သူတို့၏

အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရေး၊

(၂) သစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေး၊

(၃) သစ်တော သယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံ စက်မှုလုပ်ငန်းများတိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊

(၄) သစ်တောကဏ္ဍ စွမ်းဆောင်ရည်တိုးတက်မြင့်မားရေးကြိုးပမ်းဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည် ဖွံ့ဖြိုးတိုးတက်မှုများရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်သွားမည်ဖြစ်ပါသည်။

(၂) ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ၊ သဘာဝနယ်မြေများတိုးချဲ့ဖွဲ့စည်းသတ်မှတ်သွားမည် ဖြစ်သည်။

(၃) ဒေသအတွင်းရှိ သဘာဝတောကျန်များကို ပြုစုထိန်းသိမ်းသွားမည်ဖြစ်သည်။

(၄) ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်နှင့် ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့စေရေး အတွက် ရေဝေရေလဲစိုက်ခင်းများတည်ထောင်သွားမည်ဖြစ်သည်။

(၅) ဒေသစိမ်းလန်းစိုပြည်ရေးအတွက် သစ်တောစိုက်ခင်းများ တည်ထောင်ထိန်းသိမ်းသွားမည် ဖြစ်သည်။

(၆) ဒေသအတွင်းရှိ တောင်စဉ်တောင်တန်းများ စိမ်းလန်းစိုပြည်လာစေရေးအတွက် စီမံချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

(၇) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေးစိုက်ခင်းများ တည်ထောင်သွားမည်ဖြစ်သည်။

(၈) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ထင်းအစား အခြား လောင်စာသုံးစွဲရေးကို ဦးတည်လျက် စွမ်းအားမြင့်မီးဖိုများ၊ လောင်စာတောင့်များနှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲလာရေးကို စည်းရုံးဆောင်ရွက်သွားမည်ဖြစ်သည်။

(၉) ဒေသတွင် မြေဆီလွှာတိုက်စားခြင်း၊ မြေအဆင့်အတန်းနိမ့်ကျခြင်းမှ ကာကွယ်နိုင်ရေး အတွက် နုန်းတားဆည်ငယ်များ တည်ဆောက်သွားရန်နှင့် ကျေးလက်ပြည်သူသောက်သုံးရေ ဖူလုံစေရေးအတွက် ရေကန်ငယ်များ တူးဖော်သွားမည်ဖြစ်သည်။

(၁၀) ကျေးလက်ပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များဖြည့်ဆည်းပေး နိုင်ရေးအတွက် သစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်သွားမည်ဖြစ်သည်။

(၁၁) နှစ်စဉ် လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များစိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များဖြန့်ဝေပေးမည် ဖြစ်သည်။

(၁၂) သစ်တောထိန်းသိမ်းမှုလုပ်ငန်းများတွင် ပြည်သူအများ ပူးပေါင်းပါဝင်လာစေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

(၁၃) ကျွန်းနှင့်သစ်မာများကို နှစ်စဉ် တောထွက်အပေါ် အခြေခံ၍ စိစစ်ထုတ်လုပ်သွားမည် ဖြစ်သည်။

(၁၄) သစ်မဟုတ်သည့် အခြား သစ်တောထွက်ပစ္စည်းများကို စီမံကိန်းလျာထားချက်ဘောင် အတွင်းမှ ထုတ်ယူသုံးစွဲစေမည်ဖြစ်သည်။

(၁၅) ခေတ်မီစက်ယန္တရားဖြင့် သစ်ထုတ်ရေးအင်အား တိုးမြှင့်သွားရန်နှင့်သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သည့် ဆင်ဖြင့် သစ်ထုတ်နည်းစနစ်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

(၁၆) သစ်ထုတ်လမ်းများဖောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးနည်းစနစ်များကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

(၁၇) သစ်မထုတ်မီနှင့် သစ်ထုတ်ပြီးကာလ သဘာဝပတ်ဝန်းကျင်အား အကျိုးသက်ရောက်မှုအား လေ့လာဆန်းစစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုသက်သာစေသော သစ်ထုတ်နည်းလမ်း များကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်သည်။

(၁၈) ရောင်းတန်းဝင်သစ်မျိုးနှင့်အတူ လူသုံးနည်းသစ်မျိုးများကို တွဲဖက်ထုတ်လုပ်သွားမည်ဖြစ်သည်။

(၁၉) သစ်တစ်ပင်လုံးအသုံးချနိုင်ရေးနှင့် သစ်မျိုးစုံအသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်သည်။

(၂၀) နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင်အခန်းတွင် သစ်အခြေခံစက်မှုလုပ်ငန်း ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက် လာစေရန်ဖြစ်သည်။

(၂၁) သစ်အခြေခံစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်သော သစ်လုံးကုန်ကြမ်း ရရှိရေး စီမံဆောင်ရွက်သွားမည်ဖြစ်သည်။

(၂၂) ဖက်စပ်၊ ပုဂ္ဂလိက သစ်အခြေခံစက်ရုံများအတွက် လိုအပ်သောသစ်လုံး၊ ခွဲသားကုန်ကြမ်းများ ရောင်းချပေးသွားမည်ဖြစ်သည်။

(၂၃) သစ်အခြေခံစက်မှုလုပ်ငန်းထွက်ကုန်အမည်သစ်များထုတ်လုပ်မည့်စက်ရုံ၊ အလုပ်ရုံသစ်များ ပေါ်ထွန်းလာသည်နှင့်အမျှ ပြည်တွင်းအလုပ်သမားများအတွက် ခေတ်မီနည်းပညာသစ်များ ရရှိလာစေရန် ဆောင်ရွက်မည်ဖြစ်ပါသည်။

(၂၄) လူသုံးနည်းသစ်များကို နည်းပညာသစ်များအသုံးပြု၍ အဆင့်မီကုန်ချောများထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

(၂၅) သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံမှန်လုပ်ငန်းခွင်သင်တန်းများအပြင် ဘာသာရပ် ဆိုင်ရာသင်တန်းများကို လိုအပ်ချက်များနှင့်အညီ ဖွင့်လှစ်ပို့ချသွားရန်၊ ပြည်တွင်း/ပြည်ပ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ ဝန်ထမ်းများအား စေလွှတ် သွားမည်ဖြစ်သည်။

၉။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် စွမ်းအင်ကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စွမ်းအင်အရင်းအမြစ်များဖြစ်သည့် ရေနံစိမ်းတိုးချဲ့ရှာဖွေထုတ်လုပ်နိုင်ရေးကြိုးပမ်း ဆောင်ရွက်ရေး၊

(၂) စွမ်းအင်ဆိုင်ရာကိစ္စရပ်များကို ဒေသတွင်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်မှာ ရေနံစိမ်းထုတ်လုပ်မှုကို ၂၀၁၀-၂၀၁၁ ခုနှစ်ထက် ၁၇. ၇ ရာခိုင်နှုန်း လျော့နည်း ထုတ်လုပ်မည်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ရေနံ တိုးချဲ့ရှာဖွေထုတ်လုပ်ရေးကို ပုဂ္ဂလိကလုပ်ငန်းများနှင့်ပူးပေါင်းဆောင်ရွက်မည်။

(၂) ရေနံတွင်းသစ်များ တိုးချဲ့ရှာဖွေသည့်နည်းတူ ရေနံတွင်းဟောင်းများကို ထုတ်လုပ်မှုလျော့နည်းခြင်းအနည်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်မည်။

(၃) ရေနံထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်မည်။

၁၀။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဓာတ်သတ္တုများအား ခေတ်မီနည်းပညာများဖြင့် အဆင့်မြှင့်တင်၍ လေလွင့်ဆုံးရှုံးမှုအနည်းဆုံးနှင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးသို့ ရှေးရှုဆောင်ရွက်ရေး၊

(၂) ပုဂ္ဂလိကပိုင်ကဏ္ဍမြင့်မားရေးနှင့်တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရေးအားပေးဆောင်ရွက်ရေး၊

(၃) ကျယ်ပြန့်ထွန်းကားလာသည့်ဈေးကွက်စီးပွားရေးနှင့်အညီ ဓာတ်သတ္တုထုတ်လုပ်မှုနှင့် ကျောက်မျက်ရတနာဈေးကွက်များ ပြည်တွင်း၌ အခြေခိုင်မာပေါ်ပေါက်ပြီး ထိုက်သင့်သည့် ဈေးနှုန်းများရရှိရေး ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) ဓာတ်သတ္တုသယံဇာတပစ္စည်းများသုံးစွဲရာတွင် ပြည်ပမှတင်သွင်းရသည့်ဓာတ်သတ္တုများကို ပိုမိုထုတ်လုပ်အစားထိုးရေး၊

(၅) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့်ပတ်ဝန်းကျင်ထိခိုက်ယိုယွင်း ပျက်စီးမှုမရှိစေရေးအလေးထားဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နှစ်စဉ် စီမံကိန်းရည်မှန်းချက်များအောင်မြင်ရေးအတွက် မြေပေါ်မြေအောက်သယံဇာတ ဓာတ်သတ္တုများ တိုးတက်ရှာဖွေထုတ်လုပ်ပြီး အမျိုးသားဝင်ငွေတိုးတက်စေရေး အထောက်အကူပြုဆောင်ရွက်ရမည်။

(၂) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ ဓာတ်သတ္တုကဏ္ဍနှင့် ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင် အခန်းကဏ္ဍသို့ မြှင့်တင်ကူးပြောင်း၍ အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်ရမည်။

(၃) ပုဂ္ဂလိကပိုင် ဓာတ်သတ္တုမျိုးစုံထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးစေရန် ဓာတ်သတ္တုထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့် နည်းပညာများ ပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံး ခေတ်မီပစ္စည်းများ ပံ့ပိုးကူညီခြင်း စသည့်လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရမည်။

(၄) နိုင်ငံတော်အတွင်း၌ ကျောက်မျက်ရတနာဈေးကွက် ဖြစ်ထွန်းပေါ်ပေါက်၍ ရေရှည် တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းပြီး နိုင်ငံတော်အတွက် နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းသုံးငွေများ တိုးတက်ရှာဖွေပေးနိုင်ရေး နည်းလမ်းများ ရှာဖွေဆောင်ရွက်ရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သတ္တုကဏ္ဍနှင့် နိုင်ငံတော်၏ စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ ကူးပြောင်း၍ အကျိုးတူပူးပေါင်း ဆောင်ရွက်မည်။

(၂) ဈေးကွက်စီးပွားရေးစနစ်အရ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်မည်။

(၃) မြေပေါ်မြေအောက်သယံဇာတများကို ပိုမိုတိုးတက်ထုတ်လုပ်ပြီး အမျိုးသားဝင်ငွေ တိုးတက်စေရန် စီမံဆောင်ရွက်မည်။

(၄) အကျိုးတူလုပ်ကိုင်သော သတ္တုတွင်း၊ စက်ရုံ၊ အလုပ်ရုံများအား သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြီးကြပ်စီမံကွပ်ကဲဆောင်ရွက်မည်။

(၅) ခွင့်ပြုမိန့်ချမှတ်ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်သို့ပေးသွင်းရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေး ဆောင်ရွက်မည်။

(၆) နိုင်ငံတော်အတွက် နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းသုံးကျပ်ငွေများ တိုးတက်ရရှိစေရန် ကျောက်မျက်ရတနာပြပွဲ ကျင်းပရောင်းချနိုင်ရေး ဆောင်ရွက်မည်။

၁၁။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုကဏ္ဍများတွင် ပိုမိုတိုးတက်လာရေးအတွက် စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲသွားရေး တွန်းအားပေး ဆောင်ရွက်သွားရေး၊

(၂) လယ်ယာစိုက်ပျိုးရေးကို အခြေခံသော စက်မှုနိုင်ငံအဖြစ် ကူးပြောင်းရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး၊

(၃) စက်မှုလက်မှုကုန်စည်များကို ပြည်တွင်းတွင် ပိုမိုသုံးစွဲလာရေးနှင့် ပြည်ပသို့ ကျယ်ကျယ်ပြန့်ပြန့်တင်ပို့နိုင်ရေးအတွက် အရည်အသွေးမြင့်မားသည့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေး၊

(၄) စက်မှုလက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အတတ်ပညာ၊ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်ရန်၊

(၅) စက်မှုလုပ်ငန်းနယ်ပယ်တွင် ထုတ်လုပ်နည်းစနစ်နှင့် အတွေ့အကြုံများကို သုတေသနလုပ်ငန်းများနှင့် ပေါင်းစပ်မှုမှ အဆင့်မြင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာအဆင့်မြင့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ဖြစ်ထွန်းရေး၊

(၆) ပြည်သူလူထု၏ စီးပွားရေးနှင့်လူမှုရေးဘဝ တိုးတက်မြင့်မားရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ရေး၊

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ပိုမိုမြှင့်တင်ရမည်။

(၂) စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ၂၀၁၀-၂၀၁၁ ခုနှစ်ထက် (၁၆. ၃) ရာခိုင်နှုန်း တိုးတက်ရန်ဆောင်ရွက်ရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုကဏ္ဍနှင့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အလို့ငှာ နိုင်ငံပိုင်စက်မှုလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းခြင်းနည်းလမ်း၊ ပုဂ္ဂလိကကဏ္ဍသို့ စနစ်တကျ လွှဲပြောင်းပေးခြင်းနည်းလမ်းများကို ကျင့်သုံး၍ နိုင်ငံပိုင်ကဏ္ဍကို ဖြည်းဖြည်းခြင်း လျှော့ချသွားပြီး ဈေးကွက်လိုအပ်သည့် ထုတ်ကုန်ပစ္စည်းများကို အရည်အသွေး ပြည့်မီစွာထုတ်လုပ်သွားမည်။

(၂) လေလွင့်ဆုံးရှုံးမှုနည်းပါးရေးအတွက် စနစ်တကျစီမံခန့်ခွဲသွားမည်။

(၃) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စက်မှုနည်းပညာနှင့် စီမံခန့်ခွဲမှုအတတ်ပညာများ စီးဝင်လာစေရေး တိုးမြှင့်ဆောင်ရွက်မည်။

(၄) စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်နှင့်ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များ အဆက်အစပ်မိမိဖြင့် အပြန်အလှန်ညှိနှိုင်း ဆောင်ရွက်မည်။

(၅) လယ်ယာအထောက်အကူပြု စက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်မည်။

(၆) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှုလုပ်ငန်းများအဖြစ် ကြပ်မတ်စစ်ဆေးသွားမည်။

၁၂။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) တိုးတက်ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်ဓာတ်အားကို တိုင်းဒေသကြီးအတွင်း လက်ခံပို့လွှတ်ပေးမည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့ တည်ဆောက်ရေး။

(၂) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံး ဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရေး နည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာ အကူအညီများ ပံ့ပိုးပေးရေး။

(၃) ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်ဓာတ်အားပေး စက်များဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဓာတ်အားပေးစက်များ၏ ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်ရေး။

(၄) ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပို့လွှတ် ဖြန့်ဖြူးသုံးစွဲနေသော လျှပ်စစ်ဓာတ်အား၏ အရည်အသွေးကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော ဗို့အားနှင့် ကြိမ်နှုန်းပြည့် တည်ငြိမ်စွာရှိစေပြီး ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှု အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရေး။

(ခ) ရည်မှန်းချက်မှာ စီမံကိန်းကာလအတွင်း ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများ တိုးချဲ့၍ အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) တိုင်းဒေသကြီးတွင် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ၂၃၀ ကေဗွီ မြောက်ပြင်ဓာတ်အားခွဲရုံ (၁) ရုံ တည်ဆောက်နေပြီး၊ စက်မှုဇုန် (၂) နှင့် ကျောက်ဆည် တောင်တော်တွင် ပင်မဓာတ်အားခွဲရုံသစ် (၂) ရုံကို အင်အားတိုးချဲ့တည်ဆောက်သွားမည်ဖြစ်သည်။

(၂) လျှပ်စစ်ဓာတ်အားသုံးစွဲမည့် အများပြည်သူများ ဓာတ်အားအပြည့်အဝ ရရှိစေရေးအတွက် မန္တလေးခရိုင်တွင် ၃၃/၁၁ ကေဗွီထပ်ဆင့်ခွဲရုံ (၂) ရုံ တည်ဆောက်လျက်ရှိပြီး၊ စဉ့်ကူး၊ လက်ပံလှ၊ ကူမဲ၊ စဉ့်ကိုင်မြို့များတွင် ၃၃ ကေဗွီ ခွဲရုံအသစ်များ တည်ဆောက်သွားမည်ဖြစ်သည်။

၁၃။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဆက်သွယ်သွားလာမှုလျင်မြန်စေရန်အတွက် လမ်းများအသစ်ဖောက်လုပ်ခြင်း၊

(၂) နိုင်ငံတော်မှ ချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်ရေး လုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် တိုင်းဒေသကြီးတစ်ဝန်း မြို့ပြဖွံ့ဖြိုးရေးမူဝါဒများနှင့် မြို့ပြမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေး၊

(၃) တိုင်းဒေသကြီးတစ်ဝန်းလုံးရှိ ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး အရေးသုံးပါးတွင် နေရေးအတွက် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများနှင့်မြို့ပြများ စနစ်တကျဖွံ့ဖြိုးလာရေးအတွက် အဓိကထားဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) တိုင်းဒေသကြီးတစ်ဝန်းလုံးရှိ ပြည်သူများ၏ နေထိုင်မှုအခွင့်အလမ်းများ အစဉ်တိုးတက်မြင့်မားလာရေးနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးမှု ရရှိရေးအတွက် မြို့ပြများ စနစ်တကျ ဖွံ့ဖြိုးပြီး ပြည်သူများ၏ စီးပွားရေး တိုးတက်ကောင်းမွန်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် စက်မှုဇုန်များ စီမံကိန်းရေးဆွဲ တည်ဆောက်ခြင်း၊ အထူးစီးပွားရေးဇုန်များ ဖော်ထုတ်ရန် စီမံကိန်းများ ရေးဆွဲခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်မည်။

(၂) မြို့ပြနှင့် ကျေးလက်ဒေသများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်အတန်းမြင့်မားလာစေရေး ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မန္တလေးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအလားအလာများ၊ နိုင်ငံတော်မှ ချမှတ်ထားသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲမွဲတေမှု လျှော့နည်းပပျောက်ရေးတို့အတွက် အထောက်အပံ့ကောင်းဖြစ်နိုင်ခြေတို့ကို ဆန်းစစ်ခြင်းများအား နည်းပညာ အကူအညီရယူဆောင်ရွက်မည်။

(၂) တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေး၊ အိမ်ရာဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်သည့် အကူအညီများကို ပြည်ထောင်စုအစိုးရထံမှ ဆက်လက်ရယူဆောင်ရွက်မည်။

၁၄။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လေကြောင်းလိုင်းများ၊ လေဆိပ်များအား နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ သဘာဝဘေးအန္တရာယ်များ ကာကွယ်ပေးနိုင်ရေး ဆောင်ရွက်ရေး၊

(၂) အခြားစီးပွားရေးကဏ္ဍများ၏ တိုးချဲ့ထုတ်လုပ်မှုနှင့် လူမှုရေးလိုအပ်ချက်အပေါ် အခြေခံ၍ ပို့ဆောင်ရေးစွမ်းရည်ကို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ရေးယာဉ်များ အစားထိုးရန်၊ အင်အားတိုးချဲ့ရန်၊ အခြေခံအဆောက်အဦများကိုလည်း လိုက်လျောညီထွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြှင့်ခြင်း၊ တိုးချဲ့ခြင်း၊ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရေး၊

(၃) ပို့ဆောင်ရေးကဏ္ဍတွင် ခေတ်နှင့်အညီ နည်းပညာတိုးတက်လျက်ရှိရာ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို တိုးချဲ့ဆောင်ရွက်ရေး၊

(၄) ရထားပို့ဆောင်မှုစနစ်တွင် ပို့ဆောင်ရေးစွမ်းရည် မြင့်တက်လာရေး ဆောင်ရွက်ရေး၊

(၅) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်၍ စနစ်တကျ ကြီးကြပ်ကွပ်ကဲရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေကြောင်း၊ လေကြောင်းဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုပမာဏအား ပိုမိုရရှိအောင် ဆောင်ရွက်မည်။

(၂) ရေကြောင်းသွားလာမှု တိုးတက်လာစေရေးအတွက် ရေလမ်းကောင်းမွန်ရေး၊ ရေတိုက်စားကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်မည်။

(၃) နိုင်ငံတော်အတွက် နှစ်စဉ်အသားတင်ဘဏ္ဍာငွေများ တိုးတက်ရှာဖွေရေး ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေကြောင်းကဏ္ဍတွင် မှတ်ပုံတင်မဲ့ရေယာဉ်များ၊ လိုင်စင်သက်တမ်းလွန်ရေယာဉ်များကို ဖော်ထုတ်စစ်ဆေးအရေးယူပြီး ရေယာဉ်များ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် သက်ဆိုင်ရာ အခွန်အခ၊ ဒဏ်ကြေးများ အပြည့်အဝကောက်ခံပြီး နိုင်ငံဝင်ငွေတိုးတက်အောင်ဆောင်ရွက်ပါမည်။

(၂) ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းနှင့် မြို့ရွာများ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း စီမံကိန်းဝင် မြစ်ကူး တံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေလမ်းထိန်းသိမ်းပေးခြင်းလုပ်ငန်းများ၊ မြစ်ရေတင်စက်များ ရေရရှိရေးလုပ်ငန်း ရေလွှမ်းမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေး အတွက် မြစ်ကွေ့ဖြောင့်ခြင်းလုပ်ငန်းများ၊ သောင်တူးရေယာဉ်နှင့် အထောက်အကူပြု ရေယာဉ်သစ်များ ဖြည့်တင်းရေးနှင့် လက်ရှိသုံးစွဲနေသည့် ရေယာဉ်နှင့် ယန္တရားများ ကြံ့ခိုင် စေရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်။

(၃) လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လေကြောင်းထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်။

၁၅။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ကာလတို (၅) နှစ် (၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆) စီမံကိန်း၏ ပထမနှစ်တွင် နိုင်ငံတော်၏ ပြောင်းလဲလာသော စီးပွားရေးဆိုင်ရာ မူဝါဒများနှင့်အညီ ဆက်သွယ်ရေးကဏ္ဍတွင်လည်း ပြုပြင်ပြောင်းလဲမှုများ စတင်ဆောင်ရွက်ရေး၊

(၂) ဆက်သွယ်ရေးကဏ္ဍတည်ဆောက်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ပုဂ္ဂလိက ပါဝင်ရင်းနှီး မြှုပ်နှံမှုကို စတင်ခွင့်ပြုသွားရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ဆက်သွယ်ရေးကဏ္ဍ၏ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်၏ ၁. ၁ ဆ တိုးတက် ဖြစ်ပေါ်ရန်နှင့် တိုးတက်မှုနှုန်းအနေဖြင့် ၅. ၆ ရာခိုင်နှုန်း ဖြစ်ပေါ်စေရန် ဆောင်ရွက် ပါမည်။

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းတိုးချဲ့တပ်ဆင်သွားပါမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) တယ်လီဖုန်းကဏ္ဍတွင် အော်တိုတယ်လီဖုန်း (၄၄၈၀) လုံးနှင့် မိုဘိုင်းတယ်လီဖုန်း (၂၉၁၀၃)လုံး စုစုပေါင်းလုံးရေ (၃၃၅၈၃) လုံး တပ်ဆင်ပေးရန် လျာထားပါသည်။

(၂) E-Government စနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်း၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ပါမည်။

(၃) ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး တစ်လျှောက်တွင် GSM တယ်လီဖုန်းစနစ် ဆက်သွယ်မှုမပြတ်ရရှိရေး ဆောင်ရွက်ပါမည်။

၁၆။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရေးဖြစ်သည်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ငွေရေးကြေးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲဆောင်ရွက် ရာတွင် တိုးတက်ပြောင်းလဲလာသော ငွေရေးကြေးရေးကဏ္ဍအား စည်းစနစ်တကျ ကြီးကြပ် ကွပ်ကဲဆောင်ရွက်မည်။

(၂) နိုင်ငံတကာရှိ ဘဏ်လုပ်ငန်းများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အီလက်ထရောနစ် ဘဏ်လုပ်ငန်း အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်။

(၂) ပြည်တွင်း၊ ပြည်ပ ငွေပေးချေမှုများ၊ စာရင်းရှင်းလင်းမှုများ အဆင်ပြေစေရေး နည်းလမ်း ရှာဖွေဆောင်ရွက်မည်။

(၃) ငွေကြေးစီးဆင်းမှု၊ လွယ်ကူချောမွေ့အဆင်ပြေစေရေး ကြိုးပမ်းဆောင်ရွက်မည်။

(၄) လုံခြုံရေးသတင်းကွန်ရက် တိုးချဲ့ဆောင်ရွက်မည်။

(၅) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အသေးစား ငွေရေး ကြေးရေးဥပဒေ ထုတ်ပြန်ထားပြီးဖြစ်၍ အဆိုပါ ဥပဒေနှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်မည်။

(၆) အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ စနစ်တကျ ဖွဲ့စည်းပေါ်ပေါက်ရေးနှင့် ထိုအဖွဲ့ အစည်းများအား စနစ်တကျ ကြီးကြပ်ကွပ်ကဲရန် တိုင်းဒေသကြီးနယ်မြေတွင် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီကို စနစ်တကျဖွဲ့စည်းကာ ကြပ်မတ်ဆောင်ရွက်မည်။

၁၇။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေး၊

(၂) ပညာရေးအဆင့်အတန်း မြင့်မားလာစေရေး၊

(၃) ကျန်းမာရေးစနစ် အားဖြည့်ဆောင်ရွက်ခြင်းကို အထူးအလေးပေးဆောင်ရွက်ရေး၊

(၄) ကျန်းမာခြင်းအပေါ် အကျိုးသက်ရောက်မှုရှိသော လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်တို့နှင့် ဆက်စပ်လျက်ရှိသော အခြေအနေများ တိုးတက်ကောင်းမွန်ဖြစ်ပေါ်စေရေး၊

(၅) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး၊

(၆) လုပ်အားနှင့်အညီ လုပ်ခအပြည့်အဝမှန်ကန်စွာရရှိရေး၊

(၇) နိုင်ငံတော်၏အကျိုး၊ နိုင်ငံသားတို့၏အကျိုးကို ကာကွယ်စောင့်ရှောက်ရေး၊

(၈) အထက်ဖော်ပြပါ မူဝါဒများကို အကောင်အထည်ဖော်ရာတွင် ဌာနများက မိမိတို့၏ သက်ဆိုင်ရာ ဝန်ကြီးဌာန ရည်မှန်းချက်များနှင့် ဆီလျော်သည်များကို ဆောင်ရွက်သွားရမည်။

၁၈။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒမှာ အပြန်အလှန်ကူးလူးဆက်ဆံမှုများ တိုးမြှင့်ရေး၊ ဒေသတွင်းရှိ အရင်းအမြစ်များ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပိုမိုပူးပေါင်းပါဝင်ရေးတို့ကို ခရီးသွားလုပ်ငန်းဖြင့် အထောက် အကူပြုစေရေးဖြစ်သည်။

၁၉။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီ ဆောင်ရွက်ရေးဖြစ်သည်။

# ၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းဥပဒေကြမ်း

## ( ၂၀-- ခုနှစ်၊ တိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်　　)

၁၃　ခုနှစ်၊　　　　လ　　ရက်

( ၂၀　ခုနှစ်၊　　　　လ　　ရက် )

### နိဒါန်း

၁။　၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၉၀ (ခ) တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသန္တရစီမံကိန်း၊ နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်ဟူသော ပြဋ္ဌာန်းချက်အရ ဤဥပဒေကို တင်သွင်းခြင်းဖြစ်သည်။

### အခန်း (၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၂။　ဤဥပဒေကို ၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

၃။　ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(၁)　**ဒေသန္တရစီမံကိန်း**ဆိုသည်မှာ ကာလတစ်ရပ်အတွင်း တိုင်းဒေသကြီး အတိုင်းအတာအရ လူမှု စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက် များကို ဆိုသည်။

(၂)　**ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိက မျှော်မှန်းချက်များကိုဆိုသည်။

(၃)　**စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းထား သည့် အချက်အလက်များကို ဆိုသည်။

(၄)　**အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များပြည့်မီရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆိုသည်။

(၅)　**အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ် တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့် ခုနှစ်ကို ဆိုသည်။

(၆)　**ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကိုဆိုသည်။

(၇)　**နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကိုဆိုသည်။

(၈)　**ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု အမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍများကိုဆိုသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် စီးပွားရေး ကဏ္ဍ (၁၄) ကဏ္ဍ ဖွဲ့စည်းသတ်မှတ်ထားသည်။

(၉)　**ကဏ္ဍကြီး**ဆိုသည်မှာ စီးပွားရေးကဏ္ဍ (၁၄) ကဏ္ဍကို လုပ်ငန်းသဘောသဘာဝ တူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းတွင် လယ်ယာကဏ္ဍကြီး (လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ)၊ စက်မှုကဏ္ဍကြီး (စွမ်းအင်၊ သတ္တုနှင့်တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်

ခေတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ)၊ ဝန်ဆောင်မှုကဏ္ဍကြီး (ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ) ဟူ၍ ခွဲခြားထားခြင်းကိုဆိုသည်။

## အခန်း (၂)
## ဦးတည်ချက်

၄။ ဤဥပဒေ၏ ဦးတည်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိအောင် ဆောင်ရွက်ပေးပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည့် အရင်းအနှီးကုန်ကြမ်းများကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ရေး၊

(၂) အလုပ်အကိုင် အခွင့်အလမ်းများနှင့် နည်းပညာ ကျွမ်းကျင်မှုရရှိရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊

(၃) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ရေး။

## အခန်း (၃)
## စီမံကိန်းလျာထားချက်

၅။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရမှချမှတ်သော မူဝါဒများနှင့်အညီ အောက်ပါအတိုင်း စီမံကိန်းလျာထားချက်များ ထားရှိဆောင်ရွက်ပါသည် -

(၁) စီးပွားရေး တိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၆. ၇ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ်အပေါ် အဆအားဖြင့် ၁. ၁ ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်ရမည်။

(၂) နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်နှင့်အညီ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၂၈. ၆ ရာခိုင်နှုန်းမှ ၂၇. ၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၈. ၄ ရာခိုင်နှုန်းမှ ၂၉. ၄ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၄၃. ၀ ရာခိုင်နှုန်းမှ ၄၃. ၆ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီး ပြောင်းလဲ ဖြစ်ပေါ်စေရမည်။

(၃) လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၀. ၉ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၁၀. ၃ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၈. ၂ ရာခိုင်နှုန်း အသီးသီး တိုးတက်စေရမည်။

(၄) ကုန်သွယ်မှုကဏ္ဍကြီးကို တိုးတက်မှုနှုန်းကို ၅. ၀ ရာခိုင်နှုန်း တိုးတက်စေရမည်။

## အခန်း (၄)
## ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်

၆။ ၂၀၁၂-၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ရန်၊

(၂) လေ့ကျင့်ပညာပေးရန်၊

(၃) သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လယ်ယာကဏ္ဍဆိုင်ရာ ကိန်းဂဏန်းများ မှန်ကန်ရေးကို တိုင်းဒေသကြီးတွင် တိုးချဲ့ဆောင်ရွက်ရန်၊

(၂) မျိုးကောင်းမျိုးသန့်စပါးမျိုးစေ့များ ဆက်လက်ထုတ်လုပ်သွားရန်၊

(၃) ကျန်အဓိကစိုက်ပျိုးသီးနှံများတွင်လည်း အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးသွားရန်၊

(၄) စံပြစက်မှုလယ်ယာကွက်များကို ဆက်လက် တိုးချဲ့ ဖော်ထုတ်သွားရန်၊

(၅) ဆည်ရေသောက်ဧကများ အပြည့်အဝ ရေပေးဝေစိုက်ပျိုးနိုင်ရန် တူးမြောင်းများ၊ ခေတ်မီပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၆) သီးနှံစိုက်စွမ်းအား တိုးတက်အောင် ဆောင်ရွက်ရန်၊

(၇) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်၊

(၈) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးသွားရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြေကြီး၊ မြေပုံနှင့် မြေစာရင်း မှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများ ထုတ်လုပ်အသုံးပြုနိုင်ရေးနှင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်ဧရိယာများစာရင်းကောက်ယူရေးလုပ်ငန်းများကို အထူးဦးစားပေး ဆောင်ရွက်သွားပါမည်။

(၂) စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ခြင်းကို တိုးတက်ဆောင်ရွက်သွားပါမည်။ တိုင်းဒေသကြီးတွင် ဧက (၁၀၀) စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်သွားနိုင်ရေးအတွက် လုပ်ငန်းရှင်များ၏ အင်အားကို ရယူ၍ ဝန်ကြီးဌာန၏ လေ့ကျင့်မွေးမြူထားသည့် ပညာရှင်များနှင့် ကူညီဆောင်ရွက်သွားပါမည်။

(၃) လျှပ်စစ်မြစ်ရေတင်လုပ်ငန်းအနေဖြင့် မန္တလေးတိုင်းဒေသကြီးတွင် (၁၅၀၀၀) ဧက ရေပေးဝေနိုင်ရန် ဆောင်ရွက်သွားပါမည်။

(၄) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများ ဆက်လက် ဆောင်ရွက်သွားပါမည်။

(၅) စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးသွားပါမည်။

(၆) စပါးမျိုးသန့်အဆင့်ဆင့် ထုတ်လုပ်သွားမည့် အစီအစဉ်အရ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် **(CS)** မျိုးသန့်စိုက်ဧက (၂၁၆၁) ဧက စမ်းသပ်စိုက်ပျိုးပြီး မျိုးစေ့ (၁၀၈၀၇၆) တင်း ထုတ်လုပ်သွားပါမည်။

(၇) ၂၀၁၂-၂၀၁၃ ခုနှစ်တွင် အထူးအထွက်တိုးမျိုးများ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် မျိုးပွားထုတ်လုပ်ခြင်းနှင့် နည်းပညာ ပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်သွားပါမည်။

(၈) တောင်သူများထံ အထူးအထွက်တိုးစပါးမျိုးစေ့များ ဈေးနှုန်းချိုသာစွာ ရောင်းချနိုင်ရေး အတွက် အထူးမျိုးစေ့ထုတ်လုပ်ငန်းကို ၂၀၁၂-၂၀၁၃ ခုနှစ် မိုးစပါးရာသီတွင် ပုသိမ်ကြီးမြို့နယ်တွင် ဧက (၁၀၀) စိုက်ပျိုး ဆောင်ရွက်မည်ဖြစ်သည်။

(၉) ကျောက်တလုံး၊ ငါန်းဇွန် ဧရာဝတီကမ်း ပတ်ကာပေါင်ဖို့ခြင်းမှ ကျန်ရှိကမ်းပတ်တာ (အာဒီ ၁၈၆၀၀၀ မှ ၂၄၀၀၀ ထိ) ကို ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ဆက်လက်ဆောင်ရွက်သွားပါမည်။

၇။ ၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ ငါးနှစ်စီမံကိန်း ဦးတည်ချက်များအရ သတ်မှတ်ထားသည့် စီမံကိန်း ဒုတိယနှစ် (၂၀၁၂-၂၀၁၃) ခုနှစ် လျာထားချက်များကို ပြည့်မီအောင်ဆောင်ရွက်ရေးဖြစ်သည်။

(ခ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပျားရည်ထုတ်လုပ်မှုကို (၁၅.၄) ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်အောင် ဆောင်ရွက်ရမည်။

(၂) ငါး၊ ပုစွန်ထုတ်လုပ်မှုကို ကာလတို ငါးနှစ်စီမံကိန်း၏ ပထမနှစ်ထက် (၁.၁) ရာခိုင်နှုန်း တိုးတက်ရရှိရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီးပွားဖြစ်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းကြီးများ ထူထောင်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ အရင်းအနှီးနှင့် နည်းပညာများရယူခြင်း၊ မွေးမြူရေး ချေးငွေရရှိနိုင်ရေးတို့အတွက် ကူညီဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(၂) ဈေးကွက်ပိုမိုရရှိရေး၊ သွင်းကုန်အစားထိုးနိုင်ရေးအတွက် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၏ ထုတ်လုပ်မှုစရိတ်လျှော့ချနိုင်ရေးအတွက် အရည်အသွေး ပြည့်မီရေး ဖြည့်ဆည်းဆောင်ရွက်သွားမည်၊

(၃) မွေးမြူရေးဆိုင်ရာ အခြေခံကိန်းဂဏန်း အချက်အလက်များ မှန်ကန်ပြည့်စုံစွာ ရရှိရေးဆောင်ရွက်သွားမည်ဖြစ်ပြီး မွေးမြူထုတ်လုပ်မှု တိုးတက်မှု ရှိစေရေးအတွက် ထိရောက်စွာကြီးကြပ်ဆောင်ရွက်သွားပါမည်၊

(၄) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ဈေးကွက်တွင် ဈေးကွက်ဝေစု ပိုမိုရရှိရေးအတွက် ထိုးဖောက်ဆောင်ရွက်သွားမည်၊

(၅) ပျားရည်နှင့်ပျားထွက်ပစ္စည်းများကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက် ပိုမိုတိုးချဲ့ဆောင်ရွက်သွားပါမည်၊

(၆) ဝင်ငွေတိုးတက်ရရှိရေးအတွက် ပြည်ပသို့ ငါး၊ ပုစွန် တိုးချဲ့တင်ပို့နိုင်ရေး ပုဂ္ဂလိကလုပ်ငန်းရှင်များအား ကူညီပံ့ပိုး၍ တွန်းအားပေးဆောင်ရွက်သွားပါမည်၊

(၇) သဘာဝရေပြင်ရှိ ငါးလုပ်ငန်းဆိုင်ရာ သယံဇာတများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(၈) ရေချိုပုစွန်မွေးမြူထုတ်လုပ်ရေး တိုးတက်စေရန် (ငါး၊ ပုစွန်ရောနှောမွေးမြူရေးစနစ်) သို့ တိုးချဲ့မွေးမြူ ဆောင်ရွက်သွားပါမည်၊

(၉) စိုက်ပျိုးချိန်စောင့်ဆိုင်းနေဆဲကာလတွင် ကျေးလက်နေပြည်သူများ အပိုဝင်ငွေရရှိရန် ပေါင်းစည်းလယ်ယာစနစ်များ ပေါ်ထွက်လာစေရေး တွန်းအားပေးဆောင်ရွက်သွားပါမည်။

၈။ ၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ ရေ၊ မြေ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး၊ ကျေးလက်နေ ပြည်သူတို့၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရေး၊ သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေး၊ သစ်တော သယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံစက်မှုလုပ်ငန်းများ

တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊ သစ်တောကဏ္ဍ စွမ်းဆောင်ရည် တိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ရန် ဖြစ်သည်။

(ခ) ရည်မှန်းချက်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်သွားရန်ဖြစ်သည်။

(၂) ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ၊ သဘာဝနယ်မြေများတိုးချဲ့ဖွဲ့စည်းသတ်မှတ်သွားရန် ဖြစ်သည်။

(၃) ဒေသအတွင်းရှိ သဘာဝတောကျန်များကို ပြုစုထိန်းသိမ်းသွားရန်ဖြစ်သည်။

(၄) ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်နှင့် ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့စေရေးအတွက် ရေဝေရေလဲစိုက်ခင်းများ တည်ထောင်သွားရန်ဖြစ်သည်။

(၅) ဒေသစိမ်းလန်းစိုပြည်ရေးအတွက် သစ်တောစိုက်ခင်းများ တည်ထောင်ထိန်းသိမ်းသွားရန် ဖြစ်သည်။

(၆) ဒေသအတွင်းရှိ တောင်စဉ်တောင်တန်းများ စိမ်းလန်းစိုပြည်လာစေရေးအတွက် စီမံချက်ဖြင့် ဆောင်ရွက်သွားရန်ဖြစ်သည်။

(၇) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေးစိုက်ခင်းများ တည်ထောင်သွားရန်ဖြစ်သည်။

(၈) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ထင်းအစား အခြားလောင်စာသုံးစွဲရေးကိုဦးတည်လျက် စွမ်းအားမြင့်မီးဖိုများ၊ လောင်စာတောင့်များနှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲလာရေးကို စည်းရုံးဆောင်ရွက်သွားရန်ဖြစ်သည်။

(၉) ဒေသတွင် မြေဆီလွှာတိုက်စားခြင်း၊ မြေအဆင့်အတန်းနိမ့်ကျခြင်းမှ ကာကွယ်နိုင်ရေးအတွက် နုန်းတားဆည်ငယ်များ တည်ဆောက်သွားရန်နှင့် ကျေးလက်ပြည်သူသောက်သုံးရေဖူလုံစေရေးအတွက် ရေကန်ငယ်များ တူးဖော်သွားရန်ဖြစ်သည်။

(၁၀) ကျေးလက်ပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေးအတွက် သစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်သွားရန်ဖြစ်သည်။

(၁၁) နှစ်စဉ် လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များစိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များဖြန့်ဝေပေးရန် ဖြစ်သည်။ ပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရန်ဖြစ်သည်။

(၁၂) ကျွန်းနှင့်သစ်မာများကို နှစ်စဉ် တောထွက်အပေါ် အခြေခံ၍ စိစစ်ထုတ်လုပ်သွားရန် ဖြစ်သည်။

(၁၃) သစ်မဟုတ်သည့် အခြားသစ်တောထွက်ပစ္စည်းများကို စီမံကိန်းလျာထားချက်ဘောင် အတွင်းမှ ထုတ်ယူသုံးစွဲစေရန်ဖြစ်သည်။

(၁၄) ခေတ်မီစက်ယန္တရားဖြင့် သစ်ထုတ်ရေးအင်အား တိုးမြှင့်သွားရန်နှင့်သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သည့် ဆင်ဖြင့် သစ်ထုတ်နည်းစနစ်ကို ဆက်လက်ဆောင်ရွက်သွားရန် ဖြစ်သည်။

(၁၅) သစ်ထုတ်လမ်းများဖောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးနည်းစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်သွားရန်ဖြစ်သည်။

(၁၆) သစ်မထုတ်မီနှင့် သစ်ထုတ်ပြီးကာလ သဘာဝပတ်ဝန်းကျင်အား အကျိုးသက်ရောက်မှုအား လေ့လာဆန်းစစ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုသက်သာစေသော သစ်ထုတ်နည်းလမ်းများကို လိုက်နာဆောင်ရွက်သွားရန်ဖြစ်သည်။

(၁၇) ရောင်းတန်းဝင်သစ်မျိုးနှင့်အတူ လူသုံးနည်းသစ်မျိုးများကို တွဲဖက်ထုတ်လုပ်သွားရန်ဖြစ်သည်။

(၁၈) သစ်တစ်ပင်လုံးအသုံးချနိုင်ရေးနှင့် သစ်မျိုးစုံအသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်ဖြစ်သည်။

(၁၉) နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်းတွင် သစ်အခြေခံစက်မှုလုပ်ငန်း ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာစေရန်ဖြစ်သည်။

(၂၀) သစ်အခြေခံစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်သော သစ်လုံးကုန်ကြမ်းရရှိရေး စီမံဆောင်ရွက်သွားရန်ဖြစ်သည်။

(၂၁) ဖက်စပ်၊ ပုဂ္ဂလိက သစ်အခြေခံစက်ရုံများအတွက် လိုအပ်သောသစ်လုံး၊ ခွဲသားကုန်ကြမ်းများရောင်းချပေးသွားရန်ဖြစ်သည်။

(၂၂) သစ်အခြေခံစက်မှုလုပ်ငန်းထွက်ကုန်အမည်သစ်များထုတ်လုပ်မည့်စက်ရုံ၊ အလုပ်ရုံသစ်များပေါ်ထွန်းလာသည်နှင့်အမျှ ပြည်တွင်းအလုပ်သမားများအတွက် ခေတ်မီနည်းပညာသစ်များရရှိလာစေရန်ဖြစ်သည်။

(၂၃) လူသုံးနည်းသစ်များကို နည်းပညာသစ်များအသုံးပြု၍ အဆင့်မီကုန်ချောများထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်ဖြစ်သည်။

(၂၄) သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံမှန်လုပ်ငန်းခွင်သင်တန်းများအပြင် ဘာသာရပ်ဆိုင်ရာသင်တန်းများကို လိုအပ်ချက်များနှင့်အညီ ဖွင့်လှစ်ပို့ချသွားရန်၊ ပြည်တွင်း/ပြည်ပ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ ဝန်ထမ်းများအား စေလွှတ်သွားရန်ဖြစ်သည်။

(၂၅) စီးပွားရေးစိုက်ခင်း ၅၀၀ ဧက (ကျွန်း ၄၀၀ ဧက၊ ပျဉ်းကတိုး ၁၀၀ ဧက) တည်ထောင်စိုက်ပျိုးသွားမည်ဖြစ်သည်။

(၂၆) ကျေးရွာသုံးစိုက်ခင်း (၁၀၀၀) ဧက၊ ရေဝေရေလဲစိုက်ခင်း (၃၀၀) ဧက၊ တောတန်းစိုက်ခင်း (၁၅၀) ဧက၊ အခြားစိုက်ခင်း (၂၅၀) ဧက စုစုပေါင်း (၁၇၀၀) ဧကကိုလည်း တည်ထောင်စိုက်ပျိုးသွားမည်ဖြစ်သည်။

၉။ ၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် စွမ်းအင်ကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) စွမ်းအင်အရင်းအမြစ်များဖြစ်သည့် ရေနံစိမ်းတိုးချဲ့ရှာဖွေထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရေး၊

(၂) စွမ်းအင်ဆိုင်ရာကိစ္စရပ်များကို ဒေသတွင်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်မှာ ရေနံစိမ်းထုတ်လုပ်မှုကို ၂၀၁၁-၂၀၁၂ ခုနှစ်ထက် (၄၇. ၅) ရာခိုင်နှုန်းလျော့နည်းထုတ်လုပ်ရန် ရည်မှန်းထားပါသည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေနံတိုးချဲ့ရှာဖွေထုတ်လုပ်ရေးကို ပုဂ္ဂလိကလုပ်ငန်းများအား ဖိတ်ခေါ်ပြီး တိုးချဲ့ရှာဖွေထုတ်လုပ်သွားမည်ဖြစ်သည်။

(၂) ရေနံတွင်းသစ်များ တိုးချဲ့ရှာဖွေသည့်နည်းတူ ရေနံတွင်းဟောင်းများကို ထုတ်လုပ်မှု လျော့နည်းခြင်း အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်သွားမည်။

(၃) ရေနံထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်မည်။

၁၀။ ၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဓာတ်သတ္တုများအား ခေတ်မီနည်းပညာများဖြင့် အဆင့်မြှင့်တင်၍ လေလွင့်ဆုံးရှုံးမှုအနည်း ဆုံးနှင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးသို့ ရှေးရှုဆောင်ရွက်ရေး၊

(၂) ပုဂ္ဂလိကပိုင်ကဏ္ဍမြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရေး အားပေးဆောင်ရွက်ရေး၊

(၃) ကျယ်ပြန့်ထွန်းကားလာသည့် ဈေးကွက်စီးပွားရေးနှင့်အညီ ဓာတ်သတ္တုထုတ်လုပ်မှုနှင့် ကျောက်မျက်ရတနာဈေးကွက်များ ပြည်တွင်း၌ အခြေခိုင်မာပေါ်ပေါက်ပြီး ထိုက်သင့်သည့် ဈေးနှုန်းများရရှိရေး ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) ဓာတ်သတ္တုသယံဇာတပစ္စည်းများသုံးစွဲရာတွင် ပြည်ပမှတင်သွင်းရသည့် ဓာတ်သတ္တုများကို ပိုမိုထုတ်လုပ်အစားထိုးရေး၊

(၅) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် ရေမြေသဘာဝနှင့် ပတ်ဝန်းကျင် ထိခိုက်ယိုယွင်းပျက်စီးမှု မရှိစေရေး အလေးထားဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နှစ်စဉ် စီမံကိန်းရည်မှန်းချက်များအောင်မြင်ရေးအတွက် မြေပေါ်မြေအောက်သယံဇာတ ဓာတ်သတ္တုများ တိုးတက်ရှာဖွေထုတ်လုပ်ပြီး နိုင်ငံတော်၏အမျိုးသားဝင်ငွေ တိုးတက်စေရေး အထောက်အကူပြုဆောင်ရွက်ရမည်။

(၂) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ ဓာတ်သတ္တုကဏ္ဍနှင့် ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ မြှင့်တင်ကူးပြောင်း၍ အကျိုးရှိစွာပူးပေါင်းဆောင်ရွက်ရမည်။

(၃) ပုဂ္ဂလိကပိုင် ဓာတ်သတ္တုမျိုးစုံထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးစေရန် ဓာတ်သတ္တုထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့်နည်းပညာများ ပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံးခေတ်မီပစ္စည်းများ ပံ့ပိုးကူညီခြင်း စသည့် လုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်ရမည်။

(၄) နိုင်ငံတော်အတွင်း၌ ကျောက်မျက်ရတနာဈေးကွက် ဖြစ်ထွန်းပေါ်ပေါက်၍ ရေရှည် တည်တံ့ ခိုင်မြဲစေရန် ထိန်းသိမ်းပြီး နိုင်ငံတော်အတွက် နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းသုံးငွေများ တိုးတက်ရှာဖွေပေးနိုင်ရေး နည်းလမ်းများ ရှာဖွေဆောင်ရွက်ရမည်။

(၅) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင် ထိခိုက်ယိုယွင်းမှုမရှိစေရန် ဟန်ချက်ညီ အလေးထားဆောင်ရွက်ရမည်။

(ဂ) လုပ်ငန်းစဉ်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သတ္တုကဏ္ဍနှင့် နိုင်ငံတော်၏စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင် အခန်းကဏ္ဍသို့ ကူးပြောင်း၍ အကျိုးတူပူးပေါင်း ဆောင်ရွက်ပါမည်။

(၂) ဈေးကွက်စီးပွားရေးစနစ်အရ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပါမည်။

(၃) မြေပေါ်မြေအောက်သယံဇာတများကို ပိုမိုတိုးတက်ထုတ်လုပ်ပြီး အမျိုးသားဝင်ငွေ တိုးတက်စေရန် စီမံဆောင်ရွက်ပါမည်။

(၄) အကျိုးတူလုပ်ကိုင်သော သတ္တုတွင်း၊ စက်ရုံ၊ အလုပ်ရုံများအား သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြီးကြပ်စီမံကွပ်ကဲဆောင်ရွက်ပါမည်။

(၅) ခွင့်ပြုမိန့်ချမှတ်ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်သို့ပေးသွင်းရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေး ဆောင်ရွက်ပါမည်။

(၆) နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းသုံးကျပ်ငွေများ တိုးတက်ရရှိစေရန် ကျောက်မျက်ရတနာပြပွဲကို ကျင်းပရောင်းချနိုင်ရေး ဆောင်ရွက်ပါမည်။

၁၁။ ၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော်၏ စက်မှုကဏ္ဍများတွင် ပိုမိုတိုးတက်လာရေးဆောင်ရွက်ရန်နှင့် စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲသွားရေး တွန်းအားပေး ဆောင်ရွက်သွားရေး၊

(၂) စက်မှုလက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အတတ်ပညာ၊ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပူးပေါင်း ဆောင်ရွက်ရေး၊

(၃) ပို့ကုန်မြှင့်တင်သည့် ကုန်ထုတ်လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သည့်နည်းတူ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရေး၊

(၄) ပုဂ္ဂလိကစက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စေရေးအတွက် ပံ့ပိုးဆောင်ရွက်ရေး၊

(၅) စက်မှုလုပ်ငန်းနယ်ပယ်တွင် ထုတ်လုပ်မှုနည်းစဉ်နှင့် အတွေ့အကြုံများကို သုတေသနလုပ်ငန်းများနှင့် ပေါင်းစပ်မှုမှ အဆင့်မြင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာအဆင့်မြင့်လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ဖြစ်ထွန်းရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ပိုမိုမြှင့်တင်ရမည်။

(၂) ဒေသတွင်းသယံဇာတများ အခြေခံအသုံးပြုသည့် ကုန်ပစ္စည်းအမည်သစ်များ ထုတ်လုပ်နိုင်ရေးကို ဦးစားပေးဆောင်ရွက်ရမည်။

(၃) အကြီးစားစက်မှုလုပ်ငန်းနယ်ပယ်တွင် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ထူထောင်နိုင်ရန် ဆောင်ရွက်ရမည်။

(၄) စီမံကိန်းဆိုင်ရာနှင့် ထုတ်လုပ်မှုဆိုင်ရာများ ဆောင်ရွက်နိုင်ရန် လိုအပ်သော အသိပညာရှင်၊ အတတ်ပညာရှင်များ စုဆောင်းရရှိရေး ဆောင်ရွက်ရမည်။

(၅) စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ၂၀၁၁-၂၀၁၂ ခုနှစ်ထက် (၁၁.၈) ရာခိုင်နှုန်း တိုးတက်ရန်ဆောင်ရွက်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဒေသတွင်းရှိ သယံဇာတအရင်းအမြစ်များအပေါ် အခြေခံသည့် စက်မှုလုပ်ငန်းများ ထူထောင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

(၂) စက်မှုထုတ်ကုန်ပစ္စည်း အရည်အသွေးတိုးတက်လာရေးအတွက် စံချိန်စံညွှန်းပြည့်မီလာအောင် နည်းလမ်းများ ချမှတ်ရမည်။

(၃) စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များ အဆက်အစပ်မိမိဖြင့် အပြန်အလှန်ညှိနှိုင်းဆောင်ရွက်ရမည်။

(၄) ပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်အစားထိုးရေးဆိုင်ရာစက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်ရန်။

(၅) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှုလုပ်ငန်းများအဖြစ် ကြပ်မတ်စစ်ဆေးသွားရမည်။

၁၂။ ၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) တိုးတက်ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်ဓာတ်အားကို တိုင်းဒေသကြီးအတွင်း လက်ခံပို့လွှတ်ပေးမည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်သွားရေး၊

(၂) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံး ဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရေး နည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာ အကူအညီများ ပံ့ပိုးပေးရေး၊

(၃) ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်ဓာတ်အားပေး စက်များဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဓာတ်အားပေးစက်များ၏ ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားရေး၊

(၄) ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပို့လွှတ် ဖြန့်ဖြူးသုံးစွဲနေသော လျှပ်စစ်ဓာတ်အား၏ အရည်အသွေးကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော ဗို့အားနှင့် ကြိမ်နှုန်းပြည့် တည်ငြိမ်စွာရှိစေပြီး ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှု အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရေး။

( ခ ) ရည်မှန်းချက်မှာ စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်နိုင်ရေးအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများ တိုးချဲ့၍ အကောင်အထည်ဖော် တည်ဆောက်သွားရမည်။

( ဂ ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေးအတွက် အရည်အသွေးကောင်းမွန်သော ထရန်စဖော်မာများ၊ ဓာတ်အားလိုင်းကြိုးများ၊ ကြွေသီးများဝယ်ယူသုံးစွဲ အသစ်လဲလှယ်ခြင်း၊ ဓာတ်အားလိုင်းထိန်းသိမ်းခြင်းအဖွဲ့များ ဖွဲ့၍ တရားမဝင် မီတာစစ်ဆေးခြင်းများကို ဆောင်ရွက်မည်ဖြစ်သည်။

(၂) ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများကို တိုးချဲ့တည်ဆောက်သွားမည်ဖြစ်သည်။

၁၃။ ၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဆက်သွယ်သွားလာမှုလျင်မြန်စေရန်အတွက် ဆက်သွယ်သည့် လမ်းသစ်ဖောက်လုပ်ခြင်း ဆောင်ရွက်ရေး၊

(၂) နိုင်ငံတော်မှချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် တိုင်းဒေသကြီးတစ်ဝန်း မြို့ပြဖွံ့ဖြိုးရေးမူဝါဒများနှင့် မြို့ပြမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေး၊

(၃) ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး အရေးသုံးပါးတွင် နေရေးအတွက် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများနှင့်မြို့ပြများ စနစ်တကျဖွံ့ဖြိုးလာရေးအတွက် အဓိကထားဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) တိုင်းဒေသကြီးတစ်ဝန်းလုံးရှိပြည်သူများ၏ နေထိုင်မှုအခွင့်အလမ်းများ အစဉ်တိုးတက်မြင့်မားလာရေးနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးမှု ရရှိရေးအတွက် မြို့ပြများ စနစ်တကျဖွံ့ဖြိုးပြီး ပြည်သူများ၏ စီးပွားရေးတိုးတက်ကောင်းမွန်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် စက်မှုဇုန်များ စီမံကိန်းရေးဆွဲ တည်ဆောက်ခြင်း၊ အထူးစီးပွားရေးဇုန်များ ဖော်ထုတ်ရန် စီမံကိန်းများရေးဆွဲခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ရန်ဖြစ်သည်။

(၂) မြို့ပြနှင့် ကျေးလက်ဒေသများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်အတန်းမြင့်မားစေရေး ဆောင်ရွက်ရန်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မန္တလေးမြို့ရှိ ကျူးကျော်အိမ်ခြေအချို့ကို ၂၀၁၂-၂၀၁၃ နှစ်ကုန်တွင် သင့်လျော်သည့် အိမ်ရာများတွင် ပြန်လည်နေရာချထားရေး စီမံဆောင်ရွက်သွားရန်။

(၂) တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေး၊ အိမ်ရာဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်သည့် အကူအညီများကို ပြည်ထောင်စုအစိုးရထံမှ ဆက်လက်ရယူ ဆောင်ရွက်မည်။

(၃) ပြည်ထောင်စုအစိုးရ၏ သီးခြားတာဝန်ပေးချက်အရ ရတနာပုံ နည်းပညာမြို့သစ် တည်ဆောက်ရေး စီမံကိန်းအား အကောင်အထည်ဖော်ခြင်းများကို ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်သည်။

၁၄။ ၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပို့ဆောင်ရေးကဏ္ဍတွင် ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်ရေးအတွက် ရေယာဉ်များ အသစ်တည်ဆောက်ခြင်း၊ အစားထိုးဖြည့်တင်းခြင်း ဆောင်ရွက်ရေး၊

(၂) ရေကြောင်း၊ လေကြောင်းကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်ကို အမြင့်ဆုံး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရေး၊

(၃) ရထားပို့ဆောင်မှုစနစ်မြင့်တင်လျက် ပို့ဆောင်ရေးစွမ်းရည်မြင့်တက်လာရေး ဆောင်ရွက်ရေး၊

(၄) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်၍ စနစ်တကျကြီးကြပ်ကွပ်ကဲရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် ပြည်သူလူထု၊ ပုဂ္ဂလိကနှင့် ဖက်စပ်လုပ်ကိုင်မှုစနစ်အား နှစ်ဦးနှစ်ဖက် အကျိုးခံစားခွင့်ရရှိမှုနှင့်အညီ ဆောင်ရွက်သွားရန်ဖြစ်သည်။

(၂) ရေကြောင်း၊ လေကြောင်းဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုပမာဏ ပိုမိုတိုးတက်ရရှိအောင် ဆောင်ရွက်သွားရန်ဖြစ်သည်။

(၃) နိုင်ငံတော်အတွက် နှစ်စဉ်အသားတင်ဘဏ္ဍာငွေများ တိုးတက်ရှာဖွေပေးရန်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဧရာဝတီမြစ် ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် မြစ်ကြောင်း ထိန်းသိမ်းရေးလုပ်ငန်းများ၊ ကမ်းပြို ကမ်းထိန်းလုပ်ငန်းများ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းများနှင့် မြစ်ရေတင်စက် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်။

(၂) ပြည်တွင်းရေကြောင်းတွင် ပို့ဆောင်လျက်ရှိသည့် စက်ရှိ/စက်မဲ့ ရေယာဉ်များ၊ ဆိပ်ခံတွဲများ၊ တွဲရေယာဉ်များ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းအား ဆောင်ရွက်မည်။

(၃) သင်္ဘောကျင်းများတွင် လက်ရှိရေယာဉ်များပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်းနှင့် စျေးကွက်လိုအပ်ချက်နှင့် လိုက်လျောညီထွေဖြစ်မည့် ရေယာဉ်များ တည်ဆောက်ပြုပြင်ခြင်း လုပ်ငန်းအား ဆောင်ရွက်မည်။

၁၅။ ၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းလုပ်ငန်းများတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီး မြှုပ်နှံမှုကို ပိုမိုခွင့်ပြုဆောင်ရွက်ရေး၊

(၂) ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲထားရှိပြီးဖြစ်သော ဥပဒေများအပေါ် အတည်ပြု ဆောင်ရွက်ခြင်းနှင့်လိုက်နာကျင့်သုံးခြင်းများဆောင်ရွက်ရေး၊

(၃) ပြည်တွင်းဆက်သွယ်ရေးကဏ္ဍ၏ တည်ဆောက်မှုလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များအား ပါဝင်ဆောင်ရွက်ခွင့် ပြုရေး၊

(၄) ကွန်ပျူတာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ဆက်သွယ်ရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးကို ၂၀၁၁-၂၀၁၂ ခုနှစ်ထက် အခြေခံနှစ်၏ ၂.၀၄ ဆ တိုးတက်ဖြစ်ပေါ်ရန်နှင့် တိုးတက်မှုနှုန်းအနေဖြင့် ၁၀၄.၄ ရာခိုင်နှုန်း ဖြစ်ပေါ်စေရန်ဆောင်ရွက်ရေး၊

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းတိုးချဲ့တပ်ဆင်ဆောင်ရွက်ရေး။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ကွန်ပျူတာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာပြန့်ပွားရေးဆောင်ရွက်မည်၊

(၂) မိုဘိုင်းတယ်လီဖုန်းများတိုးချဲ့သည်နှင့်အမျှ ပြည်ပတယ်လီဖုန်းခေါ်ဆိုမှုတွင် လွယ်ကူချောမွေ့ စေရန်ဆောင်ရွက်မည်၊

(၃) စာပို့တိုက်လုပ်ငန်းတွင် ပြည်တွင်းအီလက်ထရောနစ်အမြန်ငွေပို့လွှာလုပ်ငန်းစနစ်အား စတင် ဆောင်ရွက်ပါမည်၊

(၄) စာပို့တိုက်လုပ်ငန်း၏ ပြည်တွင်းပြည်ပချောပို့ဆောင်ရေးလုပ်ငန်းဝန်ဆောင်မှုလုပ်ငန်းများကို ပုဂ္ဂလိကသို့ လုပ်ပိုင်ခွင့်များခွင့်ပြုပြီး ပူးပေါင်းဆောင်ရွက်သွားပါမည်၊

(၅) သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အရေးပေါ်ဆက်သွယ်မှုစနစ်အဖြစ် ရေဒီယိုကြေးနန်းစနစ်ကို အဆင့်မြှင့်တင်ခြင်း၊ ကြေးနန်းရုံး အသစ်များဖွင့်လှစ်ခြင်း၊ ဖက်စ်ကြေးနန်းနှင့်ကွန်ပျူတာကြေးနန်း၊ e-Telegram ကြေးနန်းများ တိုးချဲ့ခြင်းကို ဆောင်ရွက်ပါမည်။

၁၆။ ၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရေးဖြစ်သည်။

( ခ ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ငွေရေးကြေးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် တိုးတက်ပြောင်းလဲလာသော ငွေရေးကြေးရေးကဏ္ဍအား စည်းစနစ်တကျ ကြီးကြပ်ကွပ်ကဲပြီး နိုင်ငံတကာအဆင့်အတန်းနှင့်အညီဖြစ်စေရေး ဆောင်ရွက်သွားရန်ဖြစ်သည်။

(၂) နိုင်ငံတကာရှိ ဘဏ်လုပ်ငန်းများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် ဖြစ်သည်။

(၃) အီလက်ထရောနစ်ဘဏ်လုပ်ငန်း အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် ဖြစ်သည်။

(၄) ပြည်တွင်း၊ ပြည်ပငွေပေးချေမှုများ၊ စာရင်းရှင်းလင်းမှုများ အဆင်ပြေစေရေးနည်းလမ်း ရှာဖွေဆောင်ရွက်ရန်ဖြစ်သည်။

(၅) ငွေကြေးစီးဆင်းမှု၊ လွယ်ကူချောမွေ့အဆင်ပြေစေရေး ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်သည်။

(၆) လုံခြုံရေးသတင်းကွန်ရက် တိုးချဲ့ဆောင်ရွက်ရန်ဖြစ်သည်။

(၇) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်းပေါ်ပေါက်ရေးနှင့် ထိုအဖွဲ့အစည်းများအား စနစ်တကျကြီးကြပ်ကွပ်ကဲမည့် တိုင်းဒေသကြီးအသေးစား ငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို စနစ်တကျဖွဲ့စည်းကာ ကြပ်မတ်ဆောင်ရွက်သွားရမည်။

၁၇။ ၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေး၊

(၂) နိုင်ငံတော်၏ပညာရေးအဆင့်အတန်း မြင့်မားလာစေရေး၊

(၃) သဘာဝအရင်းအမြစ်မှရရှိသော စွမ်းအင်များကို အသုံးချ၍ သုတေသနလုပ်ငန်းများ တိုးချဲ့ရေး၊

(၄) အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရေး၊

(၅) ကျန်းမာရေးစနစ် အားဖြည့်ဆောင်ရွက်ခြင်းကို အထူးအလေးပေးဆောင်ရွက်ရေး

(၆) အလုပ်သမားများ ကျန်းမာမှုကောင်းမွန်တိုးတက်စေ၍ အလုပ်လုပ်နိုင်သည့်စွမ်းအား မြင့်မားပြီး ကုန်ထုတ်လုပ်မှုတိုးတက်စေရေး၊

(၇) အလုပ်မလုပ်နိုင်သည့်အခါ အလုပ်သမားနှင့်မိသားစုစားဝတ်နေရေးအတွက် ထောက်ပံ့မှု ရရှိစေရေး၊

(၈) နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အကောင်အထည်ဖော်ရန်ရှိသည့် ရေတို၊ ရေရှည်လုပ်ငန်း များကို ပြည်သူများအား ပြန်ကြားအသိပေးရေး၊

(၉) ၂၀၁၅ ခုနှစ်မှာ ဖော်ဆောင်မည့် အာဆီယံအသိုက်အဝန်းထူထောင်ရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ရေး၊

(၁၀) အထက်ဖော်ပြပါ မူဝါဒများကို အကောင်အထည်ဖော်ရာတွင် ဌာနများက မိမိတို့၏ သက်ဆိုင်ရာ ဝန်ကြီးဌာန ရည်မှန်းချက်များနှင့် ဆီလျော်သည်များကို ဆောင်ရွက်သွားရမည်။

၁၈။ ၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် ငွားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒမှာ အာဆီယံစီးပွားရေးအသိုက်အဝန်းရည်မှန်းချက်များ ၂၀၁၅ ခုနှစ်တွင် ပြည့်မီရန်အတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာအရည်အချင်းများကို အသိ အမှတ်ပြုရေး၊ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည်။

၁၉။ ၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပို့ကုန်တိုးမြှင့်ရေးဦးစားပေးဆောင်ရွက်ရေး၊

(၂) ထပ်ဆင့်တိုးတန်ဖိုးရ ကုန်ချောပစ္စည်းများအဖြစ် တိုးချဲ့ထုတ်လုပ်တင်ပို့ရောင်းချရေး။

## အခန်း (၅)

## အထွေထွေ

၂၀။ ၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းကို ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

၂၁။ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး ဝန်ကြီးဌာနများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့်သက်ဆိုင်သည့် ကဏ္ဍစီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် ဘက်ပေါင်းစုံမှ အစီအမံများ ချမှတ်ကျင့်သုံးဆောင်ရွက်ရန်ဖြစ်သည်။

# မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း
# ( ၂၀၁၂ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် )

၁၃၇၃ ခုနှစ်၊ လ ရက်

( ၂၀၁၂ ခုနှစ်၊ လ ရက် )

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ -၂၄ တွင်ပါရှိသော "ငွေဒဏ်ကျပ် ၅၀၀၀၀ အထိ" ဆိုသည့်စကားရပ်ကို "အနည်းဆုံးငွေဒဏ်ကျပ် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ) မှ အများဆုံးငွေဒဏ်ကျပ် ၅၀၀၀၀၀ိ/- (ကျပ်ငါးသိန်းတိတိ) အထိ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ -၂၅ တွင်ပါရှိသော "အနည်းဆုံးငွေဒဏ် ကျပ် ၅၀၀ မှ အများဆုံးငွေဒဏ် ကျပ် ၅၀၀၀ အထိ " ဆိုသည့်စကားရပ်ကို "အနည်းဆုံးငွေဒဏ် ကျပ် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ) မှ အများဆုံးငွေဒဏ် ကျပ် ၅၀၀၀၀ိ/- (ကျပ်ငါးသောင်းတိတိ) အထိ " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ -၂၆ တွင်ပါရှိသော "ငွေဒဏ် ကျပ် ၁၀၀၀၀ အထိ" ဆိုသည့်စကားရပ်ကို "အနည်းဆုံးငွေဒဏ် ကျပ် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ) မှ အများဆုံးငွေဒဏ် ကျပ် ၃၀၀၀၀၀ိ/- (ကျပ်သုံးသိန်းတိတိ) အထိ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ -၂၇ တွင်ပါရှိသော "အနည်းဆုံးငွေဒဏ် ကျပ်၂၀၀ မှ အများဆုံးငွေဒဏ် ကျပ် ၂၀၀၀ အထိ" ဆိုသည့်စကားရပ်ကို "အနည်းဆုံးငွေဒဏ် ကျပ် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ) မှ အများဆုံးငွေဒဏ် ကျပ် ၅၀၀၀၀ိ/- (ကျပ်ငါးသောင်းတိတိ) အထိ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

# စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

## ( ၂၀၁၂ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် )

၁၃၇၃ ခုနှစ်၊ လ ရက်

( ၂၀၁၂ ခုနှစ်၊ လ ရက် )

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ စည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ ၆၈ တွင်ပါရှိသော စီမံခန့်ခွဲရေးဆိုင်ရာဒဏ်ကြေးငွေ **အနည်းဆုံးငွေဒဏ် ကျပ် ၁၀၀ မှ အများဆုံးငွေဒဏ် ကျပ် ၁၀၀၀ အထိ**ဆိုသည့်စကားရပ်ကို **အနည်းဆုံးငွေဒဏ် ကျပ် ၁၀၀၀ိ/- (ကျပ်တစ်ထောင်တိတိ) မှ အများဆုံးငွေဒဏ် ကျပ် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ) အထိ**ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ စည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ ၇၂ တွင်ပါရှိသော **အနည်းဆုံးငွေဒဏ် ကျပ် ၅၀၀ မှ အများဆုံးငွေဒဏ် ကျပ် ၅၀၀၀ အထိ**ဆိုသည့် စကားရပ်ကို **အနည်းဆုံးငွေဒဏ် ကျပ် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ) မှ အများဆုံးငွေဒဏ် ကျပ် ၅၀၀၀၀ိ/- (ကျပ်ငါးသောင်းတိတိ) အထိ** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ စည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ ၇၃ တွင်ပါရှိသော **အနည်းဆုံးငွေဒဏ် ကျပ် ၁၀၀၀ မှ အများဆုံးငွေဒဏ် ကျပ် ၁၀၀၀၀ အထိ**ဆိုသည့်စကားရပ်ကို **အနည်းဆုံးငွေဒဏ် ကျပ် ၂၀၀၀၀ိ/- (ကျပ်နှစ်သောင်းတိတိ) မှ အများဆုံးငွေဒဏ် ကျပ် ၁၀၀၀၀၀ိ/- (ကျပ်တစ်သိန်းတိတိ) အထိ** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ စည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ ၇၄ တွင်ပါရှိသော **အနည်းဆုံးငွေဒဏ်ကျပ် ၂၀၀၀ မှ အများဆုံးငွေဒဏ် ကျပ် ၂၀၀၀၀ အထိ**ဆိုသည့်စကားရပ်ကို **အနည်းဆုံးငွေဒဏ် ကျပ် ၅၀၀၀၀ိ/- (ကျပ်ငါးသောင်းတိတိ) မှ အများဆုံးငွေဒဏ် ကျပ် ၂၀၀၀၀၀ိ/- (ကျပ်နှစ်သိန်းတိတိ) အထိ** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ စည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ ၇၅ တွင်ပါရှိသော **အနည်းဆုံးငွေဒဏ်ကျပ် ၁၀၀၀ မှ အများဆုံးငွေဒဏ် ကျပ်၁၀၀၀၀ အထိ**ဆိုသည့်စကားရပ်ကို **အနည်းဆုံးငွေဒဏ်ကျပ် ၂၀၀၀၀ိ/- (ကျပ်နှစ်သောင်းတိတိ) မှ အများဆုံးငွေဒဏ် ကျပ် ၁၀၀၀၀၀ိ/- (ကျပ်တစ်သိန်းတိတိ) အထိ** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ စည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ ၇၆ တွင်ပါရှိသော **တစ်နေ့လျှင်ငွေဒဏ်ကျပ် ၅၀** ဆိုသည့် စကားရပ်ကို **တစ်နေ့လျှင်ငွေဒဏ်ကျပ် ၅၀၀ိ/- (ကျပ်ငါးထောင်တိတိ)** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ စည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ ၇၇ တွင်ပါရှိသော **တစ်နေ့လျှင်ငွေဒဏ်ကျပ် ၁၀၀** ဆိုသည့်စကားရပ်ကို **တစ်နေ့လျှင်ငွေဒဏ် ကျပ် ၁၀၀၀ဝိ/- (ကျပ်တစ်သောင်းတိတိ)** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ စည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ ၇၈ တွင်ပါရှိသော **တစ်နေ့လျှင်ငွေဒဏ်ကျပ် ၂၀၀** ဆိုသည့်စကားရပ်ကို **တစ်နေ့လျှင်ငွေဒဏ် ကျပ် ၂၀၀၀ဝိ/- (ကျပ်နှစ်သောင်းတိတိ)** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ စည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ ၇၉ တွင်ပါရှိသော **အနည်းဆုံးငွေဒဏ် ကျပ် ၂၀၀၀ မှ အများဆုံးငွေဒဏ် ကျပ် ၂၀၀၀၀ အထိ**ဆိုသည့်စကားရပ်ကို **အနည်းဆုံးငွေဒဏ် ကျပ် ၅၀၀ဝိ/- (ကျပ်ငါးထောင်တိတိ) မှ အများဆုံးငွေဒဏ် ကျပ် ၂၀၀၀၀ဝိ/- (ကျပ်နှစ်သိန်းတိတိ) အထိ** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ စည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ ၈၀ (က) တွင်ပါရှိသော **ငွေဒဏ်ချမှတ်နိုင်သည်** ဆိုသည့်စကားရပ်ကို **အနည်းဆုံးငွေဒဏ် ကျပ် ၁၀၀၀ဝိ/- (ကျပ်တစ်သောင်းတိတိ) မှ အများဆုံး ငွေဒဏ် ကျပ် ၃၀၀၀၀ဝိ/- (ကျပ်သုံးသိန်းတိတိ) အထိ**ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

# ၂၀၁၂ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ
## ( ၂၀၁၂ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁။ )

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၁၂ ရက် )

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့်အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေသည် ၂၀၁၂ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

### အခန်း (၂)
### နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့်စီမံခန့်ခွဲခြင်း

၂။ (က) မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ဇယား(၁)၊ (၂) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊

စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ရဲမြင့်
ဝန်ကြီးချုပ်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

ဇယား (၁)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊**
**တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်**

| အမှတ်စဉ် | ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၃ | စာရင်းရုံးများ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၄.၃၄၀ | | | | | | |
| | | ပေါင်း | | ၄.၃၄၀ | | | | | | |

**တိုင်းဒေသကြီးအဆင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ အဖွဲ့အစည်းများ**

ဇယား (၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၇ | အားကစား | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၈. ၈၃၀ | | | | | | |
| ၂ | ၁၆ | သမဝါယမ | ၎င်း | ၁. ၅၁၃ | | | | | | |
| ၃ | ၁၉ | မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ | ၎င်း | ၄၂၃. ၅၀၀ | | | ၁၇၃၂၅. ၃၆၇ | | | |
| ၄ | ၂၀ | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၂. ၆၅၈ | | | ၂၂၉၂. ၈၄၆ | | | |
| | | ပေါင်း | | ၄၄၆. ၅၀၁ | | | ၁၉၆၁၈. ၂၁၃ | | | |

# မန္တလေးတိုင်းဒေသကြီး ကျေးရွာထင်းစိုက်ခင်းဥပဒေ

## ( ၂၀၁၂ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၂။ )

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၁၅ ရက် )

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာထင်းစိုက်ခင်းဆိုင်ရာ လုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မန္တလေးတိုင်းဒေသကြီးကျေးရွာထင်းစိုက်ခင်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှစတင်၍ မန္တလေးတိုင်းဒေသကြီးတစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် –

(က) **ကြိုးဝိုင်းတော**ဆိုသည်မှာ သစ်တောဥပဒေအရ ကြိုးဝိုင်းတောအဖြစ် ဖွဲ့စည်းထားသောနယ်မြေကို ဆိုသည်။

(ခ) **ကြိုးပြင်ကာကွယ်တော**ဆိုသည်မှာ သစ်တောဥပဒေအရ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ် ကြေညာထားသောနယ်မြေကို ဆိုသည်။

(ဂ) **အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေ**ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အစိုးရဌာန၊ အဖွဲ့ အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေမှအပ အခြားမြေများကို ဆိုသည်။

(ဃ) **ထင်း**ဆိုသည်မှာ လောင်စာအဖြစ်သာ အသုံးပြုရန် သင့်လျော်သော သစ်ပင်၊ သစ်ပိုင်း သို့မဟုတ် သစ်စကို ဆိုသည်။

(င) **ထင်းစိုက်ခင်း**ဆိုသည်မှာ ထင်းအဖြစ် အသုံးပြုနိုင်ရန်အတွက် သစ်တောဦးစီး ဌာနကဖြစ်စေ၊ ကျေးရွာလူထုကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ စိုက်ပျိုး တည်ထောင်ထိန်းသိမ်းထားသော သစ်တောစိုက်ခင်းကို ဆိုသည်။

(စ) **ကျေးရွာထင်းစိုက်ခင်း**ဆိုသည်မှာ သစ်တောဦးစီးဌာနက နှစ်အကန့်အသတ် အလိုက် စိုက်ပျိုး ပေးပြီးနောက် ကျေးရွာပိုင်အဖြစ် ဆက်လက်ထိန်းသိမ်းသုံးစွဲရန် လွှဲပြောင်းပေးသည့် ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာလူထုက စုပေါင်းလုပ်အားဖြင့် စိုက်ပျိုးပြီး ထိန်းသိမ်းသုံးစွဲသော ကျေးရွာပိုင် ထင်းစိုက်ခင်းကို ဆိုသည်။

(ဆ) **တိုင်းဒေသကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ဇ) **တိုင်းဒေသကြီးအစိုးရ**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(စျ) **ဝန်ကြီးဌာန**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး သစ်တောနှင့်သတ္တုဝန်ကြီးဌာနကို ဆိုသည်။

(ည) **ဝန်ကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး သစ်တောနှင့်သတ္တုဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(ဋ) **ညွှန်ကြားရေးမှူး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးကို ဆိုသည်။

(ဌ) **သစ်တောအရာရှိ**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး ခရိုင် သို့မဟုတ် မြို့နယ် သစ်တောဦးစီးဌာန၏ အကြီးအကဲကို ဆိုသည်။

(ဍ) **သစ်တောဝန်ထမ်း**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန၏ တောကြပ်မှ ညွှန်ကြားရေးမှူးအထိ အဆင့်ဆင့်သော သစ်တောစီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထမ်းများကို ဆိုသည်။

(ပ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းပေးထားသော ကျေးရွာထင်းစိုက်ခင်း ကြီးကြပ်ရေး ကော်မတီကို ဆိုသည်။

(ဏ) **အသုံးပြုသူများအဖွဲ့**ဆိုသည်မှာ သက်ဆိုင်ရာ ကျေးရွာထင်းစိုက်ခင်းကို စိုက်ပျိုးထိန်းသိမ်းသုံးစွဲရန် ကော်မတီ၏ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းထားသောအစုအဖွဲ့ကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) မြေလွတ်မြေရိုင်းများ၊ ပျက်စီးနေသော ကာကွယ်တောများတွင် ကျေးရွာထင်းစိုက်ခင်းများ ထူထောင်ခြင်းဖြင့် ဒေသဖွံ့ဖြိုးရန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန်၊

(ခ) မြေအသုံးချမှုတန်ဖိုး ပိုမိုရရှိစေရန်၊

(ဂ) ကျေးရွာလူထုက စုပေါင်းစိုက်ပျိုးပြီး ထိန်းသိမ်းထုတ်ယူသုံးစွဲခြင်းဖြင့် သဘာဝလောင်စာ ပိုမို အသုံးပြုနိုင်ရန်။

## အခန်း (၃)

## ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခြင်း

၄။ ကျေးရွာထင်းစိုက်ခင်း တည်ထောင်လိုသူသည် သစ်တောဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ညွှန်ကြားရေးမှူးထံသို့ လျှောက်ထားရမည်။

၅။ ညွှန်ကြားရေးမှူးသည် ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခွင့်ပြုရန် မြေဧရိယာကို စိစစ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

## အခန်း (၄)

## ကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏လုပ်ငန်းတာဝန်များ

၆။ ဝန်ကြီးသည် ခရိုင် သို့မဟုတ် မြို့နယ်ကျေးရွာထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်း နိုင်သည်။ ကော်မတီကို အဖွဲ့ဝင်ခုနစ်ဦးမှ ကိုးဦးအထိ ပါဝင်ဖွဲ့စည်းနိုင်သည်။ ယင်းတို့အနက်မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးရမည်။

၇။ ကော်မတီကို အောက်ပါဌာနအကြီးအကဲများ၊ မြို့မိမြို့ဖကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်သည် –

(က) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊

(ခ) မြေစာရင်းဦးစီးဌာန၊

(ဂ) သစ်တောဦးစီးဌာန၊

(ဃ) အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊

(င) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊

(စ) မြို့မိမြို့ဖကိုယ်စားလှယ်များ။

၈။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ နှစ်နှစ်ဖြစ်သည်။

၉။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ညွှန်ကြားရေးမှူးမှ စိစစ်ရန် ပေးပို့လာသော ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခွင့်ပြုရန် လျှောက်ထားလွှာများကို စိစစ်၍ ပြန်လည်တင်ပြခြင်း၊

(ခ) ကျေးရွာထင်းစိုက်ခင်း မြေနေရာရွေးချယ်မှုကို စစ်ဆေးတင်ပြခြင်း၊

(ဂ) ကျေးရွာထင်းစိုက်ခင်း လုပ်ငန်းအဆင့်ဆင့်တွင် သစ်တောဦးစီးဌာနနှင့် ကျေးရွာလူထုအကြား လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(ဃ) ကျေးရွာထင်းစိုက်ခင်းလုပ်ငန်းအဆင့်ဆင့်တွင် စည်းကမ်းဖောက်ဖျက်မှုများကို စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူခြင်း၊

(င) ကျေးရွာထင်းစိုက်ခင်းများမှ ထုတ်ယူသုံးစွဲခြင်းနှင့် ပြန်လည်စိုက်ပျိုးရေးတို့ကို စည်းကမ်းတကျ ဖြစ်စေရေးအတွက် ကြီးကြပ်ခြင်း၊

(စ) ကျေးရွာထင်းစိုက်ခင်းများ တိုးတက်အောင်မြင်စေရေးအတွက် လိုအပ်သော အကြံပြုချက်များကို ညွှန်ကြားရေးမှူး၊ ဝန်ကြီးတို့ထံ တင်ပြခြင်း၊

(ဆ) အသုံးပြုသူများအဖွဲ့ ဖွဲ့စည်းပေးခြင်း၊

(ဇ) ကျေးရွာထင်းစိုက်ခင်းများ အသုံးပြုသူများစာရင်း ပြောင်းလဲမှုရှိပါက စိစစ်၍ အတည်ပြုပေးခြင်း။

## အခန်း (၅)

## သစ်တောအရာရှိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၀။ သစ်တောအရာရှိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ကျေးရွာထင်းစိုက်ခင်းများနှင့် စပ်လျဉ်း၍ စတင် စိုက်ပျိုးတည်ထောင်သည့်နှစ်တွင် ဒေသ လိုအပ်ချက်နှင့် ကိုက်ညီသောပျိုးပင်များကို ဖြန့်ဝေပေးခြင်း၊

(ခ) ကျေးရွာထင်းစိုက်ခင်းအား ထိန်းသိမ်းကာကွယ်ခြင်းအတွက် နည်းပညာများ အသိပေးခြင်း၊ ညွှန်ပြပေးခြင်း၊

(ဂ) ကျေးရွာထင်းစိုက်ခင်းဆိုင်ရာလုပ်ငန်းများကို စနစ်တကျမှတ်တမ်းထားရှိ၍ ထိန်းသိမ်းဆောင်ရွက်ခြင်း၊

(ဃ) ကျေးရွာထင်းစိုက်ခင်းများ၏ အသုံးပြုသူများအဖွဲ့က စိုက်ခင်းစီမံအုပ်ချုပ်ခြင်း၊ ခုတ်ယူထုတ်လုပ်ခြင်း၊ ပြန်လည်စိုက်ပျိုးခြင်းဆိုင်ရာစီမံချက်များ ရေးဆွဲရာတွင် အထောက်အပံ့ဖြစ်စေရန် ကြီးကြပ်ခြင်း၊ ကူညီခြင်း၊

(င) ကျေးရွာထင်းစိုက်ခင်းမှ ထုတ်ယူသောထင်းများကို ကျေးရွာအတွက် အသုံးပြုခြင်းမှအပ၊ ရောင်းဝယ်ဖောက်ကားမှုအတွက်ဖြစ်လျှင် သတ်မှတ်ထားသော အခွန်အခကောက်ခံခြင်း၊

(စ) ကျေးရွာထင်းစိုက်ခင်းမှ ထွက်ရှိသော ထင်းနှင့်သစ်တောထွက်ပစ္စည်းများ သယ်ယူရွှေ့ပြောင်းခြင်းကို သစ်တောဦးစီးဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ ခွင့်ပြုခြင်း၊ အရေးယူခြင်း၊

(ဆ) ကျေးရွာထင်းစိုက်ခင်းတည်ထောင်ထားသည့်မြေအား အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုမှု၊ လွှဲပြောင်းရောင်းချမှု၊ အဆောက်အဦဆောက်လုပ်နေထိုင်မှုများ မရှိစေရေးအတွက် စစ်ဆေးကြီးကြပ်ခြင်း။

## အခန်း (၆)

## ကျေးရွာထင်းစိုက်ခင်းတည်ထောင်သူ၏လုပ်ငန်းတာဝန်များ

၁၁။ ကျေးရွာထင်းစိုက်ခင်းတည်ထောင်လိုသူသည် သစ်တောဦးစီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

၁၂။ ကျေးရွာထင်းစိုက်ခင်းကို စိုက်ပျိုးထိန်းသိမ်းသုံးစွဲရန် ကော်မတီ၏ခွင့်ပြုချက်ဖြင့် အသုံးပြုသူများအဖွဲ့ကို ဖွဲ့စည်းရမည်။ အသုံးပြုသူများအဖွဲ့သည် ကော်မတီ၏ ကြီးကြပ်မှုခံယူ၍ ကျေးရွာထင်းစိုက်ခင်းလုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ရမည်။ အသုံးပြုသူများအဖွဲ့သည် ဝန်ကြီးဌာနက ထုတ်ပြန်သောဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာညွှန်ကြားချက်များနှင့်အညီ ကျေးရွာထင်းစိုက်ခင်းလုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ရမည်။

၁၃။ ကျေးရွာထင်းစိုက်ခင်းတည်ထောင်သူ သို့မဟုတ် အသုံးပြုသူများအဖွဲ့တို့သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် –

(က) သစ်တောဦးစီးဌာနက ဖြန့်ဝေပေးသော နည်းပညာများအတိုင်း ဆောင်ရွက်ရန်၊

(ခ) ကျေးရွာထင်းစိုက်ခင်းဆိုင်ရာလုပ်ငန်းများကို စနစ်တကျမှတ်တမ်းထားရှိရန်၊

(ဂ) ကျေးရွာထင်းစိုက်ခင်းအတွက် စီမံအုပ်ချုပ်ခြင်း၊ စိုက်ပျိုးခြင်း၊ ခုတ်ယူထုတ်လုပ်ခြင်း၊ ပြန်လည်စိုက်ပျိုးခြင်းဆိုင်ရာစီမံချက် ရေးဆွဲတင်ပြရန်၊

(ဃ) ကျေးရွာထင်းစိုက်ခင်းတည်ထောင်သည့်မြေအား အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ အဆောက်အဦ ဆောက်လုပ်နေထိုင်ခြင်း မပြုရန်၊

(င) ကျေးရွာထင်းစိုက်ခင်းအတွင်း သဘာဝအလျောက် ပေါက်ရောက်နေသော တားမြစ်ရာပါ သစ်ပင်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနသို့ စနစ်တကျတင်ပြ ထိန်းသိမ်းထားရန်၊

(စ) ကျေးရွာထင်းစိုက်ခင်းမှ ထုတ်ယူသောထင်းအား ရောင်းဝယ်ဖောက်ကားခြင်းပြုပါက သတ်မှတ်ထားသော အခွန်အခပေးဆောင်ရန်။

## အခန်း (၇)

## စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းအရေးယူခြင်း

၁၄။ ကော်မတီသည် ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်ခြင်း၊ ထိန်းသိမ်းပြုစုခြင်း၊ ကာကွယ်ခြင်း၊ ခုတ်လှဲထုတ်လုပ်ခြင်း လုပ်ငန်းအဆင့်ဆင့်ကို စစ်ဆေးရမည်။

၁၅။ သစ်တောအရာရှိသည် ကျေးရွာထင်းစိုက်ခင်းများ၏ လုပ်ငန်းအဆင့်ဆင့်ကို သစ်တောဦးစီးဌာန၏လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများနှင့် ညီညွတ်စေရန် စစ်ဆေးရမည်။

၁၆။ မည်သူမဆိုသတ်မှတ်ထားသောစည်းကမ်းချက်၊ ညွှန်ကြားချက်များကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ သို့မဟုတ် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်ဖြစ်စေ ထိုသူကို ကော်မတီသည် အောက်ပါစီမံခန့်ခွဲရေး ပြစ်ဒဏ် ချမှတ်နိုင်သည် –

(က) သတ်မှတ်ထားသော ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊

(ခ) ကျေးရွာထင်းစိုက်ခင်း အသုံးပြုသူများစာရင်းမှ ပယ်ဖျက်ခြင်း၊

(ဂ) ကာလသတ်မှတ်၍ ထင်းထုတ်ယူသုံးစွဲခြင်းမှ တားမြစ်ခြင်း။

၁၇။ သစ်တောအရာရှိသည် ကျေးရွာသုံးထင်းစိုက်ခင်းမှ ထုတ်ယူသောထင်းကို သတ်မှတ်ထားသည့် အခွန်အခပေးဆောင်ခြင်းမပြုဘဲ ရောင်းဝယ်ဖောက်ကားသူအား ကျပ်ငါးထောင်ထက် မပိုသော ဒဏ်ကြေး ငွေနှင့်သတ်မှတ်ထားသော အခွန်အခပေးဆောင်စေပြီး၊ ဆက်လက် ရောင်းချခွင့်ပြုနိုင်သည်။ ပေးဆောင်ရန် ပျက်ကွက်ပါက ထင်းကို ထိန်းသိမ်းထားခြင်း၊ ကျေးရွာပိုင်ထင်းအဖြစ် သိမ်းဆည်းခြင်း ပြုနိုင်သည်။

## အခန်း (၈)

## အယူခံခြင်း

၁၈။ (က) ဤဥပဒေအရ ကော်မတီ သို့မဟုတ် သစ်တောအရာရှိက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးထံ သတ်မှတ်ထားသည့်အတိုင်း အယူခံဝင်နိုင်သည်။

(ခ) ညွှန်ကြားရေးမှူးသည် ကော်မတီ သို့မဟုတ် သစ်တောအရာရှိက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၉။ (က) ဤဥပဒေအရ ညွှန်ကြားရေးမှူးက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူ သည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

(ခ) ဝန်ကြီးသည် ညွှန်ကြားရေးမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၉)

## တားမြစ်ချက်များ

၂၀။ မည်သူမဆို ကျေးရွာထင်းစိုက်ခင်းအတွင်းရှိ သစ်ပင်များကို ခွင့်ပြုချက်မရှိဘဲ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖျက်ဆီးခြင်း၊ စိုက်ခင်းသုံးမြေကို တူးဆွခြင်း မပြုရ။

၂၁။ မည်သူမဆို ကျေးရွာထင်းစိုက်ခင်းအတွင်းသို့ ကျူးကျော်ဝင်ရောက်ခြင်း၊ ကျူးကျော် နေထိုင်ခြင်း မပြုရ။

၂၂။ မည်သူမဆို ကျေးရွာထင်းစိုက်ခင်းမှ ထွက်ရှိသော သစ်၊ တိုင်၊ မျော၊ ထင်း စသည့် သစ်တောထွက် ပစ္စည်းတစ်ခုခုကို ခိုးယူခြင်းမပြုရ။

၂၃။ မည်သူမဆို ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခွင့်ပြုသည့်မြေကို ခွင့်ပြုချက်မရှိဘဲ အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခြင်း၊ အဆောက်အဦ ဆောက်လုပ်နေထိုင်ခြင်း၊ လွှဲပြောင်းရောင်းချခြင်း မပြုလုပ်ရ။

## အခန်း (၁၀)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၄။ မည်သူမဆို ပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သောင်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ကျခံစေရမည်။

၂၅။ မည်သူမဆို ပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးထောင်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ကျခံစေရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် နှစ် နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သောင်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သူမဆို ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သောင်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၂၈။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန်အားထုတ်လျှင် သို့မဟုတ် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ် ချမှတ်ခြင်းခံရမည်။

၂၉။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့်ပြစ်ဒဏ်အပြင် –

(က) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားစက်ပစ္စည်းကိရိယာတန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ပြစ်မှုနှင့် သက်ဆိုင်သောသစ်တောထွက်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

(ဂ) ပြစ်မှုကျူးလွန်ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ကျေးရွာထင်းစိုက်ခင်း တည်ထောင်သူ သို့မဟုတ် အသုံးပြုသူများအဖွဲ့သို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်။

၃၀။ တရားရုံးသည် –

(က) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် သစ်တောထွက်ပစ္စည်းများကို သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။

(ခ) ပုဒ်မ ၂၄၊ ၂၆ တို့အရ တပ်ရိုက်သည့် ငွေဒဏ်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆုံးရှုံးနစ်နာသည့် ကျေးရွာထင်းစိုက်ခင်းတည်ထောင်သူ သို့မဟုတ် အသုံးပြုသူများအဖွဲ့အား နစ်နာကြေးအဖြစ် ထုတ်ပေးနိုင်သည်။

## အခန်း (၁၁)

## အထွေထွေ

၃၁။ ဤဥပဒေအရ သစ်တောဦးစီးဌာနက ရရန်ရှိသော ငွေများကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိ သကဲ့သို့ ကောက်ခံရမည်။ ဤကိစ္စအလို့ငှာ ဝန်ကြီးက တာဝန်ပေးအပ်သော သစ်တောအရာရှိသည် တည်ဆဲဥပဒေများအရ ကော်လိပ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့် ရှိစေရမည်။

၃၂။ ပြည်သူ့ရဲတပ်ဖွဲ့သည် ကော်မတီ သို့မဟုတ် သစ်တောဝန်ထမ်းများက ယင်းတို့၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌ အကူအညီတောင်းခံလာလျှင် လိုအပ်သော အကူအညီများကို ပေးရမည်။

၃၃။ ဤဥပဒေအရ ကျူးလွန်သည့်ပြစ်မှုများအား ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သဘောရိုးဖြင့် လုပ်ငန်းတာဝန်ဆောင်ရွက်သော ကော်မတီ သို့မဟုတ် သစ်တောအရာရှိတို့အပေါ် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်း မရှိစေရ။

၃၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် –

(က) လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုဝန်ကြီး၏ သဘောတူညီချက်ဖြင့် ညွှန်ကြားရေးမှူးက ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ရဲမြင့်
ဝန်ကြီးချုပ်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

# မန္တလေးတိုင်းဒေသကြီး ယစ်မျိုးခွန်ကောက်ခံရေးဥပဒေ

## ( ၂၀၁၂ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၃။ )

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
( ၂၀၁၂ ခုနှစ်၊ မတ်လ ၁၅ ရက် )

### နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီးအတွင်း ယစ်မျိုးခွန်များ စနစ်တကျ ကောက်ခံနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မန္တလေးတိုင်းဒေသကြီးယစ်မျိုးခွန်ကောက်ခံရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေကို ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ မန္တလေးတိုင်းဒေသကြီးတစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ တိုင်းဒေသကြီးလုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးကို ဆိုသည်။

(ဃ) **တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး**ဆိုသည်မှာ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဌာနအကြီးအကဲကို ဆိုသည်။

(င) **ယစ်မျိုးခွန်**ဆိုသည်မှာ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေအရ သတ်မှတ်ထားသော အခွန်များကို ဆိုသည်။

(စ) **ယစ်မျိုးသက်ဝင်ပစ္စည်း** (Excisable article) ဆိုသည်မှာ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေတွင် ဖွင့်ဆိုထားသည့် အရက်အပါအဝင် ယစ်မျိုးသက်ဝင်ပစ္စည်းကို ဆိုသည်။

(ဆ) **ယစ်မျိုးဝင်ကုန်ပစ္စည်း** (Excisable goods) ဆိုသည်မှာ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေ၏ ဒုတိယဇယားတွင် ယစ်မျိုးခွန်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် ကုန်ပစ္စည်းကို ဆိုသည်။

(ဇ) **အရက်** (Alcoholic Liquor) ဆိုသည်မှာ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေတွင် သတ်မှတ်ထားသည့်အရာများ အပါအဝင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ အရက်ဟု သတ်မှတ်ထားသောအရာများကို ဆိုသည်။

(ဈ) **ဘီယာ** (Ale.Stout.Porter) ဆိုသည်မှာ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေတွင် သတ်မှတ်ထားသည့် အရာများအပါအဝင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဘီယာဟု သတ်မှတ်ထားသော အရာများကို ဆိုသည်။

(ည) **ပြည်တွင်းဖိုထွက်ချက်အရက်** (Country Spirit) ဆိုသည်မှာ ပေါင်းဖိုနှင့်ခံယူ၍ ရရှိသည့် အရက်ပြန်ပါဝင်သော မည်သည့်အရက်တစ်စုံတစ်ရာကိုမဆို ဆိုသည်။

(ဋ) **ထန်းရည်** (Tari) ဆိုသည်မှာ ကဇော်ဖောက်သည်ဖြစ်စေ၊ မဖောက်သည်ဖြစ်စေ ထန်း၊ ဓနိ၊ အုန်း၊ ပေ စသည့် အပင်အမျိုးမျိုးမှထွက်သော အရည်ကို ဆိုသည်။

(ဌ) **တည်အရက်** (Fermented Liquor) ဆိုသည်မှာ ချက်အရက်မှတစ်ပါး အရက်ပြန်ပါဝင်သည့် အရက်ကို ဆိုသည်။ ယင်းစကားရပ်တွင် လှော်ဇာရည်၊ ခေါင်ရည်တို့ ပါဝင်သည်။

(ဍ) **သောက်ပျော်သောအရက်** (Potable Alcoholic Liquor) ဆိုသည်မှာ ပြုပြင်ပြီး မူလသတ္တိပျက် အရက်မှတစ်ပါး အရက်ပြန်ပါဝင်သည့် အရက်တစ်မျိုးမျိုးကို ဆိုသည်။

(ဎ) **မူလသတ္တိပျက်ပြီး** (Denatured) ဆိုသည်မှာ ယစ်မျိုးအက်ဥပဒေအရ သတ်မှတ်သည့် နည်းလမ်း များနှင့်အညီ လူတို့သောက်သုံးရန် မသင့်အောင်ပြုပြင်ပြီးသည်ကို ဆိုသည်။

(ဏ) **ချက်လုပ်ခြင်း**ဆိုသည့်စကားရပ်တွင် အောက်ပါတို့ပါဝင်သည် -

(၁) သဘာဝအားဖြင့်ဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ ယစ်မျိုးသက်ဝင်ပစ္စည်းတစ်စုံတစ်ရာကို ထွက်ရှိ စေရန် သို့မဟုတ် ရရှိစေရန် ပြုလုပ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ထန်းပင်မှ အရည်ခံခြင်း၊ ထုတ်ယူခြင်းတို့ ပါဝင်သည်။

(၂) ပြန်၍ပေါင်းခံခြင်း (Redistillation)။

(၃) အရက်ပြန်ပါဝင်သည့် အရက်ကို ပြုပြင်ခြင်း၊ အနံ့/အရသာထည့်ခြင်း၊ ရောနှောခြင်း၊ အရောင်ဆိုးခြင်း။

(တ) **လက်လီ သို့မဟုတ် လက်ကားရောင်းချမှု** (Retail and Whole Sale) ဆိုသည်မှာ ဤဥပဒေနှင့် ဤဥပဒေအရ ပြုသည့်နည်းဥပဒေများအရ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာများနှင့်အညီ အချင် အတွယ်အတိုင်း ရောင်းချခြင်းကို ဆိုသည်။

(ထ) **လိုင်စင်**ဆိုသည်မှာ ဤဥပဒေအရ ထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း တို့အတွက် ခွင့်ပြုသည့် ခွင့်ပြုမိန့်ကို ဆိုသည်။ လိုင်စင်သက်တမ်းကို ဘဏ္ဍာရေးနှစ်အလိုက် သတ်မှတ်သည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အရက်သေစာသောက်စားခြင်းအလေ့အထ ပြန့်ပွားခြင်းကို အားပေးခြင်းမရှိစေရန်၊

(ခ) သေရည်သေရက် ဖြန့်ဖြူးရောင်းချရာတွင် တရားမဝင်ထုတ်လုပ်မှု၊ ရောင်းချမှုမရှိစေရန်၊

(ဂ) မူးယစ်စေသော သေရည်သေရက်ရောင်းချခြင်းမှာ အခွန်ငွေ ရရှိစေရန်အလို့ငှာသာမဟုတ်ဘဲ သောက်စားသုံးစွဲခြင်း လျော့နည်းစေရန်၊ သေရည်သေရက်ရောင်းချခြင်းကို အခွန်ကောက်ခံ သည်ဟု စွဲမြဲမှတ်ယူစေရန်၊

(ဃ) တိုင်းဒေသကြီး ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေကို ဥပဒေနှင့်အညီ ရရှိစေရန်။

## အခန်း (၃)

## ယစ်မျိုးခွန်နှုန်းထားများသတ်မှတ်ခြင်း

၄။ တိုင်းဒေသကြီး ယစ်မျိုးခွန်ကောက်ခံရေးနှင့် စပ်လျဉ်း၍ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ဤဥပဒေပါ နောက်ဆက်တွဲဇယားအတိုင်း ကောက်ခံရန် သတ်မှတ်သည်။

၅။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေးငွေကျပ် ၅၀၀၀၀၀ အထိဖြစ်ပါက လိုင်စင်ချထားပေးသည့်အချိန်တွင် ကျသင့်သောငွေကို တစ်ကြိမ်တည်း အပြေအကျေ ပေးသွင်းရမည်။

၆။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေးငွေ ကျပ် ၅၀၀၀၀၀ အထက်မှ ကျပ် ၃၀၀၀၀၀၀ အထိဖြစ်ပါက လိုင်စင်ချထားပေးသည့်အချိန်တွင် ကျသင့်ငွေ၏တစ်ဝက်ကို တစ်ကြိမ်တည်းပေးသွင်းစေပြီး ကျန်တစ်ဝက်ကို ဘဏ္ဍာရေးနှစ်ဝက်အတွင်း အပြေအကျေ ပေးသွင်းရမည်။

၇။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေးငွေ ကျပ် ၃၀၀၀၀၀၀ အထက်ဖြစ်ပါက လိုင်စင်ချထားပေးသည့်အချိန်တွင် ကျသင့်ငွေ၏သုံးပုံတစ်ပုံကို တစ်ကြိမ်တည်း ပေးသွင်းရမည်။ ကျန်သုံးပုံနှစ်ပုံကို ဘဏ္ဍာရေးနှစ်ဝက်အတွင်း နှစ်ကြိမ်ခွဲ၍ အပြေအကျေပေးသွင်းရမည်။

၈။ ယစ်မျိုးခွန်လိုင်စင်ကို ပြန်လည်အပ်နှံလိုသူသည် သတ်မှတ်ထားသည့် ယစ်မျိုးခွန်များကို အပြေအကျေပေးသွင်းပြီးမှသာ ယစ်မျိုးခွန်လိုင်စင်ကို ပြန်လည်အပ်နှံခွင့်ပြုမည်။

၉။ ဤဥပဒေအရ ယစ်မျိုးခွန်အပြည့်အဝ ကောက်ခံရရှိနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရ အဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီး၏ကြီးကြပ်မှုဖြင့် လိုအပ်သော ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

## အခန်း (၄)

## အထွေထွေ

၁၀။ ယစ်မျိုး စီမံခန့်ခွဲခြင်း၊ အခွန်စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီး၏ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

၁၁။ ဤဥပဒေအရ ပေးရန်ရှိသော ယစ်မျိုးခွန်ငွေကြေးအားလုံးကို ပေးဆောင်ရန် ပျက်ကွက်လျှင် မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ကောက်ခံရမည်။

၁၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် -

(က) လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးက ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ရဲမြင့်
ဝန်ကြီးချုပ်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## ပြင်ဆင်သတ်မှတ်သည့် ယစ်မျိုးလိုင်စင်ခွန် နှုန်းထားများ

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ | လက်ရှိနှုန်းထား(ကျပ်) | ပြင်ဆင်သည့်နှုန်းထား(ကျပ်) ပုံသေနှုန်း |
|---|---|---|---|---|
| ၁ | D-1<br>ဒီ-၁ | အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့် နှင့် ချက်လုပ်ခွင့် လိုင်စင် | ထုတ်လုပ်မှုဂါလန်(၁)နေ့<br>၅၀-၅၀၀=၁၂၀၀၀၀<br>၅၀၀-၁၀၀၀=၂၄၀၀၀၀<br>၁၀၀၀အထက်=၃၆၀၀၀၀ | ထုတ်လုပ်မှုဂါလန်(၁)နေ့<br>၅၀-၅၀၀ =၅၀၀၀၀၀၀<br>၅၀၀-၁၀၀၀ =၁၀၀၀၀၀၀၀<br>၁၀၀၀အထက်=၁၅၀၀၀၀၀၀ |
| ၂ | D-2<br>ဒီ-၂ | အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့် သာရှိပြီး ချက်လုပ်ခွင့်မရှိ သည့် လိုင်စင် | ၁၀၀၀၀၀ | ၁၀၀၀၀၀၀ |
| ၃ | W-1<br>ဒဗလျူ-၁ | ဝိုင်အရက်များထုတ်လုပ်ခွင့် လိုင်စင် | ၁၀၀၀၀ | ၁၀၀၀၀၀ |
| ၄ | FL-4<br>အက်ဖ် အယ်လ်-၄ | ပြည်ပမှ တင်သွင်းသော နိုင်ငံခြား အရက်ပြင်း (Foreign Spirit) ကို ပေါင်းစပ်ခွင့်၊ ရောနှောခွင့်၊ အနံ့ထည့်ခွင့်နှင့် အရောင်ဆိုးခွင့် | ၁၀၀၀၀၀ | ၁၀၀၀၀၀၀ |
| ၅ | FL-5<br>အက်ဖ် အယ်လ်-၅ | နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ကို ပုလင်းသွတ် ခွင့် လိုင်စင် | ၁၀၀၀၀၀ | ၁၀၀၀၀၀၀ |
| ၆ | FL-6<br>အက်ဖ် အယ်လ်-၆ | မြန်မာပြည်တွင်းရှိ အရက် ချက်စက်ရုံမှထုတ်လုပ်သော နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ကို လက်ကား ရောင်းချခွင့်လိုင်စင် | ၁၂၀၀၀၀ | မန္တလေး=၂၅၀၀၀၀<br>မိတ္ထီလာ၊မြင်းခြံ=၁၅၀၀၀၀<br>အခြား=၁၂၀၀၀၀ |
| ၇ | B-1<br>ဘီ-၁ | ဘီယာစက်ရုံပိုင်ဆိုင်ခွင့်နှင့် ချက်လုပ်ခွင့်လိုင်စင် | ထုတ်လုပ်မှုဂါလန်(၁)နေ့<br>၅၀-၅၀၀= ၅၀၀၀၀၀<br>၅၀၀-၁၀၀၀=၈၀၀၀၀၀<br>၁၀၀၀အထက်=၁၅၀၀၀၀၀ | ထုတ်လုပ်မှုဂါလန် (၁) နေ့<br>၅၀-၅၀၀=၅၀၀၀၀၀၀<br>၅၀၀-၁၀၀၀=၁၀၀၀၀၀၀၀<br>၁၀၀၀အထက်=၁၅၀၀၀၀၀၀ |
| ၈ | B-2<br>ဘီ-၂ | ဘီယာစက်ရုံ ပိုင်ဆိုင်ခွင့်သာ ရှိပြီး ချက်လုပ်ခွင့်မရှိသည့် လိုင်စင် | ၁၀၀၀၀၀ | ၁၀၀၀၀၀၀ |
| ၉ | FL-8<br>အက်ဖ် အယ်လ်-၈ | မြန်မာပြည်တွင်းရှိ ဘီယာ စက်ရုံမှ ထုတ်လုပ်သော ဘီယာ များကိုလက်ကား ရောင်းချခွင့် လိုင်စင် | ၁၀၀၀၀၀၀ | ၁၀၀၀၀၀၀၀ |
| ၁၀ | FL-8A<br>အက်ဖ် အယ်လ်-၈အေ | ပြည်ပမှတင်သွင်းသော ဘီယာများကို လက်ကား ရောင်းချခွင့် လိုင်စင် | | ၁၀၀၀၀၀၀၀ |

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ | လက်ရှိနှုန်းထား(ကျပ်) | ပြင်ဆင်သည့်နှုန်းထား(ကျပ်) ပုံသေနှုန်း |
|---|---|---|---|---|
| ၁၁ | FL-9 အက်ဖ် အယ်လ်-၉ | မြန်မာပြည်တွင်းရှိ ဘီယာစက်ရုံမှ ထုတ်လုပ်သော ဘီယာများကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့် လိုင်စင် | ၅၀၀၀၀၀ | မန္တလေး=၁၂၀၀၀၀၀<br>အခြား= ၆၀၀၀၀၀ |
| ၁၂ | FL-9A အက်ဖ် အယ်လ်-၉အေ | ပြည်ပမှတင်သွင်းသော ဘီယာများကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီ ရောင်းချခွင့် လိုင်စင် | | မန္တလေး=၁၂၀၀၀၀၀<br>အခြား= ၆၀၀၀၀၀ |
| ၁၃ | FL-11 အက်ဖ် အယ်လ်-၁၁ | နိုင်ငံခြားအရက်များ (Foreign Spirit)ကို လက်ကားရောင်းချခွင့် လိုင်စင် | ရန်ကုန်-မန္တလေး= ၁၀၀၀၀၀၀<br>အခြားမြို့များ=၅၀၀၀၀၀ | မန္တလေး=၃၀၀၀၀၀၀<br>အခြား=၁၀၀၀၀၀၀ |
| ၁၄ | FL-12 အက်ဖ် အယ်လ်-၁၂ | နိုင်ငံခြားအရက်များ (Foreign Alcoholic)ကို ကုန်စုံဆိုင်တွင် လက်လီ လက်ကား ရောင်းချခွင့်ရှိပြီး ဆိုင်ဥပစာအတွင်း သောက်သုံးခွင့်မရှိသည့် လိုင်စင် | ရန်ကုန်-မန္တလေး= ၅၀၀၀၀၀<br>အခြားမြို့များ=၂၅၀၀၀၀ | မန္တလေး=၁၅၀၀၀၀၀<br>အခြား= ၅၀၀၀၀၀ |
| ၁၅ | FL-14 အက်ဖ် အယ်လ်-၁၄ | နိုင်ငံခြားအရက်များ(Foreign Alcoholic Liquor) စစ်ဘက်ဆိုင်ရာ အရောင်းဆိုင်ကလေး (Military Canteen) များတွင် လက်လီရောင်းချခွင့် လိုင်စင်<br>(က) တပ်ရင်းအတွက်<br>( ခ ) တပ်ရင်းထက်ငယ်သော အဖွဲ့အစည်းများအတွက် | | |
| ၁၆ | FL-15 အက်ဖ် အယ်လ်-၁၅ | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကိုဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း ဥပစာအတွင်း တည်းခိုသူများနှင့် ခရီးသွားသူများ သောက်သုံးရန်၊ ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်းပိုင်ရှင် (သို့မဟုတ်) မန်နေဂျာအား ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | ရန်ကုန်-မန္တလေး= ၁၂၀၀၀၀၀<br>အခြားမြို့များ=၆၀၀၀၀၀ | မန္တလေး/ပုဂံ=၃၀၀၀၀၀၀<br>အခြား=၁၀၀၀၀၀၀ |

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ | လက်ရှိနှုန်းထား(ကျပ်) | ပြင်ဆင်သည့်နှုန်းထား(ကျပ်) ပုံသေနှုန်း |
|---|---|---|---|---|
| ၁၇ | FL-15A အက်ဖ် အယ်လ်-၁၅အေ | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ဟိုတယ် (သို့မဟုတ်) တည်းခိုခန်းဉပစာ အတွင်း တည်းခိုသူများ သောက်သုံးရန် ဟိုတယ် (သို့မဟုတ်) တည်းခိုခန်းပိုင်ရှင် (သို့မဟုတ်) မန်နေဂျာက ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | | မန္တလေး/ပုဂံ = ၃၀၀၀၀၀၀ အခြား=၁၀၀၀၀၀၀ |
| ၁၈ | FL-16 အက်ဖ် အယ်လ်-၁၆ | နိုင်ငံခြားအရက်များ(Foreign Alcoholic Liquor) ကို ကလပ် ပိုင်ရှင်က ဆိုင်ဖွင့်၍ လက်လီ ရောင်းချခွင့် လိုင်စင် | ရန်ကုန်-မန္တလေး= ၆၀၀၀၀၀ အခြားမြို့များ=၃၀၀၀၀၀ | မန္တလေး=၁၀၀၀၀၀၀ အခြား= ၅၀၀၀၀၀ |
| ၁၉ | FL-17 အက်ဖ် အယ်လ်-၁၇ | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ဟိုတယ် နှင့် နားနေခန်း၊ ဘူတာ၊ လေဆိပ်၊ သင်္ဘောဆိပ်၊ မီးရထား စား သောက်တွဲနှင့် စားသောက်ဆိုင် ဉပစာတွင် သောက်သုံးရန် ဟိုတယ်ပိုင်ရှင် (သို့မဟုတ်) မန်နေဂျာက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | ရန်ကုန်-မန္တလေး= ၁၂၀၀၀၀၀ အခြားမြို့များ=၆၀၀၀၀၀ | မန္တလေး=၂၄၀၀၀၀၀ အခြား= ၁၂၀၀၀၀၀ |
| ၂၀ | FL-17A အက်ဖ် အယ်လ်-၁၇အေ | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) လူမှုရေး အဖွဲ့အစည်း (Charitable Institute) ကို ဉပစာအတွင်း သောက်သုံးရန် အဖွဲ့အစည်း အာဏာပိုင်က ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | | မန္တလေး=၂၄၀၀၀၀၀ အခြား= ၁၂၀၀၀၀၀ |
| ၂၁ | FL-18 အက်ဖ် အယ်လ်-၁၈ | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို အများ ပြည်သူ ပျော်ပွဲရွှင်ပွဲ ဧည့်ခံပွဲ တွင် ဆိုင်ဉပစာအတွင်း သောက်သုံးရန် လက်လီရောင်းချ ခွင့် လိုင်စင် | | အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်မည်။ |

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ | လက်ရှိနှုန်းထား(ကျပ်) | ပြင်ဆင်သည့်နှုန်းထား(ကျပ်) ပုံသေနှုန်း |
|---|---|---|---|---|
| ၂၂ | FL-19 အက်ဖ် အယ်လ်-၁၉ | နိုင်ငံခြားအရက်များ(Foreign Alcoholic Liquor)ကိုဘူတာရုံ၊ လေဆိပ်၊ သင်္ဘောဆိပ်များရှိ နားနေခန်း ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာ၏ ပြင်ပသို့ ယူဆောင်ရန် နားနေခန်းအငှားရထားသူကကောင်တာဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | | ၂၀၀၀၀၀၀ |
| ၂၃ | FL-20 အက်ဖ် အယ်လ်-၂၀ | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို မီးရထား စားသောက်ခန်း ဥပစာအတွင်း ခရီးသည်များ သာသောက်သုံးရန် (သို့မဟုတ်) ပြင်ပသို့ ယူဆောင်ရန် စားသောက်တွဲ အငှားရထားသူက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | | အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်မည်။ |
| ၂၄ | FL-21 အက်ဖ် အယ်လ်-၂၁ | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို သင်္ဘောဝန်ထမ်းများနှင့် ခရီးသည်များ သင်္ဘောပေါ်တွင် သောက်သုံးရန် သင်္ဘောမာလိန်မှူး (သို့မဟုတ်) ဘဏ္ဍာစိုးက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | ၅၀၀၀၀၀ | ၁၀၀၀၀၀၀ |
| ၂၅ | FL-22 အက်ဖ် အယ်လ်-၂၂ | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို အများပြည်သူ (သို့မဟုတ်) ပုဂ္ဂလိက ပျော်ပွဲရွှင်ပွဲများတွင် ဥပစာအတွင်း သောက်သုံးရန် ကောင်တာဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | | အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်မည်။ |
| ၂၆ | G-1 ဂျီ-၁ | ရှာလကာရည်ထုတ်လုပ်ခွင့် လိုင်စင် | | အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်မည်။ |

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ | လက်ရှိနှုန်းထား(ကျပ်) | ပြင်ဆင်သည့်နှုန်းထား(ကျပ်) ပုံသေနှုန်း |
|---|---|---|---|---|
| ၂၇ | FL-23 အက်ဖ် အယ်လ်-၂၃ | မူးယစ်စေတတ်သော ဆေးဝါး မဟုတ်သောအရက်ပြန်ရာခိုင်နှုန်း ၂၀ မှ ၄၅ အထိပါဝင်သည့် ဆေးဖက်ဝင်သောဝိုင်နှင့် အလားတူ ဖျော်ရည်များကို ဆေးဆရာ (သို့မဟုတ်) ကျန်းမာရေး ဝန်ထမ်း(သို့မဟုတ်) ကုန်စုံဆိုင်ပိုင်ရှင်က ရောင်းချ ခွင့် လိုင်စင် | ၅၀၀၀ | ၁၀၀၀၀ |
| ၂၈ | FL-24 အက်ဖ် အယ်လ်-၂၄ | သန့်စင်ပြီးသော နိုင်ငံခြား အရက်ပြင်းများ (Rectified Foreign Spirit) ကို ဆေးဆရာ များက ရောင်းချခွင့်လိုင်စင် | ၅၀၀၀ | ၁၀၀၀၀ |
| ၂၉ | FL-25 အက်ဖ် အယ်လ်-၂၅ | ဂုဏ်သတ္တိပျက် အရက်ပြန် ရောင်းချခွင့် လိုင်စင် | | ၂၀၀၀၀၀၀ |
| ၃၀ | FL-2C အက်ဖ် အယ်လ်-၂ (စီ) | သန့်စင်ပြီး အရက်ပြန်များကို သို လှောင်သိမ်းဆည်းထားနိုင်ရန်နှင့် တင်ချ၊ အရက်ပြင်းနှင့် အခြားအရက်ပြန်ပါဝင်သည့် ဆေးဝါးများ ထုတ်လုပ်နိုင်ရန် ကုန်ပစ္စည်း သိုလှောင်ရုံ ဆောက်လုပ်ခွင့် လိုင်စင် | ၅၀၀၀ | ၁၀၀၀၀၀ |
| ၃၁ | FL-2D အက်ဖ် အယ်လ်-၂ (ဒီ) | အရက်ပါဝင်သည့် ဆေးဝါး များကို မြန်မာ့ဆေးဆရာများ က ထုတ်လုပ်ခွင့်၊ ပိုင်ဆိုင်ခွင့် နှင့် ရောင်းချခွင့် လိုင်စင် | ၁၀၀၀ | ၁၀၀၀၀ |
| ၃၂ | Y-1 ဝိုင်-၁ | တဆေးများ ထုတ်လုပ်ခွင့်နှင့် ရောင်းချခွင့် လိုင်စင် | ၁၀၀၀၀၀ | ၅၀၀၀၀၀ |
| ၃၃ | Y-2 ဝိုင်-၂ | တဆေးများရောင်းချခွင့် လိုင်စင် | ၁၀၀၀၀၀ | ၅၀၀၀၀၀ |
| ၃၄ | D-1A ဒီ-၁အေ | နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ထုတ်လုပ်ရန်၊ ပေါင်းစပ် ရန်၊ ရောနှောရန်၊ အရောင်ဆိုး ရန်၊ အနံ့ထည့်ရန်၊ ပုလင်းသွတ် ရန်၊ အရက်ချက် စက်ရုံပိုင်ဆိုင် ခွင့်၊ ချက်လုပ်ခွင့်၊ လိုင်စင်ရ ရောင်းချသူများကို သာ လက်ကားရောင်းချခွင့် လိုင်စင် | ၁၂၀၀၀၀ | ၅၀၀၀၀၀၀ |

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ | လက်ရှိနှုန်းထား(ကျပ်) | ပြင်ဆင်သည့်နှုန်းထား(ကျပ်) ပုံသေနှုန်း |
|---|---|---|---|---|
| ၃၅ | CS-2A စီအက်စ်-၂အေ | အရက်ချက်လိုင်စင်ရ ဖိုထွက်အရက်၊ စက်ရုံထွက်အရက် (အရက်ဖြူ)ကို စားသောက်ဆိုင် (သို့မဟုတ်) နားနေခန်းဥပစာ အတွင်း သောက်သုံးရန်၊ ကောင်တာဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | ရန်ကုန်-မန္တလေး=၁၀၀၀၀၀ အခြားမြို့များ=၅၀၀၀၀ | မန္တလေး=၂၀၀၀၀၀ အခြား=၁၀၀၀၀၀ |
| ၃၆ | CFL-2A စီအက်ဖ်အယ်လ် -၂အေ | ထန်းရည်၊ ဓနိရည်မှအပ အခြား လှော်စာရည်များကို စားသောက်ဆိုင် (သို့မဟုတ်) နားနေခန်း ဥပစာအတွင်း သောက်သုံးရန်၊ ကောင်တာဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | ၅၀၀၀ | မန္တလေး=၁၀၀၀၀၀ အခြား= ၅၀၀၀၀ |
| ၃၇ | | ဘီလပ်ရည်၊ အဖျော်ရည် ထုတ်လုပ်ခွင့် လိုင်စင် | | အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်မည်။ |
| ၃၈ | CFL-1 စီအက်ဖ်အယ်လ်-၁ | ထန်းရည်၊ ဓနိရည်ကို ဆိုင်ဖွင့်၍ဆိုင်ဥပစာတွင် သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့် လိုင်စင် | ၁၀၀၀၀၀ | ၂၀၀၀၀၀ |
| ၃၉ | CFL-2 စီအက်ဖ်အယ်လ်-၂ | ထန်းရည်၊ ဓနိရည်မှအပ အခြား လှော်စာရည်များ (Country Fermented Liquor)ကို ထုတ်လုပ်ခွင့်နှင့် ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့် လိုင်စင် | ၅၀၀၀၀၀ | ၆၀၀၀၀၀ |
| ၄၀ | CS-1 စီအက်စ်-၁ | မြန်မာပြည်တွင်းရှိ အရက်ချက်စက်ရုံများမှ ထုတ်လုပ်သော ဖိုထွက်ချက်အရက် (Country Spirit) ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာ အတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့် လိုင်စင် | ၅၀၀၀၀ | ၁၀၀၀၀၀ |

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ | လက်ရှိနှုန်းထား(ကျပ်) | ပြင်ဆင်သည့်နှုန်းထား(ကျပ်) လေလံကြမ်းခင်းနှုန်း |
|---|---|---|---|---|
| ၄၁ | CS-2 စီအက်စ်-၂ | -အရက်ဖိုပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်နှင့် ဖိုထွက်ချက်အရက် (Country Spirit) ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့် လိုင်စင် | ၅၀၀၀၀ | ၁၅၀၀၀၀ |
| | | **-စီးပွားဖြစ်ချက်၍ လက်လီလက်ကား ရောင်းခွင့်** | **၁၂၀၀၀၀** | **၁၈၀၀၀၀** |
| ၄၂ | CS-3 စီအက်စ်-၃ | မြန်မာပြည်တွင်းရှိ အရက်ဖိုများမှ ထုတ်လုပ်သော ဖိုထွက်ချက်အရက် (Country Spirit) ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့် လိုင်စင် | ၅၀၀၀၀ | ၁၅၀၀၀၀ |
| ၄၃ | FL-7 အက်ဖ် အယ်လ်-၇ | မြန်မာနိုင်ငံအတွင်းရှိ အရက်ချက်စက်ရုံများမှ ထုတ်လုပ်သော နိုင်ငံခြားအရက်ပြင်း (Foreign Spirit) များကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ပြင်ပသို့ယူဆောင်ရန် လက်လီရောင်းချခွင့် လိုင်စင် | ၁၂၀၀၀၀ | မန္တလေး/ပြင်ဦးလွင် ပုဂံ=၂၀၀၀၀၀ အခြား=၁၂၀၀၀၀ |

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ | လက်ရှိနှုန်းထား(ကျပ်) | ပြင်ဆင်သည့်နှုန်းထား(ကျပ်) လေလံကြမ်းခင်းနှုန်း |
|---|---|---|---|---|
| ၄၄ | FL-10 အက်ဖ် အယ်လ်-၁၀ | ဗျစ်ရည်ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့် လိုင်စင် | ၅၀၀၀၀၀ | မန္တလေး=၁၂၀၀၀၀၀ အခြား= ၆၀၀၀၀၀ |
| ၄၅ | FL-13 အက်ဖ် အယ်လ်-၁၃ | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor)ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့် လိုင်စင် | ၁၂၀၀၀၀၀ | မန္တလေး=၂၀၀၀၀၀၀ အခြား= ၁၂၀၀၀၀၀ |
| ၄၆ | CFL-2 CS-2 စီအက်ဖ် အယ်လ်-၂ စီအက်စ်-၂ | ထန်းရည် ဓနိရည်မှအပ အခြားလှော်စာရည်များ (Country Fermented Liquor) နှင့် ဖိုထွက်ချက်အရက် (Country Spirit) ကို ထုတ်လုပ်ခွင့်နှင့် ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့မဟုတ်) ဆိုင်၏ ပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့် လိုင်စင် | | ၆၀၀၀၀၀ |

# မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်မော်တော်ယာဉ်လုပ်ငန်း ယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေ

## ( ၂၀၁၂ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၄။ )

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၁၅ ရက် )

### နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီးအတွင်း သွားလာသည့် ပုဂ္ဂလိကပိုင်မော်တော်ယာဉ်လုပ်ငန်း ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်မော်တော်ယာဉ်လုပ်ငန်း ယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေကို ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ မန္တလေးတိုင်းဒေသကြီးတစ်ဝန်းလုံး၌ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ် သက်ရောက်စေရမည် –

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **ကော်မတီ**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးယာဉ်လုပ်ငန်းများကြီးကြပ်ရေး ကော်မတီကို ဆိုသည်။

(စ) **ယာဉ်ပိုင်ရှင်**ဆိုသည်မှာ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကော်မတီ၏ ကြီးကြပ်မှုအောက်တွင် ပြေးဆွဲလုပ်ကိုင်နေကြသော ယာဉ်ပိုင်ဆိုင်ခွင့်ရှိသည့် ယာဉ်၏ပိုင်ရှင်ကို ဆိုသည်။

(ဆ) **ယာဉ်လုပ်သား**ဆိုသည်မှာ ကော်မတီ၏ကြီးကြပ်မှုအောက်၌ ပြေးဆွဲလုပ်ကိုင်နေသော ယာဉ်တွင် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်အဖြစ် ဤကော်မတီက အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခန့်ထားသူများကို ဆိုသည်။

(ဇ) **ကော်မတီရုံးဝန်ထမ်း**ဆိုသည်မှာ ကော်မတီက နည်းဥပဒေနှင့်အညီ ခန့်ထားသူများကို ဆိုသည်။

(ဈ) **နည်းဥပဒေများ**ဆိုသည်မှာ ဤဥပဒေအရ အစိုးရအဖွဲ့က ထုတ်ပြန်သော နည်းဥပဒေများကို ဆိုသည်။

(ည) **မော်တော်ယာဉ်လုပ်ငန်း**ဆိုသည်မှာ ပုဂ္ဂလိကပိုင် မော်တော်ယာဉ်ကို အသုံးပြု၍ စီးပွားရေး လုပ်ကိုင်သော မည်သည့်စီးပွားရေးလုပ်ငန်းမဆို ပါဝင်သည်။

(ဋ) **ပုဂ္ဂလိကပိုင်မော်တော်ယာဉ်**ဆိုသည်မှာ နိုင်ငံတော်ပိုင်ယာဉ်မှတစ်ပါး ကျန်ပုဂ္ဂလိကပိုင် ယာဉ်တစ်မျိုးမျိုးကို ဆိုသည်။

## အခန်း (၂)

## ကော်မတီဖွဲ့စည်းခြင်း

၃။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ် ထားသော နည်းလမ်းများအတိုင်း ရွေးချယ်၍ မန္တလေးတိုင်းဒေသကြီးယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းတို့ ပြုနိုင်သည်။

၄။ ကော်မတီသည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ကော်မတီ များကို ဖွဲ့စည်းတာဝန်ပေးနိုင်သည်။

၅။ ကော်မတီအဆင့်ဆင့်၏ ကော်မတီဝင်များ၏ အရည်အချင်း၊ ကော်မတီဝင်အရေအတွက်နှင့် ရွေးချယ်ရန်နည်းလမ်းကို နည်းဥပဒေဖြင့် သတ်မှတ်ရမည်။

၆။ ကော်မတီ၏ သက်တမ်းမှာ ဖွဲ့စည်းအတည်ပြုသည့်နေ့မှစ၍ ၃ နှစ်ဖြစ်သည်။ ကော်မတီအသစ် ရွေးချယ်ပြီးသည့်အခါတိုင်း ကော်မတီအဟောင်းသည် ကော်မတီအသစ်ထံသို့ တာဝန်နှင့် လုပ်ငန်းအရပ်ရပ်၊ ခံစားပိုင်ခွင့်အရပ်ရပ်ကို ၁၅ ရက်အတွင်း စနစ်တကျလွှဲပြောင်းပေးရမည်။

## အခန်း (၃)

## ကော်မတီ၏လုပ်ငန်းတာဝန်များ

၇။ ခရီးသည်နှင့် ကုန်စည်များ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်စေရေးနှင့် တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ လုပ်ကိုင်သူများ အသက်မွေးမှု အဆင်ပြေစေရေးအတွက် ရည်ရွယ်၍ ကော်မတီ၏တာဝန်များကို အောက်ပါအတိုင်းသတ်မှတ်သည် –

(က) ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး၊

(ခ) ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေး၊

(ဂ) ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၏ ဘဝတိုးတက်စေရန် ကြံဆဆောင်ရွက်ရေး၊

(ဃ) မော်တော်ယာဉ်အသင်းများ စနစ်တကျရှိရေး၊

(င) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းကြပ်မတ်ရာတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်ရေး၊

(စ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသော ခေတ်မီပို့ဆောင်ရေးစနစ် ဖြစ်ထွန်း စေရန် ပူးပေါင်းဆောင်ရွက်ရေး၊

(ဆ) ကော်မတီ၏ ကြီးကြပ်မှုတွင် အကျုံးဝင်သည့် ယာဉ်နှင့်ယာဉ်လုပ်သားများ တည်ဆဲဥပဒေနှင့်အညီ လိုက်နာရန် ညွှန်ကြားမှုပြုရေး၊

(ဇ) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံလုပ်ငန်းများ အစဉ်တိုးတက်စေရန်အတွက် ဝန်ကြီး၏ သဘော တူညီချက်ဖြင့် လုပ်ငန်းများတိုးချဲ့တည်ထောင်ရေး၊

(ဈ) လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း၊ ယာဉ်အသင်းများ လွှဲပြောင်းမှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်ပြီးသော ယာဉ်များ လုပ်ငန်းဆောင်ရွက်ရာတွင် စနစ်တကျရှိစေခြင်း၊ ကော်မတီ၏ ရန်ပုံငွေနှင့် အဆောက်အဦ၊ ပစ္စည်းများ သုံးစွဲထိန်းသိမ်းခြင်းများကို နည်းဥပဒေနှင့်အညီ စီမံခန့်ခွဲရေး၊

(ည) လစဉ်လုပ်ငန်းဆောင်ရွက်ချက်၊ အစီရင်ခံစာ၊ အစည်းအဝေးမှတ်တမ်း၊ ငွေစာရင်း ရှင်းတမ်းနှင့် စာရင်းဇယားများကို အချိန်မီတင်ပြရန် စီမံဆောင်ရွက်ရေး၊

(ဋ) ကော်မတီသည် မိမိအစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်းမိတ္တူများကို ဝန်ကြီးထံ ပေးပို့ရမည်။

## အခန်း (၄)
## လုပ်ပိုင်ခွင့်များ

၈။ ကော်မတီသည် အောက်ပါလုပ်ပိုင်ခွင့်များကို ကျင့်သုံးနိုင်သည် –

(က) မော်တော်ယာဉ်လုပ်ငန်း လုပ်ကိုင်လိုသောပုဂ္ဂိုလ်နှင့် အသင်းသည် ကော်မတီတွင် မှတ်ပုံတင်၍ လုပ်ငန်းလုပ်ကိုင်စေခြင်း၊

(ခ) ဤဥပဒေအရ မှတ်ပုံတင်ပြီးသော မော်တော်ယာဉ် သို့မဟုတ် မော်တော်ယာဉ်အသင်းများ၏ မော်တော်ယာဉ်လုပ်ငန်း လုပ်ကိုင်ခြင်းတွင် စနစ်တကျရှိစေရေး၊ အဆင်ပြေချောမွေ့စေရေးအတွက် စီမံဆောင်ရွက်ခြင်း၊ နည်းဥပဒေနှင့်အညီ အဖွဲ့လိုက် ကွင်းဆင်းစစ်ဆေးအရေးယူစေခြင်း၊

(ဂ) ဒေသဆိုင်ရာကော်မတီအဆင့်ဆင့်တို့အား ကြီးကြပ်ဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်း၊

## အခန်း (၅)
## ဘဏ္ဍာရေး

၉။ ကော်မတီသည် ဥပဒေနှင့်အညီ ရရှိသောရန်ပုံငွေဖြင့် ရပ်တည်ရမည်။ ရန်ပုံငွေသုံးစွဲခြင်းကို နည်းဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ သုံးစွဲ၍ စာရင်းစစ်ဆေးမှုကို ခံယူရမည်။

၁၀။ ရန်ပုံငွေသုံးစွဲခြင်းအတွက် လိုအပ်သောနည်းဥပဒေများကို အစိုးရအဖွဲ့က ထုတ်ပြန်ရမည်။

၁၁။ ကော်မတီသည် မိမိရန်ပုံငွေကို ဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ထားရမည်။ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သုံးစွဲရမည်။

၁၂။ ကော်မတီသည် မော်တော်ယာဉ်လုပ်ငန်းလုပ်ကိုင်သူများ၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများ၊ ကော်မတီရုံးဝန်ထမ်းများ၏ သက်သာချောင်ချိရေးလုပ်ငန်းများတွင် နည်းဥပဒေနှင့်အညီ ငွေကြေး သုံးစွဲနိုင်သည်။

၁၃။ စုဆောင်းထားရှိသည့် ရန်ပုံငွေများကို လုပ်ငန်းတိုးတက်စေရန်နှင့် ရန်ပုံငွေ တိုးပွားစေရန် ကော်မတီသည် နည်းဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှု ပြုနိုင်သည်။

## အခန်း (၆)
## ဝန်ထမ်းဖွဲ့စည်းပုံ

၁၄။ ကော်မတီသည် ဝန်ထမ်းဖွဲ့စည်းပုံ၊ ဝန်ထမ်းများ၏ ရပိုင်ခွင့်နှင့် တာဝန်များကို ဝန်ကြီး၏ အတည်ပြုချက်ဖြင့် ရေးဆွဲ၍ ဖွဲ့စည်းပုံနှင့်အညီ ခန့်ထားနိုင်သည်။

၁၅။ ကော်မတီသည် ဝန်ထမ်းများခန့်ထားခြင်းအတွက် ရန်ပုံငွေမှ ကျခံသုံးစွဲရာတွင် နှစ်စဉ်ရရှိသော ဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းထက် ကျော်လွန်၍ သုံးစွဲခြင်း မပြုရ။

၁၆။ ကော်မတီသည် ဝန်ထမ်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန်အလို့ငှာ ဝန်ထမ်းရေးရာ လုပ်ပိုင်ခွင့်များကို ရုံးအကြီးအကဲအား လိုအပ်သလို လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း (၇)

## ရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်း

၁၇။ ကော်မတီသည် စာရင်းများကို နည်းလမ်းတကျထိန်းသိမ်းထားရှိနိုင်ရန်နှင့် စစ်ဆေးခြင်းပြုရန် အလို့ငှာ ငွေစာရင်း လုပ်ထုံးလုပ်နည်းများကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် ညှိနှိုင်း၍ သတ်မှတ်ရမည်။

၁၈။ ရုံးအကြီးအကဲသည်–

(က) ကော်မတီက သတ်မှတ်ထားသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းပြုစု ထိန်းသိမ်းထားရှိရမည်။

( ခ ) ပုဒ်မခွဲ (က) အရ ပြုစုထိန်းသိမ်းထားရှိသည့် စာရင်းများကို ဝန်ကြီးက တာဝန်ပေးအပ်သောသူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း (၈)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၉။ မည်သူမဆို ဤကော်မတီ၏ စီမံခန့်ခွဲမှုအောက်ရှိ ယာဉ်လိုင်းတစ်ခုခုသို့ ဝင်ရောက်ခြင်းမရှိဘဲ ယာဉ်ပြေးဆွဲခြင်း မပြုရ။ ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူအား ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၀။ မည်သူမဆို နည်းဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း ထင်ရှားလျှင် ကော်မတီက ထိုသူအား စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ရမည်။

၂၁။ ကော်မတီ၏ စီမံခန့်ခွဲမှုအောက်ရှိ ယာဉ်များသည် သက်ဆိုင်ရာယာဉ်လိုင်းများတွင် ပြေးဆွဲသည့်အခါ သတ်မှတ်ထားသည့် ဂိတ်၊ နေရာများတွင် လက်မှတ်ရေးထိုးရမည်။ ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်လျှင် ကော်မတီက သက်ဆိုင်ရာယာဉ်ပြေးဆွဲမှုကို ကာလသတ်မှတ်၍ တားမြစ်ပိတ်ပင်ခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၂။ ဤဥပဒေနှင့်ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေပါပြဋ္ဌာန်းချက်များကို ဆက်လက်ဖောက်ဖျက်ကျူးလွန်လျှင် သို့မဟုတ် လိုက်နာရန်ပျက်ကွက်လျှင် –

(က) ပုဒ်မ ၁၉ ပါပြဋ္ဌာန်းချက်ကို ကျူးလွန်ခြင်းဖြစ်ပါက ထိုသူကို ဆက်လက်ကျူးလွန်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းပြုသည့် နေ့အသီးသီးအတွက် တစ်ရက်လျှင် အနည်းဆုံး ငွေဒဏ် ကျပ်ငါးသောင်းမှ အများဆုံး ငွေဒဏ် ကျပ်တစ်သိန်းအထိ ချမှတ်နိုင်သည်။

( ခ ) ပုဒ်မ ၂၀ ပါပြဋ္ဌာန်းချက်ကို ဆက်လက်ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းပြုသည့် နေ့အသီးသီးအတွက် ကော်မတီက တစ်ရက်လျှင် အနည်းဆုံး ငွေဒဏ် ကျပ်တစ်သောင်းနှင့် အများဆုံး ငွေဒဏ် ကျပ်ငါးသောင်းအထိ တပ်ရိုက်နိုင်သည်။

၂၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် စည်းကမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ အမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်း ထင်ရှားလျှင် ထိုသူအား ကော်မတီက သက်ဆိုင်ရာယာဉ်ပြေးဆွဲမှုကို ကာလသတ်မှတ်၍ တားမြစ်ပိတ်ပင်ခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်း ပြုနိုင်သည်။

၂၄။ ကော်မတီကချမှတ်သည့် စီမံခန့်ခွဲရေးပြစ်ဒဏ်အပေါ် မကျေနပ်ပါက ဝန်ကြီးထံ ရက်ပေါင်း သုံးဆယ် အတွင်း တင်ပြနိုင်သည်။ ဝန်ကြီးသည် ကော်မတီ၏ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း ပြုလုပ်နိုင်သည်။ ဝန်ကြီး၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၉)

## အထွေထွေ

၂၅။ ကော်မတီသည် ကိုယ်ပိုင်အမည်ဖြင့် ဥပဒေနှင့်အညီ ဆက်ခံခွင့် တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆို ခံနိုင်ခွင့် ရှိစေရမည်။

၂၆။ ဤဥပဒေပုဒ်မ ၁၉ အရ အရေးယူသော ပြစ်မှုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၂၇။ ယခင် ယာဉ်လုပ်ငန်းပေါင်းစုံကြီးကြပ်ရေးကော်မတီသည် ဥပဒေအရ ဖွဲ့စည်းထားသည့် ကော်မတီထံ လုပ်ငန်းနှင့် ပိုင်ဆိုင်ခွင့်အရပ်ရပ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တာဝန်ပေးခန့်ထားသော အဖွဲ့အစည်း တစ်ခု၏ကြီးကြပ်မှုဖြင့် လွှဲပြောင်းပေးအပ်စေရမည်။

၂၈။ ဤဥပဒေသည် ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးဥပဒေ၊ ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေ၊ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၉၈ တို့နှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

၂၉။ ကော်မတီက ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက်–

(က) အစိုးရအဖွဲ့သည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ရဲမြင့်
ဝန်ကြီးချုပ်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

# မန္တလေးတိုင်းဒေသကြီး မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဥပဒေ

## ( ၂၀၁၂ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၅။ )

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၁၅ ရက် )

### နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီးအတွင်း မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာသည့်အခါ ဆုံးရှုံးမှုနည်းပါးသည်ထက် နည်းပါးစေရန်အလို့ငှာ ကြိုတင်မျှော်မှန်း၍ ဆောင်ရွက်သင့်သည်များကို ရေတိုရေရှည်စီမံချက်များဖြင့် စီမံ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **မန္တလေးတိုင်းဒေသကြီး မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ မန္တလေးတိုင်းဒေသကြီးတစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် –

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို တာဝန်ယူရသည့် တိုင်းဒေသကြီးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို တာဝန်ယူရသည့် တိုင်းဒေသကြီးဝန်ကြီးကို ဆိုသည်။

(င) **သဘာဝဘေးအန္တရာယ်**ဆိုသည်မှာ ရာသီဥတုဖောက်ပြန်ခြင်း၊ ရေဘေး၊ လေဘေး၊ ပထဝီအနေအထားပြောင်းလဲခြင်း၊ ဇီဝဘေးအန္တရာယ်များ၊ ဓာတု၊ စက်မှု၊ အဏုမြူအန္တရာယ်၊ မီးအန္တရာယ်နှင့် အခြားဘေးအန္တရာယ်တစ်ခုခုကို ဆိုသည်။

(စ) **ကော်မတီ**ဆိုသည်မှာ တိုင်းဒေသကြီး မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကော်မတီကို ဆိုသည်။

(ဆ) **မီးသတ်တပ်ဖွဲ့**ဆိုသည်မှာ မီးသတ်ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသည့် မီးသတ်တပ်ဖွဲ့ကို ဆိုသည်။

(ဇ) **အရန်မီးသတ်တပ်ဖွဲ့**ဆိုသည်မှာ မီးသတ်ဦးစီးဌာနက ဖွဲ့စည်းတည်ထောင်သည့်စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့ကို ဆိုသည်။

(ဈ) **သီးသန့်မီးသတ်တပ်ဖွဲ့**ဆိုသည်မှာ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းဌာနနှင့် မီးဘေးစိုးရိမ်ရသော လုပ်ငန်းများတွင် မီးသတ်ဦးစီးဌာန၏ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်ဖြင့် ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူက ဖွဲ့စည်းတည်ထောင်သည့် မီးသတ်တပ်ဖွဲ့ကိုဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်၊ နိုင်ငံတော်ပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပိုင်ပစ္စည်းများနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပျက်စီးဆုံးရှုံးမှုမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ် တားဆီးရန်၊

(ခ) မီးသတ်တပ်ဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့များနှင့် သီးသန့်မီးသတ်တပ်ဖွဲ့များကို စနစ်တကျဖွဲ့စည်း၍ လေ့ကျင့်သင်ကြားပေးရန်၊

(ဂ) မီးဘေးနှင့် သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ် တစ်မျိုးမျိုး ကျရောက်မည်ကို ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ သီးသန့်မီးသတ်တပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ပြည်သူ အားလုံး ပူးပေါင်းဆောင်ရွက်နိုင်ကြရန်၊

(ဃ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ဆုံးရှုံးမှုနည်းပါးသည်ထက် နည်းပါးစေရေးအတွက် ကြိုတင်မျှော်မှန်း၍ ဆောင်ရွက်သင့်သည်များကို ရေတိုရေရှည်စီမံချက်များဖြင့် စီမံဆောင်ရွက် ထားနိုင်ရန်၊

(င) မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကျရောက်လာလျှင် အရေးပေါ် ကယ်ဆယ်စောင့်ရှောက်ရေး လုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းတို့တွင် ပြည်သူများနိုးကြားစွာ ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရန်၊

(စ) မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများအား ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုကို ရရှိရန်အတွက် ပညာပေး စည်းရုံးလှုံ့ဆော်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်၊

(ဆ) မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ပြည်သူလူထုအား အသိပညာ ပေးခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း၊ လိုအပ်လျှင် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ရန်။

## အခန်း (၃)
## မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီ အဆင့်ဆင့်ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးသည် တိုင်းဒေသကြီးမီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၅။ တိုင်းဒေသကြီးမီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီသည် လုပ်ငန်း ကော်မတီနှင့် သက်ဆိုင်ရာဆပ်ကော်မတီများအား ဝန်ကြီး၏သဘောတူညီချက်ဖြင့် လိုအပ်ချက်အရ ဖွဲ့စည်းနိုင်သည်။

၆။ တိုင်းဒေသကြီး မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီသည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ခရိုင်နှင့်မြို့နယ် မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၇။ မြို့နယ် မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီများကို ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ ကော်မတီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာလုပ်ငန်း အစီအမံများ ချမှတ်ခြင်း၊

(ခ) မီးလောင်မှုဖြစ်ပွားသည့်အခါ ထိရောက်စွာ မီးငြိမ်းသတ်နိုင်ရေးအတွက် လိုအပ်သော အစီအမံများ ချမှတ်ခြင်း၊

(ဂ) မီးဘေးနှင့် သဘာဝဘေးအန္တရာယ်တစ်မျိုးမျိုး ကျရောက်သည့်အခါ ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးအတွက် မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ သီးသန့်မီးသတ်တပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ ပါဝင်ကူညီဆောင်ရွက်ရမည့် အစီအစဉ်များ ချမှတ်ခြင်း၊

(ဃ) မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီအဆင့်ဆင့်တို့၏ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊

(င) လူမှုရေးလုပ်ငန်းများဆောင်ရွက်နေသော အခြားအဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ပူးပေါင်း ဆောင်ရွက်ခြင်း။

## အခန်း (၅)
## မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ

၉။ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးကော်မတီအဆင့်ဆင့်သည် –

(က) ကော်မတီက ချမှတ်ထားသောလုပ်ငန်းစဉ်နှင့်အညီ မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

(ခ) မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူတို့၏ပူးပေါင်း ဆောင်ရွက်မှုကို ရရှိရန် ပညာပေးစည်းရုံးခြင်းပြုရမည်။

(ဂ) မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါတွင် ချမှတ်ထားသည့် လုပ်ငန်းစဉ် များနှင့်အညီ မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့၊ လူမှုရေးအသင်း အဖွဲ့များ ပါဝင်ကူညီဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သလို ကြီးကြပ်ကွပ်ကဲရမည်။

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သူများ လိုက်နာရမည့် မီးဘေးနှင့် သဘာဝဘေး ကြိုတင်ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို အခါအားလျော်စွာ ထုတ်ပြန်ရမည်။

(င) ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ လိုက်နာခြင်းရှိ၊ မရှိ လိုအပ်သလိုစစ်ဆေးခြင်း၊ စစ်ဆေးစေခြင်း ပြုရမည်။

(စ) မီးသတ်ယာဉ်၊ ကွပ်ကဲရေးယာဉ်၊ စက်ကိရိယာပစ္စည်းများ၊ ရေ၊ ဓာတ်ဆီနှင့် ချောဆီ စသည်တို့ကို အဆင်သင့် အသုံးပြုနိုင်ရန် စနစ်တကျ ပြင်ဆင်စုဆောင်းထားရှိရမည်။

(ဆ) ဈေးများတွင် လျှပ်စစ်မီး၊ ထင်း၊ မီးသွေးနှင့် အခြားမီးသုံးစွဲမှုတို့ကို မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သလို စစ်ဆေးကြပ်မတ်ရမည်။

(ဇ) မီးသတ်ဝန်ထမ်းများအတွက် အကာအကွယ်ပစ္စည်းများအား ပြည့်စုံစွာဆောင်ရွက်ပေးရမည်။

၁၀။ ကော်မတီအဆင့်ဆင့်သည် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် –

(က) ရာသီအလိုက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားခြင်း၊ ထိုလုပ်ငန်းများအား စစ်ဆေးကြပ်မတ်ခြင်း၊

(ခ) မီးသတ်ကား၊ ရေကား၊ ရေကန်များ၊ ရေရရှိနိုင်သောနေရာများ လုံလောက်စွာ စီစဉ်ထားရှိခြင်း၊

(ဂ) လူထုအား မီးဘေးအသိပညာပေးခြင်းနှင့် မီးတားလမ်းများ သတ်မှတ်စီစဉ်ထားခြင်း၊

(ဃ) အဆောက်အဦများ ဆောက်လုပ်ရာတွင် မီးဘေးကာကွယ်ရေး သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်စေခြင်း။

၁၁။ ကော်မတီအဆင့်ဆင့်သည် ရေလွှမ်းမိုးမှု ဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် အောက်ပါလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ထားရမည် –

(က) မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ကြိုတင်ထုတ်ပြန်ထားသော သတိပေးချက်များကို ပြည်သူလူထုသို့ အချိန်မီ ထပ်ဆင့်ထုတ်ပြန်ပေးခြင်း၊

(ခ) ရေလွှမ်းမိုးနိုင်မည့်နေရာများရှိ ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရေးအတွက် ကြိုတင်စီစဉ် ဆောင်ရွက်ပေးခြင်း၊

(ဂ) မြစ်ချောင်းများအတွင်းသို့ အမှိုက်များစွန့်ပစ်ခြင်းမပြုရန် ပြည်သူလူထုအား အသိပညာပေးခြင်းနှင့် တားမြစ်ခြင်း၊

(ဃ) ရေစီးကြောင်းပြောင်းလဲစေနိုင်သော မြစ်ချောင်းကမ်းပါးအစပ်များနှင့် ဆည်ရေများလွှတ်သည့် ရေစီးကြောင်းတစ်လျှောက် နေထိုင်ခြင်းမပြုရန် တားမြစ်ခြင်းနှင့် နေထိုင်သူများအား ဖယ်ရှားစေရန် ဆောင်ရွက်ခြင်း၊

(င) ရေလွှမ်းမိုးနိုင်သည့်နေရာဒေသအတွင်း ရေထွက်ပေါက်များ စနစ်တကျ ကြိုတင်ဆောင်ရွက်ပေးခြင်း၊

(စ) မြစ်ချောင်းများ၊ ရေစီးကြောင်းပြောင်းလဲစေခြင်းများ မဖြစ်ပေါ်စေရေးအတွက် မြစ်ချောင်း၊ ကမ်းပါးများ ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊

(ဆ) ရေလွှမ်းမိုးမှုဖြစ်ပေါ်ပါက ဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့ပေးနိုင်ရေးအတွက် ကော်မတီမှ ကြိုတင်ရှာဖွေသတ်မှတ်ပေးထားခြင်းနှင့် ရွှေ့ပြောင်းရေးယာဉ်များ ကြိုတင်စီမံထားရှိခြင်း။

၁၂။ ကော်မတီအဆင့်ဆင့်သည် အောက်ပါလုပ်ငန်းများကို ကြိုတင်လုပ်ဆောင်ရမည် –

(က) မိုးလေဝသသတင်းထုတ်ပြန်ချက်များအား ပြည်သူလူထုသို့ အချိန်မီ ထပ်ဆင့်သတိပေးအမိန့်များ ထုတ်ပြန်ပေးခြင်း၊

( ခ ) မြစ်ချောင်း၊ ကမ်းပါးအစွန်များတွင် နေထိုင်ခြင်းများအား တားမြစ်ခြင်း၊

( ဂ ) အန္တရာယ်ကင်းလွတ်သည့် နေရာများတွင်သာ နေထိုင်စေခြင်း၊

(ဃ) မြေပြို ကမ်းပါးပြိုနိုင်သည့်နေရာများတွင် မြေထိန်းနံရံများနှင့် ရေထိန်းနံရံများအား ဆောက်လုပ်ခြင်း။

၁၃။ ကော်မတီအဆင့်ဆင့်သည် မြေငလျင်ဒဏ်ခံနိုင်မည့် အဆောက်အအုံများ ဆောက်လုပ်စေရန်နှင့် ပြိုကျနိုင်မည့် အဆောက်အဦများအား ပြင်ဆင်စေရန် ညွှန်ကြားရမည်။

၁၄။ ကော်မတီအဆင့်ဆင့်သည် လေမုန်တိုင်းနှင့်ပတ်သက်၍ မိုးလေဝသသတင်း ထုတ်ပြန်ချက်များအား ပြည်သူလူထုသို့ အချိန်မီ ထပ်ဆင့်သတိပေးအမိန့်များ ထုတ်ပြန်ပေးရမည့်အပြင် လိုအပ်ပါက ဘေးလွတ်ရာသို့ ကြိုတင်ရွှေ့ပြောင်းပေးခြင်းများအား ကြီးကြပ်ဆောင်ရွက်ပေးရမည်။

၁၅။ ကော်မတီအဆင့်ဆင့်သည် အခြားသဘာဝဘေးအန္တရာယ်တစ်ခုခု ဖြစ်ပေါ်နိုင်ရန် အကြောင်းရှိသည့် အခါ အဆိုပါဘေးအန္တရာယ်နှင့် ပတ်သက်၍ လျော့နည်းသက်သာစေသည့် အစီအမံများကို ကြိုတင် ဆောင်ရွက်ရမည်။

## အခန်း (၆)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၆။ မည်သူမဆို မီးဘေး သို့မဟုတ် သဘာဝဘေးအန္တရာယ်တစ်ခုခု ဖြစ်ပွားနေသည့် အချိန်ကာလအတွင်း တာဝန်ထမ်းဆောင်နေသည့် ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ ကော်မတီအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင် နေသူ တစ်ဦးဦးကိုဖြစ်စေ၊ တာဝန်ထမ်းဆောင်နေသည့် မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ သီးသန့် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ လူမှုရေးအသင်းဝင်တစ်ဦးဦးကိုဖြစ်စေ နှောင့်ယှက်ဟန့်တားခြင်း မပြုရ။

၁၇။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

၁၈။ မည်သူမဆို သက်ဆိုင်ရာကော်မတီအဆင့်ဆင့်က ထုတ်ပြန်သည့် မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာရမည်။

၁၉။ မည်သူမဆို ပုဒ်မ ၁၆ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်း ခံရမည်။

၂၀။ မည်သူမဆို ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၁။ မည်သူမဆို ပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် သုံးလအထိဖြစ်စေ၊ ကျပ်သုံးသောင်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်းခံရမည်။

## အခန်း (၇)

## အထွေထွေ

၂၂။ ကော်မတီသည် မိမိ၏လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် လိုအပ်မည့်အကူအညီများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်များထံမှ တောင်းယူနိုင်သည်။

၂၃။ ဤဥပဒေအရ အရေးယူသောပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများ အဖြစ် သတ်မှတ်သည်။

၂၄။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ကိစ္စတစ်ရပ်ရပ်အတွက် ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ တရားမကြောင်းဖြင့် သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၂၅။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် –

(က) အစိုးရအဖွဲ့သည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ရဲမြင့်
ဝန်ကြီးချုပ်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

# မန္တလေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ

## ( ၂၀၁၂ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၆။ )

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၁၉ ရက် )

### နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီးအတွင်း ရေချိုငါးလုပ်ငန်း များကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မန္တလေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ မန္တလေးတိုင်းဒေသကြီးတစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ တိုင်းဒေသကြီး အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(င) **ဌာန**ဆိုသည်မှာ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(စ) **တိုင်းဒေသကြီးဦးစီးဌာနမှူး**ဆိုသည်မှာ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးကို ဆိုသည်။

(ဆ) **ဦးစီးဌာနမှူး**ဆိုသည်မှာ ခရိုင် သို့မဟုတ် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးကို ဆိုသည်။

(ဇ) **ငါး**ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း ၊ ဘဝအစိတ်အပိုင်း တစ်ပိုင်းတွင်သော်လည်းကောင်း၊ ရေထဲ၌နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး ယင်းတို့၏ ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကို ဆိုသည်။ ယင်းစကားရပ်တွင် ရေတွင် ပေါက်ပွားသည့် အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်။

(ဈ) **ငါးလုပ်ငန်း**ဆိုသည်မှာ ငါးနှင့် ပတ်သက်သောလုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများလည်း ပါဝင်သည်။

(ည) **ငါးဖမ်းခြင်း**ဆိုသည်မှာ ငါးများအားဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်း စသည်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများလည်း ပါဝင်သည်။

( ၎ ) **ငါးဖမ်းကိရိယာ**ဆိုသည်မှာ ငါးဖမ်းရာတွင်အသုံးပြုသည့် မည်သည့်ပစ္စည်းကိရိယာကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းရာ၌ အထောက်အကူပြုသော ပစ္စည်းကိရိယာများလည်း ပါဝင်သည်။

( ၅ ) **ငါးဖမ်းရေယာဉ်**ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် မည်သည့်ရေယာဉ်ကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးလုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ်များနှင့် ငါးဖမ်းရေယာဉ်ကို အထောက်အကူ ပြုသည့်ယာဉ်များလည်း ပါဝင်သည်။

( ၃ ) **ယာဉ်** ဆိုသည်မှာ စက်ဖြင့်ဖြစ်စေ၊ စက်မဲ့ဖြင့်ဖြစ်စေ၊ မြေပေါ်တွင် ရွေ့လျားသွားလာနိုင်သည့် မည်သည့်ယာဉ်ကိုမဆို ဆိုသည်။

( ဎ ) **အအေးခန်းစက်ရုံ**ဆိုသည်မှာ ငါးများ သန့်ရှင်းလတ်ဆတ်နေစေရန် အေးခဲမှုစနစ်ဖြင့် ပြုပြင် အေးခဲ၊ သိုလှောင်၊ ထိန်းသိမ်းထားသည့် စက်ရုံကို ဆိုသည်။

( ဏ ) **ရေချိုငါးလုပ်ငန်းရေပြင်**ဆိုသည်မှာ တိုင်းဒေသကြီး၏နယ်နိမိတ်အတွင်းတွင်ရှိသည့် အစဉ်အမြဲ ရေတည်ရှိသည်ဖြစ်စေ၊ ယာယီ ရေတည်ရှိသည်ဖြစ်စေ၊ ငါးများ နေထိုင်ကျက်စားခိုအောင်း ပေါက်ပွား ကြီးပြင်းရာရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ဂရန်အင်း၊ သီးသန့်အင်း၊ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသောငါးလုပ်ငန်း ရေပြင်၊ ရေလှောင်တမံ ကြီးများ၊ ရေလွှဲဆည်များ၊ တိုင်းဒေသကြီးအစိုးရ၏နယ်မြေအတွင်းရှိ ရေပြင်များ ပါဝင်သည်။

( တ ) **ဂရန်အင်း**ဆိုသည်မှာ ဌာနက နယ်နိမိတ်၊ ငါးအမျိုးအစား၊ ငါးဖမ်းကိရိယာ၊ အချိန်ကာလနှင့် ငါးဖမ်းနည်းစသည့် သတ်မှတ်ချက်များထားရှိ၍ အငှားဂရန်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသော ရေပြင်ကို ဆိုသည်။

( ထ ) **သီးသန့်အင်း**ဆိုသည်မှာ ဌာနက ငါးမျိုးပြုန်းတီးခြင်းမရှိစေရန်နှင့် ငါးမျိုးပွားများစေရန်အလို့ငှာ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို အခါအားလျော်စွာ ပိတ်ပင်တားမြစ်ထားသည့် ရေပြင် သို့မဟုတ် သတ်မှတ်ချက်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် ရေပြင်ကို ဆိုသည်။

( ဒ ) **လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်**ဆိုသည်မှာ ဌာနက ဂရန်အင်း၊ သီးသန့် အင်းဟုသတ်မှတ်ထားသောနေရာဒေသမှအပ အခြား ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာ လိုင်စင်ဖြင့်ဖြစ်စေ၊ ငါးဖမ်းကွက်သတ်မှတ်ပြီး တင်ဒါလိုင်စင်ချထား၍ဖြစ်စေ၊ အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့်ဖြစ်စေ၊ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကို ဆိုသည်။

( ဓ ) **ရေထွက်ပစ္စည်း**ဆိုသည်မှာ ရေပြင်တစ်ခုခုမှ ရရှိသောငါး၊ သက်ရှိရေသတ္တဝါများ၊ ယင်းတို့၏ စွန့်ပစ်ပစ္စည်းများ၊ အခွံများ၊ အရိုးများ၊ အရေခွံများ၊ ပြုပြင်မွမ်းမံထားသည့် ငါးနှင့် ရေသတ္တဝါများ၊ အပင်များ၊ သက်မဲ့ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ပင်လယ်လိပ်နှင့် ဥများ၊ မိကျောင်းနှင့် ဥများ၊ ကဏန်း၊ ငါးကြီးအန်ဖတ်၊ ကမာခွံ၊ ပင်လယ်ခရုခွံ၊ ယောက်သွား၊ သန္တာကျောက်ခက်၊ ပင်လယ်ရေမြှုပ်၊ ကျောက်ပွင့်၊ ရေညှိ၊ ရေမှော် စသည်များလည်း ပါဝင်သည်။

( န ) **အငှားဂရန်**ဆိုသည်မှာ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဌာနက ထုတ်ပေးသည့် အငှားဂရန်ကို ဆိုသည်။

( ပ ) **လိုင်စင်**ဆိုသည်မှာ ဂရန်အင်းမှအပ တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းရေပြင် တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဌာနက ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။

( ဖ ) **ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိသူ**ဆိုသည်မှာ ဌာနကထုတ်ပေးသည့် အငှားဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင်၊ အအေးခန်းစက်ရုံ တည်ထောင်လုပ်ကိုင်ခွင့်လိုင်စင် သို့မဟုတ် ငါးလုပ်ငန်းနှင့် သက်ဆိုင်သည့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်ရရှိသူကို ဆိုသည်။

( ဗ ) **ပြန်အမ်းငွေ**ဆိုသည်မှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်ကို ဖောက်ဖျက် ခြင်းကြောင့်မဟုတ်ဘဲ နိုင်ငံတော်၏အကျိုးငှာ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ကို ဆိုင်းငံ့ခြင်း သို့မဟုတ်

ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့် သို့မဟုတ် အခြား ခိုင်လုံသော အကြောင်း တစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာမှုရှိလျှင်ဖြစ်စေ၊ အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းခံရသူက ပေးသွင်းထားသည့်အခွန်အခအနက် လုပ်ကိုင်ရန် ကျန်ရှိသော ငါးလုပ်ငန်းရာသီအတွက် ပြန်လည်ရထိုက်သောအခွန်အခကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်၊

(ဂ) ရေချိုငါးလုပ်ငန်းရေပြင်များ ပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ရန်၊

(ဃ) တိုင်းဒေသကြီး ဘဏ္ဍာငွေအတွက် ရသင့်ရထိုက်သော အခွန်အခများရရှိစေရန်၊

(င) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းပြုနိုင်စေရန်။

## အခန်း (၃)

## အငှားဂရန်၊ လိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဈေးပြိုင် စနစ်ဖြင့် လေလံဆွဲဝယ်ရမည်။

၅။ ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ခ ပေးဆောင်ခြင်းဖြင့်ဖြစ်စေ၊ တင်ဒါ လိုင်စင်ချထားခြင်း ဖြစ်ပါက အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်း၍ လိုင်စင်ရယူခြင်းဖြင့်ဖြစ်စေ လုပ်ကိုင် ဆောင်ရွက်ရမည်။

၆။ ရေထွက်ပစ္စည်းရောင်းဝယ်ခြင်း၊ စုဆောင်းခြင်း၊ သယ်ယူခြင်း၊ အအေးခန်းစက်ရုံ တည်ထောင်ခြင်း လုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လိုင်စင်ရယူ၍ လုပ်ကိုင် ဆောင်ရွက် ရမည်။

၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် သတ်မှတ်သည့်နည်းလမ်းများနှင့် ညီညွတ်လျှင် ရေထွက်ပစ္စည်း ရောင်းဝယ်ခြင်း၊ စုဆောင်းခြင်း၊ သယ်ယူခြင်းတို့အတွက် လိုင်စင်ထုတ်ပေးနိုင်သည်။

၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အောက်ပါကိစ္စရပ်များတွင် ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် လိုင်စင် ထုတ်ပေးရမည် —

(က) နှစ်ရှည်အငှားဂရန်လျှောက်ထားခြင်း၊

(ခ) ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားခြင်း၊

(ဂ) အအေးခန်းစက်ရုံ တည်ထောင်ခြင်း။

၉။ ဂရန်အင်းလေလံတင်ရောင်းချသည့်ကိစ္စနှင့် အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် တင်ဒါ လိုင်စင်ချထားသည့် ကိစ္စတို့ကို သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လေလံတင်ရောင်းချခြင်း သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်း ပြုရမည်။

၁၀။　ခရိုင်ဦးစီးဌာနမှူးသည် ဂရန်အင်းလေလံတင်ရောင်းချသည့်ကိစ္စနှင့် တင်ဒါလိုင်စင်ချထားသည့် ကိစ္စတို့တွင် တိုင်းဒေသကြီးဦးစီးဌာနမှူး၏အတည်ပြုချက်ဖြင့် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ထုတ်ပေးရမည်။

၁၁။　မြို့နယ်ဦးစီးဌာနမှူးသည် အငှားဂရန်နှင့်တင်ဒါလိုင်စင်ချထားသည့် ရေပြင်တို့မှအပ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစားတစ်ခုခုဖြင့် ငါးဖမ်းလိုကြောင်း လျှောက်ထားလာလျှင် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးနိုင်သည်။

၁၂။　မြို့နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းတွင် ခန့်ထားအသုံးပြုမည့် လုပ်သားများနှင့်စပ်လျဉ်း၍ ရေလုပ်သားမှတ်ပုံတင်လျှောက်ထားလာလျှင် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ထုတ်ပေးနိုင်သည်။

## အခန်း (၄)
## အခွန်အခပေးဆောင်ခြင်း

၁၃။　ဂရန်အင်းလေလံဆွဲဝယ်ရရှိသူသည် လေလံကြေးဖြစ်သော အင်းခွန်ကိုလည်းကောင်း၊ တင်ဒါလိုင်စင်ချထားခြင်းခံရသူသည် တင်ဒါကြေးနှင့် လိုင်စင်ခတို့ကိုလည်းကောင်း လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေပေးဆောင်ရမည်။ ဘဏ်ဖွင့်ချိန်ကျော်လွန်သွားပါက နောက်တစ်ရက်တွင် အပြေအကျေပေးဆောင်ရမည်။

၁၄။　ဂရန်အင်းမှအပ အခြား ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာလိုင်စင်ရရှိသူသည် ပေးဆောင်ရန်လိုင်စင်ခကို လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေပေးဆောင်ရမည်။ ဘဏ်ဖွင့်ချိန်ကျော်လွန်သွားပါက နောက်တစ်ရက်တွင် အပြေအကျေပေးဆောင်ရမည်။

၁၅။　နှစ်ရှည်အငှားဂရန်ရရှိသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ အင်းခွန်နှင့် အခြားကျသင့်ငွေများကို ပေးဆောင်ရမည်။

၁၆။　အအေးခန်းစက်ရုံ တည်ထောင်ခြင်းလုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ခကို နိုင်ငံသားဖြစ်ပါက ပြည်တွင်းသုံးငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်ပါက ဌာနက သတ်မှတ်သည့် နိုင်ငံခြားငွေဖြင့်လည်းကောင်း သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ပေးဆောင်ရမည်။

၁၇။　ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် –

(က)　နိုင်ငံသားဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် အခြားကျသင့်ငွေများကို ပြည်တွင်းသုံးငွေဖြင့် ပေးဆောင်ရမည်။

(ခ)　နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် အခြားကျသင့်သော အခွန်အခများကို ဌာနကသတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။

၁၈။　ဝန်ကြီးသည် အောက်ပါလုပ်ငန်းများအတွက် အခွန်အခပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့် ပြုနိုင်သည် –

(က)　ဌာန၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်သော ငါးလုပ်ငန်းသုတေသန၊

(ခ)　တိုင်းဒေသကြီးအကျိုးငှာ လိုအပ်သည့်ငါးလုပ်ငန်း။

## အခန်း (၅)

## ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ

၁၉။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် –

(က) ပေးဆောင်ရန်ရှိသော အခွန်အခများကို ဌာနက သတ်မှတ်သည့်အတိုင်း ပေးဆောင်ရမည်။

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းများနှင့် အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဂ) ဌာနက တာဝန်ပေးအပ်ပါက ငါးလုပ်ငန်းဆိုင်ရာသုတေသနလုပ်ငန်းများကို အခမဲ့ဆောင်ရွက်ပေးရမည်။

(ဃ) မိမိလုပ်ငန်းတွင် ဌာန၌မှတ်ပုံတင်ထားသည့် ရေလုပ်သားကိုသာ ခန့်ထားလုပ်ကိုင်စေရမည်။

## အခန်း (၆)

## တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၀။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ငါးလုပ်ငန်းများကို စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(ခ) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် လိုင်စင်နှုန်းထားများကို သတ်မှတ်ပေးခြင်း၊

(ဂ) တင်ဒါငါးဖမ်းကွက် သတ်မှတ်ခြင်း၊ နေရာ ပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ဃ) တားမြစ်သည့် ငါးအမျိုးအစား၊ အရွယ်အစား၊ ငါးဖမ်းကိရိယာ၊ ငါးဖမ်းရာသီ၊ နေရာဒေသနှင့် ငါးဖမ်းနည်းတို့ကို သတ်မှတ်ပေးခြင်း၊

(င) လိုင်စင်သက်တမ်းနှင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ လိုက်နာရမည့် အငှားဂရန်နှင့် လိုင်စင်ပါစည်းကမ်းချက်များကို သတ်မှတ်ပေးခြင်း၊

(စ) လိုင်စင်ခ၊ ငါးစိုခွန်၊ ငါးဖမ်းရေယာဉ်ခွန်၊ မှတ်ပုံတင်ကြေးနှင့် အခြားပေးဆောင်ရန်ရှိသော အခွန်အခများကို သတ်မှတ်ပေးခြင်း၊

(ဆ) ဦးစီးဌာနမှူးများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ဇ) ဝန်ကြီးက တာဝန်လွှဲအပ်သော ငါးလုပ်ငန်းဆိုင်ရာကိစ္စများကို ဆောင်ရွက်ခြင်း။

၂၁။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ဂရန်အင်း၊ သီးသန့်အင်း သို့မဟုတ် လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်း ရေပြင်အမျိုးအစား သတ်မှတ်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) တိုင်းဒေသကြီးအကျိုးငှာ လိုအပ်လျှင်သော်လည်းကောင်း၊ အငှားဂရန် သို့မဟုတ် လိုင်စင်ကို မမှန်ကန်သောနည်းလမ်းဖြင့် ရယူထားကြောင်း၊ တွေ့ရှိလျှင်သော်လည်းကောင်း၊ လုံလောက်သော အကြောင်းရှိလျှင်သော်လည်းကောင်း မည်သည့်အငှားဂရန် သို့မဟုတ် လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဂ) ဌာနက ထုတ်ပေးထားသည့် အငှားဂရန် သို့မဟုတ် လိုင်စင် ပျက်စီး ပျောက်ဆုံးသွားသဖြင့် မိတ္တူရယူလိုကြောင်း လျှောက်ထားသည့်ကိစ္စနှင့် စပ်လျဉ်း၍ လျှောက်ထားသူအား သတ်မှတ်သည့် အခကြေးငွေပေးသွင်းစေပြီး အငှားဂရန် သို့မဟုတ် လိုင်စင်မိတ္တူကို ထုတ်ပေးခြင်း၊

(ဃ) ပြန်လည်ထုတ်ပေးနိုင်ခွင့်ရှိသော ပြန်အမ်းငွေပမာဏကို စိစစ်သတ်မှတ်ပေးခြင်း၊

(င) ရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်းများအား ထုတ်လုပ်ခြင်း၊ သယ်ယူခြင်း၊ ရောင်းချခြင်း တို့ကို ဌာနမှ ပြန်တမ်းဝင်အရာရှိတစ်ဦးဦးအား တာဝန်ပေးစစ်ဆေးစေခြင်း။

## အခန်း (၇)

## စစ်ဆေးခြင်းနှင့်စီမံခန့်ခွဲရေးနည်းလမ်းဖြင့်အရေးယူခြင်း

၂၂။ ဦးစီးဌာနမှူးသည် လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ အောက်ပါအတိုင်း စစ်ဆေးနိုင်သည် –

(က) မိမိတာဝန်ခံရသော ရေချိုငါးလုပ်ငန်းရေပြင် နယ်နိမိတ်အတွင်းရှိ ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများ၊ ဂရန်အင်း၊ သီးသန့်အင်း၊ တင်ဒါချက်အပါအဝင် မည်သည့်ငါးလုပ်ငန်းကိုမဆို စစ်ဆေးခြင်း၊ ရပ်တန့်ခြင်း၊ တက်ရောက်ခြင်း၊ ဝင်ရောက်ခြင်း၊ ရှာဖွေခြင်း၊

(ခ) လုပ်ငန်း၏ အငှားဂရန်၊ လိုင်စင်အပါအဝင် လိုအပ်သည့်စာရွက်စာတမ်းများကို တောင်းယူ စစ်ဆေးခြင်း၊ ကူးယူခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူနှင့် ရေလုပ်သားများအား မေးမြန်းခြင်း၊ စစ်ဆေးခြင်း၊ ညွှန်ကြားခြင်း။

၂၃။ ဦးစီးဌာနမှူးသည် ဖမ်းဆီးရမိသည့် ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာ၊ ယာဉ်၊ ငါးများနှင့် စပ်လျဉ်း၍ အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည် –

(က) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အကျုံးဝင်သော ပိုင်ရှင်မဲ့ ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာ၊ ယာဉ်၊ ငါး တို့ကို သိမ်းဆည်းခြင်း၊

(ခ) ငါးနှင့် အခြားလျင်မြန်စွာပုပ်သိုးပျက်စီးစေနိုင်သည့်ပစ္စည်းများ ဖမ်းဆီးရမိပါက အမြန်ဆုံးထုခွဲရောင်းချပြီး ရောင်းရငွေကို ဌာန၏ရငွေအဖြစ် ဘဏ်တွင်ပေးသွင်းခြင်း။

၂၄။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အောက်ပါစီမံခန့်ခွဲမှုဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် –

(က) အငှားဂရန် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း၊ လိုက်နာရန် ပျက်ကွက်ခြင်း ဖြစ်လျှင် အငှားဂရန် သို့မဟုတ် လိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) သိမ်းဆည်းထားသော ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့် အခြားပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊ အခြားသင့်လျော်သလို စီမံခန့်ခွဲခြင်း၊

(ဂ) သိမ်းဆည်းထားသော ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို ငါးလုပ်ငန်း လုပ်ကိုင်ခွင့် ရရှိသူကိုဖြစ်စေ၊ ပိုင်ရှင်ကိုဖြစ်စေ လုံလောက်သောခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားခြင်း သို့မဟုတ် ပြန်လည် လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဃ) သိမ်းဆည်းထားသော ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို သင့်လျော်သောဒဏ်ကြေးငွေ ပေးဆောင်စေ၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(င) ရောင်းရငွေနှင့်ဒဏ်ကြေးငွေများကို ဌာန၏ရငွေအဖြစ် ဘဏ်တွင်ပေးသွင်းစေခြင်း၊

(စ) အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူက အခြားသူတစ်ဦးတစ်ယောက်အား အငှားဂရန် သို့မဟုတ် လိုင်စင်ကို လွှဲပြောင်းထားကြောင်း စစ်ဆေးတွေ့ရှိရပါက ပြန်လည် ရုပ်သိမ်းခြင်း၊

(ဆ) နှစ်ရှည်အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူ၊ အအေးခန်းစက်ရုံတည်ထောင်ခွင့် လိုင်စင်ရရှိသူက အခြားသူတစ်ဦးတစ်ယောက်အား နှစ်ရှည်အငှားဂရန် သို့မဟုတ် လိုင်စင်၊ အအေးခန်းစက်ရုံ တည်ထောင်ခွင့်လိုင်စင်ကို လွှဲပြောင်းထားကြောင်း စစ်ဆေးတွေ့ရှိရပါက ဝန်ကြီးခွင့်ပြုချက်ဖြင့် ပြန်လည်ရုပ်သိမ်းခြင်း။

## အခန်း (၈)
## အယူခံခြင်း

၂၅။ (က) ဤဥပဒေအရ မြို့နယ်ဦးစီးဌာနမှူးက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခရိုင်ဦးစီးဌာနမှူးထံ သတ်မှတ်ထားသည့်အတိုင်း အယူခံဝင်နိုင်သည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် မြို့နယ်ဦးစီးဌာနမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၆။ (က) ဤဥပဒေအရ ခရိုင်ဦးစီးဌာနမှူးက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း တိုင်းဒေသကြီးဦးစီးဌာနမှူးထံ အယူခံဝင်နိုင်သည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၇။ (က) ဤဥပဒေအရ တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

(ခ) ဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၉)
## ပြန်အမ်းငွေလျှောက်ထားခြင်း

၂၈။ အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်လျှင် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ရရှိသူသည် သတ်မှတ်ထားသည့် လေလံများနှင့်အညီ သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးထံ ပြန်အမ်းငွေ လျှောက်ထားနိုင်သည် –

(က) နိုင်ငံတော်၏အကျိုးငှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊

(ခ) သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာခြင်း။

၂၉။ ပုဒ်မ ၂၈ အရ လျှောက်ထားလာလျှင် သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးသည် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

၃၀။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပုဒ်မ ၂၈ အရ လျှောက်ထားလာသည့်ကိစ္စ မှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိလျှင် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူ ရသင့်သော ပြန်အမ်းငွေပမာဏကိုသတ်မှတ်၍ ဝန်ကြီးထံ တင်ပြရမည်။

၃၁။ ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် သတ်မှတ်သောပြန်အမ်းငွေပမာဏကို ထုတ်ပေးရန် အဆုံးအဖြတ်ပေးရမည်။

၃၂။ ပုဒ်မ ၃၁ အရ အဆုံးအဖြတ်ပြုသည့် ပြန်အမ်းငွေပမာဏကို သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးသည် ဌာန၏ ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူထံ ပြန်လည်ထုတ်ပေးရမည်။

## အခန်း (၁၀)

## တားမြစ်ချက်များ

၃၃။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသည့် အငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ။

၃၄။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် အောက်ပါတို့ကိုမပြုလုပ်ရ –

(က) ပေါက်ကွဲစေတတ်သည့်ပစ္စည်း၊ အဆိပ်အတောက်၊ ဓာတုပစ္စည်းနှင့် ယင်းကဲ့သို့အန္တရာယ်ဖြစ်စေသော ပစ္စည်းဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း၊

(ခ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့်ငါးဖမ်းခြင်း၊

(ဂ) တားမြစ်ထားသော ငါးမျိုး၊ ငါးအရွယ်အစားကိုဖမ်းဆီးခြင်း၊

(ဃ) တားမြစ်ထားသောအချိန်ကာလနှင့် နေရာဒေသအတွင်း ငါးဖမ်းခြင်း။

၃၅။ မည်သူမျှ အင်းလေလံဆွဲဝယ်ပြီးနောက် သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းခံရပြီးနောက် ဌာန၏ ခွင့်ပြုချက်မရရှိဘဲ ပေးဆောင်ရန်ရှိသော အင်းခွန် ၊ တင်ဒါကြေးနှင့် လိုင်စင်ခတို့ကို နေ့ချင်းပြီး ပေးဆောင်ရန် ပျက်ကွက်ခြင်း မရှိစေရ။

၃၆။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ဌာန၏ခွင့်ပြုချက်မရရှိဘဲ ဆည်၊ တမံ၊ ယင်း၊ ကျားပိုက် စသော အပိတ်အဆို့၊ အတားအဆီးတစ်စုံတစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်းမပြုလုပ်ရ။

၃၇။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

၃၈။ မည်သူမျှရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါး၊ အခြားရေနေသတ္တဝါနှင့် သက်ရှိသက်မဲ့ သယံဇာတပစ္စည်းများအား နှောင့်ယှက်ခြင်း၊ ပျက်စီးစေခြင်း သို့မဟုတ် ရေထု ညစ်ညမ်းစေခြင်း မပြုလုပ်ရ။

၃၉။ မည်သူမျှ ဂရန်အင်း သို့မဟုတ် ဂရန်အင်းနယ်နိမိတ်အတွင်း အောက်ပါတို့ကို မပြုလုပ်ရ –

(က) ငါးနေငါးထိုင်တောများ ပျက်စီးစေရန် ခုတ်ထွင်ခြင်း၊ မီးရှို့ခြင်း၊

(ခ) ဂရန်အင်း၏ ရေစီးရေလာပျက်ပြားစေရန်၊ သဘာဝအခြေအနေထိခိုက်စေရန် ပြုလုပ်ခြင်း၊

(ဂ) သီးနှံစိုက်ပျိုးခြင်း၊

(ဃ) လူနေအိမ်များဆောက်လုပ်နေထိုင်ခြင်း။

၄၀။ မည်သူမျှ ဌာန၏ခွင့်ပြုချက်မရရှိဘဲ ဂရန်အင်း၊ သီးသန့်အင်းနှင့် ယင်းတို့နှင့်ဆက်စပ်နေသည့် ချောင်း၊ မြောင်းများတွင်ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်စေ ရေ၏အမျိုးအစား၊ ရေ၏ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်းမပြုလုပ်ရ။

၄၁။ မည်သူမျှ အောက်ပါရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းမပြုရ –

(က) စားသုံးသူကိုအဆိပ်သင့်စေနိုင်သည့်၊ ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်သည့် သို့မဟုတ် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ရေထွက်ပစ္စည်းဆိုင်ရာစားသောက်ကုန်ပစ္စည်း၊

(ခ) ရေထွက်ပစ္စည်း၏ သဘာဝ၊ ဒြပ်ဝတ္ထု သို့မဟုတ် အရည်အသွေးထိခိုက်စေပြီး ဘေးဥပဒ် အန္တရာယ်ဖြစ်စေရန် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အစားထိုးထားသော လူတို့ စားသုံးရန်မသင့်သည့် ဆိုးဆေး၊ ယမ်းစိမ်းအစရှိသည်တို့နှင့် ပြုပြင်ရောစပ်ထားသော သို့မဟုတ် ရေထိုးထားသော ရေထွက်ပစ္စည်းဆိုင်ရာစားသောက်ကုန်ပစ္စည်း။

၄၂။ ဤဥပဒေအရ အပ်နှင်းထားသည့်တာဝန်နှင့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ကျင့်သုံးသော မည်သည့် ပြည်သူ့ဝန်ထမ်းမဆို အောက်ပါတစ်ခုခုကို မပြုလုပ်ရ –

(က) ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူအား အရေးမယူဘဲ ထိန်ချန်ခြင်း၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့်သက်သေခံပစ္စည်းကို ဖျောက်ဖျက်ခြင်း၊ မသမာသောနည်းဖြင့်ပြောင်းလဲခြင်း၊ အစားထိုးခြင်း သို့မဟုတ် အလွဲသုံးစားပြုခြင်း။

## အခန်း (၁၁)

## ပြစ်ဒဏ်များ

၄၃။ မည်သူမဆို ပုဒ်မ ၃၃ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် –

(က) ငါးဖမ်းကိရိယာလိုင်စင်မရရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့်ကိစ္စဖြစ်ပါက တစ်နှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ ကျပ်နှစ်သောင်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

(ခ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့်ကိစ္စဖြစ်ပါကသုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၄၄။ မည်သူမဆို ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၄၅။ မည်သူမဆို ပုဒ်မ ၃၅ ၊ ၃၆ ၊ ၃၇ ၊ ၃၈ ၊ ၃၉ သို့မဟုတ် ၄၀ ပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၄၆။ မည်သူမဆို ပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား နှစ် နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၄၇။ ပုဒ်မ ၄၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့် ပြည်သူ့ဝန်ထမ်းတစ်ဦးဦးအား တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၄၈။ မည်သူမဆို ဤဥပဒေအရပြစ်မှုတစ်ခုခု ကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ် ချမှတ်ခြင်းခံရမည်။

၄၉။ ဤဥပဒေပါ ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်ပါက ပြဋ္ဌာန်းသတ်မှတ်ထားသည့် အများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

## အခန်း (၁၂)

## အထွေထွေ

၅၀။ ဤဥပဒေအရ ဝန်ကြီးသည် တိုင်းဒေသကြီးအကျိုးငှာ လိုအပ်လျှင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် –

(က) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ဖြင့် ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုခြင်း၊

(ခ) မည်သည့် အငှားဂရန် သို့မဟုတ် လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဂ) အခြားသင့်လျော်သည့် အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်း။

၅၁။ (က) ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့ကို တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံး ရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

(ခ) ဤဥပဒေအရ ဌာနက စီမံခန့်ခွဲရေးနည်းလမ်းဖြင့် သိမ်းဆည်းပြီးဖြစ်သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းဖြစ်ပါက တရားစွဲဆိုတင်ပို့သောပြစ်မှုတွင် အစီရင်ခံစာ ပူးတွဲ တင်ပြရမည်။ ထိုသို့တင်ပြသည့်သက်သေခံပစ္စည်းကို သက်ဆိုင်ရာတရားရုံးက ထပ်မံစီမံခန့်ခွဲခြင်း မပြုရ။

၅၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သဘောရိုးဖြင့် လုပ်ငန်းတာဝန်ဆောင်ရွက်သော ပြည်သူ့ဝန်ထမ်း တစ်ဦးဦးကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၅၃။ ပုဒ်မ ၄၇ အရ ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို အရေးယူရန် လိုအပ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရရှိမှသာ တရားစွဲဆိုခြင်းပြုရမည်။

၅၄။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သည့်အမှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်သော ပြစ်မှုများ အဖြစ်သတ်မှတ်သည်။

၅၅။ ဦးစီးဌာနမှူးသည် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အကူအညီကို တောင်းခံရယူနိုင်သည်။

၅၆။ ဤဥပဒေအရ ဌာနကရရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် ဒဏ်ကြေးများကို သက်ဆိုင်ရာ ဦးစီးဌာနမှူးသည် မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရမည်။

၅၇။ ဌာနသည် ဂရန်အင်းနှင့် သီးသန့်အင်းနယ်နိမိတ်ပြ မြေပုံများကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အစိုးရဌာန၊ လုပ်ငန်းများနှင့် ညှိနှိုင်း၍ ပြုစုထားရှိရမည်။

၅၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် –

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီးဦးစီးဌာနမှူးက ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ရဲမြင့်
ဝန်ကြီးချုပ်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

# ၂၀၁၁-၂၀၁၂ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ

## ( ၂၀၁၂ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၇။ )

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၁၉ ရက် )

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၁-၂၀၁၂ ခုနှစ် မန္တလေးတိုင်းဒေသကြီးဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် –

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **တိုင်းဒေသကြီးအစိုးရ**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း တိုင်းဒေသကြီး အတိုင်းအတာအရ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(ဃ) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိကမျှော်မှန်းချက်များကို ဆိုသည်။

(င) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့် အချက်အလက်များကို ဆိုသည်။

(စ) **အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များပြည့်မီရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်း၊ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆိုသည်။

(ဆ) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ်တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့် ခုနှစ်ကို ဆိုသည်။

(ဇ) **ပုံမှန်စျေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ စျေးနှုန်းကို ဆိုသည်။

(ဈ) **နှစ်အလိုက်စျေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ စျေးနှုန်းကို ဆိုသည်။

(ည) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍများကို ဆိုသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် စီးပွားရေးကဏ္ဍ (၁၄) ကဏ္ဍ ဖွဲ့စည်းသတ်မှတ်ထားသည်။

(ဋ) **ကဏ္ဍကြီး** ဆိုသည်မှာ စီးပွားရေးကဏ္ဍ (၁၄) ခုကို လုပ်ငန်းသဘောသဘာဝတူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းလယ်ယာကဏ္ဍကြီးတွင် လယ်ယာ၊ သားငါး၊

သစ်တောကဏ္ဍများ၊ စက်မှုကဏ္ဍကြီးတွင် စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်ရေးကဏ္ဍများ၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ ပါဝင်ဖွဲ့စည်းထားခြင်းကို ဆိုသည်။

## အခန်း (၂)
## ဦးတည်ချက်

၃။ ဤဥပဒေ၏ ဦးတည်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊

(ခ) ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်သည့်အပြင် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ စက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊

(ဂ) ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး အစရှိသည့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုကို တိုးမြှင့်ဆောင်ရွက်ရေး၊

(ဃ) ပြည်သူများ အလုပ်လက်မဲ့နည်းပါးစေရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး။

## အခန်း (၃)
## စီမံကိန်းလျာထားချက်

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ချမှတ်သောမူဝါဒများနှင့်အညီ အောက်ပါအတိုင်း စီမံကိန်းလျာထားချက်များ ထားရှိဆောင်ရွက်သည် –

(က) စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၇. ၃ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်စေရန်နှင့် အခြေခံနှစ်အပေါ် အဆအားဖြင့် ၁. ၁ ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်ရမည်။

(ခ) လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၉. ၈ ရာခိုင်နှုန်းမှ ၂၈. ၆ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၇. ၈ ရာခိုင်နှုန်းမှ ၂၈. ၄ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၂. ၄ ရာခိုင်နှုန်းမှ ၄၃. ၀ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီး ပြောင်းလဲဖြစ်ပေါ်စေရမည်။

(ဂ) လယ်ယာကဏ္ဍကြီး၏တိုးတက်မှုနှုန်းကို ၂. ၈ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၁၀. ၁ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏တိုးတက်မှုနှုန်းကို ၈. ၆ ရာခိုင်နှုန်း အသီးသီး တိုးတက်စေရမည်။

(ဃ) လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် အရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရမည်။

## အခန်း (၄)
## ကဏ္ဍအလိုက်မူဝါဒ၊ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်

၅။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များထုတ်လုပ်ရေး၊

(၂) လေ့ကျင့်ပညာပေးရေး၊

(၃) သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) လယ်ယာကဏ္ဍဆိုင်ရာကိန်းဂဏန်းများ မှန်ကန်ရေး၊ အထူးသဖြင့် မြေကြီးမြေပုံနှင့် သီးနှံစိုက်ဧရိယာများ မှန်ကန်ရေးကို ဆောင်ရွက်ရန်၊

(၂) မျိုးကောင်း၊ မျိုးသန့်စပါးစေ့များ ထုတ်လုပ်သွားရန်၊

(၃) ကြံ၊ ဝါ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံစသည့် သီးနှံများတွင်လည်း အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးသွားရန်၊

(၄) စံပြစက်မှုလယ်ယာကွက်များ ဖော်ထုတ်သွားရန်၊

(၅) ဆည်ရေသောက်ဧကများ အပြည့်အဝ ရေပေးဝေစိုက်ပျိုးနိုင်ရန် တူးမြောင်းများ ခေတ်မီပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်၊

(၆) သီးနှံစိုက်စွမ်းအား တိုးတက်အောင် ဆောင်ရွက်ရန်၊

(၇) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများ ဆောင်ရွက်သွားရန်၊

(၈) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးသွားရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) မြေကြီးမြေပုံနှင့် မြေစာရင်းမှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများထုတ်လုပ်အသုံးပြုနိုင်ရေးနှင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်ဧရိယာများ စာရင်းကောက်ယူရေး လုပ်ငန်းများကို အထူးဦးစားပေး ဆောင်ရွက်သွားမည်။

(၂) စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ခြင်းကို တိုးတက်ဆောင်ရွက်သွားမည်။ တိုင်းဒေသကြီးတွင် ဧက (၁၀၀) စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်သွားနိုင်ရေးအတွက် လုပ်ငန်းရှင်များ၏ အင်အားကို ရယူ၍ ဝန်ကြီးဌာန၏ လေ့ကျင့်မွေးမြူထားသည့် ပညာရှင်များနှင့် ကူညီဆောင်ရွက်သွားမည်။

(၃) ရေမြေဒေသနှင့် ကိုက်ညီသော သီးနှံမျိုးများ၊ ရေငတ်ဒဏ်ခံစပါးမျိုးများ၊ တောင်ပေါ်ယာစပါးများ သုတေသန စမ်းသပ်ဆောင်ရွက်သွားမည်။

(၄) တောင်သူပညာပေးလုပ်ငန်းများ၊ ခေတ်မီ လယ်ယာသုံးစက်ကိရိယာကိုင်တွယ် အသုံးပြုနည်းသင်တန်းများ ဆောင်ရွက်သွားမည်။

(၅) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများ ဆောင်ရွက်သွားမည်။

(၆) သီးနှံစိုက်စွမ်းအား (၁၈၄. ၄၁) ရာခိုင်နှုန်းရရှိအောင် ဆောင်ရွက်သွားမည်။

(၇) စပါးမျိုးသန့်အဆင့်ဆင့်ထုတ်လုပ်သွားမည့် အစီအစဉ်အရ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် (RS) မျိုးသန့်အဖြစ် စိုက်ဧက (၁၈. ၅) ဧက စမ်းသပ်စိုက်ပျိုးပြီး မျိုးစေ့ (၁၀၈၀) တင်း ထုတ်လုပ်သွားမည်။

(၈) တိုင်းဒေသကြီးအတွင်း ဒေသဝမ်းစာဖူလုံစေရန် ရည်ရွယ်၍ အထွက်နှုန်းကောင်းသော ပုလဲသွယ် အထူးအထွက်တိုးစပါးမျိုးကို မြို့နယ် (၁၅) မြို့နယ်တွင် ဧက (၁၅၀) စိုက်ပျိုးသွားမည်။

(၉) တိုင်းဒေသကြီးတွင် ဧရာဝတီမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ဇော်ဂျီမြစ်၊ ပန်းလောင်မြစ်နှင့် အခြားသော ဆည်၊ ကန်၊ မြစ်ချောင်းများ၏ ရေအရင်းအမြစ်ကို အသုံးပြု၍ လျှပ်စစ်မြစ်ရေတင် (၃၆) ခု၊ ဒီဇယ်မြစ်ရေတင် (၄၆) ခု၊ မြစ်ရေတင်လုပ်ငန်းပေါင်း (၈၂) ခုဖြင့် အကျိုးပြု လျာထား ဧက (၁၇၂၉၆၁) ဧကကို ပြည့်မီအောင် မြစ်ရေတင်လုပ်ငန်း ဆောင်ရွက်သွားမည်။

(၁၀) ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ဆည်တော်ကြီး၊ ဇော်ဂျီ၊ သစ်တက်ကုန်း၊ ကင်းတား (လက်ဝဲ၊ လက်ယာ၊ ပန်းလောင်) ကင်းတားလက်ဝဲမြောင်းမကြီး၊ စမုံရေထိန်းတမံ စသည်တို့၏ ရေသောက်စနစ် ပြန်လည် ပြုပြင်ခြင်းလုပ်ငန်းများနှင့် ကျောက်တလုံး ငါန်းဇွန် ဧရာဝတီ ကမ်းပတ်တာ (အာဒီ-၁၀၆၀၀ မှ ၁၈၆၀၀ ထိ) တာဖို့ခြင်းလုပ်ငန်းကို အိန္ဒိယချေးငွေဖြင့် ဆောင်ရွက်သွားမည်။

၆။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့်စပ်လျဉ်း၍ –

(က) မူဝါဒမှာ ငါးနှစ်စီမံကိန်း ဦးတည်ချက်များအရ သတ်မှတ်ထားသည့် စီမံကိန်းပထမနှစ် (၂၀၁၁-၂၀၁၂) ခုနှစ် လျာထားချက်များကို ပြည့်မီအောင် ဆောင်ရွက်ရေးဖြစ်သည်။

(ခ) ရည်မှန်းချက်မှာ ၂၀၁၁-၂၀၁၂ တွင် အသားထုတ်လုပ်မှုကို အခြေခံနှစ်၏ (၈. ၃)ရာခိုင်နှုန်း၊ ဥထုတ်လုပ်မှုကို အခြေခံနှစ်၏ (၇. ၈) ရာခိုင်နှုန်း၊ ငါးပုစွန်ထုတ်လုပ်မှုကို အခြေခံနှစ်၏ (၁. ၁) ရာခိုင်နှုန်း တိုးတက်စေရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) အသားကဏ္ဍတိုးတက်စေရေးအတွက် မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များ မွေးမြူနိုင်ရန် ပြည်တွင်းပြည်ပအရင်းအနှီးနှင့် နည်းပညာများ ရယူဆောင်ရွက်ခြင်းနှင့် မွေးမြူရေးချေးငွေ ရရှိနိုင်ရေး ကူညီဆောင်ရွက်သွားမည်။

(၂) တိရစ္ဆာန်ကူးစက်ရောဂါများကို ကာကွယ်ထိန်းချုပ်နိုင်ရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် သွားမည်။

(၃) ဌာနပိုင်အကျိုးအမြတ်မရနိုင်သည့် မွေးမြူရေးခြံများအား လုပ်ငန်းလျှော့ချ၍ အကျိုးအမြတ် သေချာသည့် မွေးမြူရေးလုပ်ငန်းများတွင် တိုးချဲ့ဆောင်ရွက်သွားမည်။

(၄) ပျားရည်နှင့်ပျားထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်ရေးနှင့် ပျားရည်တိုးတက်ထုတ်လုပ်ရေး ဆောင်ရွက်သွားမည်။

(၅) ငါးမျိုးများ ချန်လှပ်၍ ဖမ်းဆီးရေးကိုအခြေခံသော မွေးမြူရေးစနစ်ဖြင့် ငါးမွေးမြူသွားမည် ဖြစ်ပြီး ငါးထုတ်လုပ်မှု တိုးတက်စေရေးအတွက် မြစ်ချောင်းရေပြင်များအတွင်း ငါးမျိုး စိုက်ထည့်မှုလုပ်ငန်းအား တိုးချဲ့ဆောင်ရွက်မည်။

(၆) ငါးပုစွန်တိုးတက်ထုတ်လုပ်နိုင်ရေး ပုဂ္ဂလိကလုပ်ငန်းရှင်များအား ကူညီပံ့ပိုး၍ တွန်းအားပေး ဆောင်ရွက်သွားမည်။

(၇) ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်ပိုင်တစ်နိုင်ဟင်းစားမှ စီးပွားဖြစ်မွေးမြူရေး အစု အဖွဲ့များအဖြစ်သို့ တိုးချဲ့ဖွဲ့စည်းခြင်း၊ ပေါင်းစည်းလယ်ယာများကို တိုးတက်ဆောင်ရွက် ခြင်းဖြင့် ကျေးလက်နေပြည်သူများအတွက် မိသားစုအပိုဝင်ငွေရရှိစေရေး ဆောင်ရွက် သွားမည်။

၇။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ –

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) ရေ၊ မြေသဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝ တောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများတည်ထောင်ခြင်းဖြင့် ရာသီဥတု မျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး၊ ကျေးလက်နေပြည်သူတို့၏ အခြေခံ သစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးနှင့် သစ်တောများအုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်းပါဝင်ဆောင်ရွက် လာစေရေး၊

(၂) သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေး၊

(၃) သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံစက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်း ပေါ်ပေါက်လာစေရေး၊

(၄) သစ်တောကဏ္ဍ စွမ်းဆောင်ရည် တိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်သွားမည်ဖြစ်သည်။

(၂) ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ၊ သဘာဝနယ်မြေများ တိုးချဲ့ဖွဲ့စည်း သတ်မှတ်သွားမည်ဖြစ်သည်။

(၃) ဒေသအတွင်းရှိ သဘာဝတောခြုံများကို ပြုစုထိန်းသိမ်းသွားမည်ဖြစ်သည်။

(၄) ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်နှင့်ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့စေရေးအတွက် ရေဝေရေလဲစိုက်ခင်းများ တည်ထောင်သွားမည်ဖြစ်သည်။

(၅) ဒေသစိမ်းလန်းစိုပြည်ရေးအတွက် သစ်တောစိုက်ခင်းများ တည်ထောင်ထိန်းသိမ်းသွားမည်ဖြစ်သည်။

(၆) ဒေသအတွင်းရှိ တောင်စဉ်တောင်တန်းများ စိမ်းလန်းစိုပြည်လာစေရေးအတွက် စီမံချက်ဖြင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

(၇) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေး စိုက်ခင်းများတည်ထောင်သွားမည်ဖြစ်သည်။

(၈) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ထင်းအစား အခြားလောင်စာသုံးစွဲရေးကို ဦးတည်လျက် စွမ်းအားမြင့်မီးဖိုများ၊ လောင်စာတောင့်များနှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲလာရေးကို စည်းရုံးဆောင်ရွက်သွားမည်ဖြစ်သည်။

(၉) ဒေသတွင် မြေဆီလွှာတိုက်စားခြင်း၊ မြေအဆင့်အတန်းနိမ့်ကျခြင်းမှ ကာကွယ်နိုင်ရေးအတွက် နန်းတားဆည်ငယ်များ တည်ဆောက်သွားရန်နှင့် ကျေးလက်ပြည်သူ သောက်သုံးရေဖူလုံစေရေးအတွက် ရေကန်ငယ်များ တူးဖော်သွားမည်ဖြစ်သည်။

(၁၀) ကျေးလက်ပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်သွားမည်ဖြစ်သည်။

(၁၁) နှစ်စဉ်လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များစိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များ ဖြန့်ဝေပေးမည်ဖြစ်သည်။

(၁၂) သစ်တောထိန်းသိမ်းမှုလုပ်ငန်းများတွင် ပြည်သူအများ ပူးပေါင်း ပါဝင်လာစေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

(၁၃) ကျွန်းနှင့် သစ်မာများကို နှစ်စဉ်တောထွက်အပေါ်အခြေခံ၍ စိစစ်ထုတ်လုပ်သွားမည်ဖြစ်သည်။

(၁၄) သစ်မဟုတ်သည့် အခြားသစ်တောထွက်ပစ္စည်းများကို စီမံကိန်းလျာထားချက်ဘောင်အတွင်းမှ ထုတ်ယူသုံးစွဲစေမည်ဖြစ်သည်။

(၁၅) ခေတ်မီစက်ယန္တရားဖြင့် သစ်ထုတ်ရေးအင်အားတိုးမြှင့်သွားရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သည့် ဆင်ဖြင့် သစ်ထုတ်နည်းစနစ်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

(၁၆) သစ်ထုတ်လမ်းများဖောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးနည်းစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

(၁၇) သစ်မထုတ်မီနှင့် သစ်ထုတ်ပြီးကာလ သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှုအား လေ့လာဆန်းစစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှု သက်သာစေသော သစ်ထုတ်နည်း များကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်သည်။

(၁၈) ရောင်းတန်းဝင်သစ်မျိုးနှင့်အတူ လူသုံးနည်းသစ်မျိုးများကို တွဲဖက်ထုတ်လုပ်သွားမည် ဖြစ်သည်။

(၁၉) သစ်တစ်ပင်လုံး အသုံးချနိုင်ရေးနှင့် သစ်မျိုးစုံအသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်သည်။

(၂၀) နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်းတွင် သစ်အခြေခံစက်မှုလုပ်ငန်း ဟန်ချက်ညီညီဖွံ့ဖြိုး တိုးတက်လာစေရန်ဖြစ်သည်။

(၂၁) သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်သော သစ်လုံး ကုန်ကြမ်းရရှိစေရေး စီမံဆောင်ရွက်သွားမည်ဖြစ်သည်။

(၂၂) ဖက်စပ်၊ ပုဂ္ဂလိက သစ်အခြေခံစက်ရုံများအတွက် လိုအပ်သော သစ်လုံး၊ ခွဲသားကုန်ကြမ်းများ ရောင်းချပေးသွားမည်ဖြစ်သည်။

(၂၃) သစ်အခြေခံစက်မှုလုပ်ငန်း ထွက်ကုန်အမည်သစ်များ ထုတ်လုပ်မည့်စက်ရုံ၊ အလုပ်ရုံသစ်များ ပေါ်ထွန်းလာသည်နှင့်အမျှ ပြည်တွင်းအလုပ်သမားများအတွက် ခေတ်မီနည်းပညာသစ်များ ရရှိလာစေရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

(၂၄) လူသုံးနည်းသစ်များကို နည်းပညာသစ်များ အသုံးပြု၍ အဆင့်မီ ကုန်ချောများ ထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

(၂၅) သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံမှန်လုပ်ငန်းခွင်သင်တန်းများအပြင် ဘာသာရပ် ဆိုင်ရာသင်တန်းများကို လိုအပ်ချက်များနှင့်အညီ ဖွင့်လှစ်ပို့ချသွားရန်၊ ပြည်တွင်း/ ပြည်ပ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ ဝန်ထမ်းများအား စေလွှတ် သွားမည်ဖြစ်သည်။

၈။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် စွမ်းအင်ကဏ္ဍနှင့်စပ်လျဉ်း၍ –

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) စွမ်းအင်အရင်းအမြစ်များဖြစ်သည့် ရေနံစိမ်း တိုးချဲ့ရှာဖွေထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်ရေး၊

(၂) စွမ်းအင်ဆိုင်ရာကိစ္စရပ်များကို ဒေသတွင်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်မှာ ရေနံစိမ်းထုတ်လုပ်မှုကို ၂၀၁၀-၂၀၁၁ ခုနှစ်ထက် ၁၇. ၇ ရာခိုင်နှုန်း လျော့နည်း ထုတ်လုပ်မည်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေနံတိုးချဲ့ရှာဖွေထုတ်လုပ်ရေးကို ပုဂ္ဂလိကလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်မည်။

(၂) ရေနံတွင်းသစ်များ တိုးချဲ့ရှာဖွေသည့်နည်းတူ ရေနံတွင်းဟောင်းများကို ထုတ်လုပ်မှု လျော့နည်းခြင်း အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်မည်။

(၃) ရေနံထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်မည်။

၉။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဓာတ်သတ္တုများအား ခေတ်မီနည်းပညာများဖြင့် အဆင့်မြင့်တင်၍ လေလွင့်ဆုံးရှုံးမှု အနည်းဆုံးနှင့် အရည်အသွေးပြည့်မီစွာထုတ်လုပ်နိုင်ရေးသို့ ရှေးရှုဆောင်ရွက်ရေး၊

(၂) ပုဂ္ဂလိကပိုင်ကဏ္ဍ မြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရေး အားပေးဆောင်ရွက်ရေး၊

(၃) ကျယ်ပြန့်ထွန်းကားလာသည့် ဈေးကွက်စီးပွားရေးနှင့်အညီ ဓာတ်သတ္တုထုတ်လုပ်မှုနှင့် ကျောက်မျက်ရတနာဈေးကွက်များ ပြည်တွင်း၌ အခြေခိုင်မာ ပေါ်ပေါက်ပြီး ထိုက်သင့်သည့် ဈေးနှုန်းများရရှိရေး ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) ဓာတ်သတ္တုသယံဇာတပစ္စည်းများသုံးစွဲရာတွင် ပြည်ပမှတင်သွင်းရသည့် ဓာတ်သတ္တုများကို ပိုမိုထုတ်လုပ်အစားထိုးနိုင်ရေး၊

(၅) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် ရေမြေသဘာဝနှင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်း ပျက်စီးမှု မရှိစေရေး အလေးထားဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နှစ်စဉ်စီမံကိန်းရည်မှန်းချက်များအောင်မြင်ရေးအတွက် မြေပေါ်မြေအောက် သယံဇာတ ဓာတ်သတ္တုများ တိုးတက်ရှာဖွေထုတ်လုပ်ပြီး အမျိုးသားဝင်ငွေတိုးတက်စေရေးအတွက် အထောက်အကူပြု ဆောင်ရွက်ရမည်။

(၂) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ ဓာတ်သတ္တုကဏ္ဍနှင့် ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင် အခန်း ကဏ္ဍသို့ မြင့်တင်ကူးပြောင်း၍ အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်ရမည်။

(၃) ပုဂ္ဂလိကပိုင် ဓာတ်သတ္တုမျိုးစုံထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးစေရန် ဓာတ်သတ္တု ထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များအသုံးပြုနိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့်နည်းပညာများ ပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံးခေတ်မီပစ္စည်းများ ပံ့ပိုးကူညီခြင်းစသည့်လုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်ရမည်။

(၄) နိုင်ငံတော်အတွင်း၌ ကျောက်မျက်ရတနာဈေးကွက် ဖြစ်ထွန်းပေါ်ပေါက်၍ ရေရှည်တည်တံ့ ခိုင်မြဲစေရန် ထိန်းသိမ်းပြီး နိုင်ငံတော်အတွက် နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းသုံးငွေများ တိုးတက်ရှာဖွေပေးနိုင်ရေးနည်းလမ်းများ ရှာဖွေဆောင်ရွက်ရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သတ္တုကဏ္ဍနှင့် နိုင်ငံတော်၏စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ ကူးပြောင်း၍ အကျိုးတူ ပူးပေါင်းဆောင်ရွက်မည်။

(၂) ဈေးကွက်စီးပွားရေးစနစ်အရ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်မည်။

(၃) မြေပေါ်မြေအောက်သယံဇာတများကို ပိုမိုတိုးတက်ထုတ်လုပ်ပြီး အမျိုးသားဝင်ငွေ တိုးတက်စေရန် စီမံဆောင်ရွက်မည်။

(၄) အကျိုးတူလုပ်ကိုင်သော သတ္တုတွင်း၊ စက်ရုံ၊ အလုပ်ရုံများအား သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြီးကြပ်စီမံကွပ်ကဲဆောင်ရွက်မည်။

(၅) ခွင့်ပြုမိန့် ချမှတ်ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေးဆောင်ရွက်မည်။

(၆) နိုင်ငံတော်အတွက် နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းသုံးကျပ်ငွေများ တိုးတက်ရရှိစေရန် ကျောက်မျက်ရတနာပြပွဲ ကျင်းပရောင်းချနိုင်ရေး ဆောင်ရွက်မည်။

၁၀။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) စက်မှုကဏ္ဍများတွင် ပိုမိုတိုးတက်လာရေးအတွက် စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲသွားရေး တွန်းအားပေးဆောင်ရွက်ရေး၊

(၂) လယ်ယာစိုက်ပျိုးရေးကိုအခြေခံသော စက်မှုနိုင်ငံအဖြစ် ကူးပြောင်းရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး၊

(၃) စက်မှုလက်မှုကုန်စည်များကို ပြည်တွင်းတွင် ပိုမိုသုံးစွဲလာရေးနှင့် ပြည်ပသို့ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့နိုင်ရေးအတွက် အရည်အသွေးမြင့်မားသည့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေး၊

(၄) စက်မှုလက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အတတ်ပညာ၊ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်ရေး၊

(၅) စက်မှုလုပ်ငန်းနယ်ပယ်တွင် ထုတ်လုပ်နည်းစနစ်နှင့် အတွေ့အကြုံများကို သုတေသနလုပ်ငန်းများနှင့် ပေါင်းစပ်မှုမှ အဆင့်မြင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာအဆင့်မြင့်လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ဖြစ်ထွန်းရေး၊

(၆) ပြည်သူလူထု၏ စီးပွားရေးနှင့်လူမှုရေးဘဝ တိုးတက်မြင့်မားရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ရေး။

( ခ ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ပိုမိုမြှင့်တင်ရမည်။

(၂) စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ၂၀၁၀-၂၀၁၁ ခုနှစ်ထက် (၁၆. ၃) ရာခိုင်နှုန်း တိုးတက်ရန် ဆောင်ရွက်ရမည်။

( ဂ ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) စက်မှုကဏ္ဍနှင့်စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အလို့ငှာ နိုင်ငံပိုင်စက်မှုလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းခြင်းနည်းလမ်း၊ ပုဂ္ဂလိကကဏ္ဍသို့ စနစ်တကျ လွှဲပြောင်းပေးခြင်းနည်းလမ်းများကို ကျင့်သုံး၍ နိုင်ငံပိုင်ကဏ္ဍကို ဖြည်းဖြည်းခြင်း လျှော့ချသွားပြီး ဈေးကွက်လိုအပ်သည့် ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်သွားမည်။

(၂) လေလွင့်ဆုံးရှုံးမှုနည်းပါးရေးအတွက် စနစ်တကျစီမံခန့်ခွဲသွားမည်။

(၃) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စက်မှုနည်းပညာနှင့် စီမံခန့်ခွဲမှုအတတ်ပညာများ စီးဝင်လာစေရေး တိုးမြှင့်ဆောင်ရွက်သွားမည်။

(၄) စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိက စက်မှု လုပ်ငန်းရှင်များ အဆက်အစပ်မိမိဖြင့် အပြန်အလှန်ညှိနှိုင်းဆောင်ရွက်မည်။

(၅) လယ်ယာအထောက်အကူပြု စက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်မည်။

(၆) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှုလုပ်ငန်းများအဖြစ် ကြပ်မတ် စစ်ဆေးသွားမည်။

၁၁။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) တိုးတက်ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်ဓာတ်အားကို တိုင်းဒေသကြီးအတွင်း လက်ခံပို့လွှတ် ပေးမည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ရေး၊

(၂) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး ဓာတ်အားပေး စက်များ တပ်ဆင်သုံးစွဲလာစေရေး နည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာ အကူအညီများ ပံ့ပိုး ပေးရေး၊

(၃) ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသောအရပ်ဒေသများတွင် အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ် ဓာတ်အား လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဓာတ်အားပေးစက်များ၏ ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်ရေး၊

(၄) ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ် ပို့လွှတ် ဖြန့်ဖြူးသုံးစွဲနေသော လျှပ်စစ် ဓာတ်အား၏ အရည်အသွေးကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော ဗို့အားနှင့် ကြိမ်နှုန်းပြည့် တည်ငြိမ်စွာရှိစေပြီး ဓာတ်အား ပြတ်တောက်မှု၊ ဓာတ်အား ပျောက်ဆုံးမှု အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရေး။

(ခ) ရည်မှန်းချက်မှာ စီမံကိန်းကာလအတွင်း ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေး စက်ရုံများတိုးချဲ့၍ အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) တိုင်းဒေသကြီးတွင် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ၂၃၀ ကေဗွီ မြောက်ပြင် ဓာတ်အား ခွဲရုံ (၁)ရုံ တည်ဆောက်နေပြီး စက်မှုဇုန် (၂) နှင့် ကျောက်ဆည် တောင်တော်တွင် ပင်မ ဓာတ်အားခွဲရုံသစ် (၂) ရုံကို အင်အား တိုးချဲ့တည်ဆောက်သွားမည် ဖြစ်သည်။

(၂) လျှပ်စစ်ဓာတ်အားသုံးစွဲမည့် အများပြည်သူများ ဓာတ်အားအပြည့်အဝရရှိစေရေးအတွက် မန္တလေးခရိုင်တွင် ၃၃/၁၁ ကေဗွီထပ်ဆင့်ခွဲရုံ (၂) ရုံ တည်ဆောက်လျက်ရှိပြီး စဉ့်ကူး၊ လက်ပံလှ၊ ကူမဲ၊ စဉ့်ကိုင်မြို့များတွင် ၃၃ ကေဗွီခွဲရုံအသစ်များ တည်ဆောက်သွားမည် ဖြစ်သည်။

၁၂။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ –

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) ဆက်သွယ်သွားလာမှု လျင်မြန်စေရန်အတွက် လမ်းများ အသစ်ဖောက်လုပ်ရေး၊

(၂) နိုင်ငံတော်မှချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် တိုင်းဒေသကြီးတစ်ဝန်း မြို့ပြဖွံ့ဖြိုးရေးမူဝါဒများနှင့် မြို့ပြမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေး၊

(၃) တိုင်းဒေသကြီးတစ်ဝန်းလုံးရှိ ပြည်သူများ၏အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး အရေးသုံးပါးတွင် နေရေးအတွက် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများနှင့် မြို့ပြများ စနစ်တကျ ဖွံ့ဖြိုးလာရေးအတွက် အဓိကထား ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) တိုင်းဒေသကြီးတစ်ဝန်းလုံးရှိ ပြည်သူများ၏ နေထိုင်မှုအခွင့်အလမ်းများ အစဉ် တိုးတက်မြင့်မားလာရေးနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးမှုရရှိရေးအတွက် မြို့ပြများ စနစ်တကျ ဖွံ့ဖြိုးပြီး ပြည်သူများ၏ စီးပွားရေးတိုးတက်ကောင်းမွန်ရန်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် စက်မှုဇုန်များ စီမံကိန်းရေးဆွဲ တည်ဆောက်ခြင်း၊ အထူးစီးပွားရေးဇုန်များ ဖော်ထုတ်ရန် စီမံကိန်းများရေးဆွဲခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်မည်။

(၂) မြို့ပြနှင့်ကျေးလက်ဒေသများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်အတန်း မြင့်မားလာစေရေး ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) မန္တလေးမြို့၏ဖွံ့ဖြိုးတိုးတက်မှုအလားအလာများ၊ နိုင်ငံတော်မှချမှတ်ထားသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲမွဲတေမှုလျှော့နည်းပပျောက်ရေးတို့အတွက် အထောက်အပံ့ကောင်းဖြစ်နိုင်ခြေတို့ကို ဆန်းစစ်ခြင်းများအား နည်းပညာ အကူအညီ ရယူဆောင်ရွက်မည်။

(၂) တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေး၊ အိမ်ရာဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်သည့် အကူအညီများကို ပြည်ထောင်စုအစိုးရထံမှ ဆက်လက် ရယူ ဆောင်ရွက်မည်။

၁၃။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ –

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) လေကြောင်းလိုင်းများ၊ လေဆိပ်များအား နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ သဘာဝဘေးအန္တရာယ်များ ကာကွယ်ပေးနိုင်ရန် ဆောင်ရွက်ရေး၊

(၂) အခြားစီးပွားရေးကဏ္ဍများ၏ တိုးချဲ့ထုတ်လုပ်မှုနှင့် လူမှုရေးလိုအပ်ချက်အပေါ် အခြေခံ၍ ပို့ဆောင်ရေးစွမ်းရည်ကို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ရေးယာဉ်များ အစားထိုးရန်၊ အင်အားတိုးချဲ့ရန်၊ အခြေခံအဆောက်အဦများကိုလည်း လိုက်လျောညီထွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြှင့်ခြင်း၊ တိုးချဲ့ခြင်း၊ အသစ် တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရေး၊

(၃) ပို့ဆောင်ရေးကဏ္ဍတွင် ခေတ်နှင့်အညီ နည်းပညာတိုးတက်လျက်ရှိရာ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို တိုးချဲ့ဆောင်ရွက်ရေး၊

(၄) ရထားပို့ဆောင်မှုစနစ်တွင် ပို့ဆောင်ရေးစွမ်းရည်မြင့်တက်လာရေး ဆောင်ရွက်ရေး၊

(၅) ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်၍ စနစ်တကျကြီးကြပ်ကွပ်ကဲရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) ရေကြောင်း၊ လေကြောင်းဖြင့် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်မှုပမာဏအား ပိုမိုရရှိအောင် ဆောင်ရွက်မည်။

(၂) ရေကြောင်းသွားလာမှု တိုးတက်လာစေရေးအတွက် ရေလမ်းကောင်းမွန်ရေး၊ ရေတိုက်စားကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်မည်။

(၃) နိုင်ငံတော်အတွက် နှစ်စဉ်အသားတင်ဘဏ္ဍာငွေများ တိုးတက်ရှာဖွေရေး ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) ရေကြောင်းကဏ္ဍတွင် မှတ်ပုံတင်မဲ့ရေယာဉ်များ၊ လိုင်စင်သက်တမ်းလွန် ရေယာဉ်များကို ဖော်ထုတ်စစ်ဆေးအရေးယူပြီး ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သက်ဆိုင်ရာ အခွန်အခ၊ ဒဏ်ကြေးများ အပြည့်အဝကောက်ခံပြီး နိုင်ငံဝင်ငွေတိုးတက်အောင် ဆောင်ရွက်သွားမည်။

(၂) ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းနှင့် မြို့ရွာများ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ စီမံကိန်းဝင် မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေလမ်းထိန်းသိမ်းပေးခြင်းလုပ်ငန်းများ၊ မြစ်ရေတင်စက်များ ရေရရှိရေးလုပ်ငန်း၊ ရေလျှံမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေးအတွက် မြစ်ကွေ့ ဖြောင့်ခြင်းလုပ်ငန်းများ၊ သောင်တူးရေယာဉ်နှင့် အထောက်အကူပြုရေယာဉ်သစ်များ ဖြည့်တင်းရေးနှင့် လက်ရှိသုံးစွဲနေသည့် ရေယာဉ်နှင့် ယန္တရားများ ကြံ့ခိုင်စေရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်။

(၃) လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လေကြောင်းထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်။

၁၄။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ –

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(၁) ကာလတို (၅) နှစ် (၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆) စီမံကိန်း၏ပထမနှစ်တွင် နိုင်ငံတော်၏ ပြောင်းလဲလာသော စီးပွားရေးဆိုင်ရာမူဝါဒများနှင့်အညီ ဆက်သွယ်ရေးကဏ္ဍတွင်လည်း ပြုပြင်ပြောင်းလဲမှုများ စတင်ဆောင်ရွက်ရေး၊

(၂) ဆက်သွယ်ရေးကဏ္ဍ တည်ဆောက်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ပုဂ္ဂလိက ပါဝင်ရင်းနှီးမြှုပ်နှံမှုကို စတင်ခွင့်ပြုသွားရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(၁) ဆက်သွယ်ရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်၏ ၁. ၁ ဆ တိုးတက်ဖြစ်ပေါ်ရန်နှင့် တိုးတက်မှုနှုန်းအနေဖြင့် ၅. ၆ ရာခိုင်နှုန်း ဖြစ်ပေါ်စေရန် ဆောင်ရွက်သွားမည်။

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်း တိုးချဲ့တပ်ဆင်သွားမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(၁) တယ်လီဖုန်းကဏ္ဍတွင် အော်တိုတယ်လီဖုန်း (၄၄၈၀) လုံးနှင့် မိုဘိုင်းတယ်လီဖုန်း (၂၉၁၀၃) လုံး စုစုပေါင်းလုံးရေ (၃၃၅၈၃) လုံး တပ်ဆင်ပေးရန် လျာထားသည်။

(၂) E-Government စနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်း၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်မည်။

(၃) ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်တွင် ဂျီအက်စ်အမ် တယ်လီဖုန်းစနစ် ဆက်သွယ်မှုမပြတ်ရရှိရေး ဆောင်ရွက်မည်။

၁၅။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရေးဖြစ်သည်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ငွေရေးကြေးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရာတွင် တိုးတက်ပြောင်းလဲလာသော ငွေရေးကြေးရေးကဏ္ဍအား စည်းစနစ်တကျ ကြီးကြပ်ကွပ်ကဲဆောင်ရွက်မည်။

(၂) နိုင်ငံတကာရှိဘဏ်လုပ်ငန်းများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) အီလက်ထရောနစ် ဘဏ်လုပ်ငန်းအကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်။

(၂) ပြည်တွင်း၊ ပြည်ပငွေပေးချေမှုများ၊ စာရင်းရှင်းလင်းမှုများ အဆင်ပြေစေရေး နည်းလမ်းရှာဖွေဆောင်ရွက်မည်။

(၃) ငွေကြေးစီးဆင်းမှု လွယ်ကူချောမွေ့အဆင်ပြေစေရေး ကြိုးပမ်းဆောင်ရွက်မည်။

(၄) လုံခြုံရေးသတင်းကွန်ရက် တိုးချဲ့ဆောင်ရွက်မည်။

(၅) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အသေးစားငွေရေးကြေးရေး ဥပဒေ ထုတ်ပြန်ထားပြီးဖြစ်၍ အဆိုပါဥပဒေနှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်မည်။

(၆) အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများ စနစ်တကျ ဖွဲ့စည်းပေါ်ပေါက်ရေးနှင့် ထိုအဖွဲ့အစည်းများအား စနစ်တကျကြီးကြပ်ကွပ်ကဲရန် တိုင်းဒေသကြီးနယ်မြေတွင် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို စနစ်တကျ ဖွဲ့စည်းကာ ကြပ်မတ်ဆောင်ရွက်မည်။

၁၆။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေး၊

(ခ) ပညာရေးအဆင့်အတန်း မြင့်မားလာစေရေး၊

(ဂ) ကျန်းမာရေးစနစ် အားဖြည့်ဆောင်ရွက်ခြင်းကို အထူးအလေးပေး ဆောင်ရွက်ရေး၊

(ဃ) ကျန်းမာခြင်းအပေါ် အကျိုးသက်ရောက်မှုရှိသော လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်တို့နှင့် ဆက်စပ်လျက်ရှိသောအခြေအနေများ တိုးတက် ကောင်းမွန်ဖြစ်ပေါ်စေရေး၊

(င) အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး၊

(စ) လုပ်အားနှင့်အညီ လုပ်ခအပြည့်အဝ မှန်ကန်စွာရရှိရေး၊

(ဆ) နိုင်ငံတော်၏အကျိုး၊ နိုင်ငံသားတို့၏အကျိုးကို ကာကွယ်စောင့်ရှောက်ရေး၊

(ဇ) အထက်ဖော်ပြပါမူဝါဒများကို အကောင်အထည်ဖော်ရာတွင် ဌာနများက မိမိတို့၏ သက်ဆိုင်ရာ ဝန်ကြီးဌာနရည်မှန်းချက်များနှင့် ဆီလျော်သည်များကို ဆောင်ရွက်သွားရမည်။

၁၇။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒမှာ အပြန်အလှန် ကူးလူးဆက်နွယ်မှုများတိုးမြှင့်ရေး၊ ဒေသတွင်းရှိ အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပိုမိုပူးပေါင်းပါဝင်ရေးတို့ကို ခရီးသွားလုပ်ငန်းဖြင့် အထောက်အကူ ပြုစေရေးဖြစ်သည်။

၁၈။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒမှာ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ရေး ဖြစ်သည်။

## **အခန်း (၅)**

## **အထွေထွေ**

၁၉။ ၂၀၁၁-၂၀၁၂ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းကို ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

၂၀။ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးဝန်ကြီးဌာနများသည် ဤဥပဒေပါပြဋ္ဌာန်းချက်များ အရ ယင်းတို့နှင့်သက်ဆိုင်သည့် ကဏ္ဍစီမံကိန်းများနှင့် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းများကို အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ အစီအမံများ ချမှတ်ကျင့်သုံးဆောင်ရွက်ရန် ဖြစ်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ရဲမြင့်
ဝန်ကြီးချုပ်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

# ၂၀၁၂-၂၀၁၃ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ
## ( ၂၀၁၂ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၈။ )

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၁၉ ရက် )

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၂-၂၀၁၃ ခုနှစ် မန္တလေးတိုင်းဒေသကြီးဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **တိုင်းဒေသကြီးအစိုးရ**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း တိုင်းဒေသကြီး အတိုင်းအတာအရ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(ဃ) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိကမျှော်မှန်းချက်များကို ဆိုသည်။

(င) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းထားသည့် အချက်အလက်များကို ဆိုသည်။

(စ) **အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များ ပြည့်မီရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆိုသည်။

(ဆ) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ် တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့်ခုနှစ်ကို ဆိုသည်။

(ဇ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(ဈ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(ည) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍများကို ဆိုသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် စီးပွားရေးကဏ္ဍ (၁၄) ကဏ္ဍ ဖွဲ့စည်းသတ်မှတ်ထားသည်။

(ဋ) **ကဏ္ဍကြီး**ဆိုသည်မှာ စီးပွားရေးကဏ္ဍ (၁၄) ကဏ္ဍကို လုပ်ငန်း သဘောသဘာဝ တူညီမှုအပေါ် အုပ်စုဖွဲ့၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းတွင် လယ်ယာကဏ္ဍကြီး (လယ်ယာ၊ သားငါး၊ သစ်တော

ကဏ္ဍများ)၊ စက်မှုကဏ္ဍကြီး (စွမ်းအင်သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ)၊ ဝန်ဆောင်မှုကဏ္ဍကြီး (ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ) ဟူ၍ ခွဲခြားထားခြင်းကို ဆိုသည်။

## အခန်း (၂)
## ဦးတည်ချက်

၃။ ဤဥပဒေ၏ ဦးတည်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိအောင် ဆောင်ရွက်ပေးပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည့် အရင်းအနှီးကုန်ကြမ်းများကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ရေး၊

(ခ) အလုပ်အကိုင် အခွင့်အလမ်းများနှင့် နည်းပညာ ကျွမ်းကျင်မှုရရှိရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊

(ဂ) လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ရေး။

## အခန်း (၃)
## စီမံကိန်းလျာထားချက်

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ချမှတ်သောမူဝါဒများနှင့်အညီ အောက်ပါအတိုင်း စီမံကိန်းလျာထားချက်များ ထားရှိဆောင်ရွက်မည် –

(က) စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၆.၇ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ်အပေါ် အဆအားဖြင့် ၁.၁ ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်ရမည်။

(ခ) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၈.၆ ရာခိုင်နှုန်းမှ ၂၇.၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၈.၄ ရာခိုင်နှုန်းမှ ၂၉.၄ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၃.၀ ရာခိုင်နှုန်းမှ ၄၃.၆ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးပြောင်းလဲဖြစ်ပေါ်စေရမည်။

(ဂ) လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၀.၉ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၁၀.၃ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၈.၂ ရာခိုင်နှုန်း အသီးသီး တိုးတက်စေရမည်။

(ဃ) ကုန်သွယ်မှုကဏ္ဍ တိုးတက်မှုနှုန်းကို ၅.၀ ရာခိုင်နှုန်း တိုးတက်စေရမည်။

## အခန်း (၄)
## ကဏ္ဍအလိုက် မူဝါဒရည်မှန်းချက်နှင့်လုပ်ငန်းစဉ်

၅။ ၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) သီးနှံ မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ ထုတ်လုပ်ရန်၊

(၂) လေ့ကျင့်ပညာပေးရန်၊

(၃) သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) လယ်ယာကဏ္ဍဆိုင်ရာ ကိန်းဂဏန်းများ မှန်ကန်ရေးကို တိုင်းဒေသကြီးတွင် တိုးချဲ့ဆောင်ရွက်ရန်၊

(၂) မျိုးကောင်း၊ မျိုးသန့်စပါးမျိုးစေ့များ ဆက်လက်ထုတ်လုပ်သွားရန်၊

(၃) ကျန်အဓိက စိုက်ပျိုးသီးနှံများတွင်လည်း အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးသွားရန်၊

(၄) စံပြစက်မှုလယ်ယာကွက်များကို ဆက်လက်တိုးချဲ့ဖော်ထုတ်သွားရန်၊

(၅) ဆည်ရေသောက်ဧကများ အပြည့်အဝ ရေပေးဝေစိုက်ပျိုးနိုင်ရန် တူးမြောင်းများ၊ ခေတ်မီပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၆) သီးနှံစိုက်စွမ်းအား တိုးတက်အောင်ဆောင်ရွက်ရန်၊

(၇) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ လေ့ကျင့်သင်ကြားခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်၊

(၈) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးသွားရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) မြေကြီး၊ မြေပုံနှင့် မြေစာရင်းမှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများ ထုတ်လုပ် အသုံးပြုနိုင်ရေးနှင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လုပ်ကွက် ဧရိယာများ စာရင်းကောက်ယူရေးလုပ်ငန်းများကို အထူးဦးစားပေး ဆောင်ရွက်သွားမည်။

(၂) စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ခြင်းကို တိုးတက် ဆောင်ရွက်သွားမည်။ တိုင်းဒေသကြီးတွင် ဧက (၁၀၀) စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်သွားနိုင်ရေးအတွက် လုပ်ငန်းရှင်များ၏ အင်အားကို ရယူ၍ ဝန်ကြီးဌာန၏ လေ့ကျင့်မွေးမြူထားသည့် ပညာရှင်များနှင့် ကူညီဆောင်ရွက်သွားမည်။

(၃) လျှပ်စစ်မြစ်ရေတင်လုပ်ငန်းအနေဖြင့် မန္တလေးတိုင်းဒေသကြီးတွင် (၁၅၀၀၀) ဧက ရေပေးဝေနိုင်ရန် ဆောင်ရွက်သွားမည်။

(၄) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်။

(၅) စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးသွားမည်။

(၆) စပါးမျိုးသန့် အဆင့်ဆင့်ထုတ်လုပ်သွားမည့် အစီအစဉ်အရ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် (CS) မျိုးသန့်စိုက်ဧက (၂၁၆၁) ဧက စမ်းသပ်စိုက်ပျိုးပြီး မျိုးစေ့ (၁၀၈၀၇၆) တင်း ထုတ်လုပ်သွားမည်။

(၇) ၂၀၁၂-၂၀၁၃ ခုနှစ်တွင် အထူးအထွက်တိုးမျိုးများ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် မျိုးပွားထုတ်လုပ်ခြင်းနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်။

(၈) တောင်သူများထံ အထူးအထွက်တိုး စပါးမျိုးစေ့များ ဈေးနှုန်းချိုသာစွာ ရောင်းချနိုင်ရေးအတွက် အထူးမျိုးစေ့ထုတ်လုပ်ငန်းကို ၂၀၁၂-၂၀၁၃ ခုနှစ် မိုးစပါးရာသီတွင် ပုသိမ်ကြီးမြို့နယ်တွင် ဧက (၁၀၀) စိုက်ပျိုးဆောင်ရွက်မည်ဖြစ်သည်။

(၉) ကျောက်တလုံး၊ ငါန်းဇွန် ဧရာဝတီ ကမ်းပတ် တာဘောင်ဖို့ခြင်းမှ ကျန်ရှိကမ်းပတ်တာ (အာဒီ ၁၈၆၀၀ မှ ၂၄၀၀၀ ထိ) ကို ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ဆက်လက်ဆောင်ရွက်သွားမည်။

၆။ ၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့်စပ်လျဉ်း၍ –

(က) မူဝါဒမှာ ငါးနှစ်စီမံကိန်းဦးတည်ချက်များအရ သတ်မှတ်ထားသည့် စီမံကိန်းဒုတိယနှစ် (၂၀၁၂-၂၀၁၃) ခုနှစ် လျာထားချက်များကို ပြည့်မီအောင်ဆောင်ရွက်ရေးဖြစ်သည်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) ပျားရည်ထုတ်လုပ်မှုကို (၁၅. ၄) ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်အောင် ဆောင်ရွက်မည်။

(၂) ငါး၊ ပုစွန်ထုတ်လုပ်မှုကို ကာလတိုငါးနှစ်စီမံကိန်း၏ ပထမနှစ်ထက် (၁. ၁) ရာခိုင်နှုန်း တိုးတက်ရရှိရန် ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) စီးပွားဖြစ်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းကြီးများ ထူထောင်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ အရင်းအနှီးနှင့် နည်းပညာများ ရယူခြင်း၊ မွေးမြူရေးချေးငွေ ရရှိနိုင်ရေးတို့အတွက် ကူညီဆောင်ရွက်သွားမည်ဖြစ်သည်။

(၂) ဈေးကွက်ပိုမိုရရှိရေး၊ သွင်းကုန်အစားထိုးနိုင်ရေးအတွက် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၏ ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်ရေးအတွက် အရည်အသွေးပြည့်မီရေး ဖြည့်ဆည်းဆောင်ရွက်သွားမည်။

(၃) မွေးမြူရေးဆိုင်ရာ အခြေခံကိန်းဂဏန်းအချက်အလက်များ မှန်ကန်ပြည့်စုံစွာရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ မွေးမြူထုတ်လုပ်မှု တိုးတက်မှုရှိစေရေးအတွက် ထိရောက်စွာ ကြိုးကြပ်ဆောင်ရွက်သွားမည်။

(၄) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ဈေးကွက်တွင် ဈေးကွက်ဝေစု ပိုမိုရရှိရေးအတွက် ထိုးဖောက်ဆောင်ရွက်သွားမည်။

(၅) ပျားရည်နှင့် ပျားထွက်ပစ္စည်းများကို နိုင်ငံတကာစံချိန်၊ စံညွှန်းနှင့်အညီ ထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက် ပိုမိုတိုးချဲ့ဆောင်ရွက်သွားမည်။

(၆) ဝင်ငွေတိုးတက်ရရှိရေးအတွက် ပြည်ပသို့ ငါး၊ ပုစွန် တိုးချဲ့တင်ပို့နိုင်ရေး ပုဂ္ဂလိကလုပ်ငန်းရှင်များအား ကူညီပံ့ပိုး၍ တွန်းအားပေးဆောင်ရွက်သွားမည်။

(၇) သဘာဝရေပြင်ရှိ ငါးလုပ်ငန်းဆိုင်ရာ သယံဇာတများ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်သွားမည်။

(၈) ရေချိုပုစွန်မွေးမြူထုတ်လုပ်ရေးတိုးတက်စေရန် (ငါး၊ ပုစွန် ရောနှောမွေးမြူရေးစနစ်) သို့ တိုးချဲ့မွေးမြူဆောင်ရွက်သွားမည်။

(၉) စိုက်ပျိုးချိန်စောင့်ဆိုင်းနေဆဲကာလတွင် ကျေးလက်နေပြည်သူများ အပိုဝင်ငွေရရှိရန် ပေါင်းစည်းလယ်ယာစနစ်များ ပေါ်ထွက်လာစေရေး တွန်းအားပေးဆောင်ရွက်သွားမည်။

၇။ ၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ –

(က) မူဝါဒမှာ ရေ၊ မြေ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံ မျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများတည်ထောင်ခြင်းဖြင့် ရာသီဥတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး၊ ကျေးလက်နေပြည်သူတို့၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး၊ သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး၊ သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံစက်မှုလုပ်ငန်းများ

တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊ သစ်တောကဏ္ဍစွမ်းဆောင်ရည် တိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်သည်။

(ခ) ရည်မှန်းချက်မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်သွားရန်ဖြစ်သည်။

(၂) ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ၊ သဘာဝနယ်မြေများ တိုးချဲ့ဖွဲ့စည်းသတ်မှတ်သွားရန်ဖြစ်သည်။

(၃) ဒေသအတွင်းရှိ သဘာဝတောကျန်များကို ပြုစုထိန်းသိမ်းသွားရန်ဖြစ်သည်။

(၄) ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်နှင့် ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့စေရေးအတွက် ရေဝေရေလဲစိုက်ခင်းများ တည်ထောင်သွားရန်ဖြစ်သည်။

(၅) ဒေသစိမ်းလန်းစိုပြည်ရေးအတွက် သစ်တောစိုက်ခင်းများ တည်ထောင်ထိန်းသိမ်းသွားရန်ဖြစ်သည်။

(၆) ဒေသအတွင်းရှိ တောင်စဉ်တောင်တန်းများ စိမ်းလန်းစိုပြည်လာစေရေးအတွက် စီမံချက်ဖြင့် ဆောင်ရွက်သွားရန်ဖြစ်သည်။

(၇) သဘာဝတောမှ သစ်ထုတ်လုပ်မှု အားဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေးစိုက်ခင်းများ တည်ထောင်သွားရန်ဖြစ်သည်။

(၈) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ထင်းအစား အခြားလောင်စာသုံးစွဲရေးကို ဦးတည်လျက် စွမ်းအားမြင့်မီးဖိုများ၊ လောင်စာတောင့်များနှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲလာရေးကို စည်းရုံးဆောင်ရွက်သွားရန်ဖြစ်သည်။

(၉) ဒေသတွင် မြေဆီလွှာတိုက်စားခြင်း၊ မြေအဆင့်အတန်းနိမ့်ကျခြင်းမှ ကာကွယ်နိုင်ရေးအတွက် နုန်းတားဆည်ငယ်များ တည်ဆောက်သွားရန်နှင့် ကျေးလက်ပြည်သူ သောက်သုံးရေဖူလုံစေရေးအတွက် ရေကန်ငယ်များ တူးဖော်သွားရန်ဖြစ်သည်။

(၁၀) ကျေးလက်ပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်သွားရန်ဖြစ်သည်။

(၁၁) နှစ်စဉ် လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များစိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များ ဖြန့်ဝေပေးရန်ဖြစ်သည်။ ပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရန်ဖြစ်သည်။

(၁၂) ကျွန်းနှင့်သစ်မာများကို နှစ်စဉ် တောထွက်အပေါ်အခြေခံ၍ စိစစ်ထုတ်လုပ်သွားရန်ဖြစ်သည်။

(၁၃) သစ်မဟုတ်သည့် အခြားသစ်တောထွက်ပစ္စည်းများကို စီမံကိန်းလျာထားချက်ဘောင်အတွင်းမှ ထုတ်ယူသုံးစွဲရန်ဖြစ်သည်။

(၁၄) ခေတ်မီစက်ယန္တရားဖြင့် သစ်ထုတ်လုပ်ရေးအင်အားတိုးမြှင့်သွားရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သည့် ဆင်ဖြင့် သစ်ထုတ်နည်းစနစ်ကို ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်သည်။

(၁၅) သစ်ထုတ်လမ်းများဖောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးနည်းစနစ်များ ကောင်းမွန်အောင်ဆောင်ရွက်သွားရန်ဖြစ်သည်။

(၁၆) သစ်မထုတ်မီနှင့် သစ်ထုတ်ပြီးကာလ သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှုအား လေ့လာဆန်းစစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှု သက်သာစေသော သစ်ထုတ်နည်းလမ်းများကို လိုက်နာဆောင်ရွက်သွားရန်ဖြစ်သည်။

(၁၇) ရောင်းတန်းဝင်သစ်မျိုးနှင့်အတူ လူသုံးနည်းသစ်မျိုးများကို တွဲဖက်ထုတ်လုပ်သွားရန်ဖြစ်သည်။

(၁၈) သစ်တစ်ပင်လုံး အသုံးချနိုင်ရေးနှင့် သစ်မျိုးစုံအသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်ဖြစ်သည်။

(၁၉) နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်းတွင် သစ်အခြေခံစက်မှုလုပ်ငန်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်ဖြစ်သည်။

(၂၀) သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်သော သစ်လုံးကုန်ကြမ်းရရှိရေး စီမံဆောင်ရွက်သွားရန်ဖြစ်သည်။

(၂၁) ဖက်စပ်၊ ပုဂ္ဂလိက သစ်အခြေခံစက်ရုံများအတွက် လိုအပ်သော သစ်လုံး၊ ခွဲသားကုန်ကြမ်းများ ရောင်းချပေးသွားရန်ဖြစ်သည်။

(၂၂) သစ်အခြေခံစက်မှုလုပ်ငန်း ထွက်ကုန်အမည်သစ်များထုတ်လုပ်မည့် စက်ရုံ၊ အလုပ်ရုံသစ်များ ပေါ်ထွန်းလာသည်နှင့်အမျှ ပြည်တွင်းအလုပ်သမားများအတွက် ခေတ်မီနည်းပညာသစ်များ ရရှိလာစေရန်ဖြစ်သည်။

(၂၃) လူသုံးနည်းသစ်များကို နည်းပညာသစ်များအသုံးပြု၍ အဆင့်မီကုန်ချောများ ထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်ဖြစ်သည်။

(၂၄) သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံမှန်လုပ်ငန်းခွင် သင်တန်းများအပြင် ဘာသာရပ်ဆိုင်ရာ သင်တန်းများကို လိုအပ်ချက်များနှင့်အညီ ဖွင့်လှစ်ပို့ချသွားရန်၊ ပြည်တွင်း/ပြည်ပ သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ ဝန်ထမ်းများအား စေလွှတ်သွားရန်ဖြစ်သည်။

(၂၅) စီးပွားရေးစိုက်ခင်း ၅၀၀ ဧက (ကျွန်း ၄၀၀ဧက၊ ပျဉ်းကတိုး ၁၀၀ဧက) တည်ထောင်စိုက်ပျိုးသွားရန်ဖြစ်သည်။

(၂၆) ကျေးရွာသုံးစိုက်ခင်း (၁၀၀၀) ဧက၊ ရေဝေရေလဲစိုက်ခင်း (၃၀၀) ဧက၊ တောတန်း စိုက်ခင်း (၁၅၀) ဧက၊ အခြားစိုက်ခင်း (၂၅၀) ဧက စုစုပေါင်း (၁၇၀၀) ဧကကိုလည်း တည်ထောင်စိုက်ပျိုးသွားရန်ဖြစ်သည်။

၈။ ၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် စွမ်းအင်ကဏ္ဍနှင့်စပ်လျဉ်း၍ –

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) စွမ်းအင်အရင်းအမြစ်များဖြစ်သည့် ရေနံစိမ်းတိုးချဲ့ရှာဖွေထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရေး၊

(၂) စွမ်းအင်ဆိုင်ရာကိစ္စရပ်များကို ဒေသတွင်းသက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်မှာ ရေနံစိမ်းထုတ်လုပ်မှုကို ၂၀၁၁-၂၀၁၂ ခုနှစ်ထက် (၄၇.၅) ရာခိုင်နှုန်း လျော့နည်းထုတ်လုပ်ရန် ရည်မှန်းထားပါသည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(၁) ရေနံတိုးချဲ့ရှာဖွေထုတ်လုပ်ရေးကို ပုဂ္ဂလိကလုပ်ငန်းများအား ဖိတ်ခေါ်ပြီး တိုးချဲ့ရှာဖွေထုတ်လုပ်သွားမည်။

(၂) ရေနံတွင်းသစ်များ တိုးချဲ့ရှာဖွေသည့်နည်းတူ ရေနံတွင်းဟောင်းများကို ထုတ်လုပ်မှု လျော့နည်းခြင်း အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်သွားမည်။

(၃) ရေနံထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်မည်။

၉။ ၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍနှင့် စပ်လျဉ်း၍ –

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဓာတ်သတ္တုများအား ခေတ်မီနည်းပညာများဖြင့် အဆင့်မြှင့်တင်၍ လေလွင့်ဆုံးရှုံးမှု အနည်းဆုံးနှင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးသို့ ရှေးရှုဆောင်ရွက်ရေး၊

(၂) ပုဂ္ဂလိကပိုင် ကဏ္ဍမြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တုထုတ်လုပ်သူများ ထွန်းကားပြန့်ပွားလာရေး အားပေးဆောင်ရွက်ရေး၊

(၃) ကျယ်ပြန့်ထွန်းကားလာသည့် စျေးကွက်စီးပွားရေးနှင့်အညီ ဓာတ်သတ္တုထုတ်လုပ်မှုနှင့် ကျောက်မျက်ရတနာစျေးကွက်များ ပြည်တွင်း၌ အခြေအခိုင်အမာပေါ်ပေါက်ပြီး ထိုက်သင့်သည့် စျေးနှုန်းများရရှိရေး ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) ဓာတ်သတ္တုသယံဇာတပစ္စည်းများသုံးစွဲရာတွင် ပြည်ပမှ တင်သွင်းရသည့် ဓာတ်သတ္တုများကို ပိုမိုထုတ်လုပ်အစားထိုးရေး၊

(၅) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် ရေမြေသဘာဝနှင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းပျက်စီးမှု မရှိစေရေး အလေးထားဆောင်ရွက်ရေး။

( ခ ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် မြေပေါ်မြေအောက်သယံဇာတ ဓာတ်သတ္တုများ တိုးတက်ရှာဖွေထုတ်လုပ်ပြီး နိုင်ငံတော်၏ အမျိုးသားဝင်ငွေတိုးတက်စေရေး အထောက်အကူပြု ဆောင်ရွက်ရမည်။

(၂) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ ဓာတ်သတ္တုကဏ္ဍနှင့် ရေရှည်စီးပွားရေးဖွံ့ဖြိုး တိုးတက်စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ မြှင့်တင်ကူးပြောင်း၍ အကျိုးရှိစွာပူးပေါင်းဆောင်ရွက်ရမည်။

(၃) ပုဂ္ဂလိကပိုင် ဓာတ်သတ္တုမျိုးစုံ ထုတ်လုပ်ရေးကဏ္ဍဖွံ့ဖြိုးစေရန် ဓာတ်သတ္တုထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့်နည်းပညာများ ပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံးခေတ်မီပစ္စည်းများ ပံ့ပိုးကူညီခြင်း စသည့် လုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်ရမည်။

(၄) နိုင်ငံတော်အတွင်း၌ ကျောက်မျက်ရတနာစျေးကွက် ဖြစ်ထွန်းပေါ်ပေါက်၍ ရေရှည်တည်တံ့ ခိုင်မြဲစေရန်ထိန်းသိမ်းပြီး နိုင်ငံတော်အတွက် နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းသုံးငွေများ တိုးတက်ရှာဖွေပေးနိုင်ရေးနည်းလမ်းများ ရှာဖွေဆောင်ရွက်ရမည်။

(၅) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှုမရှိစေရန် ဟန်ချက်ညီ အလေးထားဆောင်ရွက်ရမည်။

( ဂ ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) သတ္တုကဏ္ဍနှင့် နိုင်ငံတော်၏ စီးပွားရေး ရေရှည် ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ ကူးပြောင်း၍ အကျိုးတူပူးပေါင်း ဆောင်ရွက်ရမည်။

(၂) ဈေးကွက်စီးပွားရေးစနစ်အရ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရမည်။

(၃) မြေပေါ်မြေအောက် သယံဇာတများကို ပိုမိုတိုးတက်ထုတ်လုပ်ပြီး အမျိုးသားဝင်ငွေတိုးတက်စေရန် စီမံဆောင်ရွက်ရမည်။

(၄) အကျိုးတူလုပ်ကိုင်သော သတ္တုတွင်း၊ စက်ရုံ၊ အလုပ်ရုံများအား သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြီးကြပ်စီမံကွပ်ကဲဆောင်ရွက်ရမည်။

(၅) ခွင့်ပြုမိန့်ချမှတ်ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေးဆောင်ရွက်ရမည်။

(၆) နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းသုံးကျပ်ငွေများ တိုးတက်ရရှိစေရန် ကျောက်မျက်ရတနာပြပွဲကို ကျင်းပရောင်းချနိုင်ရေး ဆောင်ရွက်ရမည်။

၁၀။ ၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍနှင့်စပ်လျဉ်း၍ –

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) နိုင်ငံတော်၏ စက်မှုကဏ္ဍများ ပိုမိုတိုးတက်လာရေး ဆောင်ရွက်ရန်နှင့် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲသွားရန် တွန်းအားပေးဆောင်ရွက်သွားရေး၊

(၂) စက်မှုလက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အတတ်ပညာ၊ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်ရေး၊

(၃) ပို့ကုန်မြှင့်တင်သည့် ကုန်ထုတ်လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သည့်နည်းတူ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရေး၊

(၄) ပုဂ္ဂလိကစက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စေရေးအတွက် ပံ့ပိုးဆောင်ရွက်ရေး၊

(၅) စက်မှုလုပ်ငန်းနယ်ပယ်တွင် ထုတ်လုပ်မှုနည်းစဉ်နှင့် အတွေ့အကြုံများကို သုတေသနလုပ်ငန်းများနှင့် ပေါင်းစပ်မှုမှ အဆင့်မြင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာ အဆင့်မြင့်လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ဖြစ်ထွန်းရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ပိုမိုမြှင့်တင်ရမည်။

(၂) ဒေသတွင်းသယံဇာတများ အခြေခံအသုံးပြုသည့် ကုန်ပစ္စည်းအမည်သစ်များ ထုတ်လုပ်နိုင်ရေးကို ဦးစားပေးဆောင်ရွက်ရမည်။

(၃) အကြီးစားစက်မှုလုပ်ငန်းနယ်ပယ်တွင် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ထူထောင်နိုင်ရန် ဆောင်ရွက်ရမည်။

(၄) စီမံကိန်းဆိုင်ရာနှင့် ထုတ်လုပ်မှုဆိုင်ရာများ ဆောင်ရွက်နိုင်ရန် လိုအပ်သော အသိပညာရှင်၊ အတတ်ပညာရှင်များ စုဆောင်းရရှိရေး ဆောင်ရွက်ရမည်။

(၅) စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ၂၀၁၁-၂၀၁၂ ခုနှစ်ထက် (၁၁.၈) ရာခိုင်နှုန်းတိုးတက်ရန် ဆောင်ရွက်ရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) ဒေသတွင်းရှိ သယံဇာတအရင်းအမြစ်များအပေါ် အခြေခံသည့် စက်မှုလုပ်ငန်းများ ထူထောင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

(၂) စက်မှုထုတ်ကုန်ပစ္စည်း အရည်အသွေးတိုးတက်လာရေးအတွက် စံချိန်စံညွှန်းပြည့်မီလာအောင် နည်းလမ်းများ ချမှတ်ရမည်။

(၃) စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကစက်မှု လုပ်ငန်းရှင်များ အဆက်အစပ်မိမိဖြင့် အပြန်အလှန်ညှိနှိုင်းဆောင်ရွက်ရမည်။

(၄) ပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်အစားထိုးရေးဆိုင်ရာ စက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်ရမည်။

(၅) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှုလုပ်ငန်းများအဖြစ် ကြပ်မတ်စစ်ဆေး သွားရမည်။

၁၁။ ၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့်စပ်လျဉ်း၍ –

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) တိုးတက်ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်ဓာတ်အားကို တိုင်းဒေသကြီးအတွင်း လက်ခံပို့လွှတ် ပေးမည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်သွားရေး၊

(၂) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးဓာတ်အားပေး စက်များ တပ်ဆင်သုံးစွဲလာစေရေး၊ နည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာအကူအညီများ ပံ့ပိုးပေးရေး၊

(၃) ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ် ဓာတ်အားလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဓာတ်အားပေးစက်များ၏ ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားရေး၊

(၄) ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ပို့လွှတ် ဖြန့်ဖြူးသုံးစွဲနေသော လျှပ်စစ် ဓာတ်အား၏ အရည်အသွေးကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော ဗို့အားနှင့် ကြိမ်နှုန်းပြည့် တည်ငြိမ်စွာရှိစေပြီး ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှု အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရေး။

( ခ ) ရည်မှန်းချက်မှာ စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်နိုင်ရေးအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများတိုးချဲ့၍ အကောင်အထည်ဖော် တည်ဆောက် သွားရမည်။

( ဂ ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေးအတွက် အရည်အသွေးကောင်းမွန်သော ထရန် စဖော်မာများ၊ ဓာတ်အားလိုင်းကြိုးများ၊ ကြွေသီးများ ဝယ်ယူသုံးစွဲ အသစ် လဲလှယ်ခြင်း၊ ဓာတ်အားလိုင်း ထိန်းသိမ်းခြင်းအဖွဲ့များဖွဲ့၍ တရားမဝင် မီတာ စစ်ဆေးခြင်းများကို ဆောင်ရွက်မည် ဖြစ်သည်။

(၂) ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်သွားမည်ဖြစ်သည်။

၁၂။ ၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) ဆက်သွယ်သွားလာမှု လျင်မြန်စေရန်အတွက် ဆက်သွယ်သည့် လမ်းသစ်ဖောက်လုပ်ခြင်း ဆောင်ရွက်ရေး၊

(၂) နိုင်ငံတော်မှချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေး လုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် တိုင်းဒေသကြီးတစ်ဝန်း မြို့ပြ ဖွံ့ဖြိုးရေးမူဝါဒများနှင့် မြို့ပြမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေး၊

(၃) ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး အရေးသုံးပါးတွင် နေရေးအတွက် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများနှင့် မြို့ပြများစနစ်တကျ ဖွံ့ဖြိုးလာရေးအတွက် အဓိကထားဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) တိုင်းဒေသကြီးတစ်ဝန်းလုံးရှိ ပြည်သူများ၏ နေထိုင်မှုအခွင့်အလမ်းများ အစဉ်တိုးတက်မြင့်မားလာရေးနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးမှုရရှိရေးအတွက် မြို့ပြများ စနစ်တကျဖွံ့ဖြိုးပြီး ပြည်သူများ၏ စီးပွားရေးတိုးတက်ကောင်းမွန်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် စက်မှုဇုန်များ စီမံကိန်းရေးဆွဲတည်ဆောက်ခြင်း၊ အထူးစီးပွားရေးဇုန်များ ဖော်ထုတ်ရန် စီမံကိန်းများရေးဆွဲခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ရန်ဖြစ်သည်။

(၂) မြို့ပြနှင့် ကျေးလက်ဒေသများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်အတန်းမြင့်မားစေရေး ဆောင်ရွက်ရန်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) မန္တလေးမြို့ရှိ ကျူးကျော်အိမ်ခြေအချို့ကို ၂၀၁၂-၂၀၁၃ နှစ်ကုန်တွင် သင့်လျော်သည့် အိမ်ရာများတွင် ပြန်လည်နေရာချထားရေး စီမံဆောင်ရွက်သွားရန်၊

(၂) တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေး၊ အိမ်ရာဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်သည့် အကူအညီများကို ပြည်ထောင်စုအစိုးရထံမှ ဆက်လက်ရယူဆောင်ရွက်သွားရန်၊

(၃) ပြည်ထောင်စုအစိုးရ၏ သီးခြားတာဝန်ပေးချက်အရ ရတနာပုံနည်းပညာမြို့သစ် တည်ဆောက်ရေး စီမံကိန်းအား အကောင်အထည်ဖော်ခြင်းများကို ဆက်လက်ဆောင်ရွက်သွားရန်။

၁၃။ ၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) ပို့ဆောင်ရေးကဏ္ဍတွင် ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်ရေးအတွက် ရေယာဉ်များ အသစ် တည်ဆောက်ခြင်း၊ အစားထိုးဖြည့်တင်းခြင်း ဆောင်ရွက်ရေး၊

(၂) ရေကြောင်း၊ လေကြောင်းကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်ကို အမြင့်ဆုံးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊

(၃) ရထားပို့ဆောင်မှုစနစ် မြှင့်တင်လျက် ပို့ဆောင်ရေးစွမ်းရည်မြင့်တက်လာရန် ဆောင်ရွက်ရေး၊

(၄) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်၍ စနစ်တကျ ကြီးကြပ်ကွပ်ကဲရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) လေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် ပြည်သူလူထု၊ ပုဂ္ဂလိကနှင့် ဖက်စပ်လုပ်ကိုင်မှုစနစ်အား နှစ်ဦးနှစ်ဖက် အကျိုးခံစားခွင့်ရရှိမှုနှင့်အညီ ဆောင်ရွက်သွားရန် ဖြစ်သည်။

(၂) ရေကြောင်း၊ လေကြောင်းဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုပမာဏ ပိုမိုတိုးတက်ရရှိအောင် ဆောင်ရွက်သွားရန်ဖြစ်သည်။

(၃) နိုင်ငံတော်အတွက် နှစ်စဉ် အသားတင်ဘဏ္ဍာငွေများ တိုးတက်ရှာဖွေပေးရန် ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) ဧရာဝတီမြစ် ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ၊ ကမ်းပြို၊ ကမ်းထိန်းလုပ်ငန်းများ၊ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းများနှင့် မြစ်ရေတင်စက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်။

(၂) ပြည်တွင်းရေကြောင်းတွင် ပို့ဆောင်လျက်ရှိသည့် စက်ရှိ/စက်မဲ့ ရေယာဉ်များ၊ ဆိပ်ခံတွဲများ၊ တွဲရေယာဉ်များ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းအား ဆောင်ရွက်မည်။

(၃) သင်္ဘောကျင်းများတွင် လက်ရှိရေယာဉ်များ ပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်းနှင့် ဈေးကွက်လိုအပ်ချက်နှင့် လိုက်လျောညီထွေဖြစ်မည့် ရေယာဉ်များ တည်ဆောက်ပြုပြင်ခြင်း လုပ်ငန်းအား ဆောင်ရွက်မည်။

၁၄။ ၂၀၁၂ -၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းလုပ်ငန်းများတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ရင်းနှီးမြှုပ်နှံမှုကို ပိုမိုခွင့်ပြုဆောင်ရွက်ရေး၊

(၂) ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲထားရှိပြီးဖြစ်သော ဥပဒေများအပေါ် အတည်ပြု ဆောင်ရွက်ခြင်းနှင့် လိုက်နာကျင့်သုံးခြင်းများ ဆောင်ရွက်ရေး၊

(၃) ပြည်တွင်းဆက်သွယ်ရေးကဏ္ဍ၏ တည်ဆောက်မှုလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များအား ပါဝင် ဆောင်ရွက်ခွင့် ပြုရေး၊

(၄) ကွန်ပျူတာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) ဆက်သွယ်ရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးကို ၂၀၁၁-၂၀၁၂ ခုနှစ်ထက် အခြေခံနှစ်၏ ၂.၀၄ ဆ တိုးတက်ဖြစ်ပေါ်ရန်နှင့် တိုးတက်မှုနှုန်းအနေဖြင့် ၁၀၄.၄ ရာခိုင်နှုန်း ဖြစ်ပေါ်စေရန် ဆောင်ရွက်ရေး၊

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းတိုးချဲ့တပ်ဆင်ဆောင်ရွက်ရေး။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) ကွန်ပျူတာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာပြန့်ပွားရေး ဆောင်ရွက်မည်။

(၂) မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့သည်နှင့်အမျှ ပြည်ပတယ်လီဖုန်းခေါ်ဆိုမှုတွင် လွယ်ကူ ချောမွေ့စေရန် ဆောင်ရွက်မည်။

(၃) စာပို့တိုက်လုပ်ငန်းတွင် ပြည်တွင်းအီလက်ထရောနစ် အမြန်ငွေပို့လွှာလုပ်ငန်းစနစ်အား စတင်ဆောင်ရွက်မည်။

(၄) စာပို့တိုက်လုပ်ငန်း၏ ပြည်တွင်းပြည်ပ ချောပို့ဆောင်ရေးလုပ်ငန်း ဝန်ဆောင်မှုလုပ်ငန်း များကို ပုဂ္ဂလိကသို့ လုပ်ပိုင်ခွင့်များခွင့်ပြုပြီး ပူးပေါင်းဆောင်ရွက်သွားမည်။

(၅) သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အရေးပေါ် ဆက်သွယ်မှုစနစ်အဖြစ် ရေဒီယိုကြေးနန်းစခန်းကို အဆင့်မြှင့်တင်ခြင်း၊ ကြေးနန်းရုံး အသစ် များဖွင့်လှစ်ခြင်း၊ ဖက်စ်ကြေးနန်းနှင့် ကွန်ပျူတာကြေးနန်း၊ e-Telegram ကြေးနန်းများ တိုးချဲ့ခြင်းကို ဆောင်ရွက်မည်။

၁၅။ ၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍနှင့်စပ်လျဉ်း၍ –

(က) မူဝါဒမှာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရေးဖြစ်သည်။

( ခ ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ငွေရေးကြေးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရာတွင် တိုးတက်ပြောင်းလဲလာသော ငွေရေးကြေးရေးကဏ္ဍအား စည်းစနစ်တကျ ကြီးကြပ်ကွပ်ကဲပြီး နိုင်ငံတကာအဆင့်အတန်းနှင့်အညီဖြစ်စေရေး ဆောင်ရွက်သွားရန်ဖြစ်သည်။

(၂) နိုင်ငံတကာရှိ ဘဏ်လုပ်ငန်းများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် ဖြစ်သည်။

(၃) အီလက်ထရောနစ်ဘဏ်လုပ်ငန်း အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် ဖြစ်သည်။

(၄) ပြည်တွင်းပြည်ပ ငွေပေးချေမှုများ၊ စာရင်းရှင်းလင်းမှုများ အဆင်ပြေစေရေးနည်းလမ်း ရှာဖွေဆောင်ရွက်ရန်ဖြစ်သည်။

(၅) ငွေကြေးစီးဆင်းမှု လွယ်ကူချောမွေ့အဆင်ပြေစေရေး ကြိုးပမ်းဆောင်ရွက်ရန် ဖြစ်သည်။

(၆) လုံခြုံရေးသတင်းကွန်ရက် တိုးချဲ့ဆောင်ရွက်ရန်ဖြစ်သည်။

(၇) အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်းပေါ်ပေါက်ရေးနှင့် ထိုအဖွဲ့အစည်းများအား စနစ်တကျကြီးကြပ်ကွပ်ကဲမည့် တိုင်းဒေသကြီး အသေးစားငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို စနစ်တကျဖွဲ့စည်းကာ ကြပ်မတ်ဆောင်ရွက်သွားရန်ဖြစ်သည်။

၁၆။ ၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေး၊

( ခ ) နိုင်ငံတော်၏ပညာရေးအဆင့်အတန်း မြင့်မားလာစေရေး၊

( ဂ ) သဘာဝအရင်းအမြစ်မှရရှိသော စွမ်းအင်များကိုအသုံးချ၍ သုတေသနလုပ်ငန်းများ တိုးချဲ့ရေး၊

(ဃ) အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရေး၊

( င ) ကျန်းမာရေးစနစ်အား ဖြည့်ဆည်းဆောင်ရွက်ခြင်းကို အထူးအလေးပေးဆောင်ရွက်ရေး၊

( စ ) အလုပ်သမားများကျန်းမာမှု ကောင်းမွန်တိုးတက်စေ၍ အလုပ်လုပ်နိုင်သည့် စွမ်းအားမြင့်မားပြီး ကုန်ထုတ်လုပ်မှု တိုးတက်စေရေး၊

(ဆ) အလုပ်မလုပ်နိုင်သည့်အခါ အလုပ်သမားနှင့် မိသားစုစားဝတ်နေရေးအတွက် ထောက်ပံ့မှုရရှိစေရေး၊

( ဇ ) နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့် အကောင်အထည်ဖော်ရန်ရှိသည့် ရေတို၊ ရေရှည်လုပ်ငန်းများကို ပြည်သူများအား ပြန်ကြားအသိပေးရေး၊

(ဈ) ၂၀၁၅ ခုနှစ်မှာ ဖော်ဆောင်မည့် အာဆီယံအသိုက်အဝန်း ထူထောင်ရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ရေး၊

(ည) အထက်ဖော်ပြပါမူဝါဒများကို အကောင်အထည်ဖော်ရာတွင် ဌာနများက မိမိတို့၏ သက်ဆိုင်ရာ ဝန်ကြီးဌာန ရည်မှန်းချက်များနှင့် ဆီလျော်သည်များကို ဆောင်ရွက်ရေး။

၁၇။　၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒမှာ အာဆီယံစီးပွားရေးအသိုက်အဝန်း ရည်မှန်းချက်များ ၂၀၁၅ ခုနှစ်တွင် ပြည့်မီရန် အတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာအရည်အချင်းများကို အသိအမှတ်ပြုရေး၊ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည်။

၁၈။　၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍနှင့် စပ်လျဉ်း၍ အောက်ပါ အတိုင်းဖြစ်သည် –

(က)　ပို့ကုန်တိုးမြှင့်ရေး ဦးစားပေးဆောင်ရွက်ရေး၊

(ခ)　ထပ်ဆင့်တိုးတန်ဖိုးရ ကုန်ချောပစ္စည်းများအဖြစ် တိုးချဲ့ထုတ်လုပ်တင်ပို့ရောင်းချရေး။

## အခန်း (၅)

## အထွေထွေ

၁၉။　၂၀၁၂-၂၀၁၃ ခုနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းကို ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

၂၀။　တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးဝန်ကြီးဌာနများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ အရ ယင်းတို့နှင့်သက်ဆိုင်သည့် ကဏ္ဍစီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ အစီအမံများ ချမှတ်ကျင့်သုံးဆောင်ရွက်ရန်ဖြစ်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ရဲမြင့်
ဝန်ကြီးချုပ်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

# မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## ( ၂၀၁၂ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၉။ )

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၁၉ ရက် )

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေ ပုဒ်မ -၂၄ တွင် ပါရှိသော "ငွေဒဏ် ကျပ် ၅၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "အနည်းဆုံး ငွေဒဏ် ကျပ် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ) မှ အများဆုံး ငွေဒဏ် ကျပ် ၅၀၀၀၀၀ိ/- (ကျပ်ငါးသိန်းတိတိ) အထိ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေ ပုဒ်မ -၂၅ တွင် ပါရှိသော "အနည်းဆုံး ငွေဒဏ် ကျပ် ၅၀၀ မှ အများဆုံးငွေဒဏ် ကျပ် ၅၀၀၀ အထိ "ဆိုသည့်စကားရပ်ကို "အနည်းဆုံး ငွေဒဏ် ကျပ် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ) မှ အများဆုံးငွေဒဏ် ကျပ် ၅၀၀၀၀ိ/- (ကျပ်ငါးသောင်းတိတိ) အထိ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေပုဒ်မ -၂၆ တွင် ပါရှိသော "ငွေဒဏ်ကျပ် ၁၀၀၀၀ အထိ" ဆိုသည့်စကားရပ်ကို "အနည်းဆုံးငွေဒဏ် ကျပ် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)မှ အများဆုံး ငွေဒဏ်ကျပ် ၃၀၀၀၀၀ိ/-(ကျပ်သုံးသိန်းတိတိ)အထိ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ -၂၇ တွင် ပါရှိသော "အနည်းဆုံး ငွေဒဏ် ကျပ် ၂၀၀ မှ အများဆုံး ငွေဒဏ် ကျပ် ၂၀၀၀ အထိ" ဆိုသည့်စကားရပ်ကို "အနည်းဆုံး ငွေဒဏ် ကျပ် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ) မှ အများဆုံး ငွေဒဏ် ကျပ် ၅၀၀၀၀ိ/- (ကျပ်ငါးသောင်းတိတိ) အထိ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ရဲမြင့်
ဝန်ကြီးချုပ်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

# စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြင်ဆင်သည့်ဥပဒေ
# (မန္တလေးတိုင်းဒေသကြီး)
## ( ၂၀၁၂ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁၀။ )

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၁၉ ရက် )

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မန္တလေးတိုင်းဒေသကြီး) ဟု ခေါ်တွင်စေရမည်။

၂။ စည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၆၈ တွင် ပါရှိသော စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးငွေ **အနည်းဆုံး ကျပ် ၁၀၀ မှ အများဆုံး ကျပ် ၁၀၀၀ အထိ** ဆိုသည့်စကားရပ်ကို **အနည်းဆုံး ကျပ် ၁၀၀၀ိ/- (ကျပ်တစ်ထောင်တိတိ) မှ အများဆုံး ကျပ် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ) အထိ** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ စည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၇၂ တွင် ပါရှိသော **ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀ မှ အများဆုံး ကျပ် ၅၀၀၀ အထိ** ဆိုသည့်စကားရပ်ကို **ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀ိ/- (ကျပ်ငါးထောင်တိတိ) မှ အများဆုံး ကျပ် ၅၀၀၀၀ိ/- (ကျပ်ငါးသောင်းတိတိ) အထိ** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ စည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၇၃ တွင်ပါရှိသော **ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀ အထိ** ဆိုသည့် စကားရပ်ကို **ငွေဒဏ် အနည်းဆုံး ကျပ် ၃၀၀၀၀ိ/- (ကျပ်သုံးသောင်းတိတိ) မှ အများဆုံး ကျပ် ၁၀၀၀၀၀ိ/- (ကျပ်တစ်သိန်းတိတိ) အထိ** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ စည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၇၄ တွင်ပါရှိသော **ငွေဒဏ် အနည်းဆုံး ကျပ် ၂၀၀၀ မှ အများဆုံး ကျပ် ၂၀၀၀၀ အထိ** ဖြစ်စေ၊ ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဆိုသည့်စကားရပ်ကို **ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀၀ိ/- (ကျပ်ငါးသောင်းတိတိ) မှ အများဆုံး ကျပ် ၂၀၀၀၀၀ိ/- (ကျပ်နှစ်သိန်းတိတိ) အထိ** ဖြစ်စေ၊ ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ စည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ ၇၅ တွင်ပါရှိသော **ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀ အထိ** ဆိုသည့်စကားရပ်ကို **ငွေဒဏ် အနည်းဆုံး ကျပ် ၂၀၀၀၀ိ/-**

**(ကျပ်နှစ်သောင်းတိတိ) မှ အများဆုံး ကျပ် ၁၀၀၀၀၀ိ/- (ကျပ်တစ်သိန်းတိတိ) အထိ** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ စည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၇၆ တွင် ပါရှိသော **တစ်နေ့လျှင် ငွေဒဏ် ကျပ် ၅၀** ဆိုသည့်စကားရပ်ကို **တစ်နေ့လျှင် ငွေဒဏ် ကျပ် ၅၀၀ိ/- (ကျပ်ငါးထောင်တိတိ)** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ စည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၇၇ တွင် ပါရှိသော **တစ်နေ့လျှင် ငွေဒဏ် ကျပ် ၁၀၀** ဆိုသည့်စကားရပ်ကို **တစ်နေ့လျှင် ငွေဒဏ် ကျပ် ၁၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ စည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၇၈ တွင်ပါရှိသော **တစ်နေ့လျှင် ငွေဒဏ် ကျပ် ၂၀၀** ဆိုသည့် စကားရပ်ကို **တစ်နေ့လျှင် ငွေဒဏ် ကျပ် ၂၀၀၀ိ/- (ကျပ်နှစ်သောင်းတိတိ)** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ စည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၇၉ တွင်ပါရှိသော **ငွေဒဏ် အနည်းဆုံး ကျပ် ၂၀၀၀ မှ အများဆုံး ကျပ် ၂၀၀၀၀ အထိ** ဆိုသည့်စကားရပ်ကို **ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀ိ/- (ကျပ်ငါးထောင်တိတိ) မှ အများဆုံး ကျပ် ၂၀၀၀၀ိ/- (ကျပ်နှစ်သိန်းတိတိ) အထိ** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ စည်ပင်သာယာရေးအဖွဲ့များဥပဒေ ပုဒ်မ ၈၀ (က) တွင်ပါရှိသော **"ထိုသူသည် ထောင်ဒဏ် တစ်နှစ်အထိ ချမှတ်ခြင်းခံရမည်။ ထို့အပြင် ထိုသူအား ငွေဒဏ်လည်း ချမှတ်နိုင်သည်"** ဆိုသည့် စကားရပ်ကို **"ထိုသူသည် ထောင်ဒဏ် တစ်နှစ်အထိအပြင် ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)မှ အများဆုံး ကျပ် ၃၀၀၀၀ိ/- (ကျပ်သုံးသိန်းတိတိ) အထိ ချမှတ်ခြင်း ခံရမည်"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ရဲမြင့်
ဝန်ကြီးချုပ်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၂)**

ပဲခူးမြို့၊ ၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက် )

**၂၀၁၁-၂၀၁၂ ခုနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ ပေးပို့သော ၂၀၁၁-၂၀၁၂ ခုနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၁၄၇၊ ပုဒ်မခွဲ (က) အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

မောင်မောင်သန်း၊
လွှတ်တော်ရုံးအကြီးအမှူး၊
ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**၂၀၁၁-၂၀၁၂ ပဲခူးတိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေကြမ်း**

**( ၂၀၁၂ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ်　　　)**

၁၃၇၃ ခုနှစ်၊ တပို့တွဲလ　　ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ　　ရက် )

ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။　(က) ဤဥပဒေကို ၂၀၁၁-၂၀၁၂ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

၂။　ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် –

(၁) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း တိုင်းဒေသကြီး အတိုင်းအတာအရ လူမှုစီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုလိုသည်။

(၂) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိကမျှော်မှန်းချက်များကို ဆိုလိုသည်။

(၃) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ ဦးတည်ချက်များ ပြည့်မီစေရေးအတွက် စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့် အချက်အလက်များကို ဆိုလိုသည်။

(၄) **အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များပြည့်မီရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဆိုသည်။

(၅) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ် တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့်ခုနှစ်ကို ဆိုသည်။ ပဉ္စမကာလတိုငါးနှစ်စီမံကိန်းတွင် ၂၀၁၀-၂၀၁၁ ခုနှစ်ကို အခြေခံနှစ်အဖြစ် သတ်မှတ်သည်။

(၆) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ်၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(၇) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(၈) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍများကို ဆိုလိုသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် စီးပွားရေးကဏ္ဍ (၁၄) ခု ဖွဲ့စည်းသတ်မှတ်ထားသည်။

(၉) **ကဏ္ဍကြီး**ဆိုသည်မှာ စီးပွားရေးကဏ္ဍ (၁၄) ခုကို လုပ်ငန်းသဘောသဘာဝ တူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းတွင် လယ်ယာကဏ္ဍကြီးတွင် လယ်ယာ၊ သားငါး၊ သစ်တော၊ ကဏ္ဍများ၊ စက်မှုကဏ္ဍကြီးတွင် စွမ်းအင်၊ သတ္တုနှင့်တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ ပါဝင်ဖွဲ့စည်းထားသည်။

## အခန်း (၂)
## ဦးတည်ချက်

၃။ ဤဥပဒေ၏ ဦးတည်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊

(၂) ပြည်ပရင်းနှီးမြှုပ်နှံမှုများဆွဲဆောင်သည့်အပြင် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ စက်မှုလုပ်ငန်းများ ကုန်ထုတ်လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊

(၃) ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး လမ်းပန်းဆက်သွယ်ရေး အစရှိသည့် လူမှုစီးပွားတိုးတက် ဖွံ့ဖြိုးရေးနှင့်ကုန်သွယ်မှုကို တိုးမြှင့်ဆောင်ရွက်ရေး၊

(၄) ပြည်သူများ အလုပ်လက်မဲ့နည်းပါးစေရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး။

## အခန်း (၃)
## စီမံကိန်းလျာထားချက်

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ချမှတ်သော မူဝါဒများနှင့်အညီ အောက်ပါအတိုင်း ရည်မှန်းချက် ထားရှိဆောင်ရွက်ပါသည် -

(၁) စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၁.၁ ရာခိုင်နှုန်းဖြစ်စေရမည်။

(၂) လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၂.၃ ရာခိုင်နှုန်းမှ ၃၉.၆ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၀.၅ ရာခိုင်နှုန်းမှ ၂၃.၃ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၆.၂ ရာခိုင်နှုန်းမှ ၃၇.၁ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီးပြောင်းလဲဖြစ်ပေါ်စေရမည်။

(၃) လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ( - ) ၅. ၄ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၉. ၅ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး တိုးတက်မှုနှုန်းကို ၃. ၆ ရာခိုင်နှုန်း အသီးသီး တိုးတက်စေရမည်။

## အခန်း (၄)

## ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များ

၅။ ပဉ္စမကာလတိုငါးနှစ်၏ ပထမနှစ် ၂၀၁၁-၂၀၁၂ ဒေသန္တရစီမံကိန်းကာလအတွင်း ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

**၁။ လယ်ယာကဏ္ဍတွင် -**

**(က) မူဝါဒများမှာ -**

(၁) သီးနှံမျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ရေး (Seed Production)၊

(၂) လေ့ကျင့်ပညာပေးရေး (Training and Education)၊

(၃) သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေး (Research and Development)၊

(၄) ငါးနှစ်စီမံကိန်းဦးတည်ချက်များအရ သတ်မှတ်ထားသည့် စီမံကိန်းပထမနှစ် (၂၀၁၁-၂၀၁၂) ခုနှစ် လျာထားချက်များကို ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ရေးတို့ ဖြစ်သည်။

**(ခ) ရည်မှန်းချက်များမှာ -**

(၁) အထွက်ကောင်း မျိုးကောင်းမျိုးသန့် မျိုးစေ့များ (Good Quality Seed) အသုံးပြုရန်၊

(၂) ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ (Good Agricultural Practices) အသုံးပြုရန်၊

(၃) စိုက်ပျိုးရေးအပါအဝင် သွင်းအားစု၊ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများကို အချိန်ကိုက် အချိုးကျအသုံးပြုရန်၊

(၄) မျိုးစေ့သုံးစွဲခြင်း၊ သွင်းအားစုသုံးစွဲခြင်း၊ လုပ်အားခအပါအဝင် အပင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ အလေအလွင့်၊ ဆုံးရှုံးမှု၊ ထုတ်လုပ်မှု၊ ကုန်ကျစရိတ် (Production Cost) နှင့် ရောင်းဝယ်လွှဲပြောင်းမှု ကုန်ကျစရိတ် (Transactional Cost) များ လျှော့နည်းသက်သာအောင် ဆောင်ရွက်ပေးရန်၊

(၅) ထွက်ရှိလာသော သီးနှံများအပေါ် စီးပွားရေးတွက်ခြေကိုက်မှု (Benefit) ရှိပြီး ခိုင်မာသောဈေးကွက် (Sustainable Market) ရှိအောင် ဆောင်ရွက်ပေးရန်တို့ ဖြစ်သည်။

**(ဂ) လုပ်ငန်းစဉ်များမှာ -**

(၁) အရည်အသွေးနှင့် အထွက်ကောင်းမျိုးများ သုံးစွဲခြင်း (Hybridization)၊

(၂) စက်မှုလယ်ယာစနစ်ဖြင့် ဆောင်ရွက်ခြင်း (Mechanization)၊

(၃) ရေစီမံခန့်ခွဲမှုစနစ်ဖြင့် ဆောင်ရွက်ခြင်း (Irrigation)၊

(၄) ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း (Training and Education)၊

(၅) ပုဂ္ဂလိကပိုင်းမှ ပါဝင်ဆောင်ရွက်လာစေခြင်း (Privatization)၊

(၆) လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာကုန်ထုတ်သမဝါယမအသင်းများ တိုးချဲ့ဖွဲ့စည်းခြင်း၊

(၇) ပြည်တွင်းစားသုံးသူ ဖူလုံရေးနှင့် ပိုလျှံသီးနှံများကို နိုင်ငံခြားဝင်ငွေရရှိအောင် ဆောင်ရွက်ခြင်း၊

(၈) လယ်ယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်ရန်နှင့် အခြားထုတ်လုပ်မှုကဏ္ဍများကိုပါ ရင်းနှီးမြှုပ်နှံမှုထုတ်လုပ်မှုများ တိုးတက်ရန် ဆောင်ရွက်ခြင်း၊

(၉) လယ်ယာစိုက်ပျိုးရေးတွင် သမားရိုးကျ ကဏ္ဍတစ်မျိုးတည်းသာ ရည်ရွယ်စိုက်ပျိုးထုတ်လုပ်မှုမှ ပေါင်းစည်းလယ်ယာကဏ္ဍ စိုက်ပျိုးရေးစနစ် အသွင်ကူးပြောင်းနိုင်ရေး ဆောင်ရွက်ခြင်းတို့ဖြစ်သည်။

၂။ **သားငါးကဏ္ဍတွင်** -

**(က) မူဝါဒမှာ** ငါးနှစ်စီမံကိန်း ဦးတည်ချက်များအရ သတ်မှတ်ထားသည့် စီမံကိန်းပထမနှစ် (၂၀၁၁-၂၀၁၂) ခုနှစ် လျာထားချက်များကို ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ရေး ဖြစ်ပါသည်။

**(ခ) ရည်မှန်းချက်မှာ** ၂၀၁၁-၂၀၁၂ ခုနှစ်တွင် အသားထုတ်လုပ်မှုကို အခြေခံနှစ်၏ (၃. ၂) ရာခိုင်နှုန်း၊ ငါးပုစွန်ထုတ်လုပ်မှုကို အခြေခံနှစ်၏ (၃. ၇) ရာခိုင်နှုန်း တိုးတက်ရရှိစေရန် ဖြစ်သည်။

**(ဂ) လုပ်ငန်းစဉ်များမှာ** -

(၁) အသားကဏ္ဍတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များ မွေးမြူနိုင်ရေးအတွက် ပြည်တွင်းပြည်ပအရင်းအနှီးနှင့် နည်းပညာများ ရယူဆောင်ရွက်ခြင်းနှင့် မွေးမြူရေးချေးငွေ ရရှိနိုင်ခြင်းတို့အတွက် ကူညီဆောင်ရွက်ခြင်း၊

(၂) နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီသည့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်နိုင်ရေးအတွက် တိရစ္ဆာန်ကူးစက်ရောဂါများကို ကာကွယ်ထိန်းချုပ်နိုင်ရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၃) ဌာနပိုင်အကျိုးအမြတ်မရနိုင်သည့် မွေးမြူရေးခြံများအား လုပ်ငန်းလျှော့ချ၍ အကျိုးအမြတ်သေချာသည့် မွေးမြူရေးလုပ်ငန်းများတွင် တိုးချဲ့ဆောင်ရွက်ခြင်း၊

(၄) အင်းများအတွင်း ငါးမျိုးများ ချန်လှပ်၍ ဖမ်းဆီးရေးကို အခြေခံသော မွေးမြူသည့်စနစ်ဖြင့် ငါးထုတ်လုပ်မှု တိုးစေရေးအတွက် စပါးခင်းများနှင့် မြစ်ချောင်းရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်မှုလုပ်ငန်းများအား တိုးချဲ့ဆောင်ရွက်ခြင်း၊

(၅) နိုင်ငံခြားငွေ တိုးတက်ရရှိစေရေးအတွက် ပြည်ပသို့ ငါး၊ ပုစွန် တိုးချဲ့တင်ပို့နိုင်ရေး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား ကူညီပံ့ပိုး၍ တွန်းအားပေးဆောင်ရွက်ခြင်း၊

(၆) ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်နိုင်တစ်ပိုင် ဟင်းစားမှ စီးပွားဖြစ်မွေးမြူရေးအစုအဖွဲ့များအဖြစ်သို့ တိုးချဲ့ဖွဲ့စည်းခြင်း၊ ပေါင်းစည်းလယ်ယာများကို တိုးတက်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများအတွက် မိသားစုအပိုဝင်ငွေ ရရှိစေရေး ဆောင်ရွက်ခြင်းတို့ ဖြစ်သည်။

၃။ **သစ်တောကဏ္ဍတွင်** -

**(က) မူဝါဒများမှာ** -

(၁) ရေ၊ မြေ၊ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး သဘာဝသစ်တောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတု မျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူဖြစ်စေရေး၊ ကျေးလက်နေ

ပြည်သူတို့၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး၊

(၂) သစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး၊

(၃) သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံ စက်မှုလုပ်ငန်း တိုးတက်ဖြစ်ပေါ်လာစေရေး၊

(၄) သစ်တောကဏ္ဍစွမ်းဆောင်ရည် တိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ရေးတို့ ဖြစ်သည်။

**( ခ ) ရည်မှန်းချက်များမှာ** -

(၁) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည်ဖွံ့ဖြိုး တိုးတက်မှုများ အကောင်အထည်ဖော်ဆောင်ရန်၊

(၂) သစ်တောကဏ္ဍ ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျွန်းနှင့် သစ်မာပင်များ လျာထားချက်ပြည့်မီအောင် ပြန်လည်စိုက်ပျိုးရန်တို့ဖြစ်သည်။

**( ဂ ) လုပ်ငန်းစဉ်များမှာ** -

(၁) သဘာဝသစ်တောများ ထိန်းသိမ်းကာကွယ်ခြင်း၊

(၂) ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများ၊ သဘာဝနယ်မြေများ တိုးချဲ့ဖွဲ့စည်း သတ်မှတ်ခြင်း၊

(၃) ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်နှင့် ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့ စေရေးအတွက် ရေဝေရေလဲစိုက်ခင်းများ တည်ထောင်ခြင်း၊

(၄) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေး စိုက်ခင်းများ တည်ထောင်ခြင်း၊

(၅) သဘာဝတောမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ထင်းအစား အခြား လောင်စာသုံးစွဲရေးကို ဦးတည်လျက် စွမ်းအားမြင့်မီးဖိုများသုံးခြင်း၊

(၆) လောင်စာတောင့်များနှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲလာရေးကို စည်းရုံးဆောင်ရွက်ခြင်း၊

(၇) သစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ခြင်း၊

(၈) နှစ်စဉ်လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များ စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များ ဖြန့်ဝေ ပေးခြင်း၊

(၉) သစ်တောထိန်းသိမ်းမှု လုပ်ငန်းများတွင် ပြည်သူအများ ပူးပေါင်းပါဝင်လာစေရေး အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၁၀) ကျွန်းနှင့်သစ်မာများကို နှစ်စဉ်သစ်တောထွက် (Annual Allowable Cut-AAC) အပေါ် အခြေခံ၍ စိစစ်ထုတ်လုပ်ခြင်း၊

(၁၁) သစ်မဟုတ်သည့် အခြားသစ်တောထွက်ပစ္စည်းများကို စီမံကိန်းလျာထားချက်ဘောင် အတွင်းမှ ထုတ်ယူသုံးစွဲခြင်း၊

(၁၂) ခေတ်မီယန္တရားစက်ဖြင့် သစ်ထုတ်ရေးအင်အား တိုးမြှင့်သွားရန်နှင့် သဘာဝ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေသည့် ဆင်ဖြင့် သစ်ထုတ်လုပ်နည်းစနစ်ကို ဆက်လက်ဆောင်ရွက်ခြင်း၊

(၁၃) သစ်ထုတ်လမ်းများ ဖောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးနည်းစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊

(၁၄) သစ်မထုတ်မီနှင့် သစ်ထုတ်ပြီးကာလ သဘာဝပတ်ဝန်းကျင်အား အကျိုးသက်ရောက်မှုအား လေ့လာဆန်းစစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုသက်သာစေသော သစ်ထုတ်နည်းလမ်းများကို လိုက်နာဆောင်ရွက်ခြင်း၊

(၁၅) ရောင်းတန်းဝင်သစ်မျိုးနှင့်အတူ လူသုံးနည်းသစ်မျိုးများကို တွဲဖက်ထုတ်လုပ်ခြင်း၊

(၁၆) သစ်တစ်ပင်လုံး အသုံးချနိုင်ရေး (Full Tree Utilization) နှင့် သစ်မျိုးစုံအသုံးပြုနိုင်ရေး (All Tree Species Utilization) ကြိုးပမ်းဆောင်ရွက်ခြင်း၊

(၁၇) နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်းတွင် သစ်အခြေခံစက်မှုလုပ်ငန်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊

(၁၈) သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်သော သစ်လုံးကုန်ကြမ်းရရှိရေး စီမံဆောင်ရွက်ခြင်း၊

(၁၉) ဖက်စပ်၊ ပုဂ္ဂလိက သစ်အခြေခံစက်ရုံများအတွက် လိုအပ်သော သစ်လုံး၊ ခွဲသားကုန်ကြမ်းများ ရောင်းချပေးခြင်း၊

(၂၀) သစ်အခြေခံစက်မှုလုပ်ငန်း ထွက်ကုန်အမည်သစ်များ ထုတ်လုပ်မည့်စက်ရုံ၊ အလုပ်ရုံသစ်များ ပေါ်ထွန်းလာသည့်နှင့်အမျှ ပြည်တွင်းအလုပ်သမားများအတွက် ခေတ်မီနည်းပညာသစ်များ ရရှိလာစေရေး ဆောင်ရွက်ခြင်း၊

(၂၁) လူသုံးနည်းသစ်များကို နည်းပညာသစ်များ အသုံးပြု၍ အဆင့်မီကုန်ချောများထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊

(၂၂) သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံမှန်လုပ်ငန်းခွင် သင်တန်းများအပြင် ဘာသာရပ်ဆိုင်ရာ သင်တန်းများကို လိုအပ်ချက်များနှင့်အညီ ဖွင့်လှစ်ပို့ချသွားရန်၊ ပြည်တွင်းပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ ဝန်ထမ်းများ စေလွှတ်ခြင်းတို့ဖြစ်သည်။

**၄။ စွမ်းအင်ကဏ္ဍတွင် -**

**(က) မူဝါဒများမှာ -**

(၁) စွမ်းအင်အရင်းအမြစ်ဖြစ်သည့် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ကို ပြည်တွင်းသုံးစွဲမှုဖူလုံရေး၊ ပြည်ပသို့ တိုးတက်တင်ပို့နိုင်မှုအတွက် တိုးချဲ့ရှာဖွေ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရေး၊

(၂) စွမ်းအင်ဆိုင်ရာ ကိစ္စရပ်များကို နိုင်ငံတကာနှင့် ဒေသအတွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ ဖြစ်သည်။

**( ခ ) ရည်မှန်းချက်များမှာ -**

(၁) ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုကို ၂၀၁၀-၂၀၁၁ ခုနှစ်ထက် တိုးတက်ထုတ်လုပ်ရန်၊

(၂) ရေနံနှင့် စက်သုံးဆီ ရောင်းဝယ်မှုလုပ်ငန်းများအား ပုဂ္ဂလိကလုပ်ငန်းများအဖြစ် ပီပြင်စွာပြောင်းလဲနိုင်ရေး စနစ်တကျဆောင်ရွက်ရန်တို့ဖြစ်သည်။

**(ဂ) လုပ်ငန်းစဉ်များမှာ** -

(၁) ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးချဲ့ရှာဖွေထုတ်လုပ်ရေးကို နိုင်ငံပိုင်အခန်းကဏ္ဍမက ပြည်တွင်းပြည်ပ ပုဂ္ဂလိကလုပ်ငန်းများနှင့် တိုးချဲ့ဆောင်ရွက်ခြင်း၊

(၂) ရေနံတွင်းသစ်များ တိုးချဲ့ရှာဖွေသည့်နည်းတူ ရေနံတွင်းဟောင်းများကို ထုတ်လုပ်မှု လျော့နည်းခြင်းမဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်ခြင်း၊

(၃) ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အလေးထား ဆောင်ရွက်ခြင်းတို့ဖြစ်သည်။

၅။ **သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင်** -

**(က) မူဝါဒများမှာ** -

(၁) နိုင်ငံတော်၏ ဓာတ်သတ္တုသိုက်များအား ခေတ်မီနည်းပညာများဖြင့် အဆင့်မြင့်တင်၍ လေလွင့်ဆုံးရှုံးမှုအနည်းဆုံးနှင့် အရည်အသွေးပြည့်မီစွာထုတ်နိုင်ရေးသို့ ရှေးရှု ဆောင်ရွက်ရေး၊

(၂) ပုဂ္ဂလိကပိုင်ကဏ္ဍမြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တုထုတ်လုပ် သူများ ထွန်းကားတိုးပွားလာရေး အားပေးဆောင်ရွက်ရေး၊

(၃) ကျယ်ပြန့်ထွန်းကားလာသည့် ဈေးကွက်စီးပွားရေးနှင့်အညီ ဓာတ်သတ္တု ထုတ်လုပ်မှုနှင့် ကျောက်မျက်ရတနာဈေးကွက်များ ပြည်တွင်း၌ အခြေခိုင်မာပေါ်ပေါက်ပြီး ထိုက်သင့်သည့်ဈေးနှုန်းများ ရရှိရေး ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) ဓာတ်သတ္တုသယံဇာတပစ္စည်းများ သုံးစွဲရာတွင် ပြည်ပမှတင်သွင်းရသည့် ဓာတ်သတ္တု များကို ပြည်တွင်း၌ ပိုမိုထုတ်လုပ်အစားထိုးရေး၊

(၅) နိုင်ငံတော်၏ လုံခြုံရေးနှင့် စစ်ရေး၌ အရေးပါသည့် မဟာဗျူဟာမြောက် ဓာတ်သတ္တု များကို စနစ်တကျထုတ်လုပ်စုဆောင်းထားရှိရေး၊

(၆) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့် ပတ်ဝန်းကျင်ထိခိုက် ယိုယွင်းပျက်စီးမှုမရှိစေရေး အလေးထားဆောင်ရွက်ရေးတို့ဖြစ်သည်။

**(ခ) ရည်မှန်းချက်များမှာ** -

(၁) ၂၀၁၁-၂၀၁၂ ခုနှစ်တွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ အသားတင်ထုတ်လုပ်မှု တန်ဖိုးကို အခြေခံနှစ်၏ (၃. ၄) ရာခိုင်နှုန်း တိုးတက်စေရန်၊

(၂) နှစ်စဉ် စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် မြေပေါ်မြေအောက် သယံဇာတဓာတ်သတ္တုသိုက်များ တိုးတက်ရှာဖွေထုတ်လုပ်ပြီး ဝင်ငွေတိုးတက်စေရေး အထောက်အကူပြု ဆောင်ရွက်ရန်၊

(၃) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ ဓာတ်သတ္တုကဏ္ဍနှင့် ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင် အခန်းကဏ္ဍသို့ မြှင့်တင်ကူးပြောင်း၍ အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်ရန်၊

(၄) ပုဂ္ဂလိကပိုင် ဓာတ်သတ္တုမျိုးစုံထုတ်လုပ်ရေးကဏ္ဍဖွံ့ဖြိုးစေရန် ဓာတ်သတ္တုထုတ်လုပ် ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့် နည်းပညာများ ပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံးခေတ်မီပစ္စည်းများ ပံ့ပိုးကူညီခြင်း၊ စသည့် လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၅) မြန်မာနိုင်ငံအတွင်း၌ပင် ကျောက်မျက်ရတနာဈေးကွက် ဖြစ်ထွန်းပေါ်ပေါက်၍ ရေရှည်တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းပြီး နိုင်ငံတော်အတွက် နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းသုံးငွေများ တိုးတက်ရှာဖွေပေးနိုင်ရေး နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန်၊

(၆) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင် ထိခိုက်ယိုယွင်းမှု မရှိစေရေး ဟန်ချက်ညီညီ အလေးထားဆောင်ရွက်ရန်တို့ ဖြစ်သည်။

**(ဂ) လုပ်ငန်းစဉ်များမှာ -**

(၁) သတ္တုကဏ္ဍနှင့် နိုင်ငံတော်၏ စီးပွားရေးရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ ကူးပြောင်း၍ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း၊

(၂) ဈေးကွက်စီးပွားရေးစနစ်အရ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခြင်း၊

(၃) မြေပေါ်မြေအောက် သယံဇာတများကို ပိုမိုတိုးတက်ထုတ်လုပ်ပြီး ဝင်ငွေတိုးတက်စေရန် စီမံဆောင်ရွက်ခြင်း၊

(၄) အကျိုးတူလုပ်ကိုင်သော သတ္တုတွင်း၊ စက်ရုံ၊ အလုပ်ရုံများအား သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြီးကြပ်စီမံကွပ်ကဲဆောင်ရွက်ခြင်း၊

(၅) ခွင့်ပြုမိန့်ချမှတ်ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေးဆောင်ရွက်ခြင်းတို့ ဖြစ်သည်။

**၆။ စက်မှုလက်မှုကဏ္ဍတွင် -**

**(က) မူဝါဒများမှာ -**

(၁) နိုင်ငံတော်၏ စက်မှုကဏ္ဍတွင် အစိမ်းရောင်စက်မှုလုပ်ငန်း Green Industry များ ပိုမိုတိုးတက်လာရေး ဆောင်ရွက်ရန်နှင့် စွမ်းအင်ကို Energy Efficiency အကျိုးရှိထိရောက်စွာသုံးစွဲသွားရန် တွန်းအားပေးဆောင်ရွက်သွားရေး၊

(၂) လယ်ယာစိုက်ပျိုးရေးကို အခြေခံသော စက်မှုနိုင်ငံအဖြစ် ကူးပြောင်းရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး၊

(၃) စက်မှုလက်မှုကုန်စည်များကို ပြည်တွင်းတွင် ပိုမိုသုံးစွဲလာရေးနှင့် ပြည်ပသို့ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့နိုင်ရေးအတွက် အရည်အသွေးမြင့်မားသည့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေး၊

(၄) စက်မှုလက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ပမှ နည်းပညာ အတတ်ပညာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်ရေး၊

(၅) စက်မှုလုပ်ငန်းနယ်ပယ်၊ အီလက်ထရောနစ် စက်မှုလုပ်ငန်းနယ်ပယ်၊ လေကြောင်းနှင့် အာကာသစက်မှုလုပ်ငန်းနယ်ပယ်များတွင် Source Industry များ၊ Basic Industry များနှင့် Production Line Industry များမှရရှိသော ထုတ်လုပ်မှုနည်းစဉ်နှင့် အတွေ့အကြုံများကို Research and Development Center များမှ သုတေသနလုပ်ငန်းများနှင့် ပေါင်းစပ်မှုမှ အဆင့်မြင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာအဆင့်မြင့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ဖြစ်ထွန်းရေး၊

(၆) ပြည်သူလူထု၏ စီးပွားရေးနှင့် လူမှုရေးဘဝ တိုးတက်မြင့်မားရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ရေးတို့ဖြစ်သည်။

**(ခ) ရည်မှန်းချက်များမှာ** -

(၁) ၂၀၁၁-၂၀၁၂ ခုနှစ်တွင် စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို အခြေခံနှစ်၏ (၉. ၁) ရာခိုင်နှုန်း တိုးတက်ရရှိစေရန်၊

(၂) စက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ပိုမိုမြင့်တင်နိုင်ရန်၊

(၃) စက်မှုလုပ်ငန်းနယ်ပယ်တွင် ပါဝင်သည့် Heavy Machinery and Equipment Industry, Off-Road Heavy Duty Vehicle Industry Project နှင့် Heavy Duty Engine Industry Project များအတွက် လိုအပ်သော စက်ရုံအဆောက်အဦများ တည်ဆောက်ရန်တို့ ဖြစ်သည်။

**(ဂ) လုပ်ငန်းစဉ်များမှာ** -

(၁) နိုင်ငံတော်စက်မှုကဏ္ဍနှင့် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အလို့ငှာ နိုင်ငံပိုင်စက်မှုလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းခြင်းနည်းလမ်း၊ ပုဂ္ဂလိကကဏ္ဍသို့ စနစ်တကျလွှဲပြောင်းပေးခြင်း နည်းလမ်းများကို ကျင့်သုံး၍ နိုင်ငံပိုင်ကဏ္ဍကို ဖြည်းဖြည်းချင်းလျှော့ချသွားပြီး ဈေးကွက်လိုအပ်သည့် ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာထုတ်လုပ်ခြင်း၊

(၂) လေလွင့်ဆုံးရှုံးမှု နည်းပါးရေးအတွက် စနစ်တကျစီမံခန့်ခွဲခြင်း၊

(၃) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စက်မှုနည်းပညာနှင့် စီမံခန့်ခွဲမှုအတတ်ပညာများ စီးဝင်လာစေရေး တိုးမြှင့်ဆောင်ရွက်ခြင်း၊

(၄) စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များ အဆက်အစပ်မိမိဖြင့် အပြန်အလှန်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၅) လယ်ယာအထောက်အကူပြု စက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်ခြင်း၊

(၆) ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှုလုပ်ငန်းများအဖြစ် ကြပ်မတ်စစ်ဆေးခြင်း၊

(၇) Heavy Machinery and Equipment Project, Off-Road Heavy Duty Vehicle Industry Project (Phase-1) နှင့် Heavy Duty Engine Industry Project (Phase-1) များ၏ စက်ရုံအဆောက်အဦများအတွက် အကြိုအင်ဂျင်နီယာလုပ်ငန်းများနှင့် မြေဖို့/မြေဖြတ်လုပ်ငန်းများ ပြီးစီးရေး ကြီးကြပ်ဆောင်ရွက်ခြင်းတို့ ဖြစ်သည်။

၇။ **လျှပ်စစ်ဓာတ်အားကဏ္ဍတွင်** -

**(က) မူဝါဒများမှာ** -

(၁) ပဥ္စမကာလတို ငါးနှစ်စီမံကိန်းကာလအတွင်း တိုးတက်ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်ဓာတ်အားကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သယ်ပို့ဖြန့်ဖြူးနိုင်ရန် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း၌ မဟာဓာတ်အားလိုင်းများနှင့် လက်ခံပို့လွှတ်ပေးမည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ရေး၊

(၂) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) သုံး ဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရေး နည်းပညာနှင့် မူဝါဒဆိုင်ရာအကူအညီများ ပံ့ပိုးပေးရေး၊

(၃) ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားမရောက်သေးသော အရပ်ဒေသများတွင် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်ဓာတ်အားပေး

စက်များဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် ဓာတ်အားပေးစက်များ၏ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားရေး၊

(၄) မြန်မာနိုင်ငံ၏ ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပို့လွှတ် ဖြန့်ဖြူးသုံးစွဲနေသော လျှပ်စစ်ဓာတ်အား၏ အရည်အသွေးကို စံချိန်စံညွှန်းနှင့်အညီသတ်မှတ်ထားသော ဗို့အား Voltage Level နှင့် ကြိမ်နှုန်းပြည့် တည်ငြိမ်စွာရှိစေပြီး ဓာတ်အားပြတ်တောက်မှု ဓာတ်အားပျောက်ဆုံးမှု အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရေး၊

(၅) မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများအပြင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ မောင်းနှင်၍ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များဖြည့်ဆည်းပေးရန်၊ ဓာတ်ငွေ့တာဘိုင်စက်များ ကြံ့ခိုင်ကောင်းမွန်၍ စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်ရေးတို့ဖြစ်သည်။

**( ခ ) ရည်မှန်းချက်များမှာ** -

(၁) ၂၀၁၁-၂၀၁၂ ခုနှစ်တွင် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို အခြေခံနှစ်၏ (၁၄.၇) ရာခိုင်နှုန်း တိုးတက်စေရန်၊

(၂) ပဥ္စမကာလတို ငါးနှစ်စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်နိုင်ရေးအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများ တိုးချဲ့၍ အကောင်အထည်ဖော် တည်ဆောက်ရန်၊

(၃) လျှပ်စစ်ဓာတ်အားမရောက်နိုင်သော ကျေးလက်ဒေသများတွင် ဆိုလာစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးအသုံးပြုနိုင်ရေး ပြည်သူလူထုသို့ စည်းရုံးဆောင်ရွက်သွားရန်တို့ဖြစ်သည်။

**( ဂ ) လုပ်ငန်းစဉ်များမှာ** -

(၁) ၂၃၀ ကေဗွီ ဓာတ်အားလိုင်း (၁) လိုင်း၊ ၃၃ ကေဗွီ ဓာတ်အားလိုင်း (၂) လိုင်း စုစုပေါင်းဓာတ်အားလိုင်း (၃) လိုင်း တည်ဆောက်ခြင်း၊

(၂) ၃၃ ကေဗွီ ဓာတ်အားခွဲရုံ (၁) ရုံ တည်ဆောက်ခြင်းတို့ ဖြစ်သည်။

၈။ **ဆောက်လုပ်မှုကဏ္ဍတွင်** -

**(က) မူဝါဒများမှာ** -

(၁) ဆက်သွယ်သွားလာမှု လျင်မြန်စေရန်အတွက် ပဲခူးရိုးမနှင့်ဖြတ်ကျော်သည့် လမ်းများအသစ်ဖောက်လုပ်ခြင်း ဆောင်ရွက်ရေး၊

(၂) အရေးကြီးသော ပေ (၁၈၀) အထက် မြစ်ကူးတံတား (၆၄) စင်းအား ပြင်ဆင်ထိန်းသိမ်းရေး၊

(၃) နိုင်ငံတော်မှ ချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်း ဖြစ်စေမည့် နိုင်ငံတစ်ဝန်း မြို့ပြဖွံ့ဖြိုးရေးမူဝါဒများ (Urban Development Policy) နှင့် မြို့ပြမဟာဗျူဟာများ (Urban Development Strategies) များ ချမှတ်ဆောင်ရွက်ရေး၊

(၄) ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၇ (က) အရ နိုင်ငံတော်က စီမံခန့်ခွဲရမည့် နိုင်ငံတော်ပိုင်မြေနှင့် အဆောက်အဦများကို နိုင်ငံတော်ဗဟိုအစိုးရ၏ကိုယ်စား စီမံခန့်ခွဲပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး အရေး

သုံးပါးတွင် နေရေးအတွက် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများနှင့် မြို့ပြ စနစ်တကျဖွံ့ဖြိုးလာရေးအတွက် အဓိကထားဆောင်ရွက်ရေးတို့ ဖြစ်သည်။

**(ခ) ရည်မှန်းချက်များမှာ** -

(၁) ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ဆောက်လုပ်မှုကဏ္ဍ၏ အသားတင်ဆောက်လုပ်မှုတန်ဖိုးကို အခြေခံနှစ်၏ (၁၁. ၇) ရာခိုင်နှုန်း တိုးတက်ရရှိစေရန်၊

(၂) နိုင်ငံတကာနှင့်ဆက်သွယ်မည့် လမ်းများကို ယာဉ်သွားလမ်းအကျယ် (၂၄)ပေ၊ (၂) လမ်းသွား ကတ္တရာကွန်ကရစ်လမ်းအဆင့်နှင့် အဆိုပါလမ်းပေါ်ရှိ တံတား များအား ကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်ရန်၊

(၃) ဆောက်ရွက်ဆဲ ပြည်ထောင်စုလမ်းများအား ယာဉ်သွားလမ်းအကျယ် (၁၂) ပေ ကတ္တရာလမ်းနှင့် တံတားများကို ယာဉ်သွားလမ်းအကျယ် (၂၄) ပေ ကွန်ကရစ် တံတားများအဖြစ် ဆောင်ရွက်ရန်၊

(၄) ပြည်သူများ၏ နေထိုင်မှု အခွင့်အလမ်းများ အစဉ်တိုးတက်မြင့်မားလာရေးနှင့် လူမှု စီးပွားရေးဖွံ့ဖြိုးမှု (Socio Economic Development) ရရှိရေးအတွက် မြို့ပြများ စနစ်တကျ ဖွံ့ဖြိုးပြီး ပြည်သူများ၏ စီးပွားရေး တိုးတက်ကောင်းမွန်စေရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် စက်မှုဇုန်များ စီမံကိန်းရေးဆွဲ တည်ဆောက်ရန်၊

(၅) မြို့ပြနှင့်ကျေးလက်ဒေသများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်အတန်း မြင့်မားလာစေရေး ဆောင်ရွက်ရန်တို့ ဖြစ်သည်။

**(ဂ) လုပ်ငန်းစဉ်များမှာ** -

(၁) နိုင်ငံတကာနှင့်ဆက်သွယ်သည့် လမ်းမကြီး (၃) လမ်း၊ ဆောက်ရွက်ဆဲ ပြည်ထောင်စု လမ်းမကြီးများ၊ ဆောင်ရွက်ဆဲလမ်းသစ်များ ဆောင်ရွက်ခြင်း၊

(၂) (၁၈၀) ပေအထက် အမြဲတမ်းကွန်ကရစ်တံတားကြီးငယ် စုစုပေါင်း (၄၁) စင်းအား ပြင်ဆင်ထိန်းသိမ်းခြင်း၊

(၃) တိုင်းဒေသကြီး/မြို့တော်၊ လူဦးရေ (၁) သိန်းအထက် မြို့ကြီးများ၏ ဖွံ့ဖြိုးတိုးတက်မှု အလားအလာများ၊ နိုင်ငံတော်မှချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမွဲတေမှုလျော့နည်းပပျောက်ရေးတို့အတွက် အထောက်အပံ့ကောင်းဖြစ်နိုင်ခြေ တို့ကို ဆန်းစစ်ခြင်းများအား ဂျာမဏီနိုင်ငံ ကိုလုံးတက္ကသိုလ်၏ နည်းပညာအကူအညီ ရယူဆောင်ရွက်ခြင်း၊

(၄) ပြည်ထောင်စုအစိုးရအဖွဲ့သို့ မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေး၊ အိမ်ရာဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်သည့်အကူအညီများကို ဆက်လက်ထောက်ပံ့ပေးနိုင်ရေး တင်ပြတောင်းခံခြင်းတို့ ဖြစ်ပါသည်။

၉။ **ပို့ဆောင်ရေးကဏ္ဍတွင်** -

**(က) မူဝါဒများမှာ** -

(၁) အခြားစီးပွားရေးကဏ္ဍများ၏ တိုးချဲ့ထုတ်လုပ်မှုနှင့် လူမှုရေးလိုအပ်ချက်အပေါ် အခြေခံ၍ ပို့ဆောင်ရေးစွမ်းရည်ကို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ရေး ယာဉ်များ အစားထိုးရန်၊ အင်အားတိုးချဲ့ရန်၊ အခြေခံအဆောက်အဦများကိုလည်း လိုက်လျောညီထွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြှင့်ခြင်း၊ တိုးချဲ့ခြင်း၊ အသစ် တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရေး၊

(၂) ပို့ဆောင်ရေးကဏ္ဍတွင် ခေတ်နှင့်အညီ နည်းပညာတိုးတက်လျက်ရှိရာ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို တိုးချဲ့ဆောင်ရွက်ရေး၊

(၃) နိုင်ငံတော်တစ်ဝန်း အမျိုးသားမီးရထားပို့ဆောင်ရေးကွန်ရက် (National Railway Network) ဖြစ်ထွန်းလာစေရေး၊

(၄) ရထားပို့ဆောင်မှုစနစ်တွင် ပါဝင်သည့် အစိတ်အပိုင်းအားလုံးကို ပြန်လည်သုံးသပ်၍ အရည်အသွေးမြှင့်တင်လျက် ပို့ဆောင်ရေးစွမ်းရည်မြင့်တက်လာရေး ဆောင်ရွက်ရေး၊

(၅) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး (Road Safety) နှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်၍ စနစ်တကျကြီးကြပ်ကွပ်ကဲရေးတို့ဖြစ်သည်။

**( ခ ) ရည်မှန်းချက်များမှာ** -

(၁) ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ပို့ဆောင်ရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်၏ (၁. ၇) ရာခိုင်နှုန်း တိုးတက်ရရှိစေရန်၊

(၂) ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုပမာဏအား ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရန်၊

(၃) ရေကြောင်းသွားလာမှု တိုးတက်လာစေရေးအတွက် ရေလမ်းကောင်းမွန်ရေး၊ ရေတိုက်စားကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်၊

(၄) နှစ်စဉ်အသားတင်ဘဏ္ဍာငွေများ တိုးတက်ရှာဖွေရေး ဆောင်ရွက်ရန်တို့ဖြစ်သည်။

**( ဂ ) လုပ်ငန်းစဉ်များမှာ** -

(၁) ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းနှင့် မြို့ရွာများ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ စီမံကိန်းဝင် မြစ်ကူတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေလမ်းထိန်းသိမ်းပေးခြင်း လုပ်ငန်းများ၊ မြစ်ရေတင်စက်များ ရေရရှိရေးလုပ်ငန်း၊ ရေလျှံမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေ ဖော်ထုတ်ရေးအတွက် မြစ်ကွေ့ဖြောင့်ခြင်းလုပ်ငန်းများ၊ သောင်တူး ရေယာဉ်နှင့် အထောက်အကူပြုရေယာဉ်သစ်များ ဖြည့်တင်းရေးနှင့် လက်ရှိသုံးစွဲ နေသည့်ရေယာဉ်နှင့် ယန္တရားများကြံ့ခိုင်စေရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(၂) လေကြောင်းကဏ္ဍတွင် လေဆိပ်နှင့်လေယာဉ်ကွင်း တည်ဆောက်ရေးလုပ်ငန်းများ၊ လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လေကြောင်းထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(၃) မိုးလေဝသလုပ်ငန်းနှင့် ဇလဗေဒလုပ်ငန်းများအတွက် အချိန်ပိုင်းစခန်းများ ဆောက်လုပ်ခြင်း၊ မြေငလျင်တိုင်းထွာရေးအတွက် အခြေခံတိုင်းထွာရေးစခန်းများ ဆောက်လုပ်ခြင်း၊ မှန်တိုင်းပြ ရေဒါစခန်း၊ ဂြိုဟ်တုတိမ်ပုံဖမ်းစခန်း၊ အထူးတိုင်းထွာရေး စခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်းကို နှစ်အလိုက်ဆောင်ရွက်ခြင်း၊

(၄) ရထားလမ်းဟောင်းများအား ဇလီဖား၊ ကျောက်ဖြည့်တင်း၍ အဆင့်မြှင့်တင်ခြင်း၊ သံလမ်းဆက်စပ်ပစ္စည်းများနှင့် ကွန်ကရစ်ဇလီဖားများ၊ ကွန်ကရစ်တံတားဘောင်များ၊ သံမဏိတံတားဘောင်များ ထုတ်လုပ်ခြင်း၊ တိုးချဲ့လာသော ရထားလမ်းပိုင်းများတွင် အဆောက်အဦနှင့် အခြားလိုအပ်ချက်များ ဖြည့်တင်းဆောင်ရွက်ခြင်း၊

(၅) တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် ထပ်မံတည်ဆောက်မည့် ကွန်ကရစ်ဇလီဖား စက်ရုံ (၂) ရုံမှထုတ်လုပ်သည့် ကွန်ကရစ်ဇလီဖားများကို ထုတ်ယူရရှိရေးဆောင်ရွက်ပြီး တိုင်းဒေသကြီးအတွင်းရှိ ရထားလမ်းများရှိ ပျက်စီးနေသော ဇလီဖားများကို ပြောင်းလဲ အစားထိုးမှု ဆောင်ရွက်ခြင်းတို့ဖြစ်သည်။

၁၀။ **ဆက်သွယ်ရေးကဏ္ဍတွင်** -

(က) **မူဝါဒများမှာ** -

(၁) ကာလတို (၅) နှစ် (၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆) စီမံကိန်း၏ ပထမနှစ်တွင် နိုင်ငံတော်၏ ပြောင်းလဲလာသော စီးပွားရေးဆိုင်ရာမူဝါဒများနှင့်အညီ ဆက်သွယ်ရေး ကဏ္ဍတွင်လည်း ပြုပြင်ပြောင်းလဲမှုများ စတင်ဆောင်ရွက်ရေး၊

(၂) လက်ရှိကျင့်သုံးနေသော စာတိုက်/ကြေးနန်းဆိုင်ရာဥပဒေများအား ခေတ်နှင့် လျော်ညီအောင် ပြင်ဆင်ရေးဆွဲရေး၊

(၃) ဆက်သွယ်ရေးကဏ္ဍ တည်ဆောက်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ပုဂ္ဂလိက ပါဝင် ရင်းနှီးမြှုပ်နှံမှုကို စတင်ခွင့်ပြုသွားရေးတို့ ဖြစ်သည်။

(ခ) **ရည်မှန်းချက်များမှာ** -

(၁) ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ဆက်သွယ်ရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်၏ (၁၈. ၆) ရာခိုင်နှုန်း တိုးတက်စေရန်၊

(၂) ဆက်သွယ်ရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်၏ ၁. ၁၈ ဆ တိုးတက်ဖြစ်ပေါ်ရန်နှင့် တိုးတက်မှုနှုန်းအနေဖြင့် ၁၈. ၆ ရာခိုင်နှုန်း ဖြစ်ပေါ်စေရေး ဆောင်ရွက်ရန်၊

(၃) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းတိုးချဲ့တပ်ဆင်သွားပြီး တယ်လီဖုန်းလုံးရေ (၉၃၇၁၂) နှင့် တယ်လီဖုန်းသိပ်သည်းဆ (၁. ၆)ရာခိုင်နှုန်းအထိ တိုးတက်စေရန်လည်းကောင်း၊ Internet User ကို (၂၂၀) အထိ တိုးတက်စေရန် ဆောင်ရွက်ရန်တို့ဖြစ်သည်။

(ဂ) **လုပ်ငန်းစဉ်များမှာ** -

(၁) စာတိုက်လုပ်ငန်းတွင် စာတိုက်ရုံးအသစ် (၂) ရုံး ဖွင့်လှစ်ခြင်း၊

(၂) ကြေးနန်းရုံးအသစ်များ (၂) ရုံးတို့ ဖွင့်လှစ်ခြင်း၊

(၃) တယ်လီဖုန်းကဏ္ဍတွင် အော်တိုတယ်လီဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့တပ်ဆင် ပေးရန် လျာထားခြင်း၊

(၄) ရန်ကုန်-ပြည်-မကွေး-သစ်ရာကောက်-တောင်တွင်းကြီး-နတ်မောက်-ပျော်ဘွယ်- နေပြည်တော် မြို့ချင်းဆက် ဖိုင်ဘာဆက်ကြောင်း တည်ဆောက်ခြင်း၊

(၅) ရန်ကုန်-ပြည်-မကွေး-နေပြည်တော်၊ မကွေး-ရေနံချောင်း-ပုပ္ပါး-မြင်းခြံ-မန္တလေး၊ ရန်ကုန်-မအူပင်-မြောင်းမြ-ပုသိမ်၊ မော်လမြိုင်-ထားဝယ်၊ မန္တလေး-ကလေး၊ မန္တလေး- မူဆယ်၊ မိတ္ထီလာ-တောင်ကြီး၊ တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်၊ မန္တလေး-မြင်းမူ- ချောင်းဦး-မုံရွာ GbE မိုက္ကရိုဝေ့ဖ်ဆက်ကြောင်းများ တည်ဆောက်ခြင်း၊

(၆) IP Transit Gateway များကို တိုင်းဒေသကြီးမြို့တော်တွင် တပ်ဆင်ရေးကိစ္စနှင့် မြို့ကြီးများနှင့် နယ်မြို့များရှိ ခေတ်ဟောင်းအိတ်ချိန်းများအား အစားထိုးလဲလှယ်ခြင်းများ ဆောင်ရွက်ခြင်း၊

(၇) သတင်းအချက်အလက်နှင့် နည်းပညာဌာနမှ Internet သုံးစွဲမှုများတွင် Cyber Security မြှင့်တင်ရေးကိစ္စဆောင်ရွက်ခြင်း၊

(၈) ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်တွင် GSM တယ်လီဖုန်း စနစ် ဆက်သွယ်မှုမပြတ်ရရှိရေး ဆောင်ရွက်ခြင်းတို့ဖြစ်သည်။

**၁၁။ ငွေရေးကြေးရေးကဏ္ဍတွင် -**

**(က) မူဝါဒများမှာ -**

(၁) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရေး၊

(၂) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ ပေါ်ပေါက်လာပြီး အသေးစား ငွေကြေးလုပ်ငန်းစနစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ရေးတို့ဖြစ်သည်။

**(ခ) ရည်မှန်းချက်မှာ -**

ငွေရေးကြေးရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုကို အခြေခံနှစ်ထက် ၁.၅၂ ဆနှင့် တိုးတက်မှုနှုန်း ၅၃.၀ ရာခိုင်နှုန်း ဖြစ်ပေါ်စေရေး ဆောင်ရွက်ရန်ဖြစ်သည်။

**(ဂ) လုပ်ငန်းစဉ်များမှာ -**

(၁) အီလက်ထရောနစ်ဘဏ်လုပ်ငန်းအကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊

(၂) ငွေကြေးစီးဆင်းမှု လွယ်ကူချောမွေ့အဆင်ပြေစေရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊

(၃) ဖွဲ့စည်းပုံဝန်ထမ်းအင်အား အဆောက်အဦ ပရိဘောဂ စက်ပစ္စည်း လိုအပ်ချက်များကို လိုအပ်သလို ပြင်ဆင်ဖြည့်စွက် ဖြည့်ဆည်းဆောင်ရွက်ခြင်း၊

(၄) လုံခြုံရေးသတင်းကွန်ရက် တိုးချဲ့ဆောင်ရွက်ခြင်း၊

(၅) ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချစေရေးအတွက် အသေးစားငွေရေးကြေးရေးဥပဒေ ထုတ်ပြန်ထားပြီးဖြစ်၍ အဆိုပါဥပဒေနှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများ ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားခြင်း၊

(၆) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ စနစ်တကျ ဖွဲ့စည်းပေါ်ပေါက်ရေးနှင့် ထိုအဖွဲ့အစည်းများအား စနစ်တကျ ကြီးကြပ်ကွပ်ကဲမည့် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၊ တိုင်းဒေသကြီး အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီကို စနစ်တကျဖွဲ့စည်းကာ ကြပ်မတ်ဆောင်ရွက်ခြင်းတို့ ဖြစ်သည်။

**၁၂။ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် -**

**(က) မူဝါဒများမှာ -**

(၁) လူမှုစီးပွားရေးကဏ္ဍအသီးသီးတွင် ထိုးထွင်းကြံဆမှုနှင့် တီထွင်ဖန်တီးမှု အရည်အသွေးပြည့်ဝစွာ စွမ်းဆောင်နိုင်သူများ ပေါ်ထွန်းလာရေး၊

(၂) ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ရင့်သန်ခိုင်မာပြီး ရိုးရာယဉ်ကျေးမှု အစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းရှိသည့် နိုင်ငံသားကောင်းများ ပေါ်ထွန်းလာရေး၊

(၃) ကျန်းမာကြံ့ခိုင်ပြီး စာရိတ္တကောင်းမွန်သည့် ဘက်စုံပညာပြည့်ဝသူများ ပေါ်ထွန်းလာရေးတို့ ဖြစ်သည်။

**(ခ) ရည်မှန်းချက် -**

(၁) ကျန်းမာရေးစနစ် အားဖြည့်ဆောင်ရွက်ခြင်းကို အထူးအလေးပေးဆောင်ရွက်ရန်၊

(၂) ကျန်းမာခြင်းအပေါ် အကျိုးသက်ရောက်မှုရှိသော လူမှုရေး၊ စီးပွားရေးနှင့်ပတ်ဝန်းကျင် တို့နှင့် ဆက်စပ်လျက်ရှိသောအခြေအနေများ တိုးတက်ကောင်းမွန်စွာဖြစ်ပေါ်လာရန်၊

(၃) မိမိနိုင်ငံတော်၏အကျိုး၊ နိုင်ငံသားတို့၏အကျိုးကို ကာကွယ်စောင့်ရှောက်ရန်တို့ ဖြစ်သည်။

**(ဂ) လုပ်ငန်းစဉ်များမှာ** -

(၁) အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ခြင်း၊

(၂) လုပ်အားနှင့်အညီ လုပ်ခအပြည့်အဝ မှန်ကန်စွာရရှိရေး ဆောင်ရွက်ခြင်းတို့ဖြစ်သည်။

**၁၃။ ဝန်ဆောင်မှုကဏ္ဍတွင်** -

**(က) မူဝါဒမှာ** အပြန်အလှန်ကူးလူးဆက်သွယ်မှုများ တိုးမြှင့်ရေး၊ ဒေသတွင်းရှိအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကကဏ္ဍပိုမိုပူးပေါင်းပါဝင်ရေးတို့ကို ခရီးသွားလုပ်ငန်းဖြင့် အထောက်အကူပြုစေရေးဖြစ်သည်။

**၁၄။ ကုန်သွယ်မှုကဏ္ဍတွင်** -

**(က) မူဝါဒမှာ** ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် ပံ့ပိုး ကူညီဆောင်ရွက်ရေးဖြစ်သည်။

## အခန်း (၅)

## အထွေထွေ

၆။ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရ ကွပ်ကဲမှုအောက်ရှိ ဌာနဆိုင်ရာများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့်သက်ဆိုင်သည့် ကဏ္ဍအလိုက်စီမံကိန်းများနှင့် ဒေသန္တရစီမံကိန်း များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ အစီအမံများ ချမှတ်ကျင့်သုံး ဆောင်ရွက်ရန် ဖြစ်သည်။

## ပဲခူးတိုင်းဒေသကြီး၏
## ၂၀၁၁-၂၀၁၂ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်
## ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်စျေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | ကဏ္ဍကြီး | ၂၀၁၀-၂၀၁၁ ခုနှစ် (အခြေခံနှစ်) | | ၂၀၁၁-၂၀၁၂ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | လယ်ယာကဏ္ဍကြီး | ၁၅၄၇၅၃၂၂. ၂ | ၄၂. ၃ | ၁၄၆၄၆၃၈. ၀ | ၃၉. ၆ | -၅. ၄ |
| ၂ | စက်မှုကဏ္ဍကြီး | ၇၈၉၀၀၄. ၆ | ၂၁. ၅ | ၈၆၄၂၅၉. ၆ | ၂၃. ၃ | ၉. ၅ |
| ၃ | ဝန်ဆောင်မှုကဏ္ဍကြီး | ၁၃၂၄၅၉၃. ၀ | ၃၆. ၂ | ၁၃၇၂၃၂၅. ၃ | ၃၇. ၁ | ၃. ၆ |
| ၄ | အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ၃၆၆၁၁၂၉. ၈ | ၁၀၀. ၀ | ၃၇၀၁၂၂၂. ၉ | ၁၀၀. ၀ | ၁. ၁ |

**ပဲခူးတိုင်းဒေသကြီး၏**
**၂၀၁၁-၂၀၁၂ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၀-၂၀၁၁ ခုနှစ် (အခြေခံနှစ်) | | ၂၀၁၁-၂၀၁၂ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၁၅၄၇၅၃၂.၂** | **၄၂.၃** | **၁၄၆၄၆၃၈.၀** | **၃၉.၆** | **-၅.၄** |
| | ၁ | လယ်ယာ | ၁၁၅၇၈၀၈.၆ | ၃၁.၆ | ၁၀၅၇၇၀၀.၈ | ၂၈.၆ | -၈.၆ |
| | ၂ | သားငါး | ၃၆၆၂၁၂.၃ | ၁၀.၀ | ၃၈၁၇၄၁.၁ | ၁၀.၃ | ၄.၂ |
| | ၃ | သစ်တော | ၂၃၅၁၁.၃ | ၀.၇ | ၂၅၁၉၆.၁ | ၀.၇ | ၇.၂ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၇၈၉၀၀၄.၆** | **၂၁.၅** | **၈၆၄၂၅၉.၆** | **၂၃.၃** | **၉.၅** |
| | ၁ | စွမ်းအင် | ၂၂၄.၀ | ၀.၀၁ | ၁၈၇.၁ | ၀.၀၁ | -၁၆.၅ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၁၁၂၁.၉ | ၀.၃ | ၁၁၅၀၅.၃ | ၀.၃ | ၃.၄ |
| | ၃ | စက်မှုလက်မှု | ၆၅၀၆၃၈.၄ | ၁၇.၈ | ၇၁၀၀၉၆.၂ | ၁၉.၂ | ၉.၁ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁၉၈၃၂.၅ | ၀.၅ | ၂၂၇၅၇.၄ | ၀.၆ | ၁၄.၇ |
| | ၅ | ဆောက်လုပ်မှု | ၁၀၇၁၈၇.၈ | ၂.၉ | ၁၁၉၇၁၃.၆ | ၃.၂ | ၁၁.၇ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁၃၂၄၅၉၃.၀** | **၃၆.၂** | **၁၃၇၂၃၂၅.၃** | **၃၇.၁** | **၃.၆** |
| | ၁ | ပို့ဆောင်ရေး | ၅၀၄၁၇၆.၅ | ၁၃.၈ | ၅၁၂၆၉၄.၅ | ၁၃.၈ | ၁.၇ |
| | ၂ | ဆက်သွယ်ရေး | ၁၆၂၅၇.၃ | ၀.၄ | ၁၉၂၇၈.၃ | ၀.၅ | ၁၈.၆ |
| | ၃ | ငွေရေးကြေးရေး | ၂၃၅၉.၅ | ၀.၁ | ၃၆၀၉.၈ | ၀.၁ | ၅၃.၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၄၉၉၂၃.၂ | ၁.၄ | ၅၀၇၆၂.၉ | ၁.၄ | ၁.၇ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင် | ၇၀၆၇၄.၅ | ၁.၉ | ၈၀၆၀၂.၁ | ၂.၂ | ၁၄.၀ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၆၈၁၂၀၂.၀ | ၁၈.၆ | ၇၀၅၃၇၇.၇ | ၁၉.၁ | ၃.၅ |
| ၄ | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၃၆၆၁၁၂၉.၈** | **၁၀၀.၀** | **၃၇၀၁၂၂၂.၉** | **၁၀၀.၀** | **၁.၁** |

# ပဲခူးတိုင်းဒေသကြီး၏
# ၂၀၁၁-၂၀၁၂ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်
# ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
# (၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၀-၂၀၁၁ ခုနှစ် (အခြေခံနှစ်) | | ၂၀၁၁-၂၀၁၂ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၂၃၃၆၅၃၆. ၈** | **၆၃. ၈** | **၂၃၂၈၈၉၇. ၆** | **၆၂. ၉** | **-၀. ၃** |
| | ၁ | လယ်ယာ | ၁၁၅၇၈၀၈. ၆ | ၃၁. ၆ | ၁၀၅၇၇၀၀. ၈ | ၂၈. ၆ | -၈. ၆ |
| | ၂ | သားငါး | ၃၆၆၂၁၂. ၃ | ၁၀. ၀ | ၃၈၁၇၄၁. ၁ | ၁၀. ၃ | ၄. ၂ |
| | ၃ | သစ်တော | ၂၃၅၁၁. ၃ | ၀. ၇ | ၂၅၁၉၆. ၁ | ၀. ၇ | ၇. ၂ |
| | ၄ | စွမ်းအင် | ၂၂၄. ၀ | ၀. ၀၁ | ၁၈၇. ၁ | ၀. ၀၁ | -၁၆. ၅ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၁၁၂၁. ၉ | ၀. ၃ | ၁၁၅၀၅. ၃ | ၀. ၃ | ၃. ၄ |
| | ၆ | စက်မှုလက်မှု | ၆၅၀၆၃၈. ၄ | ၁၇. ၈ | ၇၁၀၀၉၆. ၂ | ၁၉. ၂ | ၉. ၁ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၉၈၃၂. ၅ | ၀. ၅ | ၂၂၇၅၇. ၄ | ၀. ၆ | ၁၄. ၇ |
| | ၈ | ဆောက်လုပ်မှု | ၁၀၇၁၈၇. ၈ | ၂. ၉ | ၁၁၉၇၁၃. ၆ | ၃. ၂ | ၁၁. ၇ |
| ၂ | | **ဝန်ဆောင်မှု** | **၆၄၃၃၉၁. ၀** | **၁၇. ၆** | **၆၆၆၉၄၇. ၆** | **၁၈. ၀** | **၃. ၇** |
| | ၁ | ပို့ဆောင်ရေး | ၅၀၄၁၇၆. ၅ | ၁၃. ၈ | ၅၁၂၆၉၄. ၅ | ၁၃. ၈ | ၁. ၇ |
| | ၂ | ဆက်သွယ်ရေး | ၁၆၂၅၇. ၃ | ၀. ၄ | ၁၉၂၇၈. ၃ | ၀. ၅ | ၁၈. ၆ |
| | ၃ | ငွေရေးကြေးရေး | ၂၃၅၉. ၅ | ၀. ၁ | ၃၆၀၉. ၈ | ၀. ၁ | ၅၃. ၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၄၉၉၂၃. ၂ | ၁. ၄ | ၅၀၇၆၂. ၉ | ၁. ၄ | ၁. ၇ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင် | ၇၀၆၇၄. ၅ | ၁. ၉ | ၈၀၆၀၂. ၁ | ၂. ၂ | ၁၄. ၀ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၆၈၁၂၀၂. ၀** | **၁၈. ၆** | **၇၀၅၃၇၇. ၇** | **၁၉. ၁** | **၃. ၅** |
| ၄ | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၃၆၆၁၁၂၉. ၈** | **၁၀၀. ၀** | **၃၇၀၁၂၂၂. ၉** | **၁၀၀. ၀** | **၁. ၁** |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၂)**

ပဲခူးမြို့၊ ၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက် )

## ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ ပေးပို့သော ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၁၄၇၊ ပုဒ်မခွဲ (က) အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

မောင်မောင်သန်း၊
လွှတ်တော်ရုံးအကြီးအမှူး၊
ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**၂၀၁၂-၂၀၁၃ ပဲခူးတိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေကြမ်း**

**( ၂၀၁၂ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် )**

၁၃၇၃ ခုနှစ်၊ တပို့တွဲလ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ရက် )

ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၁၂-၂၀၁၃ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(၁) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း တိုင်းဒေသကြီး အတိုင်းအတာအရ လူမှုစီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုလိုသည်။

(၂) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိကမျှော်မှန်းချက်များကို ဆိုလိုသည်။

(၃) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ ဦးတည်ချက်များ ပြည့်မီစေရေးအတွက် စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့်အချက်အလက်များကို ဆိုလိုသည်။

(၄) **အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များပြည့်မီရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆိုသည်။

(၅) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ် တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့် ခုနှစ်ကို ဆိုသည်။

(၆) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ်၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(၇) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(၈) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသောစီးပွားရေးကဏ္ဍများကို ဆိုလိုသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် စီးပွားရေး ကဏ္ဍ (၁၄) ခု ဖွဲ့စည်းသတ်မှတ်ထားသည်။

(၉) **ကဏ္ဍကြီး**ဆိုသည်မှာ စီးပွားရေးကဏ္ဍ (၁၄) ခုကို လုပ်ငန်းသဘောသဘာဝတူညီမှုအပေါ် အုပ်စု ဖွဲ့စည်း၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းတွင် လယ်ယာကဏ္ဍကြီးတွင် လယ်ယာ၊ သားငါး၊ သစ်တော၊ ကဏ္ဍများ၊ စက်မှုကဏ္ဍကြီးတွင် စွမ်းအင်၊ သတ္တုနှင့်တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ် ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေး ကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများဟူ၍ ခွဲခြားထားခြင်းကို ဆိုသည်။

## အခန်း (၂)
## ဦးတည်ချက်

၃။ ဤဥပဒေ၏ ဦးတည်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊

(၂) ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်သည့်အပြင် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ စက်မှုလုပ်ငန်းများ ကုန်ထုတ်လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊

(၃) ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး အစရှိသည့် လူမှုစီးပွားတိုးတက် ဖွံ့ဖြိုးရေးနှင့်ကုန်သွယ်မှုကို တိုးမြှင့်ဆောင်ရွက်ရေး၊

(၄) ပြည်သူများ အလုပ်လက်မဲ့နည်းပါးစေရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးတို့ ဖြစ်သည်။

## အခန်း (၃)
## စီမံကိန်းလျာထားချက်

၄။ တိုင်းဒေသကြီးအစိုးရမှ ချမှတ်သော မူဝါဒများနှင့်အညီ အောက်ပါအတိုင်း ရည်မှန်းချက်ထားရှိ ဆောင်ရွက်ပါသည် -

(၁) စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ (၆.၈) ရာခိုင်နှုန်း ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ် အပေါ် အဆအားဖြင့် (၁.၀၇) ဆ ဖြစ်ပေါ်စေရမည်။

(၂) လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို (၃၉.၆) ရာခိုင်နှုန်းမှ (၃၇.၉) ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို (၂၃.၃) ရာခိုင်နှုန်းမှ (၂၄.၃) ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို (၃၇.၁) ရာခိုင်နှုန်းမှ (၃၇.၈) ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးပြောင်းလဲဖြစ်ပေါ်စေရမည်။

(၃) လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၂. ၃) ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၁၁. ၃) ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး တိုးတက်မှုနှုန်းကို (၈. ၉) ရာခိုင်နှုန်း အသီးသီး တိုးတက်စေရမည်။

## အခန်း (၄)

## ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များ

၅။ ပဥ္စမကာလတိုငါးနှစ် ဒေသန္တရစီမံကိန်း ဒုတိယနှစ် ၂၀၁၂-၂၀၁၃ ကာလအတွင်း ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

၁။ **လယ်ယာကဏ္ဍတွင်** -

**(က) မူဝါဒများမှာ** -

(၁) သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ရေး (Seed Production)၊

(၂) လေ့ကျင့်ပညာပေးရေး (Training and Education)၊

(၃) သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး (Research and Development) တို့ ဖြစ်သည်။

**(ခ) ရည်မှန်းချက်မှာ** -

(၁) လယ်ယာကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ကာလတိုငါးနှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၂၀၁၁-၂၀၁၂ ခုနှစ်ထက် (၀. ၈) ရာခိုင်နှုန်း တိုးတက်ရရှိရန်၊

(၂) အထွက်ကောင်း မျိုးကောင်းမျိုးသန့်မျိုးစေ့များ (Good Quality Seed) အသုံးပြုရန်၊

(၃) ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ (Good Agricultural Practices) အသုံးပြုရန်၊

(၄) စိုက်ပျိုးရေးအပါအဝင် သွင်းအားစု၊ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများကို အချိန်ကိုက် အချိုးကျအသုံးပြုရန်၊

(၅) မျိုးစေ့သုံးစွဲခြင်း၊ သွင်းအားစုသုံးစွဲခြင်း၊ လုပ်အားခအပါအဝင် အပင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ အလေအလွင့်၊ ဆုံးရှုံးမှု၊ ထုတ်လုပ်မှု၊ ကုန်ကျစရိတ် (Production Cost) နှင့် ရောင်းဝယ်လွှဲပြောင်းမှု ကုန်ကျစရိတ် (Transactional Cost) များ လျှော့နည်းသက်သာအောင် ဆောင်ရွက်ပေးရန်၊

(၆) ထွက်ရှိလာသောသီးနှံများအပေါ် စီးပွားရေးတွက်ခြေကိုက်မှု (Benefit) ရှိပြီး ခိုင်မာသောဈေးကွက် (Sustainable Market) ရှိအောင် ဆောင်ရွက်ပေးရန်တို့ ဖြစ်သည်။

**(ဂ) လုပ်ငန်းစဉ်များမှာ** -

(၁) အရည်အသွေးနှင့် အထွက်ကောင်းမျိုးများ သုံးစွဲခြင်း (Hybridization)၊

(၂) စက်မှုလယ်ယာစနစ်ဖြင့် ဆောင်ရွက်ခြင်း (Mechanization)၊

(၃) ရေစီမံခန့်ခွဲမှုစနစ်ဖြင့် ဆောင်ရွက်ခြင်း (Irrigation)၊

(၄) ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း (Training and Education) တို့ဖြစ်သည်။

၂။ **သားငါးကဏ္ဍတွင်** -

(က) **မူဝါဒမှာ** ငါးနှစ်စီမံကိန်း ဦးတည်ချက်များအရ သတ်မှတ်ထားသည့် စီမံကိန်း ဒုတိယနှစ် (၂၀၁၂-၂၀၁၃) ခုနှစ် လျာထားချက်များကို ပြည့်မီအောင် ဆောင်ရွက်ရေးဖြစ်သည်။

(ခ) **ရည်မှန်းချက်များမှာ** -

(၁) အသားထုတ်လုပ်မှုကို တစ်နှစ် (၈. ၃) ရာခိုင်နှုန်း၊ ငါးထုတ်လုပ်မှုကို တစ်နှစ် (၅. ၇) ရာခိုင်နှုန်း အသီးသီးတိုးတက်ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်၊

(၂) သားငါးကဏ္ဍ အသားတင်ထုတ်လုပ်မှုကို ကာလတိုငါးနှစ်စီမံကိန်း၏ ပထမနှစ်ထက် (၆. ၈) ရာခိုင်နှုန်း တိုးတက်ရရှိရန်တို့ဖြစ်သည်။

(ဂ) **လုပ်ငန်းစဉ်များမှာ** -

(၁) စီးပွားဖြစ် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းကြီးများ ထူထောင်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ အရင်းအနှီးနှင့် နည်းပညာများ ရယူခြင်း၊ မွေးမြူရေးချေးငွေရရှိနိုင်ရေးတို့ အတွက် ကူညီဆောင်ရွက်ခြင်း၊

(၂) ပြည်ပဈေးကွက် ပိုမိုရရှိရေး၊ သွင်းကုန်အစားထိုးနိုင်ရေးအတွက် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၏ ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်ရေးအတွက် အရည်အသွေး ပြည့်မီရေး ဖြည့်ဆည်းဆောင်ရွက်ခြင်း၊

(၃) မွေးမြူရေးဆိုင်ရာ အခြေခံကိန်းဂဏန်း အချက်အလက်များ မှန်ကန်ပြည့်စုံစွာရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ မွေးမြူထုတ်လုပ်မှု တိုးတက်မှုရှိစေရေးအတွက် ထိရောက်စွာ ကြိုးကြပ်ဆောင်ရွက်ခြင်း၊

(၄) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ဈေးကွက်တွင် ဈေးကွက်ဝေစု ပိုမိုရရှိရေး အတွက် ထိုးဖောက်ဆောင်ရွက်ခြင်း၊

(၅) ပျားရည်နှင့် ပျားထွက်ပစ္စည်းများကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ပြီး၊ ပြည်တွင်း၊ ပြည်ပဈေးကွက် ပိုမိုတိုးချဲ့ဆောင်ရွက်ခြင်း၊

(၆) နိုင်ငံခြားငွေတိုးတက်ရရှိရေးအတွက် ပြည်ပသို့ ငါးပုစွန်တိုးချဲ့တင်ပို့နိုင်ရေး ပုဂ္ဂလိက လုပ်ငန်းရှင်များအား ကူညီပံ့ပိုး၍ တွန်းအားပေးဆောင်ရွက်ခြင်း၊

(၇) သဘာဝရေပြင်ရှိ ငါးလုပ်ငန်းဆိုင်ရာ သယံဇာတများ စဉ်ဆက်မပြတ် ထုတ်လုပ် နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၈) ရေချိုပုစွန် မွေးမြူထုတ်လုပ်ရေး တိုးတက်စေရန် Monoculture မှ Polyculture (ငါးပုစွန်ရောနှောမွေးမြူရေးစနစ်) သို့ တိုးချဲ့မွေးမြူဆောင်ရွက်ခြင်း၊

(၉) စိုက်ပျိုးချိန်စောင့်ဆိုင်းနေဆဲကာလတွင် ကျေးလက်နေပြည်သူများ အပိုဝင်ငွေရရှိရန် (Integrated Farming) စနစ်များ ပေါ်ထွက်လာစေရေး တွန်းအားပေးဆောင်ရွက် ခြင်းတို့ ဖြစ်သည်။

၃။ **သစ်တောကဏ္ဍတွင်** -

(က) **မူဝါဒမှာ** ရေ၊ မြေ၊ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝ သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူဖြစ်စေရေး၊ ကျေးလက်နေပြည်သူတို့၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်းပါဝင်

ဆောင်ရွက်လာစေရေး၊ သစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး၊ သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံစက်မှုလုပ်ငန်း တိုးတက်ဖြစ်ပေါ်လာစေရေး၊ သစ်တောကဏ္ဍ စွမ်းဆောင်ရည် တိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ရေးတို့ ဖြစ်သည်။

**(ခ) ရည်မှန်းချက်များမှာ** -

(၁) သစ်တောကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ကာလတိုငါးနှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၂၀၁၁-၂၀၁၂ ခုနှစ်ထက် (၀. ၃) ရာခိုင်နှုန်း တိုးတက်ရရှိရန်၊

(၂) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများ အကောင်အထည်ဖော်ဆောင်ရွက်ရန်တို့ ဖြစ်သည်။

**(ဂ) လုပ်ငန်းစဉ်များမှာ** -

(၁) သဘာဝသစ်တောများ ထိန်းသိမ်းကာကွယ်ခြင်း၊

(၂) ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများ၊ သဘာဝနယ်မြေများ တိုးချဲ့ဖွဲ့စည်း သတ်မှတ်ခြင်း၊

(၃) ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်နှင့် ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့ စေရေးအတွက် ရေဝေရေလဲ စိုက်ခင်းများ တည်ထောင်ခြင်း၊

(၄) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေး စိုက်ခင်းများ တည်ထောင်ခြင်း၊

(၅) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ထင်းအစားအခြားလောင်စာသုံးစွဲရေးကို ဦးတည်လျက် စွမ်းအားမြင့် မီးဖိုများ၊ လောင်စာတောင့်များနှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲလာရေးကို စည်းရုံးဆောင်ရွက်ခြင်း၊

(၆) ကျေးလက်ပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခြင်း၊

(၇) နှစ်စဉ်လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များ စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များ ဖြန့်ဝေပေးခြင်း၊

(၈) သစ်တောထိန်းသိမ်းမှုလုပ်ငန်းများတွင် ပြည်သူအများ ပူးပေါင်းပါဝင်လာစေရေး အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၉) ကျွန်းနှင့်သစ်မာများကို နှစ်စဉ်သစ်တောထွက် (Annual Allowable Cut-AAC) အပေါ် အခြေခံ၍ စိစစ်ထုတ်လုပ်ခြင်း၊

(၁၀) သစ်မဟုတ်သည့် အခြားသစ်တောထွက်ပစ္စည်းများကို စီမံကိန်းလျာထားချက်ဘောင် အတွင်းမှ ထုတ်ယူသုံးစွဲခြင်း၊

(၁၁) ခေတ်မီယန္တရားစက်ဖြင့် သစ်ထုတ်ရေးအင်အား တိုးမြှင့်သွားရန်နှင့် သဘာဝ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေသည့် ဆင်ဖြင့် သစ်ထုတ်လုပ်နည်းစနစ်ကို ဆက်လက်ဆောင်ရွက်ခြင်း၊

(၁၂) သစ်ထုတ်လမ်းများ ဖောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးနည်းစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊

(၁၃) သစ်မထုတ်မီနှင့် သစ်ထုတ်ပြီးကာလ သဘာဝပတ်ဝန်းကျင်အား အကျိုးသက်ရောက်မှုအား လေ့လာဆန်းစစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုသက်သာစေသော သစ်ထုတ်နည်းလမ်းများကို လိုက်နာဆောင်ရွက်ခြင်း၊

(၁၄) ရောင်းတန်းဝင်သစ်မျိုးနှင့်အတူ လူသုံးနည်းသစ်မျိုးများကို တွဲဖက်ထုတ်လုပ်ခြင်း၊

(၁၅) သစ်တစ်ပင်လုံး အသုံးချနိုင်ရေး (Full Tree Utilization) နှင့် သစ်မျိုးစုံအသုံးပြုနိုင်ရေး (All Tree Species Utilization) ကြိုးပမ်းဆောင်ရွက်ခြင်း၊

(၁၆) နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်းတွင် သစ်အခြေခံစက်မှုလုပ်ငန်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေခြင်း၊

(၁၇) သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်သော သစ်လုံးကုန်ကြမ်းရရှိရေး စီမံဆောင်ရွက်ခြင်း၊

(၁၈) ဖက်စပ်၊ ပုဂ္ဂလိက သစ်အခြေခံစက်ရုံများအတွက် လိုအပ်သော သစ်လုံး၊ ခွဲသားကုန်ကြမ်းများ ရောင်းချပေးခြင်း၊

(၁၉) သစ်အခြေခံစက်မှုလုပ်ငန်း ထွက်ကုန်အမည်သစ်များ ထုတ်လုပ်မည့်စက်ရုံ အလုပ်ရုံသစ်များ ပေါ်ထွန်းလာသည့်နှင့်အမျှ ပြည်တွင်းအလုပ်သမားများအတွက် ခေတ်မီနည်းပညာသစ်များ ရရှိလာစေခြင်း၊

(၂၀) လူသုံးနည်းသစ်များကို နည်းပညာသစ်များ အသုံးပြု၍ အဆင့်မီ ကုန်ချောများထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်းတို့ ဖြစ်သည်။

၄။ **စွမ်းအင်ကဏ္ဍတွင်** -

**(က) မူဝါဒများမှာ** -

(၁) စွမ်းအင်အရင်းအမြစ်ဖြစ်သည့် ရေနံစိမ်းနှင့်သဘာဝဓာတ်ငွေ့ကို ပြည်တွင်းသုံးစွဲမှုဖူလုံရေး၊ ပြည်ပသို့ တိုးတက်တင်ပို့နိုင်မှုအတွက် တိုးချဲ့ရှာဖွေထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရေး၊

(၂) စွမ်းအင်ဆိုင်ရာ ကိစ္စရပ်များကို နိုင်ငံတကာနှင့် ဒေသတွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ ဖြစ်သည်။

**(ခ) ရည်မှန်းချက်မှာ** စွမ်းအင်ကဏ္ဍ အသားတင်ထုတ်လုပ်မှုကို ၂၀၁၁-၂၀၁၂ ခုနှစ်ထက် ၁၂၂. ၆ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို ၂၀၁၁-၂၀၁၂ ခုနှစ်ထက် ၂၃၅. ၅ ရာခိုင်နှုန်း တိုးတက်ထုတ်လုပ်ရန် ဖြစ်သည်။

**(ဂ) လုပ်ငန်းစဉ်မှာ** -

(၁) ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးချဲ့ရှာဖွေထုတ်လုပ်ရေးကို ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကလုပ်ငန်းများအားဖိတ်ခေါ်ပြီး ရေနံမြေသစ်များ တိုးချဲ့ရှာဖွေထုတ်လုပ်ခြင်း၊

(၂) ရေနံတွင်းသစ်များ တိုးချဲ့ရှာဖွေသည့်နည်းတူ ရေနံတွင်းဟောင်းများကို ထုတ်လုပ်မှုလျော့နည်းခြင်း အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်ခြင်း၊

(၃) ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်ခြင်းတို့ဖြစ်သည်။

၅။ **သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင်** -

**(က) မူဝါဒများမှာ** -

(၁) နိုင်ငံတော်၏ ဓာတ်သတ္တုသိုက်များအား ခေတ်မီနည်းပညာများဖြင့် အဆင့်မြှင့်တင်၍ လေလွင့်ဆုံးရှုံးမှုအနည်းဆုံးနှင့် အရည်အသွေးပြည့်မီစွာထုတ်နိုင်ရေးသို့ ရှေးရှု ဆောင်ရွက်ရေး၊

(၂) ပုဂ္ဂလိကပိုင်ကဏ္ဍမြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရေး အားပေးဆောင်ရွက်ရေး၊

(၃) ကျယ်ပြန့်ထွန်းကားလာသည့် ဈေးကွက်စီးပွားရေးနှင့်အညီ ဓာတ်သတ္တုထုတ်လုပ်မှုနှင့် ကျောက်မျက်ရတနာဈေးကွက်များ ပြည်တွင်း၌ အခြေခိုင်မာပေါ်ပေါက်ပြီး ထိုက်သင့်သည့် ဈေးနှုန်းများရရှိရေး ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) ဓာတ်သတ္တု သယံဇာတပစ္စည်းများ သုံးစွဲရာတွင် ပြည်ပမှတင်သွင်းရသည့် ဓာတ်သတ္တု များကို ပြည်တွင်း၌ ပိုမိုထုတ်လုပ်အစားထိုးရေး၊

(၅) နိုင်ငံတော်၏လုံခြုံရေးနှင့် စစ်ရေး၌အရေးပါးသည့် မဟာဗျူဟာမြောက် ဓာတ်သတ္တု များကို စနစ်တကျထုတ်လုပ်စုဆောင်းထားရှိရေး၊

(၆) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်း ပျက်စီးမှုမရှိစေရေး အလေးထားဆောင်ရွက်ရေးတို့ဖြစ်သည်။

**( ခ ) ရည်မှန်းချက်များမှာ** -

(၁) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ကာလတို ငါးနှစ် စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၂၀၁၁-၂၀၁၂ ခုနှစ်ထက် (၀. ၆) ရာခိုင်နှုန်း တိုးတက် ရရှိရန်၊

(၂) နှစ်စဉ် စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် မြေပေါ်မြေအောက် သယံဇာတ ဓာတ်သတ္တုသိုက်များ တိုးတက်ရှာဖွေထုတ်လုပ်ပြီး ဝင်ငွေတိုးတက်စေရေး အထောက်အကူပြု ဆောင်ရွက်ရန်၊

(၃) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ ဓာတ်သတ္တုကဏ္ဍနှင့် ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင် အခန်းကဏ္ဍသို့ မြှင့်တင်ကူးပြောင်း၍ အကျိုးရှိစွာပူးပေါင်းဆောင်ရွက်ရန်၊

(၄) ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ပုဂ္ဂလိကပိုင် ဓာတ်သတ္တုမျိုးစုံထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုး စေရန် ဓာတ်သတ္တု ထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့်နည်းပညာများပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံးခေတ်မီပစ္စည်းများ ပံ့ပိုးကူညီခြင်း စသည့် လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၅) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှုမရှိစေရန် ဟန်ချက်ညီညီ အလေးထားဆောင်ရွက်ရန်။

**( ဂ ) လုပ်ငန်းစဉ်များမှာ** -

(၁) သတ္တုကဏ္ဍနှင့် နိုင်ငံတော်၏ စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ ကူးပြောင်း၍ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊

(၂) ဈေးကွက်စီးပွားရေးစနစ်အရ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခြင်း၊

(၃) မြေပေါ်မြေအောက် သယံဇာတများကို ပိုမိုတိုးတက်ထုတ်လုပ်ပြီး ဝင်ငွေတိုးတက်စေရန် စီမံဆောင်ရွက်ခြင်း၊

(၄) အကျိုးတူလုပ်ကိုင်သော သတ္တုတွင်း၊ စက်ရုံ၊ အလုပ်ရုံများအား သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြီးကြပ်စီမံကွပ်ကဲဆောင်ရွက်ခြင်း၊

(၅) ခွင့်ပြုမိန့်ချမှတ်ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေးဆောင်ရွက်ခြင်း၊

(၆) အရည်အသွေးပြည့်ဝသော အိုင်အိုဒင်းဆား ထုတ်လုပ်မှု တိုးတက်လာစေရန် ဦးတည်ဆောင်ရွက်ခြင်းတို့ ဖြစ်သည်။

**၆။ စက်မှုလက်မှုကဏ္ဍတွင် -**

**(က) မူဝါဒများမှာ -**

(၁) နိုင်ငံတော်၏ စက်မှုကဏ္ဍတွင် Green Industry များ ပိုမိုတိုးတက်လာရေး ဆောင်ရွက်ရန်နှင့် Energy Efficiency စွမ်းအင်ကို အကျိုးရှိထိရောက်စွာသုံးစွဲသွားရေး တွန်းအားပေးဆောင်ရွက်သွားရေး၊

(၂) စက်မှုလက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ အတတ်ပညာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်ရေး၊

(၃) ပို့ကုန်မြှင့်တင်သည့် ကုန်ထုတ်လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သည့်နည်းတူ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရေး၊

(၄) ပုဂ္ဂလိကစက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စေရေး အတွက် ပံ့ပိုးဆောင်ရွက်ရေး၊

(၅) စက်မှုလုပ်ငန်းနယ်ပယ်၊ အီလက်ထရောနစ် စက်မှုလုပ်ငန်းနယ်ပယ်နှင့် လေကြောင်းနှင့် အာကာသ စက်မှုလုပ်ငန်းနယ်ပယ်များတွင် Source Industry များ၊ Basic Industry များနှင့် Production Line Industry များမှရရှိသော ထုတ်လုပ်မှုနည်းစဉ်နှင့် အတွေ့အကြုံများကို Research and Development Centre များမှ သုတေသနလုပ်ငန်းများနှင့် ပေါင်းစပ်မှုမှ အဆင့်မြင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာအဆင့်မြင့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ဖြစ်ထွန်းရေးတို့ ဖြစ်သည်။

**(ခ) ရည်မှန်းချက်များမှာ -**

(၁) စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ကာလတို ငါးနှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၂၀၁၁-၂၀၁၂ ခုနှစ်ထက် (၁၁. ၃) ရာခိုင်နှုန်း တိုးတက်ရရှိရန်၊

(၂) စက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ပိုမိုမြှင့်တင်ရန်၊

(၃) ပြည်တွင်းသယံဇာတများ အခြေခံအသုံးပြုသည့် ကုန်ပစ္စည်းအမည်သစ်များ ထုတ်လုပ်နိုင်ရေးကို ဦးစားပေး ဆောင်ရွက်ရန်၊

(၄) အကြီးစားစက်မှုလုပ်ငန်းနယ်ပယ်၊ အီလက်ထရောနစ် စက်မှုလုပ်ငန်းနယ်ပယ်နှင့် လေကြောင်းနှင့် အာကာသစက်မှုလုပ်ငန်းနယ်ပယ်များအတွက် Source Industry, Basic Industry, Production Line Industry နှင့် Research and Development Centre များ ထူထောင်နိုင်ရန် ဆောင်ရွက်ရန်၊

(၅) စီမံကိန်းဆိုင်ရာ ထုတ်လုပ်မှုဆိုင်ရာများ ဆောင်ရွက်နိုင်ရန် လိုအပ်သော အသိပညာရှင်၊ အတတ်ပညာရှင်များစုဆောင်းရရှိရေး ဆောင်ရွက်ရန်တို့ ဖြစ်သည်။

**(ဂ) လုပ်ငန်းစဉ်များမှာ -**

(၁) ဒေသတွင်းရှိ သယံဇာတအရင်းအမြစ်များအပေါ် အခြေခံသည့် စက်မှုလုပ်ငန်းများ ထူထောင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(၂) စက်မှုထုတ်ကုန်ပစ္စည်း အရည်အသွေးတိုးတက်လာရေးအတွက် စံချိန်စံညွှန်း ပြည့်မီလာအောင် နည်းလမ်းများ ချမှတ်ခြင်း၊

(၃) စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များ အဆက်အစပ်မိမိဖြင့် အပြန်အလှန်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၄) ပိုကုန်မြှင့်တင်ရေးနှင့် သွင်းကုန်အစားထိုးရေးဆိုင်ရာ စက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်ခြင်း၊

(၅) ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှုလုပ်ငန်းများအဖြစ် ကြပ်မတ်စစ်ဆေးခြင်း၊

(၆) Heavy Machinery and Equipment Industry Project, Off-Road Heavy Duty Vehicle Industry Project (Phase-1) နှင့် Heavy Duty Engine Industry Project (Phase-1) များအတွက် စက်ရုံအဆောက်အဦများ စတင်တည်ဆောက်ခြင်းတို့ဖြစ်သည်။

၇။ **လျှပ်စစ်ဓာတ်အားကဏ္ဍတွင် -**

**(က) မူဝါဒများမှာ -**

(၁) ပဉ္စမကာလတိုင်းနှစ်စီမံကိန်းကာလအတွင်း တိုးတက်ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်ဓာတ်အားကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သယ်ပို့ဖြန့်ဖြူးနိုင်ရန် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း၌ မဟာဓာတ်အားလိုင်းများနှင့် လက်ခံပို့လွှတ်ပေးမည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ရေး၊

(၂) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) သုံး ဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရေး နည်းပညာနှင့် မူဝါဒဆိုင်ရာအကူအညီများ ပံ့ပိုးပေးရေး၊

(၃) ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားမရောက်သေးသော အရပ်ဒေသများတွင် အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် ဓာတ်အားပေးစက်များ၏ ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားရေး၊

(၄) မြန်မာနိုင်ငံ၏ ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပို့လွှတ်ဖြန့်ဖြူးသုံးစွဲနေသော လျှပ်စစ်ဓာတ်အား၏ အရည်အသွေးကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော Voltage Level နှင့် ကြိမ်နှုန်းပြည့် တည်ငြိမ်စွာရှိစေပြီး ဓာတ်အားပြတ်တောက်မှု ဓာတ်အားပျောက်ဆုံးမှု အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရေး၊

(၅) မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများအပြင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ မောင်းနှင်၍ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဓာတ်ငွေ့တာဘိုင်စက်များ ကြံ့ခိုင်ကောင်းမွန်၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်ရေးတို့ဖြစ်သည်။

**( ခ ) ရည်မှန်းချက်များမှာ -**

(၁) လျှပ်စစ်ဓာတ်အားကဏ္ဍ၏ အသားတင်ထုတ်လုပ်မှု တန်ဖိုးကို ကာလတို ငါးနှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၂၀၁၁-၂၀၁၂ ခုနှစ်ထက် (၈. ၉) ရာခိုင်နှုန်း တိုးတက်ရရှိရန်၊

(၂) ပဥ္စမကာလတို ငါးနှစ်စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်နိုင်ရေးအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများ တိုးချဲ့၍ အကောင်အထည်ဖော် တည်ဆောက်သွားရန်တို့ဖြစ်သည်။

**( ဂ ) လုပ်ငန်းစဉ်များမှာ -**

(၁) ၃၃ ကေဗွီ ဓာတ်အားလိုင်း (၁) လိုင်း တည်ဆောက်ခြင်း၊

(၂) ၃၃ ကေဗွီ ဓာတ်အားခွဲရုံ (၁) ရုံ တည်ဆောက်ခြင်းတို့ ဖြစ်သည်။

**၈။ ဆောက်လုပ်မှုကဏ္ဍတွင် -**

**(က) မူဝါဒများမှာ -**

(၁) ဆက်သွယ်သွားလာမှု လျင်မြန်စေရန်အတွက် ပဲခူးရိုးမဖြတ်ကျော်သည့် လမ်းများ အသစ်ဖောက်လုပ်ရေး၊

(၂) အရေးကြီးသော ပေ (၁၈၀) အထက် မြစ်ကူးတံတား (၆၄) စင်းအား ပြင်ဆင်ထိန်းသိမ်းရေး၊

(၃) နိုင်ငံတော်မှ ချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်ရေး လုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်း ဖြစ်စေမည့် နိုင်ငံတစ်ဝန်း မြို့ပြဖွံ့ဖြိုးရေးမူဝါဒများ (Urban Development Policy) နှင့် မြို့ပြမဟာဗျူဟာများ (Urban Development Strategies) များ ချမှတ်ဆောင်ရွက်ရေး၊

(၄) ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး အရေးသုံးပါးတွင် နေရေးအတွက် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများနှင့် မြို့ပြ စနစ်တကျဖွံ့ဖြိုးလာရေးအတွက် အဓိကထားဆောင်ရွက်ရေးတို့ ဖြစ်သည်။

**( ခ ) ရည်မှန်းချက်များမှာ -**

(၁) ဆောက်လုပ်ရေးကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ကာလတိုငါးနှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၂၀၁၁-၂၀၁၂ ခုနှစ်ထက် (၁၂. ၁) ရာခိုင်နှုန်း တိုးတက်ရရှိရန်၊

(၂) နိုင်ငံတကာနှင့်ဆက်သွယ်မည့် လမ်းများကို ယာဉ်သွားလမ်းအကျယ် (၂၄) ပေ၊ (၂) လမ်းသွားကတ္တရာကွန်ကရစ်လမ်းအဆင့်နှင့် အဆိုပါလမ်းပေါ်ရှိ တံတားများအား အမြဲတမ်းကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်ရန်၊

(၃) ဆောက်ရွက်ဆဲ ပြည်ထောင်စုလမ်းများအား ယာဉ်သွားလမ်းအကျယ် (၁၂) ပေ ကတ္တရာလမ်းနှင့် တံတားများကို ယာဉ်သွားလမ်းအကျယ် (၂၄) ပေ အမြဲတမ်းကွန်ကရစ်တံတားများအဖြစ် ဆောင်ရွက်ရန်၊

(၄) ပြည်သူများ၏ နေထိုင်မှု အခွင့်အလမ်းများ အစဉ်တိုးတက်မြင့်မားလာရေးနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးမှု (Socio Economic Development) ရရှိရေးအတွက် မြို့ပြများ စနစ်တကျဖွံ့ဖြိုးပြီး ပြည်သူများ၏ စီးပွားရေးတိုးတက်ကောင်းမွန်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် စက်မှုဇုန်များ စီမံကိန်းရေးဆွဲ တည်ဆောက်ရန်၊

(၅) တစ်နိုင်ငံလုံးအတိုင်းအတာအရ မြို့ပြနှင့်ကျေးလက်ဒေသများ စနစ်တကျဖွံ့ဖြိုး တိုးတက်ရေး၊ အိမ်ရာကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်အတန်း မြင့်မားလာစေရေး ဆောင်ရွက်ရန်တို့ဖြစ်သည်။

**(ဂ) လုပ်ငန်းစဉ်များမှာ -**

(၁) နိုင်ငံတကာနှင့်ဆက်သွယ်သည့် လမ်းမကြီး (၃) လမ်း၊ ဆောက်ရွက်ဆဲ ပြည်ထောင်စု လမ်းမကြီး (၂) လမ်းတို့အား ဆက်လက်ဆောင်ရွက်ခြင်း၊ ဆောင်ရွက်ပြီးလမ်းသစ် (၂) လမ်းတို့အား ပြင်ဆင်ထိန်းသိမ်းခြင်း၊

(၂) အမြဲတမ်းတံတားကြီးငယ် စုစုပေါင်း (၃၂၄၁) စင်းအား ပြင်ဆင်ထိန်းသိမ်းခြင်း၊

(၃) မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေး၊ အိမ်ရာဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာ၊ အတတ်ပညာ စဉ်ဆက်မပြတ် တိုးတက်မြင့်မားစေရန်၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ဘာသာရပ် ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး (Capacity Building) လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သွားရန် မြို့ပြဖွံ့ဖြိုးမှုဆိုင်ရာ သုတေသနသိပ္ပံ (URDI) ကို ကုလသမဂ္ဂ UN-Habitat ၏ အထောက်အပံ့ဖြင့် စတင်ထူထောင်ပြီး ပြည်တွင်းပြည်ပမှ ပညာရှင် များ၏ အကူအညီဖြင့် ရက်တိုသင်တန်းများ ဖွင့်လှစ်သင်ကြား ဆောင်ရွက်ခြင်း၊

(၄) တိုင်းဒေသကြီး/ မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေး၊ အိမ်ရာဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်သည့် အကူအညီများကို ရယူခြင်းတို့ဖြစ်သည်။

**၉။ ပို့ဆောင်ရေးကဏ္ဍတွင် -**

**(က) မူဝါဒများမှာ -**

(၁) ပို့ဆောင်ရေးကဏ္ဍတွင် ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်ရေး အတွက် ရေယာဉ်များ အသစ်တည်ဆောက်ခြင်း၊ လေယာဉ်များ အသစ်ဝယ်ယူခြင်းနှင့် အစားထိုးဖြည့်တင်းခြင်း ဆောင်ရွက်ရေး၊

(၂) နိုင်ငံတော်တစ်ဝန်း အမျိုးသားမီးရထားပို့ဆောင်ရေးကွန်ရက် (National Railway Network) ဖြစ်ထွန်းလာစေရေး၊

(၃) ရထားပို့ဆောင်မှုစနစ်တွင် ပါဝင်သည့် အစိတ်အပိုင်းအားလုံးကို ပြန်လည်သုံးသပ်၍ အရည်အသွေးမြှင့်တင်လျက် ပို့ဆောင်ရေးစွမ်းရည်မြင့်တက်လာရေး ဆောင်ရွက်ရေး၊

(၄) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး (Road Safety) နှင့် သယ်ယူပို့ဆောင် ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်၍ စနစ်တကျ ကြီးကြပ်ကွပ်ကဲရေးတို့ဖြစ်သည်။

**(ခ) ရည်မှန်းချက်များမှာ -**

(၁) ပို့ဆောင်ရေးကဏ္ဍ၏ အသားတင်ပို့ဆောင်မှုတန်ဖိုးကို ကာလတိုင်းနှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၂၀၁၁-၂၀၁၂ ခုနှစ်ထက် (၂.၂) ရာခိုင်နှုန်း တိုးတက်ရရှိရန်၊

(၂) ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုပမာဏအား နိုင်ငံတော်မှ ချမှတ်သည့် နှစ်စဉ် GDP တိုးတက်မှုနှုန်းထက် ပိုမိုရရှိအောင် ဆောင်ရွက်ရန်၊

(၃) နိုင်ငံတော်အတွက် နှစ်စဉ် အသားတင်ဘဏ္ဍာငွေများ တိုးတက်ရှာဖွေပေးရန် ဖြစ်သည်။ ကျောင်းများ တည်ထောင်ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးပြီး အလုပ်အကိုင် တိုးမြှင့်ရရှိရေး ဆောင်ရွက်ရန်တို့ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ -

(၁) ကမ္ဘာ့အဆင့်မီ ရေကြောင်းဆိုင်ရာကောလိပ်နှင့် တက္ကသိုလ်များ ပေါ်ထွန်းလာရေး၊ နိုင်ငံတကာအဆင့်မီသင်ကြားမှု၊ သင်ယူမှုအထောက်အကူပြု ပစ္စည်းများကို ထိရောက်စွာ အသုံးပြုသင်ကြားနိုင်ရေး၊ အရည်အချင်းပြည့်ဝသော ရေကြောင်းအရာရှိလောင်းများ မွေးထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(၂) ရထားလမ်းဟောင်းများအား ဇလီဖား၊ ကျောက်ဖြည့်တင်း၍ အဆင့်မြှင့်တင်ခြင်း၊ သံလမ်းဆက်စပ်ပစ္စည်းများနှင့် ကွန်ကရစ်ဇလီဖားများ၊ ကွန်ကရစ်တံတားဘောင်များ၊ သံမဏိတံတားဘောင်များ ထုတ်လုပ်ခြင်း၊ တိုးချဲ့လာသော ရထားလမ်းပိုင်းများတွင် အဆောက်အဦနှင့် အခြားလိုအပ်ချက်များ ဖြည့်တင်းဆောင်ရွက်ခြင်း၊

(၃) တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် ထပ်မံတည်ဆောက်မည့် ကွန်ကရစ်ဇလီဖားစက်ရုံ (၂) ရုံမှ ကွန်ကရစ်ဇလီဖားများ ထုတ်လုပ်ပြီး တစ်နိုင်ငံလုံးရှိ ရထားလမ်းဟောင်းများနှင့် အသစ်ဖောက်လုပ်မည့် ရထားလမ်းသစ်များတွင် အသုံးပြုခြင်း၊

(၄) စက်ခေါင်းသစ် တည်ဆောက်ရေးစက်ရုံနှင့် လူစီးတွဲသစ် တည်ဆောက်ရေး စက်ရုံတို့ကို တည်ဆောက်ပြီး လိုအပ်သောစက်ခေါင်းသစ်နှင့် လူစီးတွဲသစ်များ တည်ဆောက်ခြင်းတို့ဖြစ်သည်။

၁၀။ ဆက်သွယ်ရေးကဏ္ဍတွင် -

(က) မူဝါဒများမှာ -

(၁) စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခန်းကဏ္ဍအနေဖြင့် Public Private Partnership (PPP) ပုံစံဖြင့် ဆောင်ရွက်သွားရန် ရည်မှန်းချက်ထားရှိပြီး ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို ပိုမိုခွင့်ပြုဆောင်ရွက်ရေး၊

(၂) ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲထားရှိပြီးဖြစ်သော ဥပဒေများအပေါ် အတည်ပြုဆောင်ရွက်ခြင်းနှင့် လိုက်နာကျင့်သုံးခြင်းများ ဆောင်ရွက်ရေး။

(၃) ပြည်တွင်းဆက်သွယ်ရေးကဏ္ဍ၏ တည်ဆောက်မှုလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များအား ပါဝင်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပြီး IT ကဏ္ဍတွင် နိုင်ငံသားနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုအား အချိုးအစားမျှတစွာ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဆက်လက်ဖန်တီးပေးရေး၊

(၄) ကွန်ပျူတာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊

(၅) High Speed Internet Service အသုံးချနိုင်ရေးအတွက် ISP များ ထပ်မံတည်ဆောက်ခြင်းနှင့် နိုင်ငံတကာနှင့် ချိတ်ဆက်ထားသည့် International Bandwidth များ တိုးချဲ့သုံးစွဲနိုင်ရေး ဆောင်ရွက်ရေးတို့ဖြစ်သည်။

(ခ) ရည်မှန်းချက်များမှာ -

(၁) ဆက်သွယ်ရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးကို ကာလတိုငါးနှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၂၀၁၁-၂၀၁၂ ခုနှစ်ထက် (၃၁၈.၀) ရာခိုင်နှုန်း တိုးတက်ရရှိရေး၊

(၂) ဆက်သွယ်ရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်၏ ၄.၁၈ ဆ တိုးတက်ဖြစ်ပေါ်ရန်နှင့် တိုးတက်မှုနှုန်းအနေဖြင့် ၃၁၈.၀ ရာခိုင်နှုန်း ဖြစ်ပေါ်စေရန် ဆောင်ရွက်ရေး၊

(၃) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းတိုးချဲ့တပ်ဆင်သွားပြီး တယ်လီဖုန်းလုံးရေ (၁၄၄၃၂၀) နှင့် တယ်လီဖုန်းသိပ်သည်းဆ (၂. ၄) ရာခိုင်နှုန်းအထိ တိုးတက်စေရန်လည်းကောင်း၊ Internet User ကို (၂၉၈) အထိ တိုးတက်စေရန် ဆောင်ရွက်ရေးတို့ဖြစ်သည်။

**(ဂ) လုပ်ငန်းစဉ်များမှာ -**

(၁) မိုဘိုင်းတိုးချဲ့ရေးစီမံကိန်း ပထမနှစ်စီမံကိန်းကို ပြီးစီးအောင် ဆောင်ရွက်ပြီး ဒုတိယနှစ်စီမံကိန်းကိုလည်း တစ်ဆက်တစ်စပ်တည်း ဆက်လက်ဆောင်ရွက်ခြင်း၊

(၂) ကွန်ပျူတာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာပြန့်ပွားရေး Center များ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊

(၃) အော်တိုတယ်လီဖုန်းစနစ်အနေဖြင့် PSTN အိတ်ချိန်းများအား အဆင့်မြှင့် အိတ်ချိန်းများဖြစ်သော Softswitch များဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်း၊ Online Charging System (OCS) စနစ် တပ်ဆင်ခြင်း Multiplay Service အသုံးပြုနိုင်သော FTTH စနစ်အား ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၄) မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့သည်နှင့်အမျှ ပြည်ပတယ်လီဖုန်းခေါ်ဆိုမှုတွင် လွယ်ကူချောမွေ့စေရန်၊ အပြည်ပြည်ဆိုင်ရာ (International Gateway) အိတ်ချိန်းများ တိုးချဲ့ခြင်း၊

(၅) တိုးချဲ့ပြီးသော မိုဘိုင်တယ်လီဖုန်းများမှ High Speed Internet Services သုံးစွဲနိုင်ရေးအတွက် Internet Backbone များ တိုးချဲ့ခြင်းနှင့် ISP အသစ်တစ်ခု တပ်ဆင်ဆောင်ရွက်ခြင်း၊

(၆) Internet သုံးစွဲမှုတွင် လက်ရှိအသုံးပြုနေသော IPv4 စနစ်အား၊ IPv6 စနစ်သို့ ပြောင်းလဲသုံးစွဲနိုင်ရေး ရေးဆွဲဆောင်ရွက်ခြင်း၊

(၇) ပြည်နယ်နှင့်တိုင်းဒေသကြီး မြို့နယ်များအရောက် Fiber Cable ဆက်ကြောင်းများ တည်ဆောက်၍ လုံလောက်သော Bandwidth Capacity ရရှိရေး ဆောင်ရွက်မည့်အပြင် အရန်ဆက်ကြောင်းအဖြစ် GbE Micro ဆက်ကြောင်းများ တည်ဆောက်ခြင်း၊

(၈) စာပို့တိုက်လုပ်ငန်းတွင် ပြည်တွင်းအီလက်ထရောနစ် အမြန်ငွေပို့လွှာလုပ်ငန်း (Online Money Order) စနစ်အား ပြည်နယ်/တိုင်းဒေသကြီးများရှိ စာတိုက်ရုံး (၁၃၂) ရုံးတွင် စတင်ဆောင်ရွက်ခြင်း၊

(၉) စာပို့တိုက်လုပ်ငန်း၏ ပြည်တွင်းပြည်ပ ချောပို့ဆောင်ရေးလုပ်ငန်း (Corrier Services) ဝန်ဆောင်မှုလုပ်ငန်းများကို Public Private Partnership (PPP) ပုံစံဖြင့် ပုဂ္ဂလိကသို့ လုပ်ပိုင်ခွင့်များခွင့်ပြုပြီး ပူးပေါင်းဆောင်ရွက်ခြင်း၊

(၁၀) သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အရေးပေါ် ဆက်သွယ်မှုစနစ် Back-up System အဖြစ် ရေဒီယိုကြေးနန်းစနစ်ကို အဆင့်မြှင့်တင်ခြင်း၊ ကြေးနန်းရုံးအသစ်များ ဖွင့်လှစ်ခြင်း၊ ဖက်စ်ကြေးနန်းနှင့် ကွန်ပျူတာကြေးနန်း၊ e-Telegram ကြေးနန်းများ တိုးချဲ့ခြင်းတို့ဖြစ်သည်။

**၁၁။ ငွေရေးကြေးရေးကဏ္ဍတွင် -**

**(က) မူဝါဒမှာ** နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားရေး ဖြစ်သည်။

**( ခ ) ရည်မှန်းချက်များမှာ** -

(၁) ငွေရေးကြေးရေးကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုးကို ကာလတိုငါးနှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၂၀၁၁-၂၀၁၂ ခုနှစ်ထက် (၁၈. ၀) ရာခိုင်နှုန်း တိုးတက်ရရှိရန်၊

(၂) နိုင်ငံတော် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ငွေရေးကြေးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် တိုးတက်ပြောင်းလဲလာသော ငွေရေးကြေးရေးကဏ္ဍအား စည်းစနစ်တကျ ကြီးကြပ်ကွပ်ကဲမှု ပြုနိုင်ရေးအတွက် ရေးဆွဲထားသော ဥပဒေများ၊ နည်းဥပဒေများအား ပြုပြင်ရေးဆွဲရန်၊

(၃) ဥပဒေ၊ နည်းဥပဒေများ အသစ်ထပ်မံရေးဆွဲခြင်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ခြင်းများအား နိုင်ငံတကာအဆင့်အတန်းနှင့်အညီဖြစ်စေရေး ဆောင်ရွက်ရန်၊

(၄) နိုင်ငံတကာရှိ ဘဏ်လုပ်ငန်းများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်တို့ ဖြစ်သည်။

**( ဂ ) လုပ်ငန်းစဉ်များမှာ** -

(၁) အီလက်ထရောနစ်ဘဏ်လုပ်ငန်း အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊

(၂) ငွေကြေးစီးဆင်းမှု လွယ်ကူချောမွေ့အဆင်ပြေစေရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊

(၃) လုံခြုံရေးသတင်းကွန်ရက် တိုးချဲ့ဆောင်ရွက်ခြင်း၊

(၄) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ စနစ်တကျ ဖွဲ့စည်းပေါ်ပေါက်ရေးနှင့် ထိုအဖွဲ့အစည်းများအား စနစ်တကျ ကြီးကြပ်ကွပ်ကဲမည့် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၊ တိုင်းဒေသကြီး အသေးစား ငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီတို့ကို စနစ်တကျဖွဲ့စည်းကာ ကြပ်မတ်ဆောင်ရွက်ခြင်းတို့ဖြစ်သည်။

**၁၂။ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင်** -

**(က) မူဝါဒများမှာ** -

(၁) တစ်သက်တာသင်ယူမှုနှင့် စဉ်ဆက်ပညာရေး (Lifelong Learning and Continuing) ၏ အကျိုးတရားကို နားလည်လက်ခံပြီး နိုင်ငံတော်နှင့် မိမိဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အစဉ်လေ့လာသင်ယူနေသောအဖွဲ့အစည်းအဖြစ် ပေါ်ထွန်းလာရေး၊

(၂) မြို့ပေါ်နှင့် ကျေးလက်ဒေသများတွင် လေ့လာသင်ယူမှုအခွင့်အလမ်းများ တစ်ပြေးညီရရှိပြီး အသက်မွေးဝမ်းကျောင်းပညာအခြေခံဖြင့် ရွေးချယ်သင်ယူနိုင်စေရေး၊

(၃) သဘာဝအရင်းအမြစ်မှ ရရှိသောစွမ်းအင်များကို အသုံးချ၍ သုတေသနလုပ်ငန်းများ တိုးချဲ့ရေးတို့ဖြစ်သည်။

**( ခ ) ရည်မှန်းချက်များမှာ** -

(၁) အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရန်၊

(၂) ကျန်းမာရေးစနစ် အားဖြည့်ဆောင်ရွက်ခြင်းကို အလေးပေးဆောင်ရွက်ရန်၊

(၃) အလုပ်သမားများ ကျန်းမာမှု ကောင်းမွန်တိုးတက်စေ၍ အလုပ်လုပ်နိုင်သည့်စွမ်းအားမြင့်မားပြီး ကုန်ထုတ်လုပ်မှုတိုးတက်စေရန်တို့ ဖြစ်သည်။

**(ဂ) လုပ်ငန်းစဉ်များမှာ -**

(၁) အလုပ်မလုပ်နိုင်သည့်အခါ အလုပ်သမားနှင့် မိသားစုစားဝတ်နေရေးအတွက် ထောက်ပံ့မှုရရှိစေခြင်း

(၂) နိုင်ငံတော်အစိုးရ၏မူဝါဒနှင့် အကောင်အထည်ဖော်ရန်ရှိသည့် ရေတို၊ ရေရှည် လုပ်ငန်းများကို ပြည်သူများအား ပြန်ကြားအသိပေးခြင်း၊

(၃) ၂၀၁၅ ခုနှစ်မှာ ဖော်ဆောင်မည့် အာဆီယံအသိုက်အဝန်းထူထောင်ရေးလုပ်ငန်းစဉ် များကို ဖော်ဆောင်ခြင်းတို့ ဖြစ်သည်။

**၁၃။ ဝန်ဆောင်မှုကဏ္ဍတွင် -**

**မူဝါဒမှာ** အာဆီယံစီးပွားရေးအသိုက်အဝန်း ရည်မှန်းချက်များ ၂၀၁၅ ခုနှစ်တွင် ပြည့်မီရန် အတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကျွမ်းကျင်မှုဆိုင်ရာပညာအရည်အချင်းများကို အသိအမှတ်ပြုရေး၊ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးတို့ ဖြစ်သည်။

**၁၄။ ကုန်သွယ်မှုကဏ္ဍတွင် -**

**(က) မူဝါဒများမှာ -**

(၁) ပို့ကုန်တိုးမြှင့်ရေး ဦးစားပေးဆောင်ရွက်ရေး၊

(၂) ထပ်ဆင့်တိုးတန်ဖိုးရ ကုန်ချောပစ္စည်းများအဖြစ် တိုးချဲ့ထုတ်လုပ် တင်ပို့ရောင်းချရေး တို့ဖြစ်သည်။

## အခန်း (၅)

## အထွေထွေ

၆။ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းကို ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်သည်။

၇။ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ကွပ်ကဲမှုအောက်ရှိဌာနဆိုင်ရာများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သက်ဆိုင်သည့်ကဏ္ဍအလိုက် စီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ အစီအမံများ ချမှတ်ကျင့်သုံး ဆောင်ရွက်ရန် ဖြစ်သည်။

**ပဲခူးတိုင်းဒေသကြီး၏**
**၂၀၁၂-၂၀၁၃ ခုနှစ်၊ စီမံကိန်းအရ**
**ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | ကဏ္ဍကြီး | စီမံကိန်းရည်မှန်းချက် | | | | |
|---|---|---|---|---|---|---|
| | | ၂၀၁၁-၂၀၁၂ ခုနှစ် | | ၂၀၁၂-၂၀၁၃ ခုနှစ် | | |
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | လယ်ယာကဏ္ဍကြီး | ၁၄၆၄၆၃၈.၀ | ၃၉.၆ | ၁၄၉၉၀၀၄.၄ | ၃၇.၉ | ၂.၃ |
| ၂ | စက်မှုကဏ္ဍကြီး | ၈၆၄၂၅၉.၆ | ၂၃.၃ | ၉၆၁၆၈၂.၀ | ၂၄.၃ | ၁၁.၃ |
| ၃ | ဝန်ဆောင်မှုကဏ္ဍကြီး | ၁၃၇၂၃၂၅.၃ | ၃၇.၁ | ၁၄၉၃၉၂၀.၃ | ၃၇.၈ | ၈.၉ |
| ၄ | အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ၃၇၀၁၂၂၂.၉ | ၁၀၀.၀ | ၃၉၅၄၆၀၇.၇ | ၁၀၀.၀ | ၆.၈ |

# ပဲခူးတိုင်းဒေသကြီး၏
# ၂၀၁၂-၂၀၁၃ ခုနှစ်၊ စီမံကိန်းအရ
# ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
# (၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | စီမံကိန်းရည်မှန်းချက် | | | | |
|---|---|---|---|---|---|---|---|
| | | | ၂၀၁၁-၂၀၁၂ ခုနှစ် | | ၂၀၁၂-၂၀၁၃ ခုနှစ် | | |
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၁၄၆၄၆၃၈. ၀** | **၃၉. ၆** | **၁၄၉၉၀၀၄. ၄** | **၃၇. ၉** | **၂. ၃** |
| | ၁ | လယ်ယာ | ၁၀၅၇၇၀၀. ၈ | ၂၈. ၆ | ၁၀၆၆၂၀၈. ၇ | ၂၇. ၀ | ၀. ၈ |
| | ၂ | သားငါး | ၃၈၁၇၄၁. ၁ | ၁၀. ၃ | ၄၀၇၅၁၄. ၈ | ၁၀. ၃ | ၆. ၈ |
| | ၃ | သစ်တော | ၂၅၁၉၆. ၁ | ၀. ၇ | ၂၅၂၈၀. ၉ | ၀. ၆ | ၀. ၃ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၈၆၄၂၅၉. ၆** | **၂၃. ၃** | **၉၆၁၆၈၂. ၀** | **၂၄. ၃** | **၁၁. ၃** |
| | ၁ | စွမ်းအင် | ၁၈၇. ၁ | ၀. ၀၁ | ၄၁၆. ၄ | ၀. ၀၁ | ၁၂၂. ၆ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၁၅၀၅. ၃ | ၀. ၃ | ၁၁၅၇၈. ၁ | ၀. ၃ | ၀. ၆ |
| | ၃ | စက်မှုလက်မှု | ၇၁၀၀၉၆. ၂ | ၁၉. ၂ | ၇၉၀၆၇၃. ၃ | ၂၀. ၀ | ၁၁. ၃ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၂၂၇၅၇. ၄ | ၀. ၆ | ၂၄၇၈၁. ၆ | ၀. ၆ | ၈. ၉ |
| | ၅ | ဆောက်လုပ်မှု | ၁၁၉၇၁၃. ၆ | ၃. ၂ | ၁၃၄၂၃၂. ၆ | ၃. ၄ | ၁၂. ၁ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁၃၇၂၃၂၅. ၃** | **၃၇. ၁** | **၁၄၉၃၉၂၁. ၃** | **၃၇. ၈** | **၈. ၉** |
| | ၁ | ပို့ဆောင်ရေး | ၅၁၂၆၉၄. ၅ | ၁၃. ၈ | ၅၂၃၇၆၈. ၇ | ၁၃. ၃ | ၂. ၂ |
| | ၂ | ဆက်သွယ်ရေး | ၁၉၂၇၈. ၃ | ၀. ၅ | ၈၀၅၇၉. ၄ | ၂. ၀ | ၃၁၈. ၀ |
| | ၃ | ငွေရေးကြေးရေး | ၃၆၀၉. ၈ | ၀. ၁ | ၄၂၅၉. ၆ | ၀. ၁ | ၁၈. ၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၅၀၇၆၂. ၉ | ၁. ၄ | ၅၁၂၄၉. ၄ | ၁. ၃ | ၁. ၀ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၈၀၆၀၂. ၁ | ၂. ၂ | ၉၁၀၄၀. ၄ | ၂. ၃ | ၁၃. ၀ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၇၀၅၃၇၇. ၇ | ၁၉. ၁ | ၇၄၃၀၂၃. ၈ | ၁၈. ၈ | ၅. ၃ |
| ၄ | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၃၇၀၁၂၂၂. ၉** | **၁၀၀. ၀** | **၃၉၅၄၆၀၇. ၇** | **၁၀၀. ၀** | **၆. ၈** |

# ပဲခူးတိုင်းဒေသကြီး၏
# ၂၀၁၂-၂၀၁၃ ခုနှစ်၊ စီမံကိန်းအရ
# ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
# (၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | စီမံကိန်းရည်မှန်းချက် | | | | |
|---|---|---|---|---|---|---|---|
| | | | ၂၀၁၁-၂၀၁၂ ခုနှစ် | | ၂၀၁၂-၂၀၁၃ ခုနှစ် | | |
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၂၃၂၈၈၉၇. ၆** | **၆၂. ၉** | **၂၄၆၀၆၈၆. ၄** | **၆၂. ၂** | **၅. ၇** |
| | ၁ | လယ်ယာ | ၁၀၅၇၇၀၀. ၈ | ၂၈. ၆ | ၁၀၆၆၂၀၈. ၇ | ၂၇. ၀ | ၀. ၈ |
| | ၂ | သားငါး | ၃၈၁၇၄၁. ၁ | ၁၀. ၃ | ၄၀၇၅၁၄. ၈ | ၁၀. ၃ | ၆. ၈ |
| | ၃ | သစ်တော | ၂၅၁၉၆. ၁ | ၀. ၇ | ၂၅၂၈၀. ၉ | ၀. ၆ | ၀. ၃ |
| | ၄ | စွမ်းအင် | ၁၈၇. ၁ | ၀. ၀၁ | ၄၁၆. ၄ | ၀. ၀၁ | ၁၂၂. ၆ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၁၅၀၅. ၃ | ၀. ၃ | ၁၁၅၇၈. ၁ | ၀. ၃ | ၀. ၆ |
| | ၆ | စက်မှုလက်မှု | ၇၁၀၀၉၆. ၂ | ၁၉. ၂ | ၇၉၀၆၇၃. ၃ | ၂၀. ၀ | ၁၁. ၃ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၂၂၇၅၇. ၄ | ၀. ၆ | ၂၄၇၈၁. ၆ | ၀. ၆ | ၈. ၉ |
| | ၈ | ဆောက်လုပ်မှု | ၁၁၉၇၁၃. ၆ | ၃. ၂ | ၁၃၄၂၃၂. ၆ | ၃. ၄ | ၁၂. ၁ |
| ၂ | | **ဝန်ဆောင်မှု** | **၆၆၆၉၄၇. ၆** | **၁၈. ၀** | **၇၅၀၈၉၇. ၅** | **၁၉. ၀** | **၁၂. ၆** |
| | ၁ | ပို့ဆောင်ရေး | ၅၁၂၆၉၄. ၅ | ၁၃. ၈ | ၅၂၃၇၆၈. ၇ | ၁၃. ၃ | ၂. ၂ |
| | ၂ | ဆက်သွယ်ရေး | ၁၉၂၇၈. ၃ | ၀. ၅ | ၈၀၅၇၉. ၄ | ၂. ၀ | ၃၁၈. ၀ |
| | ၃ | ငွေရေးကြေးရေး | ၃၆၀၉. ၈ | ၀. ၁ | ၄၂၅၉. ၆ | ၀. ၁ | ၁၈. ၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၅၀၇၆၂. ၉ | ၁. ၄ | ၅၁၂၄၉. ၄ | ၁. ၃ | ၁. ၀ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၈၀၆၀၂. ၁ | ၂. ၂ | ၉၁၀၄၀. ၄ | ၂. ၃ | ၁၃. ၀ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၇၀၅၃၇၇. ၇** | **၁၉. ၁** | **၇၄၃၀၂၃. ၈** | **၁၈. ၈** | **၅. ၃** |
| ၄ | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၃၇၀၁၂၂၂. ၉** | **၁၀၀. ၀** | **၃၉၅၄၆၀၇. ၇** | **၁၀၀. ၀** | **၆. ၈** |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၂)**

ပဲခူးတိုင်း၊ ၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၈ ရက် )

**၂၀၁၂ ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး၏**
**နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို ထုတ်ပြန်ကြေညာခြင်း**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ ပေးပို့သော ၂၀၁၂ ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ ၁၅၀ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

မောင်မောင်သန်း၊
လွှတ်တော်ရုံးအကြီးအမှူး၊
ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**၂၀၁၂ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်း**
**( ၂၀၁၂ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် )**

၁၃၇၃ ခုနှစ်၊ လ ရက်

( ၂၀၁၂ ခုနှစ်၊ လ ရက် )

ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အကျိုးသက်ရောက်သည့်ကာလ**

၁။ (က) ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

## အခန်း (၂)

## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့်စီမံခန့်ခွဲခြင်း

၂။ (က) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဇယား(၁) တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည် ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ (၂) ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားတာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## ပဲခူးတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများ

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၄ | ပြည်ထဲရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | ၁၇. ၄၉၀ | | | |
| ၂ | ၁၀ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | ၃၀. ၆၃၃ | | | | | | |
| ၃ | ၁၇ | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၈. ၀၇၄ | | | | | | |
| | | ပေါင်း | | ၃၈. ၇၀၇ | | | ၁၇. ၄၉၀ | | | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ကရင်ပြည်နယ်လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၂)**

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် )

**ကရင်ပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊**
**ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးဦးနိုင်မင်းစိုးသိန်းက ကရင်ပြည်နယ်လွှတ်တော်သို့ ပေးပို့ထားသော ကရင်ပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၇ (က) အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ဇော်လွင်ဦး၊
ခေတ္တလွှတ်တော်ရုံးအကြီးအမှူး၊
ကရင်ပြည်နယ်လွှတ်တော်ရုံး။

## ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ ကရင်ပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေကြမ်း

**( ၂၀　　ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ်　　။ )**

၁၃　ခုနှစ်၊　　　　လ　　ရက်

( ၂၀　ခုနှစ်၊　　　လ　　ရက် )

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅၁ အရ ကရင်ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ ပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်းသည့်စီမံကိန်းများကို ကရင်ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ ပြည်နယ်လွှတ်တော်သို့တင်သွင်းသော ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။　ဤဥပဒေကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ ကရင်ပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။　ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာနှစ်အတွက် ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း တစ်ပြည်နယ်လုံး အတိုင်းအတာအရ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သောလုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(ခ) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိကမျှော်မှန်းချက်များကို ဆိုသည်။

(ဂ) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့် အချက်အလက်များကို ဆိုသည်။

(ဃ) **အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များပြည့်မီရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းနှင့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆိုသည်။

(င) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ်တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့်ခုနှစ်ကို ဆိုသည်။

(စ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(ဆ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(ဇ) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍများကို ဆိုသည်။

(ဈ) **ကဏ္ဍကြီး**ဆိုသည်မှာ ကရင်ပြည်နယ်အနေဖြင့် စွမ်းအင်ကဏ္ဍမှအပ စီးပွားရေးကဏ္ဍ (၁၃) ခုကို လုပ်ငန်းသဘောသဘာဝ တူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းတို့တွင် လယ်ယာကဏ္ဍကြီး၌ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ၊ စက်မှုကဏ္ဍကြီး၌ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ၊ ဝန်ဆောင်မှုကဏ္ဍကြီး၌ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုနှင့် ကုန်သွယ်မှုကဏ္ဍများ ပါဝင်ဖွဲ့စည်းထားခြင်းကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊

(ခ) ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ခြင်းအပြင် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ စက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊

(ဂ) ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး အစရှိသည့် လူမှုစီးပွားတိုးတက် ဖွံ့ဖြိုးရေးနှင့် ကုန်သွယ်မှုကို တိုးမြှင့်ဆောင်ရွက်ရေး၊

(ဃ) ပြည်သူများ အလုပ်လက်မဲ့နည်းပါးစေရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး၊

## အခန်း (၃)
## စီမံကိန်းလျာထားချက်

၅။ ကရင်ပြည်နယ်အစိုးရမှချမှတ်သော မူဝါဒများနှင့်အညီ အောက်ပါအတိုင်း စီမံကိန်းလျာထားချက်များ ထားရှိဆောင်ရွက်ပါသည် -

(က) စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၇. ၉ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ်အပေါ် အဆအားဖြင့် ၁. ၀၈ ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်၊

(ခ) လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၁. ၀ ရာခိုင်နှုန်းမှ ၃၉. ၈ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၁. ၁ ရာခိုင်နှုန်းမှ ၂၁. ၉ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၇. ၉ ရာခိုင်နှုန်းမှ ၃၈. ၃ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးပြောင်းလဲဖြစ်ပေါ်စေရန်၊

(ဂ) လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၄. ၉ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၁၁. ၇ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၉. ၀ ရာခိုင်နှုန်း အသီးသီး တိုးတက်စေရန်၊

(ဃ) လူနေမှုအဆင့်အတန်း မြင့်မားရေးနှင့် အရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်။

## အခန်း (၄)
## ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်

၆။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ရေး၊

(၂) လေ့ကျင့်ပညာပေးရေး၊

(၃) သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လယ်ယာကဏ္ဍဆိုင်ရာ ကိန်းဂဏန်းများ မှန်ကန်ရေး၊ အထူးသဖြင့် မြေကြီးမြေပုံနှင့် သီးနှံစိုက်ဧရိယာများမှန်ကန်ရေးကို ဆောင်ရွက်ရန်၊

(၂) စပ်မျိုးစပါးစေ့များ ထုတ်လုပ်သွားရန်၊

(၃) ကြံ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ စသည့် သီးနှံများတွင်လည်း အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးသွားရန်၊

(၄) စံပြစက်မှုလယ်ယာကွက်များ ဖော်ထုတ်သွားရန်၊

(၅) အကျိုးပြုဧရိယာ နွေစပါးဧက ၃၀၀၀ နှင့် အခြားသီးနှံဧက ၃၀၀၀ စိုက်ပျိုးနိုင်သော ရေဘုတ်ဆည်မြောင်းတာတမံစီမံကိန်းအား တည်ဆောက်သွားရန်၊

(၆) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများ ဆောင်ရွက်သွားရန်၊

(၇) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးသွားရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြေကြီး၊ မြေပုံနှင့် မြေစာရင်းမှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများ ထုတ်လုပ်အသုံးပြုနိုင်ရေးနှင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်ဧရိယာများစာရင်းကောက်ယူရေးလုပ်ငန်းများကို အထူးဦးစားပေးဆောင်ရွက်ရန်၊

(၂) စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ခြင်းကို တိုးတက်ဆောင်ရွက်သွားပါမည်။ ပြည်နယ်အတွင်း ဧက ၁၅၀ စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်သွားနိုင်ရေးအတွက် ဆောင်ရွက်ရန်၊

(၃) ရေမြေဒေသနှင့်ကိုက်ညီသော သီးနှံမျိုးများ၊ စပါးမျိုးများ၊ သုတေသနစမ်းသပ်ဆောင်ရွက်ရန်၊

(၄) တောင်သူပညာပေးလုပ်ငန်းများ၊ ခေတ်မီလယ်ယာသုံးစက်ကိရိယာ ကိုင်တွယ်အသုံးပြုနည်း သင်တန်းများ ဆောင်ရွက်ရန်၊

(၅) ရေဘုတ် ရေလှောင်တမံ ပြီးစီးပါက နွေစပါးစိုက်ဧက ၃၀၀၀ နှင့် အခြားသီးနှံအကျိုးပြုဧရိယာ ဧက ၃၀၀၀ စိုက်ပျိုးရရှိအောင် ဆောင်ရွက်ရန်၊

(၆) မြစ်ရေတင်လုပ်ငန်း ၇ ခုဖြင့် အကျိုးပြုဧရိယာ ၈၆၀၀ ဧကရရှိရေး ဆောင်ရွက်ရန်၊

(၇) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများ ဆောင်ရွက်ရန်၊

(၈) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးရန်။

၇။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ ငါးနှစ်စီမံကိန်း ဦးတည်ချက်များအရ သတ်မှတ်ထားသည့် စီမံကိန်း ပထမနှစ် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ လျာထားချက်များကို ပြည့်မီအောင်ဆောင်ရွက်ရေးဖြစ်သည်။

(ခ) ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ရည်မှန်းချက်တွင် ငါးပုစွန်ထုတ်လုပ်မှုကို အခြေခံနှစ်၏ ၆. ၈ ရာခိုင်နှုန်း တိုးတက်ရရှိစေရန်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အသားကဏ္ဍ တိုးတက်ရေးတွင် မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များ မွေးမြူနိုင်ရေး၊ ပြည်တွင်းပြည်ပမှ အရင်းအနှီးနှင့် နည်းပညာများ ရယူဆောင်ရွက်ခြင်းအပြင် မွေးမြူရေးချေးငွေရရှိနိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ရန်၊

(၂) နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီသည့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း ထုတ်လုပ်နိုင်ရေးအတွက် တိရစ္ဆာန်ကူးစက်ရောဂါများကို ကာကွယ်ထိန်းချုပ်နိုင်ရန်၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(၃) ဌာနပိုင် အကျိုးအမြတ်မရနိုင်သည့် မွေးမြူရေးခြံများအား လုပ်ငန်းလျှော့ချ၍ အကျိုးအမြတ်သေချာသည့် မွေးမြူရေးလုပ်ငန်းများတွင် တိုးချဲ့ဆောင်ရွက်ရန်၊

(၄) အရည်အသွေးကောင်း မျိုးအောင်ပျားဘုရင်မများ မွေးမြူထုတ်လုပ်ဖြန့်ဖြူးရေး၊ သက်ဆိုင်သည့်ဌာနအပြင် ပုဂ္ဂလိကပျားစခန်းများ တိုးပွားရေးနှင့် ပျားအုံများကို စစ်ဆေးကြပ်မတ်ရေး ဆောင်ရွက်ရန်၊

(၅) ပျားရည်နှင့် ပျားထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်ရေးနှင့် ပြည်ပသို့ ပျားရည်တိုးချဲ့တင်ပို့နိုင်ရေး ဆောင်ရွက်ရန်၊

(၆) အင်းများတွင် ငါးမျိုးများ ချန်လှပ်၍ ဖမ်းဆီးရေးကိုအခြေခံသော မွေးမြူရေးစနစ်ဖြင့် ငါးမွေးမြူသွားမည်ဖြစ်ပြီး ငါးထုတ်လုပ်မှုတိုးတက်စေရေးအတွက် စပါးခင်းများနှင့် မြစ်ချောင်းရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်မှုလုပ်ငန်းအား တိုးချဲ့ဆောင်ရွက်ရန်၊

(၇) နိုင်ငံခြားငွေ တိုးတက်ရရှိရေးအတွက် ပြည်ပသို့ ငါးပုစွန်တိုးချဲ့တင်ပို့နိုင်ရေး ပုဂ္ဂလိက လုပ်ငန်းရှင်များအား ကူညီပံ့ပိုး၍ တွန်းအားပေးဆောင်ရွက်ရန်၊

(၈) နိုင်ငံခြားဈေးကွက်တွင် ဈေးကောင်းရရှိပြီး နိုင်ငံခြားငွေများ ရှာဖွေပေးနိုင်မည့် ကဏန်းပျော့ မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းများအား တိုးတက်ဖွံ့ဖြိုးလာအောင်ဆောင်ရွက်ရန်၊

(၉) ပြည်ပသို့ တင်ပို့သော ရေထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်မှုအား မြှင့်တင်ရန်၊ အပြည်ပြည် ဆိုင်ရာတွင် ကျင့်သုံးနေသောစနစ်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၁၀) ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်ပိုင်တစ်နိုင်ဟင်းစားမှ စီးပွားဖြစ်မွေးမြူရေး အစု အဖွဲ့များအဖြစ်သို့ တိုးချဲ့ဖွဲ့စည်းခြင်း၊ ပေါင်းစည်းလယ်ယာများကို တိုးတက်ဆောင်ရွက် ခြင်းဖြင့် ကျေးလက်နေပြည်သူများအတွက် မိသားစုအပိုဝင်ငွေရရှိစေရေး ဆောင်ရွက်ရန်။

၈။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေ၊ မြေ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝ တောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတု မျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး၊ ကျေးလက်နေပြည်သူတို့၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရေး၊

(၂) သစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေး၊

(၃) သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံ စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊

(၄) သစ်တောကဏ္ဍစွမ်းဆောင်ရည် တိုးတက်မြင့်မားရန် ကြိုးပမ်းဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည်ဖွံ့ဖြိုး တိုးတက်မှုများရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်ရန်၊

(၂) ကြိုးဝိုင်း ကြိုးပြင်ကာကွယ်တောများ၊ သဘာဝနယ်မြေများ တိုးချဲ့ဖွဲ့စည်းသတ်မှတ်ရန်၊

(၃) ဒေသအတွင်းရှိ သဘာဝတောကျန်များကို ပြုစုထိန်းသိမ်းရန်၊

(၄) ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်နှင့် ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့စေရေး အတွက် ရေဝေရေလဲစိုက်ခင်းများ တည်ထောင်ရန်၊

(၅) ဒေသစိမ်းလန်းစိုပြည်ရေးအတွက် သစ်တောစိုက်ခင်းများ တည်ထောင်ထိန်းသိမ်းရန်၊

(၆) ဒေသအတွင်းရှိ တောင်စဉ်တောင်တန်းများ စိမ်းလန်းစိုပြည်လာစေရေးအတွက် စီမံချက်ဖြင့် ဆောင်ရွက်ရန်၊

(၇) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေးစိုက်ခင်းများ တည်ထောင်ရန်၊

(၈) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ထင်းအစား အခြား လောင်စာသုံးစွဲရေးကို ဦးတည်လျက် စွမ်းအားမြင့် မီးဖိုများ၊ လောင်စာတောင့်များနှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲလာရေးကို စည်းရုံးဆောင်ရွက်ရန်၊

(၉) ဒေသတွင်း မြေဆီလွှာတိုက်စားခြင်း၊ မြေအဆင့်အတန်းနိမ့်ကျခြင်းမှ ကာကွယ်နိုင်ရေး အတွက် နုန်းတားဆည်ငယ်များ တည်ဆောက်သွားရန်နှင့် ကျေးလက်ပြည်သူ သောက်သုံးရေ ဖူလုံစေရေးအတွက် ရေကန်ငယ်များ တူးဖော်ရန်၊

(၁၀) ကျေးလက်ပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး အတွက် သစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ရန်၊

(၁၁) နှစ်စဉ်လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များ စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင် ၁၀ သိန်း ဖြန့်ဝေ စိုက်ပျိုးရန်၊

(၁၂) သစ်တောထိန်းသိမ်းမှုလုပ်ငန်းများတွင် ပြည်သူအများ ပူးပေါင်းပါဝင်လာစေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၁၃) ကျွန်းနှင့်သစ်မာများကို နှစ်စဉ် သစ်တောထွက်အပေါ် အခြေခံ၍ စိစစ်ထုတ်လုပ်ရန်၊

(၁၄) သစ်မဟုတ်သည့် အခြားသစ်တောထွက်ပစ္စည်းများကို စီမံကိန်းလျာထားချက်ဘောင်အတွင်းမှ ထုတ်ယူသုံးစွဲစေရန်၊

(၁၅) ခေတ်မီစက်ယန္တရားဖြင့် သစ်ထုတ်ရေးအင်အားတိုးမြှင့်သွားရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သည့် ဆင်ဖြင့် သစ်ထုတ်နည်းစနစ်ကို ဆက်လက်ဆောင်ရွက်ရန်၊

(၁၆) သစ်ထုတ်လမ်းများ ဖောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးနည်းစနစ်များ ကောင်းမွန် အောင် ဆောင်ရွက်ရန်၊

(၁၇) သစ်မထုတ်မီနှင့် သစ်ထုတ်ပြီးကာလ သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှုအား လေ့လာဆန်းစစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှု သက်သာစေသော သစ်ထုတ်နည်းလမ်း များကို လိုက်နာဆောင်ရွက်ရန်၊

(၁၈) ရောင်းတန်းဝင်သစ်မျိုးနှင့်အတူ လူသုံးနည်း သစ်မျိုးများကို တွဲဖက်ထုတ်လုပ်ရန်၊

(၁၉) သစ်တစ်ပင်လုံး အသုံးချနိုင်ရေးနှင့် သစ်မျိုးစုံအသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၂၀) နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်းတွင် သစ်အခြေခံစက်မှုလုပ်ငန်း ဟန်ချက်ညီညီ ဖွံ့ဖြိုး တိုးတက်လာစေရန်၊

(၂၁) သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်သော သစ်လုံး ကုန်ကြမ်းရရှိရေး စီမံဆောင်ရွက်ရန်၊

(၂၂) ဖက်စပ်အပါအဝင် ပုဂ္ဂလိကသစ်အခြေခံစက်ရုံများအတွက် လိုအပ်သော သစ်လုံး၊ ခွဲသား ကုန်ကြမ်းများ ရောင်းချပေးရန်၊

(၂၃) သစ်အခြေခံစက်မှုလုပ်ငန်း ထွက်ကုန်အမည်သစ်များ ထုတ်လုပ်မည့်စက်ရုံ၊ အလုပ်ရုံသစ်များ ပေါ်ထွန်းလာသည်နှင့်အမျှ ပြည်တွင်းအလုပ်သမားများအတွက် ခေတ်မီနည်းပညာသစ်များ ရရှိလာစေရေး ဆောင်ရွက်ရန်၊

(၂၄) လူသုံးနည်းသစ်များကို နည်းပညာသစ်များအသုံးပြု၍ အဆင့်မီကုန်ချောများထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၂၅) သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံမှန်လုပ်ငန်းခွင်သင်တန်းများအပြင် သစ်တော ဘာသာရပ်ဆိုင်ရာ သင်တန်းများကို လိုအပ်ချက်များနှင့်အညီ ဖွင့်လှစ်ပို့ချသွားရန်၊ ပြည်တွင်း ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ ဝန်ထမ်းများအား စေလွှတ်ရန်။

၉။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော်၏ သတ္တုသိုက်များအား ခေတ်မီနည်းပညာများဖြင့် အဆင့်မြင့်တင်၍ လေလွင့်ဆုံးရှုံးမှုအနည်းဆုံးနှင့် အရည်အသွေးပြည့်မီစွာထုတ်လုပ်နိုင်ရန် ရေးရှုဆောင်ရွက်ရေး၊

(၂) ပုဂ္ဂလိကပိုင်ကဏ္ဍမြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင်သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရန် အားပေးဆောင်ရွက်ရေး၊

(၃) ကျယ်ပြန့်ထွန်းကားလာသည့် ဈေးကွက်စီးပွားရေးနှင့်အညီ သတ္တုထုတ်လုပ်မှုနှင့် ကျောက်မျက်ရတနာဈေးကွက်များ ပြည်တွင်း၌ အခြေခိုင်မာပေါ်ပေါက်ပြီး ထိုက်သင့်သည့် ဈေးနှုန်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) သတ္တုသယံဇာတပစ္စည်းများ သုံးစွဲရာတွင် ပြည်ပမှတင်သွင်းရသည့် သတ္တုများကို ပြည်တွင်း၌ ပိုမိုထုတ်လုပ်အစားထိုးရေး၊

(၅) နိုင်ငံတော်၏ လုံခြုံရေးနှင့်စစ်ရေး၌ အရေးပါသည့် မဟာဗျူဟာမြောက်သတ္တုများကို စနစ်တကျ ထုတ်လုပ်စုဆောင်းထားရှိရေး၊

(၆) သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းပျက်စီးမှုမရှိစေရန် အလေးထားဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နှစ်စဉ် စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် မြေပေါ်မြေအောက် သယံဇာတသတ္တုသိုက်များ တိုးတက်ရှာဖွေထုတ်လုပ်ပြီး နိုင်ငံတော်နှင့်ပြည်နယ်တို့အတွက် ဝင်ငွေတိုးတက်စေရေး အထောက်အကူပြုဆောင်ရွက်ရန်၊

(၂) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ သတ္တုကဏ္ဍနှင့် ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့်သတ္တုတွင်းများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ မြှင့်တင်ကူးပြောင်း၍ အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်ရန်၊

(၃) ပုဂ္ဂလိကပိုင် သတ္တုမျိုးစုံထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးစေရေးရန် သတ္တုထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့်နည်းပညာများ ပံ့ပိုးခြင်းနှင့်လုပ်ငန်းသုံးခေတ်မီပစ္စည်းများ ပံ့ပိုးကူညီခြင်းစသည့် လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၄) ပြည်နယ်အတွင်း၌ပင် ကျောက်မျက်ရတနာဈေးကွက် ဖြစ်ထွန်းပေါ်ပေါက်၍ ရေရှည်တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းပြီး နိုင်ငံတော်နှင့် ပြည်နယ်တို့အတွက် နိုင်ငံခြားသုံးငွေနှင့်ပြည်တွင်းသုံးငွေများ တိုးတက်ရှာဖွေပေးနိုင်ရေးနည်းလမ်းများ ရှာဖွေဆောင်ရွက်ရန်၊

(၅) အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီသည့်သတ္တုများကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ထုတ်လုပ်ပြီး တိုးတက်ရောင်းချနိုင်ရေး ဆောင်ရွက်ရန်၊

(၆) သတ္တုထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှု မရှိရေး ဟန်ချက်ညီညီ အလေးထားဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သတ္တုကဏ္ဍနှင့် နိုင်ငံတော်၏ စီးပွားရေးရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ ကူးပြောင်း၍ အကျိုးတူပူးပေါင်းဆောင်ရွက်ရန်၊

(၂) ဈေးကွက်စီးပွားရေးစနစ်အရ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်၊

(၃) မြေပေါ်မြေအောက် သယံဇာတများကို ပိုမိုတိုးတက်ထုတ်လုပ်ပြီး နိုင်ငံတော်နှင့် ပြည်နယ်ဝင်ငွေ တိုးတက်စေရေး စီမံဆောင်ရွက်ရန်၊

(၄) အကျိုးတူလုပ်ကိုင်သော သတ္တုတွင်း၊ စက်ရုံ၊ အလုပ်ရုံများအား သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြီးကြပ်စီမံကွပ်ကဲဆောင်ရွက်ရန်၊

(၅) ခွင့်ပြုမိန့်ချမှတ်ပေးထားသော ပုဂ္ဂလိက လုပ်ငန်းရှင်များက နိုင်ငံတော်နှင့်ပြည်နယ်သို့ ပေးသွင်းရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေးဆောင်ရွက်ရန်။

၁၀။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုကဏ္ဍတွင် ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းသောစက်ရုံများ ပိုမိုတိုးတက်လာရေး ဆောင်ရွက်ရန်နှင့် အကျိုးရှိပြီး ထိရောက်စွာသုံးစွဲရန် တွန်းအားပေးဆောင်ရွက်ရေး၊

(၂) လယ်ယာစိုက်ပျိုးရေးကိုအခြေခံသော စက်မှုနိုင်ငံအဖြစ် ကူးပြောင်းရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး၊

(၃) စက်မှုလက်မှုကုန်စည်များကို ပြည်တွင်းတွင် ပိုမိုသုံးစွဲလာရန်နှင့် ပြည်ပသို့ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့နိုင်ရန် အရည်အသွေးမြင့်မားသည့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေး၊

(၄) စက်မှုလက်မှုကဏ္ဍတွင် နည်းပညာ၊ အတတ်ပညာ၊ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်ရေး၊

(၅) စက်မှုလုပ်ငန်းနယ်ပယ်များတွင် ကုန်ကြမ်းစက်ရုံများ၊ အခြေခံစက်ရုံများ၏ ထုတ်လုပ်မှုနည်းစနစ်နှင့် အတွေ့အကြုံများကို ဗဟိုဖွံ့ဖြိုးရေးသုတေသနဌာနများမှ သုတေသနလုပ်ငန်းများနှင့်ပေါင်းစပ်၍ အဆင့်မြင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရန်နှင့် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ဖြစ်ထွန်းရေး၊

(၆) ပြည်သူလူထု၏ စီးပွားရေးနှင့် လူမှုရေးဘဝ တိုးတက်မြင့်မားရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ပိုမိုမြှင့်တင်ရန်၊

(၂) စက်မှုလုပ်ငန်းနယ်ပယ်တွင် ပါဝင်သည့် စက်ရုံများအတွက် လိုအပ်သော စက်ရုံ အဆောက်အဦများ တည်ဆောက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုကဏ္ဍနှင့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အလို့ငှာ နိုင်ငံပိုင် စက်မှုလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍနှင့်ပူးပေါင်းခြင်းနည်းလမ်း၊ ပုဂ္ဂလိကကဏ္ဍသို့ စနစ်တကျ လွှဲပြောင်းပေးခြင်းနည်းလမ်းများကိုကျင့်သုံး၍ နိုင်ငံပိုင်ကဏ္ဍကို ဖြည်းဖြည်းချင်း လျှော့ချသွားပြီး ဈေးကွက်တွင် လိုအပ်သည့်ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာထုတ်လုပ်ရန်၊

(၂) လေလွင့်ဆုံးရှုံးမှုနည်းပါးရေးအတွက် စနစ်တကျစီမံခန့်ခွဲရန်၊

(၃) နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု စက်မှုနည်းပညာနှင့် စီမံခန့်ခွဲမှုအတတ်ပညာများ စီးဝင်လာစေရေး တိုးမြှင့်ဆောင်ရွက်ရန်၊

(၄) စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များ အဆက်အစပ်မိမိဖြင့် အပြန်အလှန် ညှိနှိုင်းဆောင်ရွက်ရန်၊

(၅) လယ်ယာအထောက်အကူပြုစက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်ရန်၊

(၆) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှုလုပ်ငန်းများအဖြစ် ကြပ်မတ်စစ်ဆေးရန်၊

(၇) ဘားအံစက်မှုဇုန်၏ စက်ရုံအဆောက်အဦများအတွက် အကြိုအင်ဂျင်နီယာလုပ်ငန်းများနှင့် မြေဖို့ မြေဖြတ်လုပ်ငန်းများပြီးစီးရေး ကြီးကြပ်ဆောင်ရွက်ရန်။

၁၁။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပဉ္စမကာလတို ၄၊နှစ်စီမံကိန်းကာလအတွင်း တိုးတက်ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်ဓာတ်အားကို ပြည်နယ်အတွင်းရှိမြို့များသို့ သယ်ပို့ဖြန့်ဖြူးနိုင်ရန် နိုင်ငံတော် ဓာတ်အားစနစ်အတွင်း၌ မဟာဓာတ်အားလိုင်းများနှင့် လက်ခံပို့လွှတ်ပေးမည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ရေး၊

(၂) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရန် နည်းပညာနှင့်မူဝါဒပိုင်းဆိုင်ရာအကူအညီများ ပံ့ပိုးပေးရေး၊

(၃) လျှပ်စစ်ဓာတ်အားမရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဓာတ်အားပေးစက်များ၏ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်ရေး၊

(၄) ပြည်နယ်၏ ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ် ပို့လွှတ်ဖြန့်ဖြူးသုံးစွဲနေသော လျှပ်စစ်ဓာတ်အား၏ အရည်အသွေးကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော ဓာတ်အားနှင့် ကြိမ်နှုန်းပြည့် တည်ငြိမ်စွာရှိစေပြီး ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှုအနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရေး၊

(၅) ကရင်ပြည်နယ်အတွင်း ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများအပြင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်နှင့်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ မောင်းနှင်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်အတွက် ဓာတ်ငွေ့တာဘိုင်စက်များ ကြံ့ခိုင်မှုကောင်းမွန်၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်ရေး။

(ခ) ရည်မှန်းချက်မှာ ပဉ္စမကာလတို ၅ နှစ် စီမံကိန်းကာလတွင်း ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများ တိုးချဲ့၍ အကောင်အထည်ဖော်တည်ဆောက်ရန်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၆၆ ကေဗွီ ဓာတ်အားလိုင်း ၃ လိုင်း၊ ၃၃ ကေဗွီဓာတ်အားလိုင်း ၂ လိုင်း၊ စုစုပေါင်း ဓာတ်အားလိုင်း ၅ လိုင်း သုံးစွဲလျက်ရှိပြီး ၁၁ ကေဗွီဓာတ်အားလိုင်း ၁ လိုင်း တိုးချဲ့တည်ဆောက်ရန်၊

(၂) ၆၆ ကေဗွီ ဓာတ်အားခွဲရုံ ၃ ရုံ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံ ၃ ရုံ စုစုပေါင်း ဓာတ်အားခွဲရုံ ၆ ရုံ သုံးစွဲရန်။

၁၂။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဆက်သွယ်သွားလာမှု လျင်မြန်စေရန်အတွက် မြဝတီနှင့် ကော့ကရိတ်လမ်း အသစ် ဖောက်လုပ်ရေး၊

(၂) နိုင်ငံတော်မှချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေး လုပ်ငန်းစဉ် ၈ ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် ပြည်နယ်တစ်ဝန်း မြို့ပြဖွံ့ဖြိုးရေး မူဝါဒများနှင့် မြို့ပြမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေး၊

(၃) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နိုင်ငံတော် ပိုင်မြေနှင့် အဆောက်အဦများကို နိုင်ငံတော်ဗဟိုအစိုးရ၏ကိုယ်စား စီမံခန့်ခွဲပြီး ပြည်နယ် တစ်ဝန်းလုံးရှိ ပြည်သူများ၏အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး အရေးသုံးပါးတွင် နေရေးအတွက် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများနှင့် မြို့ပြများ စနစ်တကျ ဖွံ့ဖြိုး လာရန်အတွက် အဓိကထားဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတကာနှင့်ဆက်သွယ်မည့်လမ်းများကို ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ၂ လမ်းသွား ကတ္တရာကွန်ကရစ်လမ်းအဆင့်နှင့် အဆိုပါလမ်းပေါ်ရှိတံတားများအား ကွန်ကရစ်တံတား အဖြစ် ဆောင်ရွက်ရန်၊

(၂) ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းများအား ယာဉ်သွားလမ်းအကျယ် ၂၄ ပေ ကတ္တရာလမ်းနှင့် တံတားများကို ယာဉ်သွားလမ်းအကျယ် ၂၄ ပေ ကွန်ကရစ်တံတားများအဖြစ် ဆောင်ရွက်ရန်၊

(၃) ပြည်နယ်တစ်ဝန်းလုံးရှိ ပြည်သူများ၏ နေထိုင်မှုအခွင့်အလမ်းများ အစဉ် တိုးတက်မြင့်မားပြီး လူမှုစီးပွားဖွံ့ဖြိုးမှုရရှိရေး၊ မြို့ပြများ စနစ်တကျဖွံ့ဖြိုးပြီး ပြည်သူများ၏ စီးပွားရေးတိုးတက် ကောင်းမွန်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် စက်မှုဇုန်များကို စီမံကိန်း ရေးဆွဲတည်ဆောက်ခြင်း၊ အထူးစီးပွားရေးဇုန်များ ဖော်ထုတ်ရန် အထူးစီမံချက်များ ရေးဆွဲခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ရန်၊

(၄) တစ်ပြည်နယ်လုံးအတိုင်းအတာအရ မြို့ပြနှင့်ကျေးလက်ဒေသများ စနစ်တကျဖွံ့ဖြိုး တိုးတက်ရေး၊ အိမ်ရာကဏ္ဍ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်အတန်း မြင့်မားလာစေရေး ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတကာနှင့်ဆက်သွယ်သည့် လမ်းမကြီး၊ ဆောင်ရွက်ဆဲပြည်ထောင်စုလမ်းမကြီးများ၊ ဆောင်ရွက်ဆဲလမ်းသစ်များ ဆက်လက်ဆောင်ရွက်ရန်၊

(၂) ပေ ၁၈၀ အထက် အမြဲတမ်းကွန်ကရစ်တံတား ၁ စင်း ဆောင်ရွက်ရန်၊

(၃) ပြည်နယ်မြို့တော်နှင့် လူဦးရေ ၁ သိန်းအထက် မြို့ကြီးများ၏ ဖွံ့ဖြိုးတိုးတက်မှုအလားအလာများ၊ နိုင်ငံတော်မှ ချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်း ပပျောက်ရေးတို့အတွက် အထောက်အပံ့ကောင်းဖြစ်နိုင်ခြေတို့ကို ဆန်းစစ်ခြင်းများအား နည်းပညာအကူအညီရယူဆောင်ရွက်ရန်၊

(၄) ပြည်နယ်အစိုးရအဖွဲ့မှ မြို့နယ်များသို့ မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေး၊ အိမ်ရာဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်သည့်အကူအညီများကို ဆက်လက်ပေးသွားရန်၊ ပြည်ထောင်စုအစိုးရက သီးခြား တာဝန်ပေးလာသော ဘားအံစက်မှုဇုန်တည်ဆောက်ရေးစီမံကိန်းများအား အကောင်အထည် ဖော်ခြင်းများကို ဆက်လက်ဆောင်ရွက်ရန်။

၁၃။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြစ်ကြောင်းသွားရေယာဉ်များ ဘေးအန္တရာယ်လုံခြုံမှုရှိစေရန် ခေတ်မီဆိပ်ကမ်းများ၊ ဆိပ်ခံတံတားများ တည်ဆောက်နိုင်ရေး၊ မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာသဘာဝဘေးအန္တရာယ်များ ကာကွယ်ပေးနိုင်ရန် ဆောင်ရွက်ရေး၊

(၂) အခြားစီးပွားရေးကဏ္ဍများ၏ တိုးချဲ့ထုတ်လုပ်မှုနှင့် လူမှုရေးလိုအပ်ချက်အပေါ် အခြေခံ၍ ပို့ဆောင်ရေးစွမ်းရည်ကို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ရေးယာဉ်များ အစားထိုးရန်၊ အင်အားတိုးချဲ့ရန်နှင့် အခြေခံအဆောက်အဦများကိုလည်း လိုက်လျောညီထွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြှင့်ခြင်း၊ တိုးချဲ့ခြင်း၊ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရေး၊

(၃) ပို့ဆောင်ရေးကဏ္ဍတွင် ခေတ်နှင့်အညီ နည်းပညာများတိုးတက်လျက်ရှိရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်အစီအမံများကို တိုးချဲ့ဆောင်ရွက်ရေး၊

(၄) ရထားပို့ဆောင်မှုစနစ်တွင် ပါဝင်သည့် အစိတ်အပိုင်းအားလုံးကို ပြန်လည်သုံးသပ်၍ အရည်အသွေးမြှင့်တင်လျက် ပို့ဆောင်ရေးစွမ်းရည် မြင့်တက်လာရန် ဆောင်ရွက်ရေး၊

(၅) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်၍ စနစ်တကျကြီးကြပ်ကွပ်ကဲရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေကြောင်း၊ ကုန်းကြောင်းဖြင့် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်မှုပမာဏအား ပြည်နယ်မှ ချမှတ်သည့် နှစ်စဉ် GDP တိုးတက်မှုနှုန်းထက် ပိုမိုရရှိအောင်ဆောင်ရွက်ရန်၊

(၂) ရေကြောင်းသွားလာမှု တိုးတက်လာစေရေးအတွက် ရေလမ်းကောင်းမွန်ရေး၊ ရေတိုက်စားကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်၊

(၃) နိုင်ငံတော်နှင့်ပြည်နယ်အတွက် နှစ်စဉ် အသားတင်ဘဏ္ဍာငွေများ တိုးတက်ရှာဖွေရေး ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပို့ဆောင်ရေးကဏ္ဍတွင် လျာထားချက်များအတိုင်း ရေယာဉ်များအပါအဝင် မှတ်ပုံတင်ယာဉ်အရေအတွက် တိုးတက်လာရေးအတွက် လိုအပ်သောစစ်ဆေးမှုများ၊ မှတ်ပုံတင်မဲ့ယာဉ်များ၊ လိုင်စင်သက်တမ်းလွန် ယာဉ်များကို ဖော်ထုတ်စစ်ဆေးအရေးယူပြီး ယာဉ်များဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သက်ဆိုင်ရာ အခွန်အခ၊ ဒဏ်ကြေးများ အပြည့်အဝကောက်ခံပြီး နိုင်ငံဝင်ငွေတိုးတက်အောင် ဆောင်ရွက်ရန်၊

(၂) ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းနှင့် မြို့ရွာများ ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်း၊ စီမံကိန်းဝင်မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေလမ်းထိန်းသိမ်းပေးခြင်းလုပ်ငန်းများ၊ မြစ်ရေတင်စက်များ ရေရရှိရေးလုပ်ငန်း၊ ရေလျှံမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေးအတွက် မြစ်ကြော့ ဖြောင့်ခြင်းလုပ်ငန်းများ၊ သောင်တူးရေယာဉ်နှင့် အထောက်အကူပြု ရေယာဉ်သစ်များ ဖြည့်တင်းရေး၊ လက်ရှိသုံးစွဲနေသည့် ရေယာဉ်နှင့်ယန္တရားများကြံ့ခိုင်စေမှုလုပ်ငန်းများကို ဆောင်ရွက်ရန်၊

(၃) မိုးလေဝသနှင့် ဇလဗေဒလုပ်ငန်းများအတွက် အချိန်ပိုင်းစခန်းများ ဆောက်လုပ်ခြင်း၊ မြေငလျင်တိုင်းထွာရေးအတွက် အခြေခံတိုင်းထွာရေးစခန်းများ ဆောက်လုပ်ခြင်း၊ မုန်တိုင်းပြ

ရေဒါစခန်း၊ ဂြိုဟ်တုတိမ်ပုံဖမ်းစခန်း၊ အထူးတိုင်းထွာရေးစခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်းကို နှစ်အလိုက် ဆောင်ရွက်ရန်၊

(၄) ရထားလမ်းဟောင်းများအား ဇလီဖားများ၊ ကျောက်များဖြည့်တင်း၍ အဆင့်မြှင့်တင်ခြင်း၊ သံလမ်းနှင့်ဆက်စပ်ပစ္စည်းများ၊ ကွန်ကရစ်ဇလီဖားများ၊ ကွန်ကရစ်တံတားဘောင်များ၊ သံမဏိတံတားဘောင်များ စစ်ဆေးခြင်း၊ တိုးချဲ့လာသော ရထားလမ်းပိုင်းများတွင် အဆောက်အဦနှင့် အခြားလိုအပ်ချက်များ ဖြည့်တင်းဆောင်ရွက်ရန်၊

(၅) ယာဉ်များ စနစ်တကျ စစ်ဆေးနိုင်ရေး ခေတ်မီစက်ကိရိယာများဖြင့် ဆောင်ရွက်ရန်၊

၁၄။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကာလတို ၅ နှစ် (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) စီမံကိန်း၏ ပထမနှစ်တွင် နိုင်ငံတော်၏ ပြောင်းလဲလာသော စီးပွားရေးဆိုင်ရာမူဝါဒများနှင့်အညီ ကရင်ပြည်နယ်၏ ဆက်သွယ်ရေးကဏ္ဍတွင်လည်း ပြုပြင်ပြောင်းလဲမှုများ စတင် ဆောင်ရွက်ရေး၊

(၂) လက်ရှိကျင့်သုံးနေသော စာတိုက်နှင့်ကြေးနန်းဆိုင်ရာ ဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(၃) ဆက်သွယ်ရေးကဏ္ဍ၏ တည်ဆောက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဆက်သွယ်ရေးကဏ္ဍ၏ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်၏ ၁. ၈၇ ဆ တိုးတက်ဖြစ်ပေါ်ရန်နှင့် တိုးတက်မှုနှုန်းအနေဖြင့် ၈၆. ၇ ရာခိုင်နှုန်း ဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်ရန်၊

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းများ တိုးချဲ့တပ်ဆင်ဆောင်ရွက်ရန်နှင့် အင်တာနက်သုံးစွဲသူဦးရေ တိုးတက်လာစေရေး ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စာတိုက်လုပ်ငန်းတွင် စာတိုက်ရုံးအသစ် ၃ ရုံး ဖွင့်လှစ်ရန်၊

(၂) ကြေးနန်းရုံးအသစ် ၃ ရုံး ဖွင့်လှစ်ရန်၊

(၃) တယ်လီဖုန်းကဏ္ဍတွင် အော်တိုတယ်လီဖုန်းများ တိုးချဲ့တပ်ဆင်ရေးဆောင်ရွက်ရန်၊

(၄) မြို့ချင်းဆက် ဖိုင်ဘာဆက်ကြောင်း၊ မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းများ တည်ဆောက်ရန်၊

(၅) IP Transit Gateway ကို ပြည်နယ် မြို့တော်တွင် တပ်ဆင်ရေးကိစ္စနှင့် မြို့များနှင့် နယ်မြို့များရှိ ရှေးဟောင်းအိတ်ချိန်းများအား အစားထိုးလဲလှယ်ခြင်းများ ဆောင်ရွက်ရန်။

၁၅။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေးဖြစ်သည်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော်ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ငွေရေးကြေးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် တိုးတက်ပြောင်းလဲလာသော ငွေရေးကြေးရေးကဏ္ဍအား စနစ်တကျ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရန်၊

(၂) နိုင်ငံတကာရှိ ဘဏ်လုပ်ငန်းများနှင့်ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အီလက်ထရောနစ်ဘဏ်လုပ်ငန်း အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၂) အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၃) နိုင်ငံခြားငွေလဲလှယ်နှုန်းပေါင်းစည်းရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၄) ပြည်တွင်း၊ ပြည်ပ ငွေပေးချေမှုများ၊ စာရင်းရှင်းလင်းမှုများ အဆင်ပြေစေရေး နည်းလမ်းရှာဖွေဆောင်ရွက်ရန်၊

(၅) ငွေကြေးစီးဆင်းမှု၊ လွယ်ကူချောမွေ့အဆင်ပြေစေရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၆) ဖွဲ့စည်းပုံဝန်ထမ်းအင်အား၊ အဆောက်အဦ၊ ပရိဘောဂ၊ စက်ပစ္စည်းလိုအပ်ချက်များကို လိုအပ်သလို ပြင်ဆင်၊ ဖြည့်စွက်၊ ဖြည့်ဆည်းဆောင်ရွက်ရန်၊

(၇) လုံခြုံရေးသတင်းကွန်ရက် တိုးချဲ့ဆောင်ရွက်ရန်၊

(၈) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အသေးစားငွေရေးကြေးရေး လုပ်ငန်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန်၊

(၉) အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်းပေါ်ပေါက်ရေးနှင့် ပြည်နယ် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို စနစ်တကျဖွဲ့စည်းကြပ်မတ်ဆောင်ရွက်ရန်။

၁၆။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေး၊

(၂) နိုင်ငံတော်အထောက်အကူပြု ပြည်နယ်၏ ပညာရေးအဆင့်အတန်းမြင့်မားလာရေး၊

(၃) ကျန်းမာရေးစနစ် အားဖြည့်ဆောင်ရွက်ခြင်းကို အထူးအလေးပေးဆောင်ရွက်ရေး၊

(၄) ကျန်းမာခြင်းအပေါ် အကျိုးသက်ရောက်မှုရှိသော လူမှုရေး၊ စီးပွားရေး ပတ်ဝန်းကျင်တို့နှင့် ဆက်စပ်လျက်ရှိသောအခြေအနေများ တိုးတက်ကောင်းမွန်ဖြစ်ပေါ်စေရေး၊

(၅) အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး၊

(၆) လုပ်အားနှင့်အညီ လုပ်ခအပြည့်အဝ မှန်ကန်စွာရရှိရေး၊

(၇) နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို ကာကွယ်စောင့်ရှောက်ရေး။

(ခ) လုပ်ငန်းစဉ်မှာ အထက်ဖော်ပြပါမူဝါဒများကို အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနများက မိမိတို့၏ သက်ဆိုင်ရာဝန်ကြီးဌာန ရည်မှန်းချက်များနှင့် ဆီလျော်သည်များကို ဆောင်ရွက်ရန် ဖြစ်သည်။

၁၇။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ငွားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍနှင့် စပ်လျဉ်း၍ -

- မူဝါဒမှာ အပြန်အလှန်ကူးလူးဆက်ဆံမှုများတိုးမြင့်ရေး၊ ဒေသတွင်းရှိ အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပိုမိုပူးပေါင်းပါဝင်ရေးတို့ကို ခရီးသွားလုပ်ငန်းဖြင့် အထောက်အကူပြုစေရေးဖြစ်သည်။

၁၈။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍနှင့်စပ်လျဉ်း၍-

- မူဝါဒမှာ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုး ကူညီဆောင်ရွက်ရေးဖြစ်သည်။

## အခန်း (၅)

## အထွေထွေ

၁၉။ ကရင်ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ အစီအမံများ ချမှတ်ကျင့်သုံးဆောင်ရွက်ရန်ဖြစ်သည်။

## ကရင်ပြည်နယ်၏
## ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ စီမံကိန်းအရ
## ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး
(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

| အမှတ်စဉ် | ကဏ္ဍ | စီမံကိန်းရည်မှန်းချက် | | | | |
|---|---|---|---|---|---|---|
| | | ၂၀၁၀-၂၀၁၁ | | ၂၀၁၁-၂၀၁၂ | | |
| | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု % | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု% | တိုးတက်မှု% |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | လယ်ယာကဏ္ဍကြီး | ၂၈၁၄၀၅. ၇ | ၄၁. ၀ | ၂၉၅၁၂၀. ၉ | ၃၉. ၈ | ၄. ၉ |
| ၂ | စက်မှုကဏ္ဍကြီး | ၁၄၄၈၇၃. ၉ | ၂၁. ၁ | ၁၆၁၈၄၆. ၁ | ၂၁. ၉ | ၁၁. ၇ |
| ၃ | ဝန်ဆောင်မှုကဏ္ဍကြီး | ၂၆၀၄၅၈. ၀ | ၃၇. ၉ | ၂၈၃၇၇၉. ၉ | ၃၈. ၃ | ၉. ၀ |
| ၄ | အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ၆၈၆၇၃၇. ၆ | ၁၀၀. ၀ | ၇၄၀၇၄၆. ၉ | ၁၀၀. ၀ | ၇. ၉ |

**ကရင်ပြည်နယ်၏**
**၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ စီမံကိန်းအရ**
**ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး**
(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းများအရ)

| အမှတ်စဉ် | | ကဏ္ဍ | စီမံကိန်းရည်မှန်းချက် | | | | |
|---|---|---|---|---|---|---|---|
| | | | ၂၀၁၀-၂၀၁၁ | | ၂၀၁၁-၂၀၁၂ | | |
| | | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု % | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု% | တိုးတက်မှု% |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၂၈၁၄၀၅. ၇** | **၄၁. ၀** | **၂၉၅၁၂၀. ၉** | **၃၉. ၈** | **၄. ၉** |
| | ၁ | လယ်ယာ | ၂၃၁၄၆၈. ၂ | ၃၃. ၇ | ၂၄၀၉၄၀. ၃ | ၃၂. ၅ | ၄. ၁ |
| | ၂ | သားငါး | ၄၇၇၇၄. ၃ | ၇. ၀ | ၅၁၀၀၄. ၉ | ၆. ၉ | ၆. ၈ |
| | ၃ | သစ်တော | ၂၁၆၃. ၂ | ၀. ၃ | ၃၁၇၅. ၇ | ၀. ၄ | ၄၆. ၈ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၁၄၄၈၇၃. ၉** | **၂၁. ၁** | **၁၆၁၈၄၆. ၁** | **၂၁. ၉** | **၁၁. ၇** |
| | ၁ | စွမ်းအင် | | | | | |
| | ၂ | သတ္တု | ၅၂၁၉. ၁ | ၀. ၈ | ၅၃၉၈. ၉ | ၀. ၇ | ၃. ၄ |
| | ၃ | စက်မှု | ၁၀၆၁၃၂. ၇ | ၁၅. ၅ | ၁၁၇၈၈၅. ၃ | ၁၅. ၉ | ၁၁. ၁ |
| | ၄ | လျှပ်စစ် | ၃၆၃၃. ၀ | ၀. ၅ | ၄၇၇၉. ၁ | ၀. ၆ | ၃၁. ၅ |
| | ၅ | ဆောက်လုပ်မှု | ၂၉၈၈၉. ၁ | ၄. ၄ | ၃၃၇၈၂. ၈ | ၄. ၆ | ၁၃. ၀ |
| **၃** | | **ဝန်ဆောင်မှု ကဏ္ဍကြီး** | **၂၆၀၄၅၈. ၀** | **၃၇. ၉** | **၂၈၃၇၇၉. ၉** | **၃၈. ၃** | **၉. ၀** |
| | ၁ | ပို့ဆောင်ရေး | ၇၅၆၀၄. ၅ | ၁၁. ၀ | ၈၃၈၅၇. ၆ | ၁၁. ၃ | ၁၀. ၉ |
| | ၂ | ဆက်သွယ်ရေး | ၂၈၀၁. ၀ | ၀. ၄ | ၅၂၃၀. ၂ | ၀. ၇ | ၈၆. ၇ |
| | ၃ | ငွေရေးကြေးရေး | ၁၁၅. ၇ | ၀. ၀၂ | ၁၄၅. ၃ | ၀. ၀၂ | ၂၅. ၆ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၁၄၇၄၉. ၂ | ၂. ၁ | ၁၄၁၅၁. ၉ | ၁. ၉ | -၄. ၀ |
| | ၅ | ငှားရမ်းခနှင့်အခြား | ၂၀၄၃၅. ၄ | ၃. ၀ | ၂၃၃၇၀. ၀ | ၃. ၂ | ၁၄. ၄ |
| | ၆ | ကုန်သွယ်မှု | ၁၄၆၇၅၂. ၂ | ၂၁. ၄ | ၁၅၇၀၂၄. ၉ | ၂၁. ၂ | ၇. ၀ |
| **၄** | | **အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၆၈၆၇၃၇. ၆** | **၁၀၀. ၀** | **၇၄၀၇၄၆. ၉** | **၁၀၀. ၀** | **၇. ၉** |

**ကရင်ပြည်နယ်၏**
**၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ စီမံကိန်းအရ**
**ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး**
(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

| အမှတ်စဉ် | | ကဏ္ဍ | စီမံကိန်းရည်မှန်းချက် | | | | |
|---|---|---|---|---|---|---|---|
| | | | ၂၀၁၀-၂၀၁၁ | | ၂၀၁၁-၂၀၁၂ | | |
| | | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု % | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု% | တိုးတက်မှု% |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **ထုတ်လုပ်မှုကဏ္ဍ** | **၄၂၆၂၇၉.၆** | **၆၂.၁** | **၄၅၆၉၆၇.၀** | **၆၁.၇** | **၇.၂** |
| | ၁ | လယ်ယာ | ၂၃၁၄၆၈.၂ | ၃၃.၇ | ၂၄၀၉၄၀.၃ | ၃၂.၅ | ၄.၁ |
| | ၂ | သားငါး | ၄၇၇၇၄.၃ | ၇.၀ | ၅၁၀၀၄.၉ | ၆.၉ | ၆.၈ |
| | ၃ | သစ်တော | ၂၁၆၃.၂ | ၀.၃ | ၃၁၇၅.၇ | ၀.၄ | ၄၆.၈ |
| | ၁ | စွမ်းအင် | | | | | |
| | ၂ | သတ္တု | ၅၂၁၉.၁ | ၀.၈ | ၅၃၉၈.၉ | ၀.၇ | ၃.၄ |
| | ၃ | စက်မှု | ၁၀၆၁၃၂.၇ | ၁၅.၅ | ၁၁၇၈၈၅.၃ | ၁၅.၉ | ၁၁.၁ |
| | ၄ | လျှပ်စစ် | ၃၆၃၃.၀ | ၀.၅ | ၄၇၇၉.၁ | ၀.၆ | ၃၁.၅ |
| | ၅ | ဆောက်လုပ်မှု | ၂၉၈၈၉.၁ | ၄.၄ | ၃၃၇၈၂.၈ | ၄.၆ | ၁၃.၀ |
| ၃ | | **ဝန်ဆောင်မှု ကဏ္ဍ** | **၁၁၃၇၀၅.၈** | **၁၆.၅** | **၁၂၆၇၅၅.၀** | **၁၇.၁** | **၁၁.၅** |
| | ၁ | ပို့ဆောင်ရေး | ၇၅၆၀၄.၅ | ၁၁.၀ | ၈၃၈၅၇.၆ | ၁၁.၃ | ၁၀.၉ |
| | ၂ | ဆက်သွယ်ရေး | ၂၈၀၁.၀ | ၀.၄ | ၅၂၃၀.၂ | ၀.၇ | ၈၆.၇ |
| | ၃ | ငွေရေးကြေးရေး | ၁၁၅.၇ | ၀.၀၂ | ၁၄၅.၃ | ၀.၀၂ | ၂၅.၆ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၁၄၇၄၉.၂ | ၂.၁ | ၁၄၁၅၁.၉ | ၁.၉ | -၄.၀ |
| | ၅ | ငှားရမ်းခနှင့်အခြား | ၂၀၄၃၅.၄ | ၃.၀ | ၂၃၃၇၀.၀ | ၃.၂ | ၁၄.၄ |
| | ၆ | ကုန်သွယ်မှု | ၁၄၆၇၅၂.၂ | ၂၁.၄ | ၁၅၇၀၂၄.၉ | ၂၁.၂ | ၇.၀ |
| ၄ | | **အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၆၈၆၇၃၇.၆** | **၁၀၀.၀** | **၇၄၀၇၄၆.၉** | **၁၀၀.၀** | **၇.၉** |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ကရင်ပြည်နယ်လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၂)**

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် )

**ကရင်ပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊**
**ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးနိုင်မင်းစိုးသိန်းက ကရင်ပြည်နယ်လွှတ်တော်သို့ ပေးပို့ထားသော ကရင်ပြည်နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၇ (က) အရ ထုတ်ပြန် ကြေညာအပ်ပါသည်။

ဇော်လွင်ဦး၊
ခေတ္တလွှတ်တော်ရုံးအကြီးအမှူး၊
ကရင်ပြည်နယ်လွှတ်တော်ရုံး။

## ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ကရင်ပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေကြမ်း

**( ၂၀ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် )**

၁၃ ခုနှစ်၊ လ ရက်

( ၂၀ ခုနှစ်၊ လ ရက် )

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅၁ အရ ကရင်ပြည်နယ်အစိုးရ သည် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများနှင့် သော်လည်းကောင်း မဆန့်ကျင်စေဘဲ ပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် စီမံကိန်းများကို ကရင်ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ ပြည်နယ်လွှတ်တော်သို့တင်သွင်းသော ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ကရင်ပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင် စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာနှစ်အတွက် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း တစ်ပြည်နယ်လုံး အတိုင်းအတာအရ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(ခ) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိကမျှော်မှန်းချက်များကို ဆိုသည်။

(ဂ) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့် အချက်အလက်များကို ဆိုသည်။

(ဃ) **အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များပြည့်မီရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းနှင့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆိုသည်။

(င) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ်တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့်ခုနှစ်ကို ဆိုသည်။

(စ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(ဆ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(ဇ) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ်အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍများကို ဆိုသည်။

(ဈ) **ကဏ္ဍကြီး**ဆိုသည်မှာ ကရင်ပြည်နယ်အနေဖြင့် စွမ်းအင်ကဏ္ဍမှအပ စီးပွားရေးကဏ္ဍ (၁၃) ခုကို လုပ်ငန်းသဘောသဘာဝ တူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းတို့တွင် လယ်ယာကဏ္ဍကြီး၌ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ၊ စက်မှုကဏ္ဍကြီး၌ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ၊ ဝန်ဆောင်မှုကဏ္ဍကြီး၌ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုနှင့် ကုန်သွယ်မှုကဏ္ဍများ ပါဝင်ဖွဲ့စည်းထားခြင်းကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိအောင် ဆောင်ရွက်ပေးပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည့် အရင်းအနှီးကုန်ကြမ်းများကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ရေး၊

(ခ) အလုပ်အကိုင်အခွင့်အလမ်းများနှင့် နည်းပညာကျွမ်းကျင်မှုရရှိရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊

(ဂ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ရေး။

## အခန်း (၃)

## စီမံကိန်းလျာထားချက်

၅။ ကရင်ပြည်နယ်အစိုးရမှချမှတ်သော မူဝါဒများနှင့်အညီ အောက်ပါအတိုင်း စီမံကိန်းလျာထားချက်များ ထားရှိဆောင်ရွက်ပါသည် -

(က) စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၈. ၀ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ်အပေါ် အဆအားဖြင့် ၁. ၀၈ ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်၊

( ခ ) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၉. ၈ ရာခိုင်နှုန်းမှ ၃၇. ၉ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၁. ၇ ရာခိုင်နှုန်းမှ ၂၂. ၉ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၈. ၅ ရာခိုင်နှုန်းမှ ၃၉. ၂ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးပြောင်းလဲဖြစ်ပေါ်စေရန်၊

( ဂ ) လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၂. ၈ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၁၄. ၃ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၉. ၉ ရာခိုင်နှုန်း အသီးသီးတိုးတက်စေရန်၊

(ဃ) ကုန်သွယ်မှုကဏ္ဍ၏ တိုးတက်မှုနှုန်းကို ၇. ၄ ရာခိုင်နှုန်း တိုးတက်စေရန်။

## အခန်း (၄)

## ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်

၆။ ၂၀၁၂-၁၃ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ရေး၊

(၂) လေ့ကျင့်ပညာပေးရေး၊

(၃) သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

( ခ ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လယ်ယာကဏ္ဍဆိုင်ရာကိန်းဂဏန်းများ မှန်ကန်ရေးကို အထူးအလေးထားဆောင်ရွက်ရန်၊

(၂) စပ်မျိုးစပါးနှင့် အခြားစပ်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးသွားရန်၊

(၃) ကျန်အဓိကစိုက်ပျိုးသီးနှံများတွင်လည်း အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးသွားရန်၊

(၄) စံပြစက်မှုလယ်ယာကွက်များကို ဆက်လက်တိုးချဲ့ဖော်ထုတ်သွားရန်၊

(၅) ဆည်မြောင်းတာတမံမှ အကျိုးပြုဧရိယာဧက တိုးချဲ့ဆောင်ရွက်သွားရန်၊

(၆) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးရေးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်၊

(၇) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေချေးများ ထုတ်ချေးပေးရန်။

( ဂ ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြေကြီး၊ မြေပုံနှင့် မြေစာရင်းမှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများ ထုတ်လုပ်အသုံးပြုနိုင်ရေးနှင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်ဧရိယာများ စာရင်းကောက်ယူရေးလုပ်ငန်းများကို အထူးဦးစားပေးဆောင်ရွက်ရန်၊

(၂) စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်ခြင်းကို တိုးတက်ဆောင်ရွက်သွားပါမည်။ ပြည်နယ်အတွင်း ဧက ၁၅၀ စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်သွားနိုင်ရေးအတွက် ဆန်စပါးအထူးပြုကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၏အင်အားကိုရယူ၍ ဝန်ကြီးဌာန၏ လေ့ကျင့်မွေးထုတ်ထားသည့် ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(၃) ရေဘုတ်ရေလှောင်တမံမှ အကျိုးပြုဧရိယာဧက ၆၀၀၀ ရရှိအောင် ဆောင်ရွက်ရန်၊

(၄) လျှပ်စစ်မြစ်ရေတင်လုပ်ငန်းအနေဖြင့် စုစုပေါင်း ၈၆၀၀ ဧကကို ရေပေးဝေနိုင်ရန် ဆောင်ရွက်ရန်၊

(၅) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများ ဆက်လက်ဆောင်ရွက်ရန်၊

(၆) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးရန်။

၇။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ ငါးနှစ်စီမံကိန်းဦးတည်ချက်များအရ သတ်မှတ်ထားသည့် စီမံကိန်းဒုတိယနှစ် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ လျာထားချက်များကို ပြည့်မီအောင်ဆောင်ရွက်ရေးဖြစ်သည်။

(ခ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ငါးထုတ်လုပ်မှုကို ကာလတို ငါးနှစ်စီမံကိန်း၏ ပထမနှစ်ထက် ၈. ၂ ရာခိုင်နှုန်း တိုးတက်ရရှိရန်၊

(၂) ပုစွန်ထုတ်လုပ်မှုကို ကာလတို ငါးနှစ်စီမံကိန်း၏ ပထမနှစ်ထက် ၅. ၇ ရာခိုင်နှုန်းတိုးတက်ရရှိရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီးပွားဖြစ်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းကြီးများ ထူထောင်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ အရင်းအနှီးနှင့် နည်းပညာများ ရယူခြင်း၊ မွေးမြူရေးချေးငွေရရှိနိုင်ရေးတို့အတွက် ကူညီဆောင်ရွက်ရန်၊

(၂) ပြည်ပဈေးကွက် ပိုမိုရရှိရေး၊ သွင်းကုန်အစားထိုးနိုင်ရေးအတွက် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၏ ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်ရေးအတွက် အရည်အသွေးပြည့်မီရေး ဖြည့်ဆည်းဆောင်ရွက်ရန်၊

(၃) မွေးမြူရေးဆိုင်ရာ အခြေခံကိန်းဂဏန်းအချက်အလက်များ မှန်ကန်ပြည့်စုံစွာရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ မွေးမြူထုတ်လုပ်မှု တိုးတက်မှုရှိစေရေးအတွက် ထိရောက်စွာ ကြီးကြပ်ဆောင်ရွက်ရန်၊

(၄) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ဈေးကွက်တွင် ဈေးကွက်ဝေစု ပိုမိုရရှိရေးအတွက် ထိုးဖောက်ဆောင်ရွက်ရန်၊

(၅) နိုင်ငံခြားငွေ တိုးတက်ရရှိရေးအတွက် ပြည်ပသို့ ငါး၊ ပုစွန်တိုးချဲ့တင်ပို့နိုင်ရေး ပုဂ္ဂလိကလုပ်ငန်းရှင်များအား ကူညီပံ့ပိုး၍ တွန်းအားပေးဆောင်ရွက်ရန်၊

(၆) သဘာဝရေပြင်ရှိ ငါးလုပ်ငန်းဆိုင်ရာသယံဇာတများ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၇) ငါးလုပ်ငန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနအနေဖြင့် အနုစိတ်ဓာတ်ခွဲခန်းများကို နယ်စပ်ထွက်ပေါက်အလိုက် တိုးချဲ့တည်ထောင်ဆောင်ရွက်ရန်၊

(၈) ရေချိုပုစွန်မွေးမြူထုတ်လုပ်ရေး တိုးတက်စေရန် ငါးပုစွန်ရောနှောမွေးမြူရေးစနစ် Monoculture မှ Polyculture သို့ တိုးချဲ့မွေးမြူ ဆောင်ရွက်ရန်၊

(၉) စိုက်ပျိုးချိန်စောင့်ဆိုင်းနေဆဲကာလတွင် ကျေးလက်နေပြည်သူများ အပိုဝင်ငွေရရှိရန် ပေါင်းစည်းလယ်ယာစနစ်များ ပေါ်ထွက်လာစေရေး တွန်းအားပေးဆောင်ရွက်ရန်။

၈။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ ရေ၊ မြေ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး၊ ကျေးလက်နေပြည်သူတို့၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး၊ သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး၊ သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံစက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊ သစ်တောကဏ္ဍစွမ်းဆောင်ရည် တိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်သည်။

(ခ) ရည်မှန်းချက်မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်ရန်၊

(၂) ကြိုးဝိုင်း ကြိုးပြင်ကာကွယ်တောများ၊ သဘာဝနယ်မြေများ တိုးချဲ့ဖွဲ့စည်းသတ်မှတ်ရန်၊

(၃) ဒေသအတွင်းရှိ သဘာဝတောကျန်များကို ပြုစုထိန်းသိမ်းရန်၊

(၄) ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်နှင့် ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့စေရေး အတွက် ရေဝေရေလဲစိုက်ခင်းများ တည်ထောင်ရန်၊

(၅) ဒေသတွင်း စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောစိုက်ခင်းများ တည်ထောင်ထိန်းသိမ်းရန်၊

(၆) ဒေသအတွင်းရှိ တောင်စဉ်တောင်တန်းများ စိမ်းလန်းစိုပြည်လာစေရေးအတွက် စီမံချက်ဖြင့် ဆောင်ရွက်ရန်၊

(၇) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေးစိုက်ခင်းများ တည်ထောင်ရန်၊

(၈) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ထင်းအစား အခြားလောင်စာသုံးစွဲရေးကို ဦးတည်လျက် စွမ်းအားမြင့်မီးဖိုများ၊ လောင်စာတောင့်များနှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲလာရေးကို စည်းရုံးဆောင်ရွက်ရန်၊

(၉) ဒေသတွင်း မြေဆီလွှာတိုက်စားခြင်း၊ မြေအဆင့်အတန်းနိမ့်ကျခြင်းမှ ကာကွယ်နိုင်ရေး အတွက် နုန်းတားဆည်ငယ်များ တည်ဆောက်သွားရန်နှင့် ကျေးလက်ပြည်သူ သောက်သုံးရေ ဖူလုံစေရေးအတွက် ရေကန်ငယ်များ တူးဖော်ရန်၊

(၁၀) ကျေးလက်ပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ရန်၊

(၁၁) နှစ်စဉ် လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များ စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များ ဖြန့်ဝေပေးရန်၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၁၂) ကျွန်းနှင့်သစ်မာများကို နှစ်စဉ် တောထွက်အပေါ်အခြေခံ၍ စိစစ်ထုတ်လုပ်ရန်၊

(၁၃) သစ်မဟုတ်သည့် အခြားသစ်တောထွက်ပစ္စည်းများကို စီမံကိန်းလျာထားချက်ဘောင် အတွင်းမှ ထုတ်ယူသုံးစွဲစေရန်၊

(၁၄) ခေတ်မီစက်ယန္တရားဖြင့် သစ်ထုတ်ရေးအင်အား တိုးမြှင့်သွားရန်နှင့်သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သည့် ဆင်ဖြင့် သစ်ထုတ်နည်းစနစ်ကို ဆက်လက်ဆောင်ရွက်ရန်၊

(၁၅) သစ်ထုတ်လမ်းများ ဖောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးနည်းစနစ်များ ကောင်းမွန် အောင် ဆောင်ရွက်ရန်၊

(၁၆) သစ်မထုတ်မီနှင့် သစ်ထုတ်ပြီးကာလ သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှုအား လေ့လာဆန်းစစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုသက်သာစေသော သစ်ထုတ်နည်းလမ်း များကို လိုက်နာဆောင်ရွက်ရန်၊

(၁၇) ရောင်းတန်းဝင်သစ်မျိုးနှင့်အတူ လူသုံးနည်း သစ်မျိုးများကို တွဲဖက်ထုတ်လုပ်ရန်၊

(၁၈) သစ်တစ်ပင်လုံး အသုံးချနိုင်ရေးနှင့် သစ်မျိုးစုံအသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၁၉) နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင်အခန်းတွင် သစ်အခြေခံစက်မှုလုပ်ငန်း ဟန်ချက်ညီညီ ဖွံ့ဖြိုး တိုးတက်ရန်၊

(၂၀) သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်သော သစ်လုံးကုန်ကြမ်း ရရှိရေး စီမံဆောင်ရွက်ရန်၊

(၂၁) ဖက်စပ်အပါအဝင် ပုဂ္ဂလိကသစ်အခြေခံစက်ရုံများအတွက် လိုအပ်သော သစ်လုံး၊ ခွဲသား ကုန်ကြမ်းများ ရောင်းချပေးရန်၊

(၂၂) သစ်အခြေခံစက်မှုလုပ်ငန်း ထွက်ကုန်အမည်သစ်များ ထုတ်လုပ်မည့်စက်ရုံ၊ အလုပ်ရုံသစ်များ ပေါ်ထွန်းလာသည်နှင့်အမျှ ပြည်တွင်းအလုပ်သမားများအတွက် ခေတ်မီနည်းပညာသစ်များ ရရှိလာစေရန်၊

(၂၃) လူသုံးနည်းသစ်များကို နည်းပညာသစ်များအသုံးပြု၍ အဆင့်မီကုန်ချောများ ထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၂၄) သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံမှန်လုပ်ငန်းခွင်သင်တန်းများအပြင် သစ်တော ဘာသာရပ်ဆိုင်ရာသင်တန်းများကို လိုအပ်ချက်များနှင့်အညီ ဖွင့်လှစ်ပို့ချသွားရန်၊ ပြည်တွင်း ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ ဝန်ထမ်းများအား စေလွှတ်ရန်။

၉။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်နယ်အတွင်းရှိ သတ္တုသိုက်များအား ခေတ်မီနည်းပညာများဖြင့် အဆင့်မြှင့်တင်၍ လေလွင့်ဆုံးရှုံးမှုအနည်းဆုံးနှင့် အရည်အသွေးပြည့်မီစွာထုတ်လုပ်နိုင်ရေးသို့ ဦးတည် ဆောင်ရွက်ရေး၊

(၂) ပုဂ္ဂလိကပိုင်ကဏ္ဍ မြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် သတ္တုထုတ်လုပ်သူများ ထွန်းကား တိုးပွားလာရန် အားပေးဆောင်ရွက်ရေး၊

(၃) ကျယ်ပြန့်ထွန်းကားလာသည့် ဈေးကွက်စီးပွားရေးနှင့်အညီ သတ္တုထုတ်လုပ်မှုနှင့် ကျောက်မျက်ရတနာဈေးကွက်များ ပြည်နယ်တွင်း၌ အခြေခိုင်မာပေါ်ပေါက်ပြီး ထိုက်သင့်သည့် ဈေးနှုန်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) သတ္တုသယံဇာတပစ္စည်းများ သုံးစွဲရာတွင် ပြည်ပမှတင်သွင်းရသည့်သတ္တုများကို ပြည်တွင်း၌ ပိုမိုထုတ်လုပ်အစားထိုးရေး၊

(၅) နိုင်ငံတော်၏လုံခြုံရေးနှင့် စစ်ရေး၌အရေးပါသည့် မဟာဗျူဟာမြောက် သတ္တုများကို စနစ်တကျ ထုတ်လုပ်စုဆောင်းထားရှိရေး၊

(၆) သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းပျက်စီးမှု မရှိစေရန် အလေးထားဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်နယ်၏ နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် မြေပေါ်မြေအောက် သယံဇာတသတ္တုသိုက်များ တိုးတက်ရှာဖွေထုတ်လုပ်ပြီး နိုင်ငံတော်နှင့်ပြည်နယ်တို့၏ ဝင်ငွေ တိုးတက်စေရေး အထောက်အကူပြုဆောင်ရွက်ရန်၊

(၂) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ သတ္တုကဏ္ဍနှင့် ရေရှည်စီးပွားရေး ဖွံ့ဖြိုး တိုးတက်စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ မြှင့်တင်ကူးပြောင်း၍ အကျိုးရှိစွာပူးပေါင်းဆောင်ရွက်ရန်၊

(၃) ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ပုဂ္ဂလိကပိုင်သတ္တုမျိုးစုံ ထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးစေရန် သတ္တု ထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့် နည်းပညာများ ပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံးခေတ်မီပစ္စည်းများ ပံ့ပိုးကူညီခြင်း စသည့် လုပ်ငန်း များကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၄) ပြည်နယ်အတွင်း၌ပင် ကျောက်မျက်ရတနာဈေးကွက် ဖြစ်ထွန်းပေါ်ပေါက်၍ ရေရှည်တည်တံ့ ခိုင်မြဲစေရန် ထိန်းသိမ်းပြီး နိုင်ငံတော်နှင့် ပြည်နယ်အတွက် နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်း သုံးငွေများ တိုးတက်ရှာဖွေပေးနိုင်ရေးနည်းလမ်းများ ရှာဖွေဆောင်ရွက်ရန်၊

(၅) အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီသည့် ကျောက်မျက်ရတနာများကို တစ်နှစ်ထက် တစ်နှစ် တိုးမြှင့်ထုတ်လုပ်ပြီး တိုးတက်ရောင်းချနိုင်ရေးဆောင်ရွက်ရန်၊

(၆) ပြည်နယ်အတွင်းရှိ ပြည်သူအားလုံး၏ အမျိုးသားကျန်းမာရေးကို အထောက်အကူပြုသည့် အိုင်အိုဒင်းဆားကို လုံလောက်စွာ စားသုံးနိုင်သည်အထိ တိုးမြှင့်ဆောင်ရွက်လာရေး ကြီးကြပ် ဖော်ဆောင်ရန်၊

(၇) သတ္တုထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှုမရှိစေရေး ဟန်ချက်ညီညီ အလေးထား ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သတ္တုကဏ္ဍဖြင့် နိုင်ငံတော်နှင့်ပြည်နယ်တို့၏ စီးပွားရေးရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ ကူးပြောင်း၍ အကျိုးတူပူးပေါင်းဆောင်ရွက်ရန်၊

(၂) ဈေးကွက်စီးပွားရေးစနစ်အရ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်၊

(၃) မြေပေါ်မြေအောက်သယံဇာတများကို ပိုမိုတိုးတက်ထုတ်လုပ်ပြီး ပြည်နယ်၏ဝင်ငွေ တိုးတက် စေရေး စီမံဆောင်ရွက်ရန်၊

(၄) အကျိုးတူလုပ်ကိုင်သော သတ္တုတွင်း၊ စက်ရုံ၊ အလုပ်ရုံများအား သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြီးကြပ်စီမံကွပ်ကဲဆောင်ရွက်ရန်၊

(၅) ခွင့်ပြုမိန့်ချမှတ်ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်နှင့်ပြည်နယ်တို့သို့ ပေးသွင်းရမည့်အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေးဆောင်ရွက်ရန်၊

(၆) နိုင်ငံတော်မှကြီးမှူးကျင်းပသည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြည်နယ်မှလုပ်ငန်းရှင်များ ပါဝင်ရောင်းချနိုင်ရေး ဆောင်ရွက်ရန်၊

(၇) ကျောက်မျက်အရည်အသွေး တိုးတက်ကောင်းမွန်လာစေရန် လေ့ကျင့်ရေးနှင့်သုတေသန လုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်ဆောင်ရွက်ရန်၊

(၈) အရည်အသွေးပြည့်ဝသော အိုင်အိုဒင်းဆားသုံးစွဲမှု တိုးတက်လာစေရေး ဦးတည်ဆောင်ရွက်ရန်။

၁၀။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်နယ်၏စက်မှုကဏ္ဍတွင် ပတ်ဝန်းကျင်ထိခိုက်မှုနည်းသော စက်ရုံများ ပိုမိုတိုးတက်လာရေး ဆောင်ရွက်ရန်နှင့် စွမ်းအင်ကို အကျိုးရှိထိရောက်စွာသုံးစွဲရန် တွန်းအားပေးဆောင်ရွက်ရေး၊

(၂) စက်မှုလက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာ၊ အတတ်ပညာ၊ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်ရေး၊

(၃) ပို့ကုန်မြင့်တင်သည့် ကုန်ထုတ်လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သည့်နည်းတူ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရေး၊

(၄) ပုဂ္ဂလိကစက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စေရန် ပံ့ပိုးဆောင်ရွက်ရေး၊

(၅) စက်မှုလုပ်ငန်းနယ်ပယ်၊ အိမ်လက်ထရောနစ်စက်မှုလုပ်ငန်း နယ်ပယ်များတွင် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ဖြစ်ထွန်းရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ပိုမိုမြှင့်တင်ရန်၊

(၂) ပြည်တွင်းသယံဇာတများ အခြေခံအသုံးပြုသည့် ကုန်ပစ္စည်းအမည်သစ်များ ထုတ်လုပ်နိုင်ရေးကို ဦးစားပေးဆောင်ရွက်ရန်၊

(၃) အကြီးစား စက်မှုလုပ်ငန်းနယ်ပယ်၊ အီလက်ထရောနစ် စက်မှုလုပ်ငန်းနယ်ပယ်များနှင့် သက်ဆိုင်သောစက်မှုလုပ်ငန်းများထူထောင်နိုင်ရေး ဆောင်ရွက်ရန်၊

(၄) စီမံကိန်းဆိုင်ရာနှင့် ထုတ်လုပ်မှုဆိုင်ရာများ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော အသိပညာရှင်၊ အတတ်ပညာရှင်များ စုဆောင်းရရှိရေး ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဒေသတွင်းရှိ သယံဇာတအရင်းအမြစ်များအပေါ် အခြေခံသည့်စက်မှုလုပ်ငန်းများ ထူထောင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရန်၊

(၂) စက်မှုထုတ်ကုန်ပစ္စည်း အရည်အသွေးတိုးတက်လာရေးအတွက် စံချိန်စံညွှန်းပြည့်မီလာအောင် နည်းလမ်းများ ချမှတ်ရန်၊

(၃) စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များ အဆက်အစပ်မိရေး အပြန်အလှန်ညှိနှိုင်းဆောင်ရွက်ရန်၊

(၄) ပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်အစားထိုးရေးဆိုင်ရာစက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်ရန်၊

(၅) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှုလုပ်ငန်းများအဖြစ် ကြပ်မတ်စစ်ဆေးရန်။

၁၁။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီမံကိန်းကာလအတွင်း တိုးတက်ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်ဓာတ်အားကို ပြည်နယ်ရှိ မြို့များသို့ သယ်ပို့ဖြန့်ဖြူးနိုင်ရန် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း၌ မဟာဓာတ်အားလိုင်းများနှင့် လက်ခံပို့လွှတ်ပေးမည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်သွားရေး၊

(၂) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရန် နည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာအကူအညီများ ပံ့ပိုးပေးရေး၊

(၃) လျှပ်စစ်ဓာတ်အားမရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဓာတ်အားပေးစက်များ၏ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားရေး၊

(၄) မြန်မာနိုင်ငံ၏ ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ပို့လွှတ် ဖြန့်ဖြူးသုံးစွဲနေသော လျှပ်စစ်ဓာတ်အား၏ အရည်အသွေးကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော Voltage Level နှင့် ကြိမ်နှုန်းပြည့် တည်ငြိမ်စွာရှိစေပြီး ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှုအနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရေး၊

(၅) မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများအပြင် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်များ မောင်းနှင်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ ဓာတ်ငွေ့တာဘိုင်စက်များ ကြံ့ခိုင်မှုကောင်းမွန်၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်ရေး။

( ခ ) ရည်မှန်းချက်မှာ စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်နိုင်ရေးအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများ တိုးချဲ့၍ အကောင်အထည်ဖော် တည်ဆောက်သွားရန်ဖြစ်သည်။

( ဂ ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ၆၆ ကေဗွီဓာတ်အားလိုင်း ၂ လိုင်း၊ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁ လိုင်း စုစုပေါင်း ဓာတ်အား လိုင်း ၃ လိုင်း တည်ဆောက်ရန်၊

(၂) ၆၆ ကေဗွီ ဓာတ်အားခွဲရုံ ၂ ရုံ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံ ၁ ရုံ၊ စုစုပေါင်း ဓာတ်အားခွဲရုံ ၃ ရုံ တည်ဆောက်ရန်။

၁၂။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဆက်သွယ်သွားလာမှု လျင်မြန်စေရန်အတွက် ပြည်နယ်အတွင်း မြို့များ၊ အခြားဒေသများနှင့် ဆက်သွယ်သည့် လမ်းသစ်ဖောက်လုပ်ခြင်းဆောင်ရွက်ရေး၊

(၂) အရေးကြီးသော ပေ ၁၈၀ အထက် တံတား ၂ စင်း ဆောက်လုပ်ရေး၊

(၃) နိုင်ငံတော်မှချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေး လုပ်ငန်းစဉ် ၈ ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် နိုင်ငံတစ်ဝန်း မြို့ပြဖွံ့ဖြိုးရေးမူဝါဒ များနှင့် မြို့ပြမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေး၊

(၄) ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး အရေးသုံးပါးတွင် နေရေးအတွက် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများနှင့် မြို့ပြများ စနစ်တကျ ဖွံ့ဖြိုးလာရေးအတွက် အဓိကထား ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတကာနှင့်ဆက်သွယ်မည့် လမ်းများကို ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ၂ လမ်းသွား ကတ္တရာကွန်ကရစ်လမ်းအဆင့်နှင့် အဆိုပါ လမ်းပေါ်ရှိ တံတားများအား ကွန်ကရစ်တံတား အဖြစ် ဆောင်ရွက်ရန်၊

(၂) ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းများအား ယာဉ်သွားလမ်းအကျယ် ၁၂ ပေ ကတ္တရာလမ်းနှင့် တံတားများကို ယာဉ်သွားလမ်းအကျယ် ၂၄ ပေ ကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ရန်၊

(၃) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများ၏ နေထိုင်မှုအခွင့်အလမ်းများ အစဉ် တိုးတက်မြင့်မား လာရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးမှုရရှိရေး မြို့ပြများစနစ်တကျဖွံ့ဖြိုးပြီး ပြည်သူများ၏ စီးပွားရေး တိုးတက်ကောင်းမွန်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ စက်မှုဇုန်များ စီမံကိန်းရေးဆွဲတည်ဆောက်ခြင်း၊ အထူးစီးပွားရေးဇုန်များဖော်ထုတ်ရန် Master Plan များ ရေးဆွဲခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ရန်၊

(၄) တစ်နိုင်ငံလုံးအတိုင်းအတာအရ မြို့ပြနှင့်ကျေးလက်ဒေသများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာကဏ္ဍ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်အတန်းမြင့်မားစေရေး ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတကာနှင့် ဆက်သွယ်သည့်လမ်းမကြီး၊ ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းမကြီးများ၊ ဆောင်ရွက်ဆဲလမ်းသစ်များ ဆက်လက်ဆောင်ရွက်ရန်၊

(၂) အမြဲတမ်း တံတားကြီးငယ် စုစုပေါင်း ၂ စင်း ဆောင်ရွက်ရန်၊

(၃) ပြည်နယ်အတွင်း မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေး၊ အိမ်ရာဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်သည့် အကူအညီ များကို ဆက်လက်ပေးသွားရန်၊

(၄) ပြည်ထောင်စုအစိုးရ၏ သီးခြားတာဝန်ပေးချက်အရ ဘားအံစက်မှုဇုန် တည်ဆောက်ရေး စီမံကိန်းအား ဆက်လက်ဆောင်ရွက်ရန်။

၁၃။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်စေရန် ဆောင်ရွက်ရေး၊

(၂) ပို့ဆောင်ရေးကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်ကို အမြင့်ဆုံးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊

(၃) ရထားပို့ဆောင်ရေးစွမ်းရည် မြင့်တက်လာရန် ဆောင်ရွက်ရေး၊

(၄) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ကြီးကြပ်ကွပ်ကဲရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပို့ဆောင်ရေးကဏ္ဍများတွင် ပုဂ္ဂလိကနှင့် ဖက်စပ်လုပ်ကိုင်မှုစနစ်အား နှစ်ဦးနှစ်ဖက် အကျိုးခံစားခွင့်ရရှိရေး ဆောင်ရွက်ရန်၊

(၂) ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုပမာဏအား နိုင်ငံတော်မှချမှတ်သည့် နှစ်စဉ် GDP တိုးတက်မှုနှုန်းထက် ပိုမိုရရှိအောင်ဆောင်ရွက်ရန်၊

(၃) ပြည်နယ်အတွက် နှစ်စဉ် အသားတင်ဘဏ္ဍာငွေများ တိုးတက်ရှာဖွေပေးရန်၊

(၄) ပို့ဆောင်ရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားများအား လိုအပ်သည့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ လေ့ကျင့်သင်ကြားပို့ချပြီး အလုပ်အကိုင်တိုးမြှင့်ရရှိရေး ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေလမ်းကြောင်း ကောင်းမွန်ရေးနှင့် မြစ်ကြောင်း ထိန်းသိမ်းရေးလုပ်ငန်းများ၊ ကမ်းပြို ကမ်းထိန်းလုပ်ငန်းများ မြေထိန်းနံရံတည်ဆောက်ခြင်းနှင့် ရေလမ်းကြောင်း ပိတ်ဆို့နေမှုအား ရှင်းလင်းခြင်းနှင့် မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ရန်၊

(၂) ဆိပ်ကမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆိပ်ခံတံတားများ တည်ဆောက်ခြင်း၊ ဆိပ်ကမ်းနယ်မြေသာယာလှပရေးတို့အတွက် အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၃) ပြည်တွင်းရေကြောင်းတွင် ပို့ဆောင်လျက်ရှိသည့် စက်ရှိ၊ စက်မဲ့ရေယာဉ်များ၊ ဆိပ်ခံတွဲများ၊ တွဲရေယာဉ်များ ပို့ဆောင်ခြင်းလုပ်ငန်းအား ဆောင်ရွက်ရန်၊

(၄) ရထားလမ်းဟောင်းများအား ဇလီဖားများ၊ ကျောက်များဖြည့်တင်း၍ အဆင့်မြှင့်တင်ခြင်း၊ သံလမ်းနှင့်ဆက်စပ်ပစ္စည်းများ လဲလှယ်ခြင်း၊ တိုးချဲ့လာသောရထားလမ်းပိုင်းများတွင် အဆောက်အဦနှင့် အခြားလိုအပ်ချက်များ ဖြည့်တင်းဆောင်ရွက်ရန်။

၁၄။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခန်းကဏ္ဍအနေဖြင့် Public Private Partnership (PPP) ပုံစံဖြင့် ဆောင်ရွက်နိုင်ရန် ရည်မှန်းချက်ထားရှိရေး၊

(၂) ခေတ်စနစ်နှင့်လျော်ညီအောင် ပြင်ဆင်ပြဋ္ဌာန်းပြီးဖြစ်သော ဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(၃) ပြည်တွင်းဆက်သွယ်ရေးကဏ္ဍ၏ တည်ဆောက်မှုလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် နိုင်ငံသားနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖန်တီးပေးရေး၊

(၄) ကွန်ပျူတာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊

(၅) High Speed Internet Service အသုံးချနိုင်ရေးအတွက် ISP များ ထပ်မံတည်ဆောက်ခြင်းနှင့် နိုင်ငံတကာနှင့် ချိတ်ဆက်ထားသည့် International Bandwidth များ တိုးချဲ့သုံးစွဲနိုင်ရန် ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ဆက်သွယ်ရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်၏ ၃. ၃၂ ဆ တိုးတက်ဖြစ်ပေါ်ရန်နှင့် တိုးတက်မှုနှုန်းအနေဖြင့် ၂၃၂. ၂ ရာခိုင်နှုန်းဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်ရန်၊

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းလိုင်းများ တိုးချဲ့တပ်ဆင်ဆောင်ရွက်ရေးနှင့် အင်တာနက်အသုံးပြုသူများ ပိုမိုတိုးတက်လာစေရေးအတွက် ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) မိုဘိုင်းတိုးချဲ့ရေးစီမံကိန်း ပထမနှစ်စီမံချက်ကို ပြီးစီးအောင်ဆောင်ရွက်ရန်၊

(၂) အော်တိုတယ်လီဖုန်းစနစ်အနေဖြင့် PSTN အိတ်ချိန်းများအား အဆင့်မြင့်အိတ်ချိန်းများဖြစ်သော Softswitch များဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်း၊ Online Charging System (OCS) စနစ် တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး Multiplay Service အသုံးပြုနိုင်သော FTTH စနစ်အား အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၃) မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့သည်နှင့်အမျှ ပြည်ပတယ်လီဖုန်းခေါ်ဆိုမှုတွင် လွယ်ကူချောမွေ့စေရေးအတွက် ဆောင်ရွက်ရန်၊

(၄) တိုးချဲ့ပြီးသော မိုဘိုင်းတယ်လီဖုန်းများမှ High Speed Internet Services သုံးစွဲနိုင်ရေးအတွက် Internet Backbone များ တိုးချဲ့ခြင်းနှင့် ISP အသစ်တစ်ခု တပ်ဆင်ဆောင်ရွက်ရန်၊

(၅) Internet သုံးစွဲမှုတွင် လက်ရှိအသုံးပြုနေသော IPv4 စနစ်အား IPv6 စနစ်သို့ ပြောင်းလဲသုံးစွဲနိုင်ရေးအတွက် ရေးဆွဲဆောင်ရွက်ရန်၊

(၆) Cross border Transmission Capacity တိုးချဲ့ခြင်းနှင့် ပြည်နယ်အတွင်း ဖိုင်ဘာဆက်ကြောင်းတည်ဆောက်ရန်၊

(၇) အပြည်ပြည်ဆိုင်ရာဆက်သွယ်မှု Capacity တိုးချဲ့ရေး ချိတ်ဆက်ဆောင်ရွက်ရန်၊

(၈) ပြည်နယ်အတွင်းရှိ မြို့နယ်များအရောက် Fiber Cable ဆက်ကြောင်းများ တည်ဆောက်၍ လုံလောက်သော Bandwidth Capacity ရရှိရေး ဆောင်ရွက်ရန်၊

(၉) စာပို့တိုက်လုပ်ငန်းတွင် ပြည်တွင်းအီလက်ထရောနစ် အမြန်ငွေပို့လွှာလုပ်ငန်း Online Money Order စနစ်အား ပြည်နယ်ရှိ စာတိုက်ရုံးတွင် စတင်ဆောင်ရွက်ရန်၊

(၁၀) စာပို့တိုက်လုပ်ငန်း၏ ပြည်တွင်းပြည်ပ ချောပို့ဆောင်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများကို Public Private Partnership (PPP) ပုံစံဖြင့် ပြောင်းလဲဆောင်ရွက်ရန်၊

(၁၁) သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အရေးပေါ်ဆက်သွယ်မှုစနစ် Back-up System အဖြစ် ရေဒီယိုကြေးနန်းစနစ်ကို အဆင့်မြှင့်တင်ခြင်း၊ ကြေးနန်းရုံးအသစ်များ ဖွင့်လှစ်ခြင်း၊ ဖက်စ်ကြေးနန်းနှင့် ကွန်ပျူတာကြေးနန်း၊ e-Telegram ကြေးနန်းများ တိုးချဲ့ခြင်းကို ဆောင်ရွက်ရန်၊

(၁၂) ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းတွင် သင်တန်းများ လေ့ကျင့်သင်ကြားရေးအစီအစဉ် ရေးဆွဲဆောင်ရွက်ရန်။

၁၅။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်နှင့် နိုင်ငံတကာနှင့်ရင်ပေါင်တန်းဆောင်ရွက်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ရေးဖြစ်သည်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ငွေရေးကြေးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် တိုးတက်ပြောင်းလဲလာသော ငွေရေးကြေးရေးကဏ္ဍအား စနစ်တကျ ကြီးကြပ်ကွပ်ကဲရေးနှင့် နိုင်ငံတကာအဆင့်အတန်းနှင့်အညီ ဖြစ်စေရေးဆောင်ရွက်ရန်၊

(၂) နိုင်ငံတကာရှိဘဏ်လုပ်ငန်းများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၃) အီလက်ထရောနစ်ဘဏ်လုပ်ငန်း အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၄) အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၅) နိုင်ငံခြားငွေလဲလှယ်နှုန်းပေါင်းစည်းရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၆) ပြည်တွင်း၊ ပြည်ပ ငွေပေးချေမှုများ၊ စာရင်းရှင်းလင်းမှုများ အဆင်ပြေစေရေးနည်းလမ်းရှာဖွေဆောင်ရွက်ရန်၊

(၇) ငွေကြေးစီးဆင်းမှု၊ လွယ်ကူချောမွေ့အဆင်ပြေစေရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၈) လုံခြုံရေးသတင်းကွန်ရက် တိုးချဲ့ဆောင်ရွက်ရန်၊

(၉) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ စနစ်တကျ ဖွဲ့စည်းပေါ်ပေါက်ရေးနှင့် ပြည်နယ်အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို စနစ်တကျ ဖွဲ့စည်း၍ ကြပ်မတ်ဆောင်ရွက်ရန်။

၁၆။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေး၊

(၂) နိုင်ငံတော်၏ပညာရေးအဆင့်အတန်း မြင့်မားလာစေရေး၊

(၃) သဘာဝအရင်းအမြစ်မှရရှိသော စွမ်းအင်များကို အသုံးချ၍ သုတေသနလုပ်ငန်းများ တိုးချဲ့ရေး၊

(၄) အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရေး၊

(၅) ကျန်းမာရေးစနစ် အားဖြည့်ဆောင်ရွက်ခြင်းကို အထူးအလေးပေးဆောင်ရွက်ရေး၊

(၆) အလုပ်သမားများ ကျန်းမာမှုကောင်းမွန်တိုးတက်စေ၍ အလုပ်လုပ်နိုင်သည့် စွမ်းအားမြင့်မားပြီး ကုန်ထုတ်လုပ်မှုတိုးတက်စေရေး၊

(၇) အလုပ်မလုပ်နိုင်သည့်အခါ အလုပ်သမားနှင့် မိသားစုစားဝတ်နေရေးအတွက် ထောက်ပံ့မှုရရှိစေရေး၊

(၈) နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့် အကောင်အထည်ဖော်ရန်ရှိသည့် ရေတို၊ ရေရှည်လုပ်ငန်းများကို ပြည်သူများအား ပြန်ကြားအသိပေးရေး၊

(၉) ၂၀၁၅ ခုနှစ်မှာ ဖော်ဆောင်မည့် အာဆီယံအသိုက်အဝန်းထူထောင်ရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ရေး။

(ခ) လုပ်ငန်းစဉ်မှာ အထက်ဖော်ပြပါမူဝါဒများကို အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနများက မိမိတို့၏ သက်ဆိုင်ရာဝန်ကြီးဌာန ရည်မှန်းချက်များနှင့် ဆီလျော်သည်များကို ဆောင်ရွက်ရန်ဖြစ်သည်။

၁၇။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ငွားရမ်းခနှင့် အခြားဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ -

- မူဝါဒမှာ အာဆီယံစီးပွားရေးအသိုက်အဝန်း ရည်မှန်းချက်များ ၂၀၁၅ ခုနှစ်တွင် ပြည့်မီရန်အတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာအရည်အချင်းများကို အသိအမှတ်ပြုရေး၊ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည်။

၁၈။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပို့ကုန်တိုးမြှင့်ရန် ဦးစားပေးဆောင်ရွက်ရေး၊

(၂) ထပ်ဆင့်တိုးတန်ဖိုးရ ကုန်ချောပစ္စည်းများအဖြစ် ထုတ်လုပ်တင်ပို့ရောင်းချရေး၊

(၃) ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် ပံ့ပိုးကူညီဆောင်ရွက်ရေး၊

(၄) ပြည်တွင်းထုတ်လုပ်မှု၊ စားသုံးမှုနှင့် ပိုလျှံမှုတို့အပေါ် မူတည်၍ ပို့ကုန်၊ သွင်းကုန်များကို ထိန်းညှိခြင်းဖြင့် ကုန်စည်စီးဆင်းမှုနှင့် ကုန်ဈေးနှုန်းတည်ငြိမ်စေရေးအတွက် ထိန်းကျောင်းပေးရေး။

## **အခန်း (၅)**

## **အထွေထွေ**

၁၉။ ကရင်ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သက်ဆိုင်ရာကဏ္ဍအလိုက်စီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ အစီအမံများ ချမှတ်ကျင့်သုံးဆောင်ရွက်ရန်ဖြစ်သည်။

**ကရင်ပြည်နယ်၏**
**၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ စီမံကိန်းအရ**
**ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး**
(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

| အမှတ်စဉ် | ကဏ္ဍ | စီမံကိန်းရည်မှန်းချက် | | | | |
|---|---|---|---|---|---|---|
| | | ၂၀၁၁-၂၀၁၂ | | ၂၀၁၂-၂၀၁၃ | | |
| | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု % | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု% | တိုးတက်မှု% |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | **လယ်ယာကဏ္ဍကြီး** | ၂၉၅၁၀၇. ၄ | ၃၉. ၈ | ၃၀၃၄၄၁. ၁ | ၃၇. ၉ | ၂. ၈ |
| ၂ | **စက်မှုကဏ္ဍကြီး** | ၁၆၀၄၀၁. ၇ | ၂၁. ၇ | ၁၈၃၃၈၅. ၀ | ၂၂. ၉ | ၁၄. ၃ |
| ၃ | **ဝန်ဆောင်မှုကဏ္ဍကြီး** | ၂၈၄၉၇၄. ၇ | ၃၈. ၅ | ၃၁၃၂၄၆. ၂ | ၃၉. ၂ | ၉. ၉ |
| ၄ | **အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | ၇၄၀၄၈၃. ၈ | ၁၀၀. ၀ | ၈၀၀၀၇၂. ၃ | ၁၀၀. ၀ | ၈. ၀ |

## ကရင်ပြည်နယ်၏
## ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ စီမံကိန်းအရ
## ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး
(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

| အမှတ်စဉ် | | ကဏ္ဍ | စီမံကိန်းရည်မှန်းချက် | | | | |
|---|---|---|---|---|---|---|---|
| | | | ၂၀၁၁-၂၀၁၂ | | ၂၀၁၂-၂၀၁၃ | | |
| | | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု % | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု% | တိုးတက်မှု% |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၂၉၅၁၀၇.၄** | **၃၉.၈** | **၃၀၃၄၄၁.၁** | **၃၇.၉** | **၂.၈** |
| | ၁ | လယ်ယာ | ၂၃၉၆၅၂.၈ | ၃၂.၄ | ၂၄၄၈၅၂၀.၀ | ၃၀.၆ | ၂.၂ |
| | ၂ | သားငါး | ၅၃၀၂၅.၇ | ၇.၂ | ၅၅၄၀၁.၀ | ၆.၉ | ၄.၅ |
| | ၃ | သစ်တော | ၂၄၂၈.၉ | ၀.၃ | ၃၁၈၈.၁ | ၀.၄ | ၃၁.၃ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၁၆၀၄၀၁.၇** | **၂၁.၇** | **၁၈၃၃၈၅.၀** | **၂၂.၉** | **၁၄.၃** |
| | ၁ | စွမ်းအင် | | | | | |
| | ၂ | သတ္တု | ၇၀၈၀.၆ | ၁.၀ | ၅၅၈၈.၄ | ၀.၇ | -၂၁.၁ |
| | ၃ | စက်မှု | ၁၁၃၄၀၇.၁ | ၁၅.၃ | ၁၃၁၁၉၆.၅ | ၁၆.၄ | ၁၅.၇ |
| | ၄ | လျှပ်စစ် | ၄၄၁၄.၀ | ၀.၆ | ၅၀၀၀.၃ | ၀.၆ | ၁၃.၃ |
| | ၅ | ဆောက်လုပ်မှု | ၃၅၅၀၀.၀ | ၄.၈ | ၄၁၅၉၉.၈ | ၅.၂ | ၁၇.၂ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၈၄၉၇၄.၇** | **၃၈.၅** | **၃၁၃၂၄၆.၂** | **၃၉.၂** | **၉.၉** |
| | ၁ | ပို့ဆောင်ရေး | ၈၉၆၀၃.၅ | ၁၂.၁ | ၈၉၃၃၉.၈ | ၁၁.၂ | -၀.၃ |
| | ၂ | ဆက်သွယ်ရေး | ၃၀၅၂.၆ | ၀.၄ | ၁၇၃၇၆.၆ | ၂.၂ | ၄၆၉.၂ |
| | ၃ | ငွေရေးကြေးရေး | ၁၅၁.၃ | ၀.၀၂ | ၁၆၈.၆ | ၀.၀၂ | ၁၁.၄ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၁၄၆၇၇.၄ | ၂.၀ | ၁၄၄၁၂.၄ | ၁.၈ | -၁.၈ |
| | ၅ | ငှားရမ်းခနှင့်အခြား | ၂၃၆၇၃.၈ | ၃.၂ | ၂၆၇၅၈.၆ | ၃.၃ | ၁၃.၀ |
| | ၆ | ကုန်သွယ်မှု | ၁၅၃၈၁၆.၁ | ၂၀.၈ | ၁၆၅၁၉၀.၂ | ၂၀.၆ | ၇.၄ |
| ၄ | | **အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး** | **၇၄၀၄၈၃.၈** | **၁၀၀.၀** | **၈၀၀၀၇၂.၃** | **၁၀၀.၀** | **၈.၀** |

## ကရင်ပြည်နယ်၏
## ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ စီမံကိန်းအရ
## ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး
(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

| အမှတ်စဉ် | | ကဏ္ဍ | စီမံကိန်းရည်မှန်းချက် | | | | |
|---|---|---|---|---|---|---|---|
| | | | ၂၀၁၁-၂၀၁၂ | | ၂၀၁၂-၂၀၁၃ | | |
| | | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု % | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု% | တိုးတက်မှု% |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုကဏ္ဍ** | **၄၅၅၅၀၉. ၁** | **၆၁. ၅** | **၄၈၆၈၂၆. ၁** | **၆၀. ၈** | **၆. ၉** |
| | ၁ | လယ်ယာ | ၂၃၉၆၅၂. ၈ | ၃၂. ၄ | ၂၄၄၈၅၂. ၀ | ၃၀. ၆ | ၂. ၂ |
| | ၂ | သားငါး | ၅၃၀၂၅. ၇ | ၇. ၂ | ၅၅၄၀၁. ၀ | ၆. ၉ | ၄. ၅ |
| | ၃ | သစ်တော | ၂၄၂၈. ၉ | ၀. ၃ | ၃၁၈၈. ၁ | ၀. ၄ | ၃၁. ၃ |
| | ၄ | စွမ်းအင် | | | | | |
| | ၅ | သတ္တု | ၇၀၈၀. ၆ | ၁. ၀ | ၅၅၈၈. ၄ | ၀. ၇ | -၂၁. ၁ |
| | ၆ | စက်မှု | ၁၁၃၄၀၇. ၁ | ၁၅. ၃ | ၁၃၁၁၉၆. ၅ | ၁၆. ၄ | ၁၅. ၇ |
| | ၇ | လျှပ်စစ် | ၄၄၁၄. ၀ | ၀. ၆ | ၅၀၀၀. ၃ | ၀. ၆ | ၁၃. ၃ |
| | ၈ | ဆောက်လုပ်မှု | ၃၅၅၀၀. ၀ | ၄. ၈ | ၄၁၅၉၉. ၈ | ၅. ၂ | ၁၇. ၂ |
| **၂** | | **ဝန်ဆောင်မှုကဏ္ဍ** | **၁၃၁၁၅၈. ၆** | **၁၇. ၇** | **၁၄၈၀၅၆. ၀** | **၁၈. ၅** | **၁၂. ၉** |
| | ၁ | ပို့ဆောင်ရေး | ၈၉၆၀၃. ၅ | ၁၂. ၁ | ၈၉၃၃၉. ၈ | ၁၁. ၂ | -၀. ၃ |
| | ၂ | ဆက်သွယ်ရေး | ၃၀၅၂. ၆ | ၀. ၄ | ၁၇၃၇၆. ၆ | ၂. ၂ | ၄၆၉. ၂ |
| | ၃ | ငွေရေးကြေးရေး | ၁၅၁. ၃ | ၀. ၀၂ | ၁၆၈. ၆ | ၀. ၀၂ | ၁၁. ၄ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၁၄၆၇၇. ၄ | ၂. ၀ | ၁၄၄၁၂. ၄ | ၁. ၈ | -၁. ၈ |
| | ၅ | ငှားရမ်းခနှင့်အခြား | ၂၃၆၇၃. ၈ | ၃. ၂ | ၂၆၇၅၈. ၆ | ၃. ၃ | ၁၃. ၀ |
| **၃** | | **ကုန်သွယ်မှု** | **၁၅၃၈၁၆. ၁** | **၂၀. ၈** | **၁၆၅၁၉၀. ၂** | **၂၀. ၆** | **၇. ၄** |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၇၄၀၄၈၃. ၈** | **၁၀၀. ၀** | **၈၀၀၀၇၂. ၃** | **၁၀၀. ၀** | **၈. ၀** |

# ၂၀၁၂ ခုနှစ်၊ ကရင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

## ( ၂၀၁၂ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၁။ )

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် )

ကရင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့်အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ ကရင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်ရမည်။

### အခန်း (၂)

### နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့်စီမံခန့်ခွဲခြင်း

၂။ (က) ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ် ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ် ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဇယား (၁) တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊

စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဇော်မင်း
ဝန်ကြီးချုပ်
ကရင်ပြည်နယ်အစိုးရအဖွဲ့

## ကရင်ပြည်နယ်အဆင့် အဖွဲ့အစည်းများ

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၁၀ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၀.၂၅၉ | | | | | | |
| | | ပေါင်း | | ၃၀.၂၅၉ | | | | | | |

# ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ကရင်ပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေ
## ( ၂၀၁၂ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၂။ )

၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်

(၂၀၁၂ ခုနှစ်၊ မတ်လ ၂၆ ရက်)

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၁ အရ ကရင်ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ ပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီမံကိန်းများကို ကရင်ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ ပြည်နယ်လွှတ်တော်သို့ တင်သွင်းသော ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ကရင်ပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာနှစ်အတွက် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း တစ်ပြည်နယ်လုံး အတိုင်းအတာအရ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(ခ) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိကမျှော်မှန်းချက်များကို ဆိုသည်။

(ဂ) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့် အချက်အလက်များကို ဆိုသည်။

(ဃ) **အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များ ပြည့်မီရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းနှင့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆိုသည်။

(င) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ် တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့်ခုနှစ်ကို ဆိုသည်။

(စ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(ဆ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(ဇ) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှု အမျိုးအစားအပေါ်အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍများကို ဆိုသည်။

(စ၂) **ကဏ္ဍကြီး**ဆိုသည်မှာ ကရင်ပြည်နယ်အနေဖြင့် စွမ်းအင်ကဏ္ဍမှအပ စီးပွားရေးကဏ္ဍ (၁၃) ခုကို လုပ်ငန်းသဘောသဘာဝတူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းတို့တွင် လယ်ယာကဏ္ဍကြီး၌ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ၊ စက်မှုကဏ္ဍကြီး၌ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ၊ ဝန်ဆောင်မှု ကဏ္ဍကြီး၌ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုနှင့် ကုန်သွယ်မှုကဏ္ဍများ ပါဝင်ဖွဲ့စည်းထားခြင်းကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုး ရရှိအောင် ဆောင်ရွက်ပေးပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည့် အရင်းအနှီးကုန်ကြမ်းများကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ရေး၊

(ခ) အလုပ်အကိုင်အခွင့်အလမ်းများနှင့် နည်းပညာကျွမ်းကျင်မှုရရှိရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊

(ဂ) လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ရေး။

## အခန်း (၃)
## စီမံကိန်းလျာထားချက်

၅။ ကရင်ပြည်နယ်အစိုးရမှချမှတ်သော မူဝါဒများနှင့်အညီ အောက်ပါအတိုင်း စီမံကိန်းလျာထားချက်များ ထားရှိဆောင်ရွက်ပါသည် -

(က) စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၈.၀ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ်အပေါ် အဆအားဖြင့် ၁.၀၈ ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်၊

(ခ) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၉.၈ ရာခိုင်နှုန်းမှ ၃၇.၉ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၁.၇ ရာခိုင်နှုန်းမှ ၂၂.၉ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၈.၅ ရာခိုင်နှုန်းမှ ၃၉.၂ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးပြောင်းလဲဖြစ်ပေါ်စေရန်၊

(ဂ) လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၂.၈ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၁၄.၃ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၉.၉ ရာခိုင်နှုန်း အသီးသီး တိုးတက်စေရန်၊

(ဃ) ကုန်သွယ်မှုကဏ္ဍ၏ တိုးတက်မှုနှုန်းကို ၇.၄ ရာခိုင်နှုန်း တိုးတက်စေရန်။

## အခန်း (၄)
## ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်

၆။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(၁) သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ရေး၊

(၂) လေ့ကျင့်ပညာပေးရေး၊

(၃) သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လယ်ယာကဏ္ဍဆိုင်ရာ ကိန်းဂဏန်းများ မှန်ကန်ရေးကို အထူးအလေးထားဆောင်ရွက်ရန်၊

(၂) စပ်မျိုးစပါးနှင့် အခြားစပ်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးသွားရန်၊

(၃) ကျန် အဓိကစိုက်ပျိုးသီးနှံများတွင်လည်း အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးသွားရန်၊

(၄) စံပြစက်မှုလယ်ယာကွက်များကို ဆက်လက်တိုးချဲ့ဖော်ထုတ်သွားရန်၊

(၅) ဆည်မြောင်းတာတမံမှ အကျိုးပြုဧရိယာဧက တိုးချဲ့ဆောင်ရွက်သွားရန်၊

(၆) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးရေးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်၊

(၇) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြေကြီး၊ မြေပုံနှင့် မြေစာရင်းမှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများ ထုတ်လုပ်အသုံးပြုနိုင်ရေးနှင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်ဧရိယာများ စာရင်းကောက်ယူရေးလုပ်ငန်းများကို အထူးဦးစားပေးဆောင်ရွက်ရန်၊

(၂) စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ခြင်းကို တိုးတက်ဆောင်ရွက်သွားပါမည်။ ပြည်နယ်အတွင်း ဧက ၁၅၀ စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်သွားနိုင်ရေးအတွက် ဆန်စပါးအထူးပြုကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၏ အင်အားကိုရယူ၍ ဝန်ကြီးဌာန၏ လေ့ကျင့်မွေးထုတ်ထားသည့် ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(၃) ရေဘုတ်ရေလှောင်တမံမှ အကျိုးပြုဧရိယာဧက ၆၀၀၀ ရရှိအောင် ဆောင်ရွက်ရန်၊

(၄) လျှပ်စစ်မြစ်ရေတင်လုပ်ငန်းအနေဖြင့် စုစုပေါင်း ၈၆၀၀ ဧကကို ရေပေးဝေနိုင်ရန် ဆောင်ရွက်ရန်၊

(၅) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများ ဆက်လက်ဆောင်ရွက်ရန်၊

(၆) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးရန်။

၇။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ ငါးနှစ်စီမံကိန်း ဦးတည်ချက်များအရ သတ်မှတ်ထားသည့် စီမံကိန်းဒုတိယနှစ် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ လျာထားချက်များကို ပြည့်မီအောင် ဆောင်ရွက်ရေးဖြစ်သည်။

(ခ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ငါးထုတ်လုပ်မှုကို ကာလတိုငါးနှစ်စီမံကိန်း၏ ပထမနှစ်ထက် ၈.၂ ရာခိုင်နှုန်း တိုးတက်ရရှိရန်၊

(၂) ပုစွန်ထုတ်လုပ်မှုကို ကာလတိုငါးနှစ်စီမံကိန်း၏ ပထမနှစ်ထက် ၅.၇ ရာခိုင်နှုန်း တိုးတက်ရရှိရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီးပွားဖြစ် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းကြီးများ ထူထောင်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ အရင်းအနှီးနှင့် နည်းပညာများရယူခြင်း၊ မွေးမြူရေးချေးငွေ ရရှိနိုင်ရေးတို့အတွက် ကူညီဆောင်ရွက်ရန်၊

(၂) ပြည်ပဈေးကွက် ပိုမိုရရှိရေး၊ သွင်းကုန်အစားထိုးနိုင်ရေးအတွက် တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ၏ ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်ရေးအတွက် အရည်အသွေး ပြည့်မီရေး ဖြည့်ဆည်းဆောင်ရွက်ရန်၊

(၃) မွေးမြူရေးဆိုင်ရာ အခြေခံကိန်းဂဏန်း အချက်အလက်များ မှန်ကန်ပြည့်စုံစွာရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ မွေးမြူထုတ်လုပ်မှု တိုးတက်ရရှိစေရေးအတွက် ထိရောက်စွာ ကြီးကြပ်ဆောင်ရွက်ရန်၊

(၄) တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ ဈေးကွက်တွင် ဈေးကွက်ဝေစု ပိုမိုရရှိရေးအတွက် ထိုးဖောက်ဆောင်ရွက်ရန်၊

(၅) နိုင်ငံခြားငွေ တိုးတက်ရရှိရေးအတွက် ပြည်ပသို့ ငါးပုစွန်တိုးချဲ့တင်ပို့နိုင်ရေး ပုဂ္ဂလိကလုပ်ငန်းရှင်များအား ကူညီပံ့ပိုး၍ တွန်းအားပေးဆောင်ရွက်ရန်၊

(၆) သဘာဝရေပြင်ရှိ ငါးလုပ်ငန်းဆိုင်ရာ သယံဇာတများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရန်၊

(၇) ငါးလုပ်ငန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနအနေဖြင့် အနုစိတ်ဓာတ်ခွဲခန်းများကို နယ်စပ်ထွက်ပေါက်အလိုက် တိုးချဲ့တည်ထောင်ဆောင်ရွက်ရန်၊

(၈) ရေချိုပုစွန်မွေးမြူထုတ်လုပ်ရေး တိုးတက်စေရန် ငါးပုစွန်ရောနှောမွေးမြူရေးစနစ် Monoculture မှ Polyculture သို့ တိုးချဲ့မွေးမြူဆောင်ရွက်ရန်၊

(၉) စိုက်ပျိုးချိန်စောင့်ဆိုင်းနေဆဲကာလတွင် ကျေးလက်နေပြည်သူများ အပိုဝင်ငွေရရှိရန် ပေါင်းစည်းလယ်ယာစနစ်များ ပေါ်ထွက်လာစေရေး တွန်းအားပေးဆောင်ရွက်ရန်။

၈။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ ရေ၊ မြေ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများတည်ထောင်ခြင်းဖြင့် ရာသီဥတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး၊ ကျေးလက်နေပြည်သူတို့၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး၊ သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး၊ သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံစက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊ သစ်တောကဏ္ဍ စွမ်းဆောင်ရည်တိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ရန် ဖြစ်သည်။

(ခ) ရည်မှန်းချက်မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်ရန်၊

(၂) ကြိုးဝိုင်း ကြိုးပြင်ကာကွယ်တောများ၊ သဘာဝနယ်မြေများ တိုးချဲ့ဖွဲ့စည်းသတ်မှတ်ရန်၊

(၃) ဒေသအတွင်းရှိ သဘာဝတောကျန်များကို ပြုစုထိန်းသိမ်းရန်၊

(၄) ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်နှင့် ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့စေရေးအတွက် ရေဝေရေလဲ စိုက်ခင်းများ တည်ထောင်ရန်၊

(၅) ဒေသတွင်း စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောစိုက်ခင်းများ တည်ထောင်ထိန်းသိမ်းရန်၊

(၆) ဒေသအတွင်းရှိ တောင်စဉ်တောင်တန်းများ စိမ်းလန်းစိုပြည်လာစေရေးအတွက် စီမံချက်ဖြင့် ဆောင်ရွက်ရန်၊

(၇) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေးစိုက်ခင်းများ တည်ထောင်ရန်၊

(၈) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ထင်းအစား အခြား လောင်စာသုံးစွဲရေးကို ဦးတည်လျက် စွမ်းအားမြင့်မီးဖိုများ၊ လောင်စာတောင့်များနှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲလာရေးကို စည်းရုံးဆောင်ရွက်ရန်၊

(၉) ဒေသတွင်း မြေဆီလွှာတိုက်စားခြင်း၊ မြေအဆင့်အတန်းနိမ့်ကျခြင်းမှ ကာကွယ်နိုင်ရေး အတွက် နုန်းတားဆည်ငယ်များ တည်ဆောက်သွားရန်နှင့် ကျေးလက်ပြည်သူ သောက်သုံးရေ ဖူလုံစေရေးအတွက် ရေကန်ငယ်များ တူးဖော်ရန်၊

(၁၀) ကျေးလက်ပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်းပေး နိုင်ရေးအတွက် သစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ရန်၊

(၁၁) နှစ်စဉ် လူထုလှုပ်ရှားမှုဖြင့် သစ်ပင်စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များ ဖြန့်ဝေပေးရန်၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၁၂) ကျွန်းနှင့်သစ်မာများကို နှစ်စဉ် တောထွက်အပေါ်အခြေခံ၍ စိစစ်ထုတ်လုပ်ရန်၊

(၁၃) သစ်မဟုတ်သည့် အခြားသစ်တောထွက်ပစ္စည်းများကို စီမံကိန်းလျာထားချက်ဘောင်အတွင်းမှ ထုတ်ယူသုံးစွဲရန်၊

(၁၄) ခေတ်မီစက်ယန္တရားဖြင့် သစ်ထုတ်ရေးအင်အား တိုးမြှင့်သွားရန်နှင့် သဘာဝပတ်ဝန်းကျင် နှင့် လိုက်လျောညီထွေဖြစ်သည့် ဆင်ဖြင့်သစ်ထုတ်နည်းစနစ်ကို ဆက်လက်ဆောင်ရွက်ရန်၊

(၁၅) သစ်ထုတ်လမ်းများဖောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးနည်းစနစ်များ ကောင်းမွန် အောင် ဆောင်ရွက်ရန်၊

(၁၆) သစ်မထုတ်မီနှင့် သစ်ထုတ်ပြီးကာလ သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှုအား လေ့လာဆန်းစစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှု သက်သာစေသော သစ်ထုတ်နည်းလမ်း များကို လိုက်နာဆောင်ရွက်ရန်၊

(၁၇) ရောင်းတန်းဝင် သစ်မျိုးနှင့်အတူ လူသုံးနည်းသစ်မျိုးများကို တွဲဖက်ထုတ်လုပ်ရန်၊

(၁၈) သစ်တစ်ပင်လုံး အသုံးချနိုင်ရေးနှင့် သစ်မျိုးစုံအသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၁၉) နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင်အခန်းတွင် သစ်အခြေခံစက်မှုလုပ်ငန်း ဟန်ချက်ညီညီ ဖွံ့ဖြိုး တိုးတက်ရန်၊

(၂၀) သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်သော သစ်လုံး ကုန်ကြမ်းရရှိရေး စီမံဆောင်ရွက်ရန်၊

(၂၁) ဖက်စပ်အပါအဝင် ပုဂ္ဂလိကသစ်အခြေခံစက်ရုံများအတွက် လိုအပ်သော သစ်လုံး၊ ခွဲသား ကုန်ကြမ်းများ ရောင်းချပေးရန်၊

(၂၂) သစ်အခြေခံစက်မှုလုပ်ငန်း ထွက်ကုန်အမည်သစ်များ ထုတ်လုပ်မည့်စက်ရုံ၊ အလုပ်ရုံသစ်များ ပေါ်ထွန်းလာသည်နှင့်အမျှ ပြည်တွင်းအလုပ်သမားများအတွက် ခေတ်မီနည်းပညာသစ်များ ရရှိလာစေရန်၊

(၂၃) လူသုံးနည်းသစ်များကို နည်းပညာသစ်များအသုံးပြု၍ အဆင့်မီ ကုန်ချောများထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၂၄) သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံမှန်လုပ်ငန်းခွင်သင်တန်းများအပြင် သစ်တောဘာသာရပ်ဆိုင်ရာသင်တန်းများကို လိုအပ်ချက်များနှင့်အညီ ဖွင့်လှစ်ပို့ချသွားရန်၊ ပြည်တွင်းပြည်ပ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ ဝန်ထမ်းများအား စေလွှတ်ရန်။

၉။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်နယ်အတွင်းရှိ သတ္တုသိုက်များအား ခေတ်မီနည်းပညာများဖြင့် အဆင့်မြှင့်တင်၍ လေလွင့်ဆုံးရှုံးမှု အနည်းဆုံးနှင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးသို့ ရှေးရှုဆောင်ရွက်ရေး၊

(၂) ပုဂ္ဂလိကပိုင်ကဏ္ဍ မြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရန် အားပေးဆောင်ရွက်ရေး၊

(၃) ကျယ်ပြန့်ထွန်းကားလာသည့် ဈေးကွက်စီးပွားရေးနှင့်အညီ သတ္တုထုတ်လုပ်မှုနှင့်ကျောက်မျက်ရတနာဈေးကွက်များ ပြည်နယ်အတွင်း၌ အခြေခိုင်မာပေါ်ပေါက်ပြီး ထိုက်သင့်သည့် ဈေးနှုန်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) သတ္တုသယံဇာတပစ္စည်းများ သုံးစွဲရာတွင် ပြည်ပမှတင်သွင်းရသည့် သတ္တုများကို ပြည်တွင်း၌ ပိုမိုထုတ်လုပ်အစားထိုးရေး၊

(၅) နိုင်ငံတော်၏ လုံခြုံရေးနှင့်စစ်ရေး၌ အရေးပါသည့် မဟာဗျူဟာမြောက် သတ္တုများကို စနစ်တကျထုတ်လုပ်စုဆောင်းထားရှိရေး၊

(၆) သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းပျက်စီးမှု မရှိစေရန် အလေးထားဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်နယ်၏ နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် မြေပေါ်မြေအောက် သယံဇာတသတ္တုသိုက်များ တိုးတက်ရှာဖွေထုတ်လုပ်ပြီး နိုင်ငံတော်နှင့်ပြည်နယ်တို့၏ ဝင်ငွေ တိုးတက်စေရေး အထောက်အကူပြုဆောင်ရွက်ရန်၊

(၂) နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်နှင့်အညီ သတ္တုကဏ္ဍနှင့် ရေရှည်စီးပွားရေးဖွံ့ဖြိုး တိုးတက်စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ မြှင့်တင်ကူးပြောင်း၍ အကျိုးရှိစွာပူးပေါင်းဆောင်ရွက်ရန်၊

(၃) ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ပုဂ္ဂလိကပိုင်သတ္တုမျိုးစုံ ထုတ်လုပ်ရေးကဏ္ဍဖွံ့ဖြိုးစေရန် သတ္တုထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့် နည်းပညာများ ပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံးခေတ်မီပစ္စည်းများ ပံ့ပိုးကူညီခြင်း စသည့် လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၄) ပြည်နယ်အတွင်း၌ပင် ကျောက်မျက်ရတနာဈေးကွက် ဖြစ်ထွန်းပေါ်ပေါက်၍ ရေရှည်တည်တံ့ ခိုင်မြဲစေရန် ထိန်းသိမ်းပြီး နိုင်ငံတော်နှင့်ပြည်နယ်အတွက် နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းသုံးငွေများ တိုးတက်ရှာဖွေပေးနိုင်ရေးနည်းလမ်းများ ရှာဖွေဆောင်ရွက်ရန်၊

(၅) အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီသည့် ကျောက်မျက်ရတနာများကို တစ်နှစ်ထက် တစ်နှစ် တိုးမြှင့်ထုတ်လုပ်ပြီး တိုးတက်ရောင်းချနိုင်ရေး ဆောင်ရွက်ရန်၊

(၆) ပြည်နယ်အတွင်းရှိ ပြည်သူအားလုံး၏ အမျိုးသားကျန်းမာရေးကို အထောက်အကူပြုသည့် အိုင်အိုဒင်းဆားကို လုံလောက်စွာစားသုံးနိုင်သည်အထိ တိုးမြှင့်ဆောင်ရွက်လာရေး ကြီးကြပ်ဖော်ဆောင်ရန်၊

(၇) သတ္တုထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှုမရှိစေရေး ဟန်ချက်ညီညီ အလေးထား ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သတ္တုကဏ္ဍဖြင့် နိုင်ငံတော်နှင့် ပြည်နယ်တို့၏ စီးပွားရေးရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ ကူးပြောင်း၍ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန်၊

(၂) ဈေးကွက်စီးပွားရေးစနစ်အရ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်၊

(၃) မြေပေါ်မြေအောက် သယံဇာတများကို ပိုမိုတိုးတက်ထုတ်လုပ်ပြီး ပြည်နယ်၏ဝင်ငွေ တိုးတက်စေရေး စီမံဆောင်ရွက်ရန်၊

(၄) အကျိုးတူလုပ်ကိုင်သော သတ္တုတွင်း၊ စက်ရုံ၊ အလုပ်ရုံများအား သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြီးကြပ်စီမံကွပ်ကဲဆောင်ရွက်ရန်၊

(၅) ခွင့်ပြုမိန့်ချမှတ်ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်နှင့်ပြည်နယ်တို့သို့ ပေးသွင်းရမည့်အခွန်အခများ အားလုံးအပြည့်အဝရရှိရေး တွန်းအားပေး ဆောင်ရွက်ရန်၊

(၆) နိုင်ငံတော်မှ ကြီးမှူးကျင်းပသည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြည်နယ်မှလုပ်ငန်းရှင်များ ပါဝင်ရောင်းချနိုင်ရေး ဆောင်ရွက်ရန်၊

(၇) ကျောက်မျက်အရည်အသွေး တိုးတက်ကောင်းမွန်လာစေရန် လေ့ကျင့်ရေးနှင့်သုတေသန လုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်ဆောင်ရွက်ရန်၊

(၈) အရည်အသွေးပြည့်ဝသော အိုင်အိုဒင်းဆားသုံးစွဲမှု တိုးတက်လာစေရေး ဦးတည် ဆောင်ရွက်ရန်။

၁၀။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်နယ်၏စက်မှုကဏ္ဍတွင် ပတ်ဝန်းကျင် ထိခိုက်မှုနည်းသော စက်ရုံများ ပိုမိုတိုးတက်လာရေး ဆောင်ရွက်ရန်နှင့် စွမ်းအင်ကို အကျိုးရှိထိရောက်စွာ သုံးစွဲရန် တွန်းအားပေး ဆောင်ရွက်ရေး၊

(၂) စက်မှုလက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာ၊ အတတ်ပညာ၊ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ် ပူးပေါင်းဆောင်ရွက်ရေး၊

(၃) ပို့ကုန်မြှင့်တင်သည့် ကုန်ထုတ်လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သည့်နည်းတူ သွင်းကုန် အစားထိုး ကုန်ထုတ်လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရေး၊

(၄) ပုဂ္ဂလိကစက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စေရန် ပံ့ပိုး ဆောင်ရွက်ရေး၊

(၅) စက်မှုလုပ်ငန်းနယ်ပယ်၊ အီလက်ထရောနစ်စက်မှုလုပ်ငန်း နယ်ပယ်များတွင် လူ့စွမ်းအား အရင်းအမြစ်များ စဉ်ဆက်မပြတ်ဖြစ်ထွန်းရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ပိုမိုမြှင့်တင်ရန်၊

(၂) ပြည်တွင်းသယံဇာတများ အခြေခံအသုံးပြုသည့် ကုန်ပစ္စည်းအမည်သစ်များ ထုတ်လုပ်နိုင်ရေးကို ဦးစားပေးဆောင်ရွက်ရန်၊

(၃) အကြီးစားစက်မှုလုပ်ငန်းနယ်ပယ်၊ အီလက်ထရောနစ် စက်မှုလုပ်ငန်းနယ်ပယ်များနှင့် သက်ဆိုင်သော စက်မှုလုပ်ငန်းများ ထူထောင်နိုင်ရေး ဆောင်ရွက်ရန်၊

(၄) စီမံကိန်းဆိုင်ရာနှင့် ထုတ်လုပ်မှုဆိုင်ရာများ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော အသိပညာရှင်၊ အတတ်ပညာရှင်များ စုဆောင်းရရှိရေး ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဒေသတွင်းရှိ သယံဇာတအရင်းအမြစ်များအပေါ် အခြေခံသည့် စက်မှုလုပ်ငန်းများ ထူထောင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရန်၊

(၂) စက်မှုထုတ်ကုန်ပစ္စည်း အရည်အသွေးတိုးတက်လာရေးအတွက် စံချိန်စံညွှန်းပြည့်မီလာအောင် နည်းလမ်းများ ချမှတ်ရန်၊

(၃) စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များ အဆက်အစပ်မိရေး အပြန်အလှန်ညှိနှိုင်းဆောင်ရွက်ရန်၊

(၄) ပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်အစားထိုးရေးဆိုင်ရာ စက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်ရန်၊

(၅) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှုလုပ်ငန်းများအဖြစ် ကြပ်မတ်စစ်ဆေးရန်။

၁၁။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီမံကိန်းကာလအတွင်း တိုးတက်ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်ဓာတ်အားကို ပြည်နယ်ရှိ မြို့များသို့ သယ်ပို့ဖြန့်ဖြူးနိုင်ရန် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း၌ မဟာဓာတ်အားလိုင်းများနှင့် လက်ခံပို့လွှတ်ပေးမည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်သွားရေး၊

(၂) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရန် နည်းပညာနှင့်မူဝါဒပိုင်းဆိုင်ရာ အကူအညီများ ပံ့ပိုးပေးရေး၊

(၃) လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့်ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များဖြည့်ဆည်းပေးရန်၊ ဓာတ်အားပေးစက်များ၏ ကြံ့ခိုင်မှုကိုထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ် ထုတ်လုပ်သွားရေး၊

(၄) မြန်မာနိုင်ငံ၏ ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ပို့လွှတ် ဖြန့်ဖြူး သုံးစွဲနေသော လျှပ်စစ်ဓာတ်အား၏ အရည်အသွေးကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော Voltage Level နှင့် ကြိမ်နှုန်းပြည့် တည်ငြိမ်စွာရှိစေပြီး ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှု အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရေး၊

(၅) မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများအပြင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ မောင်းနှင်၍ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ ဓာတ်ငွေ့တာဘိုင်စက်များ ကြံ့ခိုင်မှုကောင်းမွန်၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်ရေး။

(ခ) ရည်မှန်းချက်မှာ စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်နိုင်ရေးအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများ တိုးချဲ့၍ အကောင်အထည်ဖော် တည်ဆောက်သွားရန် ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ၆၆ ကေဗွီ ဓာတ်အားလိုင်း ၂ လိုင်း၊ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁ လိုင်း စုစုပေါင်း ဓာတ်အားလိုင်း ၃ လိုင်း တည်ဆောက်ရန်၊

(၂) ၆၆ ကေဗွီ ဓာတ်အားခွဲရုံ ၂ ရုံ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံ ၁ ရုံ၊ စုစုပေါင်း ဓာတ်အားခွဲရုံ ၃ ရုံ တည်ဆောက်ရန်။

၁၂။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဆက်သွယ်သွားလာမှု လျင်မြန်စေရန်အတွက် ပြည်နယ်အတွင်းမြို့များ၊ အခြားဒေသများနှင့် ဆက်သွယ်သည့် လမ်းသစ်ဖောက်လုပ်ခြင်း ဆောင်ရွက်ရေး၊

(၂) အရေးကြီးသော ပေ ၁၈၀ အထက် တံတား ၂ စင်း ဆောက်လုပ်ရေး၊

(၃) နိုင်ငံတော်မှ ချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ် ၈ ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် နိုင်ငံတစ်ဝန်း မြို့ပြဖွံ့ဖြိုးရေး မူဝါဒများနှင့် မြို့ပြမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေး၊

(၄) ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး အရေးသုံးပါးတွင် နေရေး အတွက် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများနှင့်မြို့ပြများ စနစ်တကျ ဖွံ့ဖြိုးလာရေး အတွက် အဓိကထားဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတကာနှင့်ဆက်သွယ်မည့် လမ်းများကို ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ၂ လမ်းသွား ကတ္တရာ ကွန်ကရစ်လမ်းအဆင့်နှင့် အဆိုပါလမ်းပေါ်ရှိ တံတားများအား ကွန်ကရစ်တံတား အဖြစ် ဆောင်ရွက်ရန်၊

(၂) ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းများအား ယာဉ်သွားလမ်းအကျယ် ၁၂ ပေ ကတ္တရာ လမ်းနှင့် တံတားများကို ယာဉ်သွားလမ်းအကျယ် ၂၄ ပေ ကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ရန်၊

(၃) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများ၏ နေထိုင်မှုအခွင့်အလမ်းများ အစဉ်တိုးတက်မြင့်မား လာရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးမှုရရှိရေး မြို့ပြများ စနစ်တကျဖွံ့ဖြိုးပြီး ပြည်သူများ၏ စီးပွားရေး တိုးတက်ကောင်းမွန်ရန်အတွက် အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်၊ စက်မှုဇုန်များ စီမံကိန်းရေးဆွဲတည်ဆောက်ခြင်း၊ အထူးစီးပွားရေးဇုန်များ ဖော်ထုတ်ရန် Master Plan များရေးဆွဲခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ရန်၊

(၄) တစ်နိုင်ငံလုံးအတိုင်းအတာအရ မြို့ပြနှင့်ကျေးလက်ဒေသများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာကဏ္ဍ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်အတန်းမြင့်မားစေရေး ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတကာနှင့်ဆက်သွယ်သည့် လမ်းမကြီး၊ ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းမကြီးများ၊ ဆောင်ရွက်ဆဲလမ်းသစ်များ ဆက်လက်ဆောင်ရွက်ရန်၊

(၂) အမြဲတမ်းတံတားကြီးငယ် စုစုပေါင်း ၂ စင်း ဆောင်ရွက်ရန်၊

(၃) ပြည်နယ်အတွင်း မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေး၊ အိမ်ရာဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်သည့် အကူအညီများကို ဆက်လက်ပေးသွားရန်၊

(၄) ပြည်ထောင်စုအစိုးရ၏ သီးခြားတာဝန်ပေးချက်အရ ဘားအံ့စက်မှုဇုန်တည်ဆောက်ရေး စီမံကိန်းအား ဆက်လက်ဆောင်ရွက်ရန်။

၁၃။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်စေရန် ဆောင်ရွက်ရေး၊

(၂) ပို့ဆောင်ရေးကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်ကို အမြင့်ဆုံးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊

(၃) ရထားပို့ဆောင်ရေးစွမ်းရည် မြင့်တက်လာရန် ဆောင်ရွက်ရေး၊

(၄) ယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ကြီးကြပ်ကွပ်ကဲရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပို့ဆောင်ရေးကဏ္ဍများတွင် ပုဂ္ဂလိကနှင့် ဖက်စပ်လုပ်ကိုင်မှုစနစ်အား နှစ်ဦးနှစ်ဖက် အကျိုးခံစားခွင့်ရရှိရေး ဆောင်ရွက်ရန်၊

(၂) ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုပမာဏအား နိုင်ငံတော်မှချမှတ်သည့် နှစ်စဉ် GDP တိုးတက်မှုနှုန်းထက် ပိုမိုရရှိအောင် ဆောင်ရွက်ရန်၊

(၃) ပြည်နယ်အတွက် နှစ်စဉ်အသားတင်ဘဏ္ဍာငွေများ တိုးတက်ရှာဖွေပေးရန်၊

(၄) ပို့ဆောင်ရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားများအား လိုအပ်သည့် အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများ လေ့ကျင့်သင်ကြားပို့ချပြီး အလုပ်အကိုင် တိုးမြှင့်ရရှိရေး ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေလမ်းကြောင်း ကောင်းမွန်ရေးနှင့် မြစ်ကြောင်း ထိန်းသိမ်းရေးလုပ်ငန်းများ၊ ကမ်းပြို ကမ်းထိန်းလုပ်ငန်းများ မြေထိန်းနံရံ တည်ဆောက်ခြင်းနှင့် ရေလမ်းကြောင်း ပိတ်ဆို့နေမှုအား ရှင်းလင်းခြင်းနှင့် မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ရန်၊

(၂) ဆိပ်ကမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆိပ်ခံတံတားများ တည်ဆောက်ခြင်း၊ ဆိပ်ကမ်းနယ်မြေသာယာလှပရေးတို့အတွက် အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၃) ပြည်တွင်းရေကြောင်းတွင် ပို့ဆောင်လျက်ရှိသည့် စက်ရှိ၊ စက်မဲ့ရေယာဉ်များ၊ ဆိပ်ခံတွဲများ၊ တွဲရေယာဉ်များ ပို့ဆောင်ခြင်းလုပ်ငန်းအား ဆောင်ရွက်ရန်၊

(၄) ရထားလမ်းဟောင်းများအား ဇလီဖားများ၊ ကျောက်များဖြည့်တင်း၍ အဆင့်မြှင့်တင်ခြင်း၊ သံလမ်းနှင့်ဆက်စပ်ပစ္စည်းများ လဲလှယ်ခြင်း၊ တိုးချဲ့လာသော ရထားလမ်းပိုင်းများတွင် အဆောက်အဦနှင့် အခြားလိုအပ်ချက်များ ဖြည့်တင်းဆောင်ရွက်ရန်။

၁၄။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခန်းကဏ္ဍ အနေဖြင့် Public Private Partnership (PPP) ပုံစံဖြင့် ဆောင်ရွက်နိုင်ရန် ရည်မှန်းချက် ထားရှိရေး၊

(၂) ခေတ်စနစ်နှင့်လျော်ညီအောင် ပြင်ဆင်ပြဋ္ဌာန်းပြီးဖြစ်သော ဥပဒေများနှင့်အညီ အကောင် အထည်ဖော် ဆောင်ရွက်ရေး၊

(၃) ပြည်တွင်း ဆက်သွယ်ရေးကဏ္ဍ၏ တည်ဆောက်မှုလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် နိုင်ငံသားနှင့်နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဖန်တီးပေးရေး၊

(၄) ကွန်ပျူတာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(၅) High Speed Internet Service အသုံးချနိုင်ရေးအတွက် ISP များ ထပ်မံတည်ဆောက်ခြင်း နှင့် နိုင်ငံတကာနှင့်ချိတ်ဆက်ထားသည့် International Bandwidth များ တိုးချဲ့သုံးစွဲနိုင်ရန် ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ဆက်သွယ်ရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်၏ ၃. ၃၂ ဆ တိုးတက် ဖြစ်ပေါ်ရန်နှင့် တိုးတက်မှုနှုန်းအနေဖြင့် ၂၃၂. ၂ ရာခိုင်နှုန်း ဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်ရန်၊

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းလိုင်းများ တိုးချဲ့တပ်ဆင်ဆောင်ရွက်ရေး နှင့် အင်တာနက်အသုံးပြုသူများ ပိုမိုတိုးတက်လာစေရေးအတွက် ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) မိုဘိုင်းတိုးချဲ့ရေး စီမံကိန်းပထမနှစ် စီမံချက်ကို ပြီးစီးအောင်ဆောင်ရွက်ရန်၊

(၂) အော်တိုတယ်လီဖုန်းစနစ်အနေဖြင့် PSTN အိတ်ချိန်းများအား အဆင့်မြင့်အိတ်ချိန်းများ ဖြစ်သော Softswitch များဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်း၊ Online Charging System (OCS) စနစ် တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး Multiplay Service အသုံးပြုနိုင်သော FTTH စနစ်အား အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၃) မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့သည်နှင့်အမျှ ပြည်ပတယ်လီဖုန်းခေါ်ဆိုမှုတွင် လွယ်ကူ ချောမွေ့စေရေးအတွက် ဆောင်ရွက်ရန်၊

(၄) တိုးချဲ့ပြီးသော မိုဘိုင်းတယ်လီဖုန်းများမှ High Speed Internet Services သုံးစွဲနိုင်ရေး အတွက် Internet Backbone များ တိုးချဲ့ခြင်းနှင့် ISP အသစ်တစ်ခု တပ်ဆင်ဆောင်ရွက်ရန်၊

(၅) Internet သုံးစွဲမှုတွင် လက်ရှိအသုံးပြုနေသော IPv4 စနစ်အား IPv6 စနစ်သို့ ပြောင်းလဲ သုံးစွဲနိုင်ရေးအတွက် ရေးဆွဲဆောင်ရွက်ရန်၊

(၆) Cross border Transmission Capacity တိုးချဲ့ခြင်းနှင့် ပြည်နယ်အတွင်းဖိုင်ဘာဆက်ကြောင်း တည်ဆောက်ရန်၊

(၇) အပြည်ပြည်ဆိုင်ရာဆက်သွယ်မှု Capacity တိုးချဲ့ရေး ချိတ်ဆက်ဆောင်ရွက်ရန်၊

(၈) ပြည်နယ်အတွင်းရှိ မြို့နယ်များအရောက် Fiber Cable ဆက်ကြောင်းများ တည်ဆောက်၍ လုံလောက်သော Bandwidth Capacity ရရှိရေးဆောင်ရွက်ရန်၊

(၉) စာပို့တိုက်လုပ်ငန်းတွင် ပြည်တွင်းအီလက်ထရောနစ် အမြန်ငွေပို့လွှာလုပ်ငန်း Online Money Order စနစ်အား ပြည်နယ်ရှိ စာတိုက်ရုံးတွင် စတင်ဆောင်ရွက်ရန်၊

(၁၀) စာပို့တိုက်လုပ်ငန်း၏ ပြည်တွင်းပြည်ပ ချောပို့ဆောင်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများကို Public Private Partnership (PPP) ပုံစံဖြင့် ပြောင်းလဲဆောင်ရွက်ရန်၊

(၁၁) သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အရေးပေါ် ဆက်သွယ်မှုစနစ် Back-up System အဖြစ် ရေဒီယိုကြေးနန်းစနစ်ကို အဆင့်မြှင့်တင်ခြင်း၊ ကြေးနန်းရုံးအသစ်များ ဖွင့်လှစ်ခြင်း၊ ဖက်စ်ကြေးနန်းနှင့် ကွန်ပျူတာကြေးနန်း၊ e-Telegram ကြေးနန်းများတိုးချဲ့ခြင်းကို ဆောင်ရွက်ရန်၊

(၁၂) ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းတွင် သင်တန်းများ လေ့ကျင့်သင်ကြားရေးအစီအစဉ် ရေးဆွဲဆောင်ရွက်ရန်။

၁၅။ ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ရေးဖြစ်သည်။

( ခ ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ငွေရေးကြေးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် တိုးတက်ပြောင်းလဲလာသော ငွေရေးကြေးရေးကဏ္ဍအား စနစ်တကျကြီးကြပ်ကွပ်ကဲရေးနှင့် နိုင်ငံတကာအဆင့်အတန်းနှင့်အညီ ဖြစ်စေရေးဆောင်ရွက်ရန်၊

(၂) နိုင်ငံတကာရှိ ဘဏ်လုပ်ငန်းများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၃) အီလက်ထရောနစ်ဘဏ်လုပ်ငန်း အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၄) အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၅) နိုင်ငံခြားငွေ လဲလှယ်နှုန်းပေါင်းစည်းရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၆) ပြည်တွင်း၊ ပြည်ပ ငွေပေးချေမှုများ၊ စာရင်းရှင်းလင်းမှုများ အဆင်ပြေစေရေးနည်းလမ်းရှာဖွေဆောင်ရွက်ရန်၊

(၇) ငွေကြေးစီးဆင်းမှု လွယ်ကူချောမွေ့အဆင်ပြေစေရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၈) လုံခြုံရေးသတင်းကွန်ရက် တိုးချဲ့ဆောင်ရွက်ရန်၊

(၉) အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများ စနစ်တကျ ဖွဲ့စည်းပေါ်ပေါက်ရေးနှင့် ပြည်နယ်အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို စနစ်တကျဖွဲ့စည်း၍ ကြပ်မတ်ဆောင်ရွက်ရန်။

၁၆။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျောင်းနေအရွယ် တိုင်းရင်းသားလူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေး၊

(၂) နိုင်ငံတော်၏ ပညာရေးအဆင့်အတန်း မြင့်မားလာစေရေး၊

(၃) သဘာဝအရင်းအမြစ်မှရရှိသော စွမ်းအင်များကိုအသုံးချ၍ သုတေသနလုပ်ငန်းများ တိုးချဲ့ရေး၊

(၄) အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရေး၊

(၅) ကျန်းမာရေးစနစ် အားဖြည့်ဆောင်ရွက်ခြင်းကို အထူးအလေးပေးဆောင်ရွက်ရေး၊

(၆) အလုပ်သမားများ ကျန်းမာမှု ကောင်းမွန်တိုးတက်စေ၍ အလုပ်လုပ်နိုင်သည့် စွမ်းအား မြင့်မားပြီး ကုန်ထုတ်လုပ်မှု တိုးတက်စေရေး၊

(၇) အလုပ်မလုပ်နိုင်သည့်အခါ အလုပ်သမားနှင့် မိသားစုစားဝတ်နေရေးအတွက် ထောက်ပံ့မှု ရရှိစေရေး၊

(၈) နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့် အကောင်အထည်ဖော်ရန်ရှိသည့် ရေတို၊ ရေရှည်လုပ်ငန်း များကို ပြည်သူများအား ပြန်ကြားအသိပေးရေး၊

(၉) ၂၀၁၅ ခုနှစ်မှာ ဖော်ဆောင်မည့် အာဆီယံအသိုက်အဝန်း ထူထောင်ရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ရေး။

(ခ) လုပ်ငန်းစဉ်မှာ အထက်ဖော်ပြပါမူဝါဒများကို အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနများက မိမိတို့၏ သက်ဆိုင်ရာဝန်ကြီးဌာန ရည်မှန်းချက်များနှင့် ဆီလျော်သည်များကို ဆောင်ရွက်ရန် ဖြစ်သည်။

၁၇။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဌားရမ်းခနှင့်အခြားဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ -

- မူဝါဒမှာ အာဆီယံစီးပွားရေးအသိုက်အဝန်းရည်မှန်းချက်များ ၂၀၁၅ ခုနှစ်တွင် ပြည့်မီရန်အတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာအရည်အချင်းများကို အသိ အမှတ်ပြုရေး၊ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည်။

၁၈။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပို့ကုန်တိုးမြှင့်ရန် ဦးစားပေးဆောင်ရွက်ရေး၊

(၂) ထပ်ဆင့်တိုးတန်ဖိုးရ ကုန်ချောပစ္စည်းများအဖြစ် ထုတ်လုပ်တင်ပို့ ရောင်းချရေး၊

(၃) ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် ပံ့ပိုး ကူညီ ဆောင်ရွက်ရေး၊

(၄) ပြည်တွင်းထုတ်လုပ်မှု၊ စားသုံးမှုနှင့် ပိုလျှံမှုတို့အပေါ် မူတည်၍ ပို့ကုန်၊ သွင်းကုန်များကို ထိန်းညှိခြင်းဖြင့် ကုန်စည်စီးဆင်းမှုနှင့် ကုန်စျေးနှုန်း တည်ငြိမ်စေရေးအတွက် ထိန်းကျောင်း ပေးရေး။

## အခန်း (၅)

## အထွေထွေ

၁၉။ ကရင်ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါပြဋ္ဌာန်းချက်များအရ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ အစီအမံ များ ချမှတ်ကျင့်သုံး ဆောင်ရွက်ရန်ဖြစ်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဇော်မင်း
ပြည်နယ်ဝန်ကြီးချုပ်
ကရင်ပြည်နယ်အစိုးရအဖွဲ့

## ကရင်ပြည်နယ်၏
## ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ စီမံကိန်းအရ
## ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး
(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

| အမှတ်စဉ် | ကဏ္ဍ | စီမံကိန်းရည်မှန်းချက် | | | | |
|---|---|---|---|---|---|---|
| | | ၂၀၁၁-၂၀၁၂ | | ၂၀၁၂-၂၀၁၃ | | |
| | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု % | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု% | တိုးတက်မှု% |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | လယ်ယာကဏ္ဍကြီး | ၂၉၅၁၀၇.၄ | ၃၉.၈ | ၃၀၃၄၄၁.၁ | ၃၇.၉ | ၂.၈ |
| ၂ | စက်မှုကဏ္ဍကြီး | ၁၆၀၄၀၁.၇ | ၂၁.၇ | ၁၈၃၃၈၅.၀ | ၂၂.၉ | ၁၄.၃ |
| ၃ | ဝန်ဆောင်မှုကဏ္ဍကြီး | ၂၈၄၉၇၄.၇ | ၃၈.၅ | ၃၁၃၂၄၆.၂ | ၃၉.၂ | ၉.၉ |
| ၄ | အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ၇၄၀၄၈၃.၈ | ၁၀၀.၀ | ၈၀၀၀၇၂.၃ | ၁၀၀.၀ | ၈.၀ |

**ကရင်ပြည်နယ်၏**
**၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ စီမံကိန်းအရ**
**ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး**
(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းများအရ)

| အမှတ်စဉ် | | ကဏ္ဍ | စီမံကိန်းရည်မှန်းချက် | | | | |
|---|---|---|---|---|---|---|---|
| | | | ၂၀၁၁-၂၀၁၂ | | ၂၀၁၂-၂၀၁၃ | | |
| | | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု % | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု% | တိုးတက်မှု% |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၂၉၅၁၀၇.၄** | **၃၉.၈** | **၃၀၃၄၄၁.၁** | **၃၇.၉** | **၂.၈** |
| | ၁ | လယ်ယာ | ၂၃၉၆၅၂.၈ | ၃၂.၄ | ၂၄၄၈၅၂.၀ | ၃၀.၆ | ၂.၂ |
| | ၂ | သားငါး | ၅၃၀၂၅.၇ | ၇.၂ | ၅၅၄၀၁.၀ | ၆.၉ | ၄.၅ |
| | ၃ | သစ်တော | ၂၄၂၈.၉ | ၀.၃ | ၃၁၈၈.၁ | ၀.၄ | ၃၁.၃ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၁၆၀၄၀၁.၇** | **၂၁.၇** | **၁၈၃၃၈၅.၀** | **၂၂.၉** | **၁၄.၃** |
| | ၁ | စွမ်းအင် | | | | | |
| | ၂ | သတ္တု | ၇၀၈၀.၆ | ၁.၀ | ၅၅၈၈.၄ | ၀.၇ | -၂၁.၁ |
| | ၃ | စက်မှု | ၁၁၃၄၀၇.၁ | ၁၅.၃ | ၁၃၁၁၉၆.၅ | ၁၆.၄ | ၁၅.၇ |
| | ၄ | လျှပ်စစ် | ၄၄၁၄.၀ | ၀.၆ | ၅၀၀၀.၃ | ၀.၆ | ၁၃.၃ |
| | ၅ | ဆောက်လုပ်မှု | ၃၅၅၀၀.၀ | ၄.၈ | ၄၁၅၉၉.၈ | ၅.၂ | ၁၇.၂ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၈၄၉၇၄.၇** | **၃၈.၅** | **၃၁၃၂၄၆.၂** | **၃၉.၂** | **၉.၉** |
| | ၁ | ပို့ဆောင်ရေး | ၈၉၆၀၃.၅ | ၁၂.၁ | ၈၉၃၃၉.၈ | ၁၁.၂ | -၀.၃ |
| | ၂ | ဆက်သွယ်ရေး | ၃၀၅၂.၆ | ၀.၄ | ၁၇၃၇၆.၆ | ၂.၂ | ၄၆၉.၂ |
| | ၃ | ငွေရေးကြေးရေး | ၁၅၁.၃ | ၀.၀၂ | ၁၆၈.၆ | ၀.၀၂ | ၁၁.၄ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၄၆၇၇.၄ | ၂.၀ | ၁၄၄၁၂.၄ | ၁.၈ | -၁.၈ |
| | ၅ | ငှားရမ်းခနှင့်အခြား | ၂၃၆၇၃.၈ | ၃.၂ | ၂၆၇၅၈.၆ | ၃.၃ | ၁၃.၀ |
| | ၆ | ကုန်သွယ်မှု | ၁၅၃၈၁၆.၁ | ၂၀.၈ | ၁၆၅၁၉၀.၂ | ၂၀.၆ | ၇.၄ |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး** | **၇၄၀၄၈၃.၈** | **၁၀၀.၀** | **၈၀၀၀၇၂.၃** | **၁၀၀.၀** | **၈.၀** |

## ကရင်ပြည်နယ်၏
## ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ စီမံကိန်းအရ
## ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး
(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

| အမှတ်စဉ် | | ကဏ္ဍ | စီမံကိန်းရည်မှန်းချက် | | | | |
|---|---|---|---|---|---|---|---|
| | | | ၂၀၁၁-၂၀၁၂ | | ၂၀၁၂-၂၀၁၃ | | |
| | | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု % | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု% | တိုးတက်မှု% |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **ထုတ်လုပ်မှုကဏ္ဍ** | **၄၅၅၅၀၉. ၁** | **၆၁. ၅** | **၄၈၆၈၂၆. ၁** | **၆၀. ၈** | **၆. ၉** |
| | ၁ | လယ်ယာ | ၂၃၉၆၅၂. ၈ | ၃၂. ၄ | ၂၄၄၈၅၂. ၀ | ၃၀. ၆ | ၂. ၂ |
| | ၂ | သားငါး | ၅၃၀၂၅. ၇ | ၇. ၂ | ၅၅၄၀၁. ၀ | ၆. ၉ | ၄. ၅ |
| | ၃ | သစ်တော | ၂၄၂၈. ၉ | ၀. ၃ | ၃၁၈၈. ၁ | ၀. ၄ | ၃၁. ၃ |
| | ၄ | စွမ်းအင် | | | | | |
| | ၅ | သတ္တု | ၇၀၈၀. ၆ | ၁. ၀ | ၅၅၈၈. ၄ | ၀. ၇ | -၂၁. ၁ |
| | ၆ | စက်မှု | ၁၁၃၄၀၇. ၁ | ၁၅. ၃ | ၁၃၁၁၉၆. ၅ | ၁၆. ၄ | ၁၅. ၇ |
| | ၇ | လျှပ်စစ် | ၄၄၁၄. ၀ | ၀. ၆ | ၅၀၀၀. ၃ | ၀. ၆ | ၁၃. ၃ |
| | ၈ | ဆောက်လုပ်မှု | ၃၅၅၀၀. ၀ | ၄. ၈ | ၄၁၅၉၉. ၈ | ၅. ၂ | ၁၇. ၂ |
| ၂ | | **ဝန်ဆောင်မှု ကဏ္ဍ** | **၁၃၁၁၅၈. ၆** | **၁၇. ၇** | **၁၄၈၀၅၆. ၀** | **၁၈. ၅** | **၁၂. ၉** |
| | ၁ | ပို့ဆောင်ရေး | ၈၉၆၀၃. ၅ | ၁၂. ၁ | ၈၉၃၃၉. ၈ | ၁၁. ၂ | -၀. ၃ |
| | ၂ | ဆက်သွယ်ရေး | ၃၀၅၂. ၆ | ၀. ၄ | ၁၇၃၇၆. ၆ | ၂. ၂ | ၄၆၉. ၂ |
| | ၃ | ငွေရေးကြေးရေး | ၁၅၁. ၃ | ၀. ၀၂ | ၁၆၈. ၆ | ၀. ၀၂ | ၁၁. ၄ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၁၄၆၇၇. ၄ | ၂. ၀ | ၁၄၄၁၂. ၄ | ၁. ၈ | -၁. ၈ |
| | ၅ | ငှားရမ်းခနှင့်အခြား | ၂၃၆၇၃. ၈ | ၃. ၂ | ၂၆၇၅၈. ၆ | ၃. ၃ | ၁၃. ၀ |
| ၃ | | **ကုန်သွယ်မှု** | **၁၅၃၈၁၆. ၁** | **၂၀. ၈** | **၁၆၅၁၉၀. ၂** | **၂၀. ၆** | **၇. ၄** |
| ၄ | | **အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၇၄၀၄၈၃. ၈** | **၁၀၀. ၀** | **၈၀၀၀၇၂. ၃** | **၁၀၀. ၀** | **၈. ၀** |

# ၂၀၁၂ ခုနှစ်၊ ကရင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ
# ( ၂၀၁၂ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၃။ )

၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၂၈ ရက် )

ကရင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁
## အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ ကရင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂
## ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂။ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသောရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

( ခ ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

( ဂ ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ကရင်ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်လွှတ်တော်သို့တင်ပြသော ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

( ခ ) ကရင်ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၅။ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၆။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိတို့၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၇။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့်ငွေများသည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်။

(ခ) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ကရင်ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်လွှတ်တော်သို့တင်ပြသော ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဇော်မင်း
ဝန်ကြီးချုပ်
ကရင်ပြည်နယ်အစိုးရအဖွဲ့

## ကရင်ပြည်နယ် တရားလွှတ်တော်၊ ကရင်ပြည်နယ် ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | |
| | | | | | | | | | ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၂. ၇၆၀ | | | | | | |
| ၂ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ် ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၀၃၀ | | | | | | |
| ၃ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀. ၀၄၂ | | | | | | |
| | ပေါင်း | | | | ၂. ၈၃၂ | | | | | | |

## ကရင်ပြည်နယ် တရားလွှတ်တော်၊ ကရင်ပြည်နယ် ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်

ဇယား (၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | | | ကြွေးမြီ | | |
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၁၈၉. ၁၇၁ | | | ၁. ၈၅၀ | | | |
| ၂ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၁၂၄. ၈၀၆ | | | | | | |
| ၃ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁၉၈. ၇၃၃ | | | ၄၁. ၀၀၀ | | | |
| | ပေါင်း | | ၅၁၂. ၇၁၀ | | | ၄၂. ၈၅၀ | | | |

## ကရင်ပြည်နယ် ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃) အစ
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | ရငွေများ - ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း များမှ ရငွေ | ရငွေများ - အခြား သာမန် ရငွေ | ရငွေများ - အတိုးရငွေ | ရငွေများ - ငွေလုံးငွေရင်း ရငွေ | ရငွေများ - ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ရငွေများ - ကြွေးမြီ - ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ရငွေများ - ကြွေးမြီ - ချေးယူရငွေ | ရငွေများ - အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၈၀. ၉၈၀ | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၈၀. ၉၈၀ | | | | | | | | |
| ၂ | | နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့်အပေါ် ကောက်ခံသည့် အခွန်အကောက် | ၎င်း | ၃၂၇. ၂၁၅ | | | | | | | | |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန် | | ၁. ၉၆၂ | | | | | | | | |
| | ၂ | ရေနှင့်တာတမံခွန် | | ၀. ၀၄၅ | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၃၀၈. ၃၀၀ | | | | | | | | |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန် | | ၁. ၇၄၀ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၁၅. ၁၆၈ | | | | | | | | |
| ၃ | | စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန် | ၎င်း | ၉၈. ၁၀၆ | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၈၉. ၄၈၅ | | | | | | | | |
| | ၂ | ဘီးခွန် | | ၈. ၆၂၁ | | | | | | | | |
| ၄ | | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | ၎င်း | | ၂၁. ၃၄၅ | | | | | | | |
| ၅ | | ပြည်ထဲရေး | ၎င်း | | | ၈. ၉၆၄ | | | ၁၀၀၀. ၀၀၀ | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၈. ၄၁၂ | | | ၁၀၀၀. ၀၀၀ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀. ၀၃၇ | | | | | | |
| | ၃ | အကျဉ်းဦးစီးဌာန | | | | ၀. ၅၁၅ | | | | | | |

## ကရင်ပြည်နယ် ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃) အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန် ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ ထုတ်ချေးငွေအတွက် ပြန်ရငွေ | ကြွေးမြီ ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၆ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၅· ၂၉၁ | | | | | | |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၅· ၂၉၁ | | | | | | |
| ၇ | | သမဝါယမ | ၎င်း | | | ၀· ၃၁၈ | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၀· ၁၅၈ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၀· ၁၆၀ | | | | | | |
| ၈ | | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၎င်း | | | ၁· ၄၅၃ | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၁· ၀၀၃ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၀· ၄၅၀ | | | | | | |
| ၉ | | ဆောက်လုပ်ရေး | ၎င်း | | | ၀· ၁၄၁ | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၀· ၁၄၁ | | | | | | |
| ၁၀ | | ဘဏ္ဍာရေးနှင့်အခွန် | ၎င်း | | | | | | ၄၄၃၅· ၉၂၄ | | ၆၁၈၉· ၂၁၇ | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၄၄၃၅· ၉၂၄ | | ၆၁၈၉· ၂၁၇ | |
| ၁၁ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | | | | ၀· ၀၁၇ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀· ၀၁၇ | | | | | | |
| ၁၂ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၎င်း | | | ၅· ၅၂၅ | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၅· ၅၂၅ | | | | | | |
| ၁၃ | | အားကစား | ၎င်း | | | ၀· ၀၃၅ | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၀· ၀၃၅ | | | | | | |
| ၁၄ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | | | ၁၂၉၅· ၈၃၉ | | | | | | |
| | | ပေါင်း | | ၅၀၆· ၃၀၁ | ၂၁· ၃၄၅ | ၁၃၁၇· ၅၈၃ | | | ၅၄၃၅· ၉၂၄ | | ၆၁၈၉· ၂၁၇ | |

## ကရင်ပြည်နယ် ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၄) အစ
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၉၂၀. ၃၀၇ | | ၁၀၂၀. ၀၀၀ | ၃၅၅. ၄၈၆ | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၁၅၀၅. ၈၉၇ | | ၁၀၂၀. ၀၀၀ | ၃၃၁. ၄၈၆ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၆၄. ၆၇၀ | | | | | | |
| | ၃ | အကျဉ်းဦးစီးဌာန | | ၃၄၉. ၇၄၀ | | | ၂၄. ၀၀၀ | | | |
| ၂ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | ၄၇၁. ၅၀၁ | | | ၉၂. ၁၈၅ | | | |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၄၃၃. ၅၀၁ | | | ၉၂. ၁၈၅ | | | |
| | ၂ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၃၈. ၀၀၀ | | | | | | |
| ၃ | | သမဝါယမ | ၎င်း | ၁၁၆. ၀၀၄ | | | ၂၉. ၉၃၃ | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၁၁၁. ၉၉၄ | | | ၂၉. ၀၇၉ | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၄. ၀၁၀ | | | ၀. ၈၅၄ | | | |
| ၄ | | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၎င်း | ၁၀၂. ၅၆၄ | | | ၂၇. ၁၆၈ | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၂၅. ၄၃၄ | | | ၂၇. ၁၆၈ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၇၇. ၁၃၀ | | | | | | |
| ၅ | | ဆောက်လုပ်ရေး | ၎င်း | ၄၆၄. ၃၀၁ | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၁. ၂၁၁ | | | | | | |
| | ၂ | အဆောက်အအုံလမ်းနှင့်တံတားများပြင်ဆင် ထိန်းသိမ်းခြင်း | | ၄၅၃. ၀၉၀ | | | | | | |
| ၆ | | ဘဏ္ဍာရေးနှင့်အခွန် | ၎င်း | ၃၉. ၉၂၄ | | | | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၃၉. ၉၂၄ | | | | | | |

## ကရင်ပြည်နယ် ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၄) အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၇ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | ၁၀၅. ၈၆၉ | | | ၁၁. ၅၅၉ | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၀၅. ၈၆၉ | | | ၁၁. ၅၅၉ | | | |
| ၈ | | အလုပ်သမား | ၎င်း | ၇. ၆၃၂ | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | ၇. ၆၃၂ | | | | | | |
| ၉ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၎င်း | ၃၃၄. ၁၁၀ | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၃၃၄. ၁၁၀ | | | | | | |
| ၁၀ | | အားကစား | ၎င်း | ၄၇. ၁၁၈ | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၄၇. ၁၁၈ | | | | | | |
| ၁၁ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၇၃၁. ၅၀၉ | | | ၈၅၁. ၂၅၅ | | | |
| | | ပေါင်း | | ၄၃၄၀. ၈၃၉ | | ၁၀၂၀. ၀၀၀ | ၁၃၆၇. ၅၈၆ | | | |

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း များမှ ရငွေ | အခြား သာမန် ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြန်ကြားရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | | | ၁၈, ၀၀၀ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၈, ၀၀၀ | | | | | | |
| ၃ | | ဆောက်လုပ်ရေး | ၎င်း | | | ၉၀၆၁, ၁၆၀ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၉၀၆၁, ၁၆၀ | | | | | | |
| | | ပေါင်း | | | | ၉၀၇၉, ၁၆၀ | | | | | | |

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၆)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ပြန်ကြားရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | ၁၇, ၆၁၁ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၇, ၆၁၁ | | | | | | |
| ၃ | | ဆောက်လုပ်ရေး | ၎င်း | ၉၀၉၂, ၇၉၈ | | | ၆၁၅၇, ၉၆၈ | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၉၀၉၂, ၇၉၈ | | | ၆၁၅၇, ၉၆၈ | | | |
| | | ပေါင်း | | ၉၁၁၀, ၄၀၉ | | | ၆၁၅၇, ၉၆၈ | | | |

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


ရန်ကုန်မြို့ { ၁၃၇၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက် ( ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၀ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၈ ရက် )

အမှတ် ၆ ။ ။ နိုင်ငံတော်သမ္မတရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ အရာထမ်းများအား ယင်းတို့နှင့်ယှဉ်တွဲပါ ရာထူးနေရာများတွင် အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **ရာထူး** |
|---|---|---|
| (၁) | ဦးအောင်မြတ်ဦး | ညွှန်ကြားရေးမှူး |
| (၂) | ဦးမိုးကျော်အောင် | ညွှန်ကြားရေးမှူး |
| (၃) | ဒေါ်ခင်နှင်းရှိန် | ဒုတိယညွှန်ကြားရေးမှူး |
| (၄) | ဦးစိန်ဝင်း | ဒုတိယညွှန်ကြားရေးမှူး |
| (၅) | ဦးမြင့်နိုင် | လက်ထောက်ညွှန်ကြားရေးမှူး |
| (၆) | ဒေါ်ညွန့်ညွန့်သန်း | လက်ထောက်ညွှန်ကြားရေးမှူး |
| (၇) | ဦးကျော်ထွန်းဝေ | လက်ထောက်ညွှန်ကြားရေးမှူး |
| (၈) | ဦးဇော်ဝင်း | လက်ထောက်ညွှန်ကြားရေးမှူး |
| (၉) | ဦးတင်မောင်ဦး | လက်ထောက်ညွှန်ကြားရေးမှူး |
| (၁၀) | ဦးကျော်ကျော်လှိုင် | လက်ထောက်ညွှန်ကြားရေးမှူး |

ဦးမင်းဇော်၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

## လွှတ်တော်ရုံး

နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်
( ၂၀၁၂ ခုနှစ်၊ မတ်လ ၂ ရက် )

အမှတ် ၄ ။ ။ လွှတ်တော်ရုံး၏ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၃) ကို ရည်ညွှန်း၍ ဒေါ်ထားစုစုကျော်သည် အမျိုးသားလွှတ်တော်ဌာနတွင် ဦးစီးအရာရှိ၏ တာဝန်ဝတ္တရားများကို ၂၀၁၂ ခုနှစ်၊ မတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်ပါသည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

## စည်ပင်သာယာရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် )

အမှတ် ၆ ။ ။ စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ လက်ထောက်အင်ဂျင်နီယာ (၁၅) ဦးအား ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့မှစ၍ လက်ထောက်အင်ဂျင်နီယာ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ရာထူးတွင် အတည်ပြု (အမြဲတမ်း) ခန့်ထားလိုက်သည် -

| စဉ် | အမည် | ဒေသ |
|---|---|---|
| ၁။ | ဦးကျော်ဇေယျလင်း | စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်) |
| ၂။ | ဦးဝင်းမြင့်ဟန် | စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်) |
| ၃။ | ဦးတေဇာနေမျိုးဝင်း | စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်) |
| ၄။ | ဦးရဲဝင်းအောင် | စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်) |
| ၅။ | ဒေါ်ခိုင်စုဟန် | စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်) |
| ၆။ | ဦးဖြိုးပိုင်စိုး | စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်) |
| ၇။ | ဦးဆန်းမိုး | ခန္တီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ |
| ၈။ | ဦးသန်းဌေးဦး | လဟယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ |
| ၉။ | ဒေါ်ခိုင်လွင်လွင်အောင် | ဘီးလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ |
| ၁၀။ | ဦးစိုင်းကျော်ဟန်ထူး | နမ့်ခမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ |
| ၁၁။ | ဦးမင်းမင်းထွန်း | မြေပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ |
| ၁၂။ | ဒေါ်သီရိကို | မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ |
| ၁၃။ | ဦးမင်းဝေဖြိုး | မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ |
| ၁၄။ | ဦးမိုးအောင်သူ | တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ |
| ၁၅။ | ဦးသန်းနိုင်ဝင်း | ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ |

စိုးကိုကို၊
ညွှန်ကြားရေးမှူးချုပ်၊
စည်ပင်သာယာရေးဦးစီးဌာန။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်<br>( ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၀ ရက် ) | **သောကြာနေ့** |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## <u>အပိုင်း ၄</u>

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**ဖြိုးမြင့်ကျော် စက်မှုလက်မှုကုမ္ပဏီလီမိတက်**

PHYO MYINT KYAW INDUSTRIAL COMPANY LIMITED

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ

၂၀၁၂ ခုနှစ်၊ ဧပြီလ (၁၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဖြိုးမြင့်ကျော် စက်မှုလက်မှုကုမ္ပဏီလီမိတက် (PHYO MYINT KYAW INDUSTRIAL COMPANY LIMITED)** အား (၁၀-၄-၂၀၁၂) ရက်နေ့မှစ၍ အစုဝင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် (၁) ဒေါ်စန်းကြည် [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ (၂) ဦးရဲထွဋ်ဆွေ (B.Sc) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၂ ခုနှစ်၊ မေလ (၂၀) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| PYAE PHYO AUNG<br>Managing Director<br>Phyo Myint Kyaw Industrial Co., Ltd. | ဒေါ်စန်းကြည်<br>[B.Com (Q), C.P.A]<br>စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| | ဦးရဲထွဋ်ဆွေ (B.Sc)<br>တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**အပြာရောင်အလင်းတန်း အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်**

BLUERAY INTERNATIONAL COMPANY LIMITED

၂၀၁၂ ခုနှစ်၊ ဧပြီလ (၁၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **အပြာရောင်အလင်းတန်း အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက် (BLUERAY INTERNATIONAL COMPANY LIMITED)** အား (၁၀-၄-၂၀၁၂) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် (၁) ဦးမင်းလွင်ထူး (အထက်တန်းရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ (၂) ဦးရဲထွဋ်ဆွေ (B.Sc) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ (၁) လအတွင်း ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U Min Zaw Yu
Managing Director
Blueray International Co., Ltd.

ဦးမင်းလွင်ထူး
(အထက်တန်းရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဦးရဲထွဋ်ဆွေ (B.Sc)
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**အောင်ရွှေ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်**

AUNG SHWE TRADING COMPANY LIMITED

၂၀၁၂ ခုနှစ်၊ ဧပြီလ (၁၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **အောင်ရွှေ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (AUNG SHWE TRADING COMPANY LIMITED)** အား (၁၀-၄-၂၀၁၂) ရက်နေ့မှစ၍ အစုဝင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် (၁) ဒေါ်စန်းကြည် [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ (၂) ဦးရဲထွဋ်ဆွေ (B.Sc) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၂ ခုနှစ်၊ မေလ (၂၀) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့်ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U Thein Soe
Managing Director
Aung Shwe Trading Co., Ltd.

ဒေါ်စန်းကြည်
[B.Com (Q), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဦးရဲထွဋ်ဆွေ (B.Sc)
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**စန်း ကျောက်မျက်နှင့်အဆင်ရတနာရောင်းဝယ်ရေးကုမ္ပဏီလီမိတက်**

SANN GEMS & JEWELLERY TRADING COMPANY LIMITED

၂၀၁၂ ခုနှစ်၊ ဧပြီလ (၁၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **စန်း ကျောက်မျက်နှင့်အဆင်ရတနာရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (SANN GEMS & JEWELLERY TRADING COMPANY LIMITED)** အား (၁၀-၄-၂၀၁၂) ရက်နေ့မှစ၍ အစုဝင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် (၁) ဦးမင်းလွင်ထူး (အထက်တန်းရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ (၂) ဦးရဲထွဋ်ဆွေ (B.Sc) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၂ ခုနှစ်၊ မေလ (၂၀) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

DAW SAN SAN KHINE
MANAGING DIRECTOR
SANN GEMS & JEWELLERY TRADING CO., LTD.

ဦးမင်းလွင်ထူး
(အထက်တန်းရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဦးရဲထွဋ်ဆွေ (B.Sc)
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**သုခကြယ်စင် ကုမ္ပဏီလီမိတက်**

THUKHA KYEISIN COMPANY LIMITED

၂၀၁၂ ခုနှစ်၊ ဧပြီလ (၁၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **သုခကြယ်စင် ကုမ္ပဏီလီမိတက် (THUKHA KYEISIN COMPANY LIMITED)** အား (၁၀-၄-၂၀၁၂) ရက်နေ့မှစ၍ အစုဝင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် (၁) ဦးမင်းလွင်ထူး (အထက်တန်းရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ (၂) ဦးရဲထွဋ်ဆွေ (B.Sc) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၂ ခုနှစ်၊ မေလ (၂၀) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Daw Jaraw
Managing Director
Thukha Kyeisin Co., Ltd.

ဦးမင်းလွင်ထူး
(အထက်တန်းရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဦးရဲထွဋ်ဆွေ (B.Sc)
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## မဥ္ဇူရီ အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်
## Myitzu Yi International Company Limited. အား

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည် -

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၂၁-၅-၂၀၁၂ |
| ကျင်းပမည့်အချိန် | - | နံနက် (၉း၃၀) နာရီ |
| ကျင်းပမည့်နေရာ | - | အမှတ်-၁၈၊ ကျောက်မြောင်းလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး
အထက်တန်းရှေ့နေ (၂၁၂၉၆)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## အစိမ်းရောင်သလင်းကျောက် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်
## Green Crystal Mining Company Limited. အား

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည် -

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၂၀-၅-၂၀၁၂ |
| ကျင်းပမည့်အချိန် | - | နံနက် (၉း၃၀) နာရီ |
| ကျင်းပမည့်နေရာ | - | အခန်းအမှတ်-၁၂၊ တိုက်အမှတ်-၈၊ မာဃလမ်း၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ |

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး
အထက်တန်းရှေ့နေ (၂၁၂၉၆)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ဒဗလျူ၊ အမ်၊ အမ် ထရေးဒင်းကုမ္ပဏီလီမိတက်**

**W . M . M Trading Company Limited. အား**

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည် -

ကျင်းပမည့်နေ့ရက် - ၂၀-၅-၂၀၁၂
ကျင်းပမည့်အချိန် - နံနက် (၉း၃၀) နာရီ
ကျင်းပမည့်နေရာ - အမှတ် (၇၈/၈၀)၊ (၂-လွှာ)၊ ၂၃-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး
အထက်တန်းရှေ့နေ (၂၁၂၉၆)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**စကားဝါမြေ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်**

**Sagawar Myay Trading Company Limited. အား**

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည် -

ကျင်းပမည့်နေ့ရက် - ၂၀-၅-၂၀၁၂
ကျင်းပမည့်အချိန် - နံနက် (၉း၃၀) နာရီ
ကျင်းပမည့်နေရာ - အမှတ်-၈၊ မြသီရိလမ်းသွယ်၊ အေဝမ်းခြံလမ်း၊
အမှတ်-၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

SAN KYI
B.Com (Q), C.P.A
Certified Public Accountant
Auditor & Financial Consultant

**စကားဝါမြေ ခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်**

**Sagawar Myay Travels & Tours Company Limited. အား**

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည် -

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၂၀-၅-၂၀၁၂ |
| ကျင်းပမည့်အချိန် | - | နံနက် (၉း၃၀) နာရီ |
| ကျင်းပမည့်နေရာ | - | အမှတ်-၈၊ မြသီရိလမ်းသွယ်၊ အေဝမ်းခြံလမ်း၊ အမှတ်-၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ |

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

SAN KYI
B.Com (Q), C.P.A
Certified Public Accountant
Auditor & Financial Consultant

ပ၊ စ၊ လ - အမှတ် ၆၈၃/၁၁/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၃၂၂ + ၂၇/၂၀-၄-၂၀၁၂။